မြန်မာနယ်စပ်ဖြတ်ကျော်ရွှေ့ပြောင်းအလုပ်သမားများ နှင့် ကိုဗစ်-၁၉ ကပ်ရောဂါ



ဘဝဇာတ်ကြောင်းများနှင့် လွှမ်းမိုးထားသည့် လူမှုဖွဲ့စည်းတည်ဆောက်မှုပုံစံများ

စက်တင်ဘာ ၂၀၂၂

မျက်နှာဖုံးပန်းချီ
“Migrant workers”, watercolour on 8”X11” paper by Filipino artist Boy Dominguez (2020)

စာအုပ်ဒီဇိုင်း - အောင်သူ

စာရေးသူများ

Saturnino M. Borras Jr., Doi Ra, Jennifer C. Franco, Khu Khu Ju, Khun Oo, Kyar Yin Shell, Kyaw Thu, Lway Hlar Reang, Lway Htwe Htwe, Lway Poe Jay, Mary Oo, Mi Kamoon, Mi Pakao Jumper, Mi Phyu, Mi Saryar Poine, Nai Sawor Mon, Naw Seng Jai, Nila Papa, Nwet Kay Khine, Phwe Phyu, Pietje Vervest, Thu Maung Soe, Tom Kramer, Tun Tun Naing, and Ze Dau

Transnational Institute နှင့် Justice Society၊ လားဟူဖွံ့ဖြိုးရေးကွန်ရက်၊ မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်း၊ မွန်ဒေသရပ်ရွာဖွံ့ဖြိုးရေးအဖွဲ့အစည်း၊ မွန်ဒေသမြေဝါဒရေးရာကော်မတီ၊ Mon Women’s Organization၊ တိုးတက်သော မွန်လူငယ်များအစည်းအရုံး၊ ပအိုဝ်းလူငယ်အစည်းအရုံး၊ ပေါင်းကူး၊ တအာင်းကျောင်းသားနှင့်လူငယ်များအဖွဲ့၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ရှမ်းလူငယ်ကွန်ရက်၊ နှင့် RRUSHES-5 Research Project တို့မှ ပူးပေါင်းထုတ်ဝေသည်။

စက်တင်ဘာ ၂၀၂၁

ကျေးဇူးတင်ရှိခြင်း

အင်တာဗျူးဖြေဆိုခြင်းဖြင့် ပါဝင်ပေးခဲ့ကြသည့် ကျေးလက်ကျန်းမာရေးဝန်ထမ်းများ၊ ဒေသအခြေပြုလုပ်အားပေးများ နှင့် အထူးသဖြင့် ဘဝဇာတ်ကြောင်းများကို အချိန်ပေးဖြေဆိုပေးခဲ့သော ရွှေ့ပြောင်းအလုပ်သမားများကြောင့်သာ ယခုအစီရင်ခံစာအား ထုတ်နိုင်ခဲ့ခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် ၎င်းတို့ကို အထူးကျေးဇူးတင်၍ မျှဝေခဲ့သော အတွေ့အကြုံများ၊ အမြင်များကို ပြည့်စုံစွာ တင်ပြနိုင်ခဲ့မည်ဟု မျှော်လင့်ပါသည်။

မြန်မာနယ်စပ်ဖြတ်ကျော်ရွှေ့ပြောင်းအလုပ်သမားများ
နှင့်
ကိုဗစ်-၁၉ ကပ်ရောဂါ

သုတေသနအစီရင်ခံစာ

Transnational Institute

နှင့်

Justice Society၊ လားဟူဖွံ့ဖြိုးရေးကွန်ရက်၊ မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်း၊ မွန်ဒေသရပ်ရွာဖွံ့ဖြိုးရေးအဖွဲ့အစည်း၊ မွန်ဒေသမြေဝါဒရေးရာကော်မတီ၊ Mon Women's Organization၊ တိုးတက်သော မွန်လူငယ်များအစည်းအရုံး၊ ပအိုဝ်းလူငယ်အစည်းအရုံး၊ ပေါင်းကူး၊ တအာင်းကျောင်းသားနှင့်လူငယ်များအဖွဲ့၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ရှမ်းလူငယ်ကွန်ရက်၊ နှင့် RRUSHES-5 Research Project တို့မှ ပူးပေါင်းထုတ်ဝေသည်။

မာတိကာ

အပိုင်း (၁) နိဒါန်း ၁

နည်းလမ်းများ ၃

မြိုင်ရုံတင်ပြခြင်း ၅

အပိုင်း (၂) ရွှေ့ပြောင်းအလုပ်သမားများ နှင့် ကိုဗစ်-၁၉ ကပ်ရောဂါ ၅

ဆက်နေမလား၊ ပြန်မလား? ၈

မြန်မာအစိုးရထံမှ တုံ့ပြန်ဆောင်ရွက်မှုများ ၁၀

ကမ္ဘာ့ကပ်ရောဂါအား ဒေသမှ တုံ့ပြန်ဆောင်ရွက်မှုများ ၁၃

အဓိကသုံးသပ်ချက် ၁၆

အပိုင်း (၃) ရွှေ့ပြောင်းအလုပ်သမားများသည် အလွန်အမင်း တပ်မက်ခံရသော်လည်း အလွန်အမင်း လုပ်ခနှိမ်ခံရသည့် စူပါအလုပ်သမားများ ဖြစ်သည်။ ၁၈

ရှင်းလင်းတိကျမှုမရှိခြင်းနှင့် တရားဝင်မှုမရှိခြင်း ၂၀

အလုပ်နေရာများတွင် နေထိုင်မှုနှင့်အလုပ်လုပ်ကိုင်ဆောင်ရွက်မှု ဝန်းကျင်အခြေအနေများ ၂၆

အဓိကသုံးသပ်ချက် ၂၈

အပိုင်း (၄) ရွှေ့ပြောင်းအလုပ်သမားများဖြစ်သည်။ သို့သော် ထိုမျှသာမကပါ။ ၃၀

ရွှေ့ပြောင်းအလုပ်သမားများနှင့် နိုင်ငံ့စီးပွားရေးအဆောက်အအုံ ၃၄

မြန်မာရွှေ့ပြောင်းလုပ်သားများနှင့် ဆင်းရဲမွဲတေမှု ၃၉

ရွှေ့ပြောင်းလုပ်သားများနှင့် ခက်ခဲကြမ်းတမ်းသောအခြေအနေဖြင့် ဇာတိရွာများ ၄၃

စျေးပေါသည့် မြေနှင့် စျေးပေါသည့် လုပ်အား ၄၇

စီးပွားရေးနယ်ပယ်ပြင်ပဖိအားများ ၄၈

အဓိက သုံးသပ်ချက် ၃ ချက် ၅၁

အပိုင်း (၅) ပုံမှန်ဟောင်း အသစ်တစ်ခုဆီသို့လော (Towards a new old normal?) ၅၄

အပိုင်း (၆) နိဂုံးချုပ်ဆွေးနွေးတင်ပြချက် ၆၅

အပိုင်း (၁) နိဒါန်း[၁]

၂၀၂၀ ခုနှစ်ကို ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားခဲ့သည့် ခုနှစ်အဖြစ် အမြဲတစေ အမှတ်ရနေတော့မည် ဖြစ်သည်။ ထို ကမ္ဘာ့ကပ်ရောဂါကြောင့် ကြီးမားသည့် နောက်ဆက်တွဲ အကျိုးသက်ရောက်မှုများစွာ ဖြစ်ပွားခဲ့ပါသည်။ ယခု အစီရင်ခံစာသည် အလုပ်သမားများ၏ လူမှုစီးပွားရေး ဆိုင်ရာ အကျိုးသက်ရောက်မှုများ အထူးသဖြင့် ၎င်းတို့၏ နေသာထိုင်သာရှိမှုအခြေအနေ အပေါ်လေ့လာထားပါသည်။ ထိုအထဲမှ မြန်မာနိုင်ငံ၏ နယ်စပ်ဖြတ်ကျော် ရွှေ့ပြောင်း လုပ်သားများအနေဖြင့် ကိုဗစ်-၁၉ ကြောင့် အလွန် ထိခိုက်ခံစားခဲ့သူများတွင် ပါဝင်နေသည်။[၂] ကမ္ဘာ့ကပ်ရောဂါ ကြောင့် ၎င်းတို့ဘဝများနှင့် သက်ဆိုင်သော စီးပွားရေး ဆိုင်ရာ ထုတ်လုပ်မှုဝန်းကျင်နယ်ပယ် (ဥပမာ အလုပ် အကိုင်များ၊ အလုပ်သမားဈေးကွက်စသည်) နှင့် နေ့တစ်ဓူ ရှင်သန်မှုဝန်းကျင်နယ်ပယ် (ဥပမာ နေ့စဉ်စားဝတ်နေရေး ဖူလုံရေး၊ ကလေးသူငယ်စောင့်ရှောက်ရေး၊ ကျန်းမာရေး စောင့်ရှောက်ရေး၊ ပင်စင် စသည်) တို့တွင် အပြောင်းအလဲ များ ဖြစ်စေခဲ့ပါသည်။ ယခုအစီရင်ခံစာတွင် ရွှေ့ပြောင်း အလုပ်သမားများသည် မည်သူ များဖြစ်သည်၊ အဘယ် ကြောင့် ရွှေ့ပြောင်းအလုပ်လုပ်ရသည်၊ ၎င်းတို့၏ အခြေအနေများအပေါ် မည်ကဲ့သို့ရှုမြင်ကြသည်အပေါ် သုံးသပ် ဆွေးနွေးထားပါသည်။ ၎င်းတို့တစ်ဦးချင်းစီ၏ ဘဝဇာတ်ကြောင်းများကိုလည်း မီးမောင်းထိုးပြထားပါသည်။ ထိုကဲ့သို့ တစ်ဦးချင်းစီ၏ ဇာတ်ကြောင်းများကို အထူးတင်ပြခြင်းဖြင့် အစားအစာ၊ ခိုလှုံရာနေရာ၊ အဝတ်အစား၊ ကျန်းမာရေး၊ ပညာရေး စသည့် အခြေခံလိုအပ်ချက်များကို ၎င်းတို့မှ လက်လှမ်းမီနိုင်မှုအပေါ် အကျိုးသက်ရောက်မှုရှိသည့် နောက်ခံအကြောင်းရင်းများ နှင့် ထိုမှတဆင့် မည်သည့် အခြေအနေများကြောင့် လက်ရှိ အလုပ်အကိုင်နေရာနှင့် အလုပ်အကိုင်အမျိုးအစားကို ရွေးချယ်ခဲ့သည်ကို သိမြင် လာနိုင်သည်။

မည်ကဲ့သို့သော အလုပ်များကို ဆက်လက်ရှင်သန် ရပ်တည် နိုင်ရန်နှင့် မျိုးဆက်သစ်များကို ပျိုးထောင်နိုင်ရန်အတွက် မတူညီသည့် လူအမျိုးမျိုး၊ မတူညီသည့် လူတန်းစားများနှင့် လူအုပ်စုများက လုပ်ကိုင်ကြသနည်း? (တနည်းအားဖြင့် အမေရိကန် လူမှုရေး သိပ္ပံပညာရှင် နန်စီဖရေစာ ကဲ့သို့ဆိုရလျှင် မည်ကဲ့သို့ သော သီချင်းသံစဉ်နှင့် ကကြိုး ကကွက်များ ပုံဖော်ကြသနည်း?)[၃] အချို့သောသူများသည် အလုပ်အကိုင်ဈေးကွက်အား မှီခိုစရာ မလိုဘဲ ၎င်းတို့ဘာ သာ ရှင်သန်နိုင်ရန်အတွက် လိုအပ်ချက်များကို လက်လှမ်း မီနိုင်သော်လည်း အချို့အတွက် ထိုကဲ့သို့မဟုတ်နေပါ။ အချို့ သောသူများသည် အခြားသူများ၏ လုပ်အားကို ငှားရမ်း အသုံးပြုနိုင်ရန် တတ်နိုင်ကြသော်လည်း အချို့အတွက်မှာ ထိုကဲ့သို့ မဟုတ်နေပါ။ လူတစ်ဦး တစ်ယောက်ချင်းစီနှင့် လူအစုအဖွဲ့များ မည်ကဲ့သို့ ရပ်တည်ရှင်သန်နေကြသည်မှာ အလျှင်းသင့်သလိုသာ ဖြစ်လာကြခြင်း မဟုတ်ပါ။ ထပ်ခါ တလဲ မြင်တွေ့နိုင်သည့် အခြေအနေများ၊ ပုံသဏ္ဍာန်များ ရှိပါသည်။ ထိုမှတဆင့် ဖြစ်ပေါ် လာသည့် လူမှုပတ်သက် ဆက်နွယ်မှုပုံစံများ (social relations) သည် လူတန်းစား တစ်ခုနှင့် တစ်ခုကြား၊ လူအစုအဖွဲ့တစ်ခုနှင့် တစ်ခုကြား ဆက်လက်တည်ရှိနေကာ လူမှုအဖွဲ့ အစည်း တည်ဆောက်မှု ပုံစံများ (social structures) ဟူ၍ ဖြစ်ပေါ်လာပါသည်။

လူမှုဖွဲ့စည်းတည်ဆောက်မှုပုံစံများ (social structures) ဟုဆိုရာတွင် ကျွန်ုပ်တို့သည် လူမှုအဖွဲ့အစည်းအတွင်းရှိ လူတန်းစားများနှင့် အုပ်စုများကြားမှ အတော်အတန် မပြောင်းလဲတော့သည့် လူမှုပတ်သက်ဆက်နွယ်မှုပုံစံများ (patterns of social relations) ကိုဆိုလိုသည်။ တစ်ခါ

[၁] ယခုသုတေသနကို Transnational Institute (TNI) နှင့် Justice Society၊ လားဟူဖွံ့ဖြိုးရေးကွန်ရက်၊ မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်း၊ မွန်ဒေသ ရပ်ရွာဖွံ့ဖြိုးရေးအဖွဲ့အစည်း၊ မွန်ဒေသမြေမှုဝါဒရေးရာကော်မတီ၊ Mon Women's Organization၊ တိုးတက်သောမွန်လူငယ်များအစည်းအရုံး၊ ပအိုဝ်းလူငယ်အစည်းအရုံး၊ ပေါင်းကူး၊ တအာင်းကျောင်းသားနှင့်လူငယ်များအဖွဲ့၊ မြန်မာနိုင်ငံလုံးဆိုင်ရာရှမ်းလူငယ်ကွန်ရက် နှင့် RRUSHES-5 Research Project တို့ ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ အင်တာဗျူးများနှင့် သုတေသနဆောင်ရွက်သည့်နေရာများသို့ သွားရောက်ခြင်းကို အပိုင်း ၃ပိုင်းဖြင့် ဆောင်ရွက်ခဲ့ပါသည်။ ၁) ဘောရတ်စ်မှ ယူနန်တွင် ၂၀၁၉ ခုနှစ်နှောင်းပိုင်းတွင် ရွှေ့ပြောင်းလုပ်သားအချို့ အထူးသဖြင့် ရွှေ့ပြောင်း ကြံခုတ်အလုပ်သမား၊ အလုပ်သမားကန်ထရိုက်တာများ နှင့် အလွှာပေါင်းစုံ (ရွာ၊ မြို့နယ်၊ ကောင်တီ) မှ တရုတ်အာဏာပိုင်များ နှင့် အင်တာဗျူး မေးမြန်းခဲ့ပါသည်။ ၂) ဩဂုတ်နှင့်စက်တင်ဘာလ ၂၀၁၉ခုနှစ်တွင် မြန်မာနိုင်ငံအလယ်ပိုင်းဒေသတွင် ရွှေ့ပြောင်းအလုပ်သမား ၁၆ ယောက်ကို အင်တာဗျူးမေးခဲ့သည်။ ၃) ၂၀၂၀ ခုနှစ် မေလနှင့် ဇူလိုင်လကြားတွင် ရွှေ့ပြောင်းအလုပ်သမားပေါင်း ၁၂၀ ယောက်အား မြန်မာနိုင်ငံအလယ်ပိုင်း ဒေသ၊ ရှမ်း နှင့် မွန်ပြည်နယ်များ အင်တာဗျူးမေးခဲ့ပါသည်။ အင်တာဗျူးအချက်အလက်များကို ဇယား၊ ဂရပ်ဖြင့် ပြုစုဖော်ပြနိုင်ရန် ကူညီပေးသည့် ယူနန်စူကို အထူးကျေးဇူးတင် ပါသည်။

[၂] ယခုသုတေသနအစီရင်ခံစာကို မြန်မာနိုင်ငံအတွင်းရိုက်ခတ်ခဲ့သော ကိုဗစ်-၁၉ နှင့် အခြား အကျိုးသက်ရောက်မှုများ အကြောင်းအစီရင်ခံစာများနှင့် တွဲဖက်၍ ဖတ်နိုင်ပါသည်။ ထိုအထဲတွင် နွဲ့ကေခိုင်၏ TNI မြန်မာဆောင်းပါး (https://www.tni.org/en/article/hitting-where-it-hurts-impacts-of-covid-19-measures-on-myanmar-poor) နှင့် မကြာမီ ထွက်လာမည့် ကိုဗစ်နှင့် ပဋိပက္ခအစီရင်စာများ ပါဝင်ပါသည်။

[၃] ဖတ်ရန်အညွှန်း - Fraser (2014:57)

တစ်ရုံတွင် ထိုအရာများကို ကျွန်ုပ်တို့အနေဖြင့် နေ့စဉ် အသက်ရှူသွင်းနေသည့် လေထုကဲ့သို့ သဘာဝ ဖြစ်စဉ်တစ်ခုဟု လွယ်လွယ်မှတ်ယူကြပါသည်။ ကျွန်ုပ်တို့ ရှင်သန်ရပ်တည်မှု၏ လက်တွေ့အခြေအနေအပေါ်သိမြင်မှု နှင့် ကမ္ဘာကြီးအပေါ် အယူအမြင်များကိုလည်း ၎င်းတို့မှ ပုံဖော်ပေးသည်။ ထိုကဲ့သို့ဆိုခြင်းအားဖြင့် လူမှုအဖွဲ့အစည်း တည်ဆောက်မှု ပုံစံများသည် ကျွန်ုပ်တို့၏ အတွေးအမြင် များ သို့မဟုတ် လုပ်ဆောင်ချက်များကို အလိုအလျောက် ကန့်သတ်လိုက်သည် သို့မဟုတ် ထိန်းချုပ်ထားသည်ဟု မဆို လိုပါ။ အဘယ့်ကြောင့် ဆိုသော် လူသားတစ်ဦးချင်းစီ အနေ ဖြင့် နိုင်ငံရေးဆိုင်ရာ ကိုယ်တိုင် ဆုံးဖြတ်ဆောင်ရွက်နိုင်စွမ်း (political agency) ကိုပါ ပိုင်ဆိုင်ထားသောကြောင့် ဖြစ်သည် - ကျွန်ုပ်တို့၏ ကြုံတွေ့နေရသည့် အခြေအနေကို သိမြင်နားလည်ပြီး ထိုအခြေအနေများကို ပြောင်းလဲနိုင်ရန် လုပ်ဆောင်နိုင်သည့် တွန်းအားနှင့် စိတ်ကူးစိတ်သန်း ရှိပါ သည်။ ကျွန်ုပ်တို့သည် စက်ပစ္စည်းများမဟုတ်ပါ။ နာကျင် ခံစားတတ်၍ အသက်ရှင်သန်ရုန်းကန်နိုင်ရန် ပင်ကိုယ် အသိစိတ် ရှိကြသလို ရည်မှန်းချက်ကိုယ်စီ ရှိကြသည်။ ကျင့်ဝတ်သီလ အညွှန်းဘောင်ရှိသလို တရားမျှတမှုနှင့် တရားမျှတမှုမရှိခြင်းကြား ခွဲခြားသိမြင်နိုင်ပါသည်။ ထိုအား ဖြင့် မတူညီသော လူများ သို့မဟုတ် လူအစုအဖွဲ့များသည် ဘဝတွင် ခက်ခဲကြမ်းတမ်း သောအခြေအနေများ ကြုံရ သောအခါ မတူညီသော အချိန်တွင် ဗျူဟာမျိုးစုံ သင့်လျော်သလို အသုံးချတတ်ပါသည်။ ယေဘူယျအားဖြင့် ဆိုရသော် 'ရှောင်ထွက်ခြင်း၊ ခုခံခြင်း၊ ယဉ်ပါးအောင် ပြုလုပ်ခြင်း၊ ချေမှုန်းခြင်း (အမေရိကန်လူမှုရေးပညာရှင် အဲရစ်အိုလင်ရိုက်ထ် ဖော်ပြခဲ့သည့်အတိုင်း) စသည့် နည်းလမ်း တစ်ခုခုကို ရွေးချယ်တတ်ကြပါသည်။[၆]

ယခုအစီရင်ခံစာကို ရွှေ့ပြောင်းအလုပ်သမားများသည် နိုင်ငံရေးဆိုင်ရာ ကိုယ်တိုင်ဆုံးဖြတ်ဆောင်ရွက်နိုင်စွမ်း (political agency) ရှိကာ ၎င်းတို့၏အခြေအနေကို နားလည်နိုင်စွမ်းရှိယုံသာမကဘဲ ကြိုးစားပြောင်းလဲနိုင်သည် ဆိုသည့် အချက်ဖြင့် စတင်ထားပါသည်။ ဖွဲ့စည်းတည် ဆောက်မှုဆိုင်ရာ အခြေအနေများ (structural conditions) ကို အရေးပါသည့် နောက်ခံ အခြေအနေအဖြစ် သော် လည်းကောင်း၊ ထို့အပြင် လုပ်သားများ၏ လူမှုအသိ (social consciousness) ကြောင့်ဖြစ်စေ၊ တစ်ဦးတစ်ယောက်ချင်း စီနှင့် စုဖွဲ့ဆောင်ရွက်မှုများကြောင့်ဖြစ်စေ ဦးတည်သက် ရောက်မှုရှိသည့်အခြေအနေ အဖြစ်သော်လည်းကောင်း နားလည်နိုင်ပါသည်။ အစီရင်ခံစာအနေဖြင့် ရွှေ့ပြောင်း လုပ်သားများ၏ အယူအမြင်များ၊ လုပ်ဆောင်မှုများကို လက်ရှိ အခြေအနေအောက်တွင် မီးမှောင်းထိုးပြကာ ၎င်းတို့ကို ဆက်စပ် နားလည်စေရန် ဆွေးနွေးထားပါသည်။ လူတစ်ဦးချင်းစီ၏ ဇာတ်ကြောင်းများကို ပို၍ကျယ်ပြန့်သည့် အခြေအနေနှင့် ချိတ်ဆက် နားလည်နိုင်ရန် အခြားအစီရင်ခံ စာများ၊ သုတေသနများ၊ ပုံနှိပ် ထုတ်ဝေထားသည့် စာတမ်း များ အသုံးပြုထားပြီး ထို့အပြင် နယ်စပ်ဖြတ်ကျော် ရွှေ့ပြောင်းအလုပ်သမားပေါင်း ၁၃၆ ဦး၏ ဖြေဆိုခဲ့သည့် အကြောင်းအရာများကို စုပေါင်းကာ ထပ်ခါတလဲ မြင်တွေ့ ရသည့် အခြေအနေများ၊ ပုံသဏ္ဍာန်များကို ဖော်ထုတ် ထားပါသည်။ ကျွန်ုပ်တို့အနေဖြင့် ရွှေ့ပြောင်းလုပ်သားများ ကို အလွန်အရေးပါသည့် အချိန်ကာလတွင် တွေ့ဆုံခွင့် ရခဲ့သည်ဟု ဆိုနိုင်သည်။ ယခုလက်ရှိကာလသည် အတိတ် ကာလမှ အမွေ ဆက်ခံခဲ့ရသော လူမှုဖွဲ့စည်း တည် ဆောက်မှုပုံစံများ (social structures) အောက်တွင် ပုံဖော် ခံထားရကာ အလွန်အန္တရာယ်များသည့် ကမ္ဘာ့ကပ် ရောဂါ ကြောင့် လက်ရှိကာလတွင် ထပ်မံ ပြဌာန်းခံနေရပြန်သည်။ ထို့အပြင် ယခုကာလကို ၎င်းတို့နှင့် ၎င်းတို့၏ မိသားစုများ၊ ရပ်ရွာလူမှုအဖွဲ့အစည်းများအတွက် ပိုကောင်းလာမည့် အနာဂတ်ဖန်တီးရန် ၎င်းတို့၏မျှော်မှန်းချက်များ အပေါ် အခြေခံပြီး သဘောပေါက် နားလည်နိုင်သည်။

အတိတ်၊ ပစ္စုပ္ပန်နှင့်အနာဂတ်တို့ပါဝင်သော ရှည်လျားလှ သည့် ကာလတစ်ခုကို လေ့လာခြင်းမှ မိမိတို့ကြောင့် ဖြစ်ပေါ်လာခြင်း မဟုတ်သည့် ခက်ခဲကြမ်းတမ်းသည့် အခြေအနေများအတွင်း ထွက်ပေါက်မရှိ ပိတ်မိနေသည့် လူသားများကို တွေ့မြင်ရနိုင်ပါသည်။ ထို့အပြင် နေ့စဉ် ရှင်သန်နိုင်ရန် နည်းလမ်း ရှာဖွေရကာ အင်အားသုံး ကန့် သတ်ပိတ်ဆို့မှုများ (militarized lockdowns) ကိုပါ ဖြတ် သန်းခရီးနှင်ပြီး ၎င်းတို့အလုပ် လုပ်ကိုင်ရာနေရာများမှ ဇာတိ ရပ်ရွာလူမှု အသိုက်အဝန်းများဆီ ပြန်လာခဲ့ရသည့် ခရီးလမ်း ရှည်ထက်ကို များစွာပိုမိုရှည်လျား ထွေပြားသော ဘဝဇာတ် လမ်းများရှိနေသည့် လူသားများကိုလည်း တွေ့မြင်

[၆] ဖတ်ရန်အညွှန်း - Wright (2019)

ရမည်ဖြစ်၏။ ၎င်းတို့၏ဘဝဇာတ်လမ်းများမှာ ၎င်းတို့ အလုပ်သွားရောက်လုပ်ကိုင်ရာ နိုင်ငံများမှ ရွှေ့ပြောင်း အလုပ်သမားအဆောင်များတွင်သာ စတင်ခြင်း၊ အကန့် အသတ်ခံထား ရခြင်းမဟုတ်သကဲ့သို့ မြန်မာနိုင်ငံတွင်း ၎င်း တို့ဇာတိကျေးရွာများ ပြင်ပရှိ ကွာရန်တင်းစင်တာများတွင် သာ အဆုံးသတ်သွားခဲ့သည် မဟုတ်ပါ။ ၎င်းတို့၏ ဘဝ ဇာတ်လမ်းများမှာ ကိုဗစ်-၁၉ ကပ်ရောဂါကာလမတိုင်မီ ဟိုး ယခင်ကတည်းကပင်စတင်ခဲ့ခြင်း ဖြစ်ပြီး လက်ရှိ ကမ္ဘာ့ ကျန်းမာရေးအရေးပေါ် အခြေအနေကို ကျော်လွန်ကာ အနာ ဂတ်ကာလထိတိုင် ဆက်သွားဦးမည့် ဇာတ်လမ်းများ ဖြစ်ပါ သည်။

ယခုကပ်ဘေးသည် ရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် ၎င်းတို့၏ ဘဝတွင် ရင်ဆိုင်ကြုံတွေ့ရသည့် တစ်ခုတည်း သော အရေးပေါ်အခြေအနေမဟုတ်ပါ။ ၎င်းတို့၏လက်ရှိ အခြေအနေများ နှင့် ကမ္ဘာ့လက်ရှိလူမှုစနစ်ကြီး (social or-der အလုံးစုံပြောင်းလဲမှု မရှိလျှင် ၎င်းတို့နောက်ဆုံး ကြုံတွေ့ရမည့် အရေးပေါ် အခြေအနေလည်း မဖြစ်နိုင်ပါ။ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် လူသားဆန်ခြင်း ဆိုသည့် တန်ဖိုးထားမှုမှာလည်း လူသားသမိုင်းတွင် ကြီးမားသည့် အကျပ်အတည်း ကြုံကြိုက်နေရပြီ ဖြစ်သည်။ အတိတ်ကာလမှ လုပ်ဆောင်ချက်များနှင့် ၎င်းတို့ကြောင့် လက်ရှိကာလတွင် အကျိုးသက်ရောက်မှုများ၊ ရွေးချယ် စရာများ၊ ထို့မှတဆင့် လက်ရှိကာလတွင် လုပ်ဆောင် ချက်များနှင့် အနာဂတ်ကာလတွင်ဖြစ်လာမည့် အကျိုးဆက် များ၊ ရွေးချယ်စရာများကို ပို၍ ရှင်းလင်းတိကျစွာ သိလာ ခဲ့ပြီဖြစ်သည်။ လက်ရှိအချိန်တွင် လုပ်ဆောင်မည့်အရာ (သို့မဟုတ် မလုပ်ဆောင်မည့် အရာ) အပေါ်မူတည်၍ အနာဂတ်ကာလတွင် မည်ကဲ့သို့ အကျိုးသက်ရောက်မှုများ ခံစားရမည်၊ မည်ကဲ့သို့ရွေးချယ်မှုများ ရှိလာနိုင်သည်နှင့် ၎င်းတို့၏ နေသာထိုင်သာ ရှိနိုင်မှု အခွင့်အလမ်းများ မည်ကဲ့သို့ရှိမည် စသည်တို့ ပုံပေါ်လာမည် ဖြစ်သည်။

စာဖတ်သူများအား ရွှေ့ပြောင်းအလုပ်သမားများ၏ ဘဝ ဇာတ်လမ်းများကို ဖတ်ရှုပေးရန်နှင့် ထိုဇာတ်လမ်းများကို ရပ်ရွာ လူမှုအသိုက်အဝန်းတွင်း ပြောဆိုဖလှယ်မှုများတွင် ထည့်သွင်း ဆွေးနွေးနိုင်ရန် တိုက်တွန်းလိုပါသည်။ လက်ရှိ ကြုံတွေ့နေရသော အကျပ်အတည်းကို ဖြေရှင်းနိုင်ရန် အလို ငှာ အစီရင်ခံစာမှတဆင့် သိမြင်နားလည်မှု ဖြစ်စဉ် တစ်ခု အား ရွှေ့ပြောင်းအလုပ်သမားများ နှင့်အတူ တည်ဆောက် နိုင်ဖို့ဖြစ်ပါသည်။ ထို့မှတဆင့် ပြည်သူ့အရေး ဆောင်ရွက်ရာ တွင်လည်းကောင်း၊ မူဝါဒများ ချမှတ်ရာတွင် လည်းကောင်း အထောက်အကူပြုနိုင်၍ လူမှုတရားမျှတမှုရှိသော ကပ် ရောဂါအလွန်ကာလအသစ် တစ်ခုတည်ဆောက်နိုင်ရန် မျှော်မှန်း ပါသည်။

နည်းလမ်းများ

ဤလေ့လာမှုကို ၂၀၁၉ ခုနှစ် ဩဂုတ်-စက်တင်ဘာလ အတွင်း အညာဒေသ (မကွေး၊ မန္တလေးနှင့် စစ်ကိုင်းတိုင်း ဒေသကြီး) တွင် စတင်ခဲ့ပြီး တရုတ်နိုင်ငံသို့ ကြံခုတ် လုပ်သားများအဖြစ် ပုံမှန် သွားရောက်လုပ်ကိုင်သည့် ရွှေ့ပြောင်းအလုပ်သမား (၁၆) ဦးကို တွေ့ဆုံမေးမြန်းခဲ့သည်။ အညာဒေသနှင့် တရုတ်နိုင်ငံ တောင်ပိုင်း ဒေသတို့ကြား စကြံအတွင်းရှိ မြေယာနှင့်လုပ်အား ပြောင်းလဲမှု ဖြစ်စဉ်များ (land and labour dynamics) ကို ပိုမိုသိမြင် နားလည်ရန်အတွက်ဖြစ်သည်။ ၂၀၂၀ ခုနှစ် ဇန်နဝါရီလတွင် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ စတင်ဖြစ်ပေါ်လာခဲ့ပြီးနောက် ဧပြီလသို့ ရောက်ချိန်၌ တွေ့ဆုံမေးမြန်းမှုများကို ဒစ်ဂျစ်တယ်နည်းလမ်းများ (တယ်လီဖုန်း၊ ဖေ့စ်ဘုတ် မက်ဆင်ဂျာ သို့မဟုတ် ဗိုင်ဘာ) ဖြင့် လုပ်ဆောင်ရန် ဆုံးဖြတ်ခဲ့ကြသည်။ ကပ်ရောဂါကာလတွင်း အစိုးရ၏ ဘေးအန္တရာယ်ကင်းရှင်း သတ်မှတ်ချက်များနှင့်အညီ လိုက် နာဆောင်ရွက်နိုင်သော အခြေအနေများတွင် မျက်နှာချင်း ဆိုင်တွေ့ဆုံမေးမြန်းမှုကိုလည်း အကောင်အထည်ဖော်ခဲ့ သည်။ ကျွန်ုပ်တို့၏ လေ့လာမှုသည် မူလက အညာဒေသကို အဓိက ဦးတည်ခဲ့သော်လည်း နောက်ပိုင်းတွင် ရှမ်းပြည်နယ် နှင့် မွန်ပြည်နယ်မှ ရွှေ့ပြောင်းအလုပ်သမားများကိုပါ ထည့်သွင်း မေးမြန်းခဲ့သည်။ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ် တို့ကို ထည့်သွင်းရခြင်း၏ အကြောင်းရင်းနှစ်ရပ်မှာ အောက်ပါအတိုင်းဖြစ်သည်။ (က) ဤလေ့လာမှုနှင့် ပတ် သက်၍ လက်တွဲပါဝင်ရန် စိတ်ဝင်စားမှုနှင့် ပါဝင်နိုင်သော အခြေအနေရှိသော ရှိရင်းစွဲဒေသခံ မိတ်ဖက် အဖွဲ့အစည်း များ ရှိနေခြင်း (ခ) ထိုပြည်နယ်နှစ်ခုတွင် တရုတ်နိုင်ငံနှင့်

ထိုင်းနိုင်ငံတို့နှင့်စပ်လျဉ်းသော ရွှေ့ပြောင်း လုပ်ခစားအလုပ်အကိုင်များ ကြီးကြီးမားမားဖြစ်တည်နေခြင်း စသည်တို့ဖြစ်သည်။ တရုတ်နိုင်ငံသည် အခြားနိုင်ငံများနှင့် နှိုင်းစာလျှင် အသစ်ဖြစ်ပြီး အလျင်အမြန်ကြီးထွားနေသော နယ်ခြားရွှေ့ပြောင်းအလုပ်နေရာဖြစ်သည်၊ ထိုင်းနိုင်ငံမှာ မြန်မာရွှေ့ပြောင်းလုပ်သားထု အများဆုံး သွားရောက်အလုပ်လုပ်ကိုင်ရာနိုင်ငံဖြစ်သည်။

ဤသုတေသနပြုလေ့လာမှုတွင် ရည်ရွယ်ချက်အလိုက် စိစစ် ရွေးချယ်နမူနာကောက်ယူနည်းတစ်ခု (purposive sampling) ကို အသုံးပြုခဲ့ပြီး ကပ်ရောဂါကြောင့် အိမ်ပြန်ရန် ဆုံးဖြတ်ခဲ့သည့် ရွှေ့ပြောင်းအလုပ်သမားများ နှင့် နိုင်ငံရပ်ခြားတွင် ဆက်လက် နေထိုင်ရန် ဆုံးဖြတ်ခဲ့သူအနည်းငယ်ကိုလည်း ထည့်သွင်း မေးမြန်းခဲ့သည်။ ပါဝင်ဖြေဆိုသူ အများစုမှာ အလုပ်လုပ်ကိုင်သော အနေရာအဖြစ် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့တွင် အများစု မတိမ်းမယိမ်း လုပ်ကိုင်နေသည်။ မလေးရှားနှင့် အခြားနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်သူများ အနည်းငယ်မျှသာပါဝင်သည်။ မတူညီသောကဏ္ဍများ - စိုက်ပျိုးရေး၊ စိုက်ပျိုးရေးပြင်ပ၊ ကျေးလက်၊ မြို့ပြစသည်တို့တွင် လုပ်ကိုင်နေသူများ ပါဝင်၍၊ အမျိုးသမီးနှင့် အမျိုးသား အရေအတွက် အနည်းနှင့်အများ တူညီမှု ရှိကာ အသက်အရွယ်အုပ်စုသုံးစု - ၂၅ နှစ် နှင့်အောက်၊ ၂၆ နှစ် မှ ၄၉ နှစ်ကြား နှင့် အသက် ၅၀ နှင့်အထက် မှဖြစ်ကြသည်။ ရှမ်းပြည်နယ်မှ ပါဝင်ဖြေဆိုသူများတွင် မတူသော တိုင်းရင်းသား များစွာပါဝင်၍ မြေယာပိုင်ဆိုင်မှုမရှိသူသည် လူအနည်းစုသာ ဖြစ်သည်။

ဤသုတေသနပြုလေ့လာမှုအတွက် အတူပါဝင်ဆောင်ရွက်ခဲ့သော အရပ်ဘက်အဖွဲ့အစည်းများသည် အညာဒေသ၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ကာလတာရှည် ရပ်ရွာအခြေပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ကျွန်ုပ်တို့သည် ကနဦးဆက်သွယ်မှုပြုလုပ်ရန်နှင့် နှင်းလုံး နမူနာ ကောက်ယူမှုနည်းလမ်း (snowball technique) မှ တဆင့် ပါဝင်ဖြေဆိုသူအုပ်စုတစ်စု တည်ဆောက်ရန် အတွက် အဆိုပါ ရှိရင်းစွဲဒေသခံကွန်ရက်များကိုပင် အားကိုး အားထားပြုခဲ့ရသည်။

ဤလေ့လာမှု၏ရည်ရွယ်ချက်အကြောင်းနှင့် သိမြင်နားလည်မှု အပေါ်အခြေခံသော သဘောတူ ခွင့်ပြုချက် (informed consent) ရယူမှုနှင့်စပ်လျဉ်းသည့် အခြား လုပ်ထုံးလုပ်နည်းများ (ဥပမာ ပါဝင်ဖြေဆိုသူတို့၏ အမှတ်အသားလက္ခဏာများကို ကာကွယ် ထိန်းသိမ်းပေးမည်ဟူ၍ အာမခံချက်ပေးခြင်း) အကြောင်းကို ရှင်းပြပြီးနောက် မေးမြန်းမှုများ လုပ်ဆောင်ခဲ့သည်။ ပါဝင်ဖြေဆို သူများ၏ ကိုယ်ရေးအချက်အလက်လုံခြုံစေရန်နှင့် ၎င်းတို့၏ ဘေးအန္တရာယ်ကင်းရှင်းမှုနှင့်လုံခြုံမှုကို အာမခံနိုင်ရန်အတွက် ပါဝင်ဖြေဆိုသူအားလုံး၏အမည်များနှင့် ၎င်းတို့ကျေးရွာ အမည်များကို ဖော်ပြခြင်းမရှိပါ။ တွေ့ဆုံမေးမြန်းရာတွင် ဒေသဘာသာစကားများဖြင့် မေးမြန်းဖြေဆိုခဲ့ကြသည်။ ၂၀၂၀ ခုနှစ် မေလ မှ ဇူလိုင်လအတွင်း ရွှေ့ပြောင်းအလုပ်သမား (၁၂၀) နှင့် အခြားပါဝင်ဖြေဆိုသူ (၄) ဦး (ကျေးလက် ကျန်းမာရေးဝန်ထမ်း၊ ရပ်ရွာဒေသကွာရန်တင်းစင်တာ အဖွဲ့ခေါင်းဆောင်နှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးအဖွဲ့အစည်းနှစ်ခုမှ စေတနာ့ဝန်ထမ်းနှစ်ဦး) ကို မေးမြန်းခဲ့ပြီး ရွှေ့ပြောင်း အလုပ်သမား (၁၆) ဦးကိုမူ ၂၀၁၉ ခုနှစ် ဩဂုတ်လမှ စက်တင် ဘာလအတွင်း အညာဒေသတွင် တွေ့ဆုံမေးမြန်းခဲ့ခြင်းဖြစ်သည်။

[အိမ်နီးချင်းနိုင်ငံများနှင့် မြန်မာနိုင်ငံမြေပုံ]

ခြုံငုံတင်ပြခြင်း

ဤအစီရင်ခံစာအား အပိုင်း (၅) ပိုင်းခွဲကာ တင်ပြထားသည်။ ဆက်လက်တင်ပြသွားမည့် အပိုင်း (၂) တွင် ကိုဗစ်-၁၉ ကပ်ရောဂါ ကာလအတွင်း ၎င်းတို့သွားရောက် အလုပ်လုပ်ကိုင်ရာ နေရာ၌ သော်လည်းကောင်း၊ ၎င်းတို့၏ ဇာတိကျေးရွာ များတွင်လည်း ကောင်း၊ ထိုနှစ်ခုကြား အကူးအပြောင်းအတွင်း ရွှေ့ပြောင်းအလုပ် သမားများ၏ အခြေအနေများကို ဦးစားပေး ဆွေးနွေးဖော်ပြထားသည်။ အပိုင်း (၃) တွင် ၎င်းတို့၏ အလုပ်နေရာရှိ လုပ်ငန်း ဝန်းကျင်အခြေအနေများ (working conditions) ကို အဓိက ဆွေးနွေးဖော်ပြထားသည်။ အချိန်ကြာမြင့်စွာ တည်ရှိခဲ့ပြီးဖြစ်သော ထိုင်းနှင့် မလေးရှားနိုင်ငံတို့နှင့် ချိတ်ဆက်ထားသည့် စကြီးနှင့် နှိုင်းစာလျှင် မကြာသေး မီကထွက်ပေါ်လာခဲ့သော မြန်မာ-တရုတ် ရွှေ့ပြောင်းအလုပ် သမား စကြီးနှင့်ပတ်သက်၍ စူးစမ်းလေ့လာတင်ပြထား သည်။ အပိုင်း (၄) တွင် ရွှေ့ပြောင်းအလုပ်သမား အများစု ထွက်ခွာခဲ့ရာ မြန်မာနိုင်ငံကျေးလက်ဒေသများနှင့် စိုက်ပျိုး ရေး ကဏ္ဍအတွင်းမှ ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာနှင့် အင်စတီကျူးရှင်းဆိုင်ရာအခြေအနေများ (structural and institutional conditions) ကို ပြန်လည်လေ့လာ ဆန်းစစ် ထားသည်။ အပိုင်း (၅) တွင် အလွန်ကြာရှည်လာခဲ့ပြီ ဖြစ်သော ကပ်ရောဂါ ကာလအတွင်းနှင့် ကပ်ရောဂါအလွန် တစ်ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးကျဆင်းမှုကြီး လွှမ်းမိုး ဖြစ်တည်နေမည့် အခြေအနေတွင် အလုပ်သမားများ အတွက် မည်ကဲ့သို့ဖြစ်လာမည်နည်း ဟူသော မေးခွန်းနှင့် ပတ်သက်၍ စူးစမ်းလေ့လာတင်ပြထား ပါသည်။

အပိုင်း (၂) ရွှေ့ပြောင်းအလုပ်သမားများ နှင့် ကိုဗစ်-၁၉ ကပ်ရောဂါ

စစ်ကိုင်းတိုင်းဒေသကြီးမှ အသက် (၂၈) နှစ် အရွယ် ရွှေ့ပြောင်းအလုပ်သမားအမျိုးသမီးနှင့် သူမ၏ခင်ပွန်းတို့ သည် တရုတ်နိုင်ငံသို့သွားရောက်ကာ ကြံခုတ်သော အလုပ် ကို လုပ်ကိုင်ခဲ့သည်။ သူမတို့တွင် ကိုယ်ပိုင်လယ်ယာမြေ မရှိပေ။ ခင်ပွန်းသည်က ရေခဲချောင်းနှင့်မုန့်လေပွေလှည့် လည်ရောင်းချသော ဈေးသည် တစ်ဦးဖြစ်သည်။ ရွာရှိလူ အများစုမှာ စိုက်ပျိုးရေးနှင့် အရင်းအနှီး ငွေကြေး မရှိသောကြောင့် အမြတ်အစွန်းမရနိုင်သည့် လယ်ယာ စိုက်ပျိုးရေးနှင့် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများကို မလုပ် ကိုင်နိုင်ဘဲ အနီးအနား မြေဖြူခဲစက်ရုံများ၊ ကျောက်မီးသွေး စက်ရုံ သို့မဟုတ် ကြက်သွန်ဖြူပွဲရုံ (အခြားကျေးရွာများမှ ကြက်သွန်ဖြူ များကိုသယ်ယူပို့ဆောင်ကာ သိုလှောင် ရောင်းချရာနေရာတစ်ခုတွင် လုပ်ကိုင်ရကြောင်း သူမက ပြောပြခဲ့သည်။ ကိုယ်ပိုင် လယ်မြေမရှိသော်လည်း မိုးရာသီ၌ အိမ်ခြံငယ်လေး အတွင်း ဖရုံသီးနှင့် ပဲမျိုးစုံကို မိသားစုစားသုံးရန် စိုက်ပျိုးသည်။ သူမတို့တွင် အသက် (၂) နှစ်အရွယ် ကလေးငယ်တစ်ဦးရှိပြီး သူမတို့ တရုတ်နိုင်ငံ သို့သွားရောက်အလုပ်လုပ်ကိုင်နေစဉ်ကာလ၌ သမီးငယ် လေးကို သူမ၏အမကြီးထံ ချန်ရစ်ခဲ့ရသည်။ ၂၀၂၀ ခုနှစ် မတ်လတွင် ကမ္ဘာ့ကပ်ရောဂါဆိုးကူးစက်ပျံ့နှံ့မှုအပေါ် စိုးရိမ် ထိန်လန့်မှုကြောင့် ကြံခုတ်ရာသီမပြီးဆုံးမီမှာပင် နေရပ်ပြန် ရန် သူမတို့ဆုံးဖြတ်ခဲ့ကြသည်။ အိမ်ပြန်ရောက်ရန် သူမတို့ တွေ့ကြုံ ဖြတ်သန်းခဲ့ရပုံအကြောင်းကို အောက်ပါအတိုင်း ပြောပြခဲ့သည်။

ဇန်နဝါရီလကတည်းလုပ်လာခဲ့တဲ့ ကျွန်မနဲ့ကျွန်မယောက်ျား ရဲ့ စုပေါင်းလုပ်အားခတွေကို တစ်လုံးတစ်ခဲတည်း ပေးမယ် လို့ ထင်ထားခဲ့ပေမယ့် ကြံခုတ်ရာသီမပြီးဆုံးခင်မှာ အိမ်ပြန် ခဲ့တာ ဆိုတော့ ကျွန်မတို့မှာ လုပ်အားခတွေကို အပြည့်အဝ မရလိုက်ဘူး။ ကျွန်မတို့နှစ်ယောက်ပေါင်းလုပ်အားခ ယွမ်ငွေ တစ်သောင်း (မြန်မာငွေကျပ် ဆယ့်ကိုးသိန်း သုံးသောင်း ခုနှစ်ထောင်) ရရမှာဖြစ်ပေမယ့် ယွမ်ငွေ သုံးထောင့်ငါးရာ (မြန်မာငွေကျပ် ခြောက်သိန်း ခုနှစ်သောင်း ရှစ်ထောင်) ပဲရခဲ့တယ်။ ဒါကလည်း စည်းကမ်းအတိုင်းပဲလေနော်။ မေလထဲ ကြံခုတ် ရာသီပြီးဆုံး ချိန်ထိနေမယ်ဆိုမှ ကျွန်မတို့လုပ်အားခကို အပြည့်အဝရှင်းပေးမှာ။ ဒီလိုမှ မဟုတ်ပဲ စောပြန်မယ် ဆိုရင် လုပ်အားခရဲ့ သုံးပုံတစ်ပုံပဲ ရမှာလေ။ အိမ်ပြန်မယ်ဆိုတော့ ကွန်မတို့အလုပ်လုပ်တဲ့ ရွာကနေ ချင်းရွှေဟော် စစ်ဆေးရေးဂိတ် (ကိုးကန့်ဒေသ) ကို ကားစီးပြီး သွားခဲ့တယ်။ လူ (၁၈) ယောက်လောက်ပါတဲ့ ကားနှစ်စီးနဲ့ ပြန်လာခဲ့တာမှာ လူတစ်ယောက်ကို ယွမ်ငွေ ၁၀၀ (၁၉,၂၀၀ ကျပ်) ပေးခဲ့ရတယ်။ ချင်းရွှေဟော်ရောက် တော့ ကျွန်မတို့ကို အနီးအနားက ကုန်လှောင်ရုံတစ်ခုမှာ

နှစ်ညအိပ်သုံးရက် နေခိုင်းခဲ့တယ်။ အဲ့ဒီမှာ ကျွန်မတို့ လူ (၁,၀၀၀) လောက်နဲ့ကြပ်သိပ်ပြီးနေခဲ့ရတာ။ ပြောတာတော့ အထက်အမိန့်အရပေါ့။ ကျွန်မတို့ကို ထမင်းတွေ ပေးတယ်။ ဒါပေမယ့် အပြင်ထွက်ပြီး ဟင်းတွေဘာတွေ ဝယ်ခွင့်မရှိဘူး။ အိမ်သာကလည်း နှစ်လုံးပဲရှိတော့ တကယ်ကို ဒုက္ခရောက်တယ်။ သောက်သုံးရေလည်း မလုံလောက်ဘူး။ အဲ့ကနေ ထွက်လာပြီး ကျောက်မဲ (ရှမ်းပြည်နယ်မြောက်ပိုင်း) မှာ တစ်ည နေခဲ့ရတယ်။ လူ ၇၀ ကျော်ပါတဲ့ ၁၂ ဘီးကုန်ကားကြီးနဲ့ ကျွန်မတို့ ကိုပို့ပေးတာ။ ကျွန်မတို့ စာသင်ကျောင်းခန်းမှာ နေခဲ့ရတယ်။ တစ်ခန်းတစ်ခန်းကို လူ ၃၀ လောက်ပေါ့။ တချို့က စာရေးခုံတွေပေါ်မှာ၊ တချို့ကလည်း ကြမ်းပြင်ပေါ်မှာပဲ အိပ်ခဲ့ရတယ်။ ကျွန်မတို့ကို မနက်စာကျွေးတယ်။ ညစာတော့ မကျွေးဘူး။ ကိုယ့်မှာပါလာတာတွေပဲ စားရတာပေါ့။ နောက်နေ့တော့ ကျွန်မက အနီးအနားဈေးဆိုင်တစ်ခုမှာ ပေါင်မုန့်တစ်လုံးဝယ်ခဲ့တယ်။ နေ့လယ်ရောက်တော့ ကျွန်မတို့တစ်ယောက်ချင်းအတွက် ထမင်း ဗူးနဲ့ရေသန့်ဗူး တစ်လုံးစီပေးတယ်။ နောက်တော့ ထပ်ထိုးလူ ၂၀ ယောက် အပါအဝင် လူ ၉၀ ယောက် တင်ထားတဲ့ အဲ့ဒီကုန်တင်ကားနဲ့ပဲ ကျွန်မတို့ကို မန္တလေးပို့ပေးတယ်။ ကားပေါ်မှာ လှည့်ဖို့ပြဖို့နေရာလွတ်တောင် မရှိဘူး။ မန္တလေးရောက်တော့ ကျွန်မတို့ ကိုအဖွားတိုင်းပြီး ခပ်ခွာခွာနေခိုင်းတယ်။ စက်မှုသင်တန်းကျောင်း တစ်ခုမှာ နေရတာ၊ လူတွေ အရမ်းများတော့ ညစာလည်း မကျွေးဘူး၊ သောက်ရေတောင် မရဘူး။ ချင်းရွှေဟော် စစ်ဆေးရေးဂိတ်ကနေ မန္တလေးရောက်ဖို့ လူတစ်ယောက်ကို (၁၅,၀၀၀) ကျပ်ပေးခဲ့ရတယ်။ ပြင်ဦးလွင်ရောက်တော့ ကျွန်မတို့ကံက အကောင်းဘက်ကို ပြန်ရောက်လာတယ်။ ကုသိုလ်လုပ်ချင်တဲ့ လူအများကြီးပဲ ကျွန်မတို့ကို အစားအစာတွေ၊ မုန့်တွေ၊ ရေတွေ အများကြီးပေးခဲ့တယ်လေ။ နောက်ပိုင်းဂိတ်တွေမှာတော့ ကျွန်မတို့ရဲ့မှတ်ပုံတင်ကတ်ပြားတွေကိုပဲ စစ်ဆေးတော့တယ်။ လူတွေက ရောဂါမသယ်ဆောင်နိုင်ဘဲ မှတ်ပုံတင်ကတ်ပြားတွေကပဲ ရောဂါ သယ်ဆောင်နိုင်တာလားဆိုပြီး ကျွန်မတို့တောင် အရွှန်းဖောက် ဟာသလုပ်နေခဲ့သေးတာ။ မန္တလေးကနေ ကျွန်မတို့ရွာနားလောက် အထိကိုတော့ လူတစ်ယောက် တစ်သောင်းကျပ်နှုန်း ပေးခဲ့ရပါ တယ်။

[အလုပ်သမားအဖွဲ့ခေါင်းဆောင် သို့မဟုတ် ဘာသာပြန်သူ၏ အလုပ်သမားတစ်ဦးခြင်းစီ၏ နေ့စဉ် ကြံခုတ်မှတ်တမ်း ဓာတ်ပုံ - ဂျွန်ဘောရတ်စ် (၂၀၁၉)၊ ယူနန်ပြည်နယ်]

သူမတို့ရင်ဆိုင်ခံစားနေရသော ငွေရေးကြေးရေး စိုးရိမ်ပူပန်မှုများသည် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါဆိုးကြောင့် မြန်မာနိုင်ငံသို့ ပြန်လာခဲ့သည့် ရွှေ့ပြောင်းအလုပ်သမားများကြားတွင်လည်း အတော်ပင်ကျယ်ကျယ် ပြန့်ပြန့်ဖြစ်တည်နေကြောင်း တွေ့မြင်ရသည်။ ထိုအကြောင်းကို သူမက ဤသို့ပြောကြားခဲ့သည်။

တရုတ်ပြည်ကိုသွားတော့ ကျွန်မနဲ့ကျွန်မယောကျ်ားက ငွေကျပ် ငါး သိန်း ယူဆောင်သွားခဲ့တယ်။ အဲဒီထဲက တစ်သိန်းကို မြန်မာနိုင်ငံ ထဲက ရှမ်းတရုတ်လူမျိုးတစ်ယောက်ဖြစ်တဲ့ ကျွန်မတို့ရဲ့ အလုပ် သမားကန် ထရိုက်တာကို ပေးခဲ့တယ်။ လူတစ်ယောက်ကို ၅ သောင်း နှုန်းပေါ့။ ကျွန်မတို့ရဲ့ လုပ်အားခတွေကိုလည်း အပြည့်အဝ မရခဲ့ဘူး၊ အိမ်ပြန်လမ်းခရီးစရိတ်တွေလည်း သုံးခဲ့ရတာဆိုတော့ ငွေများများစားစား ပြန်ပါမလာခဲ့ဘူးရှင့်။ အခုဆိုရင် ကျွန်မတို့ အကြွေးတွေတင်နေပြီး ပြန်ဆပ်ရတော့မှာ။ ဒါပေမယ့် အလုပ်က မရှိဘူးလေ။ ကျွန်မတို့တော့ နောက်ကြံခုတ်ရာသီ (နိုဝင်ဘာ ၂၀၂၀) ကိုပဲစောင့်ပြီး တရုတ်ပြည်ကို ပြန်သွားရမှာပေါ့ရှင်။ ကျွန်မတို့ရဲ့ အသက် (၂) နှစ်အရွယ် သမီးငယ်လေးကိုလည်း ခေါ်သွားမယ်။

သူမ၏ အခြေအနေသည် ပုံမှန်အခြေအနေဟုဆိုနိုင်သည်။ ကျွန်ုပ်တို့တွေ့ဆုံမေးမြန်းခဲ့သူများအနက် တရုတ်နိုင်ငံတွင်း အလုပ်လုပ်ကိုင်ခဲ့ပြီး သဘောတူညီထားသော အလုပ်ပြီး

ဆုံးချိန် ကာလတစ်ခုအထိ (ကြံခုတ်ရာသီက မေလတွင် ပြီးဆုံးသည်) ဆက်လက် မနေနိုင်ခဲ့သည့် အလုပ်သမားများအနေဖြင့် ၎င်းတို့ရသင့်သည့် နေ့စားလုပ်အားခ အားလုံးပေါင်း၏ သုံးပုံတစ်ပုံကိုသာ ရရှိခဲ့ကြသည်။ အဆိုးဆုံး အခြေအနေကတော့ အချို့မှာ အိမ်ပြန် လမ်းစရိတ်သာ ရရှိခဲ့ကြသည်။

[ရွှေ့ပြောင်းအလုပ်သမားများ မြန်မာအစားအစာ ချက်ပြုတ်စားသောက်နိုင်သည့် လေဟာပြင်မီးဖိုချောင်
ဓာတ်ပုံ - ဂျွန်ဘောရတ်စ် (၂၀၁၉)၊ ယူနန်ပြည်နယ်]

ခန့်မှန်းခြေ (၅) သန်းခန့်ရှိသည့် မြန်မာရွှေ့ပြောင်း အလုပ်သမားများသည် နိုင်ငံ့စီးပွားရေးကို ကြီးကြီးမားမားပံ့ပိုး အားဖြည့်ပေးလျက်ရှိသည် (ကမ္ဘာ့ဘဏ်၊ ၂၀၁၉:၁၆)။ ထိုအချက်ကို နိုင်ငံအစိုးရကလည်း အသိအမှတ်ပြုထားသည်။ ကိုဗစ်ကမ္ဘာ့ကပ်ရောဂါကြောင့် ထောင်သောင်းချီသော အလုပ်သမားများ နေရပ်ပြန်ရန်ကြိုးပမ်းနေခဲ့ကြောင်း ဝူဟန်မြို့တွင် ကိုဗစ်-၁၉ ကူးစက် ပျံ့နှံ့မှု စတင်ဖြစ်ပွားခဲ့စဉ်ကတည်းကပင် သတင်းမီဒီယာများက တောက်လျှောက် အစီရင်ခံ တင်ပြနေခဲ့သည်။ သို့သော် သွားရောက်လုပ်ကိုင်သော နိုင်ငံများအတွင်း ရွှေ့ပြောင်းအလုပ်အကိုင်၏ တရားဝင်မှု မရှိသည့် သဘောသဘာဝကြောင့်လည်း အဆိုပါ အိမ်ရှင်နိုင်ငံများအတွင်း ဆက်လက်နေထိုင်ပြီး အလုပ်လုပ်ကိုင်နေသူ ဦးရေ၊ ဆက်လက်နေထိုင်နေသော်လည်း ၎င်းတို့၏အလုပ်အကိုင်များကို အပြည့်အဝ သို့မဟုတ် တစ်စိတ်တစ်ပိုင်းလက် လွှတ်ဆုံးရှုံးခဲ့ရသည့် အလုပ်သမားဦးရေနှင့် မြန်မာနိုင်ငံသို့ ပြန်လာခဲ့ပြီး အလုပ်အကိုင်များဆုံးရှုံးခဲ့ရသည့် အလုပ်သမား အရေအတွက်တို့ကို ရှင်းရှင်းလင်းလင်း မသိရှိနိုင်ပါ။ ကူးစက်ရောဂါ ပျံ့နှံ့မှုအစောပိုင်းကာလအတွင်း တွက်ချက်ခန့်မှန်းမှု အရ မြန်မာ ရွှေ့ပြောင်းအလုပ်သမား (၃၀၀,၀၀၀) ခန့်မှာ ထိုင်းနိုင်ငံတွင် ဆက်လက်နေထိုင်နေခဲ့သည့်တိုင် အလုပ်အကိုင်များ ဆုံးရှုံးခဲ့ရသည်ဟု တွက်ဆဖော်ပြထား၏။[၅] ရွှေ့ပြောင်းအလုပ်သမား များစွာအတွက် ၎င်းတို့၏ အလုပ်အကိုင် နှင့်ဝင်ငွေများ ဆုံးရှုံးရမည်ကို စိုးရိမ်ကြောက်ရွံ့မှုက ကိုဗစ်ကပ်ရောဂါ အပေါ်ကြောက်ရွံ့မှုထက် ပိုမိုကြီးမားပြင်းထန် နေခဲ့သည်ဖြစ်ရာ ၎င်းတို့အလုပ်လုပ်ကိုင်ရာ နိုင်ငံများတွင် ဆက်လက်နေထိုင်ရန် ရွေးချယ်ခဲ့ခြင်း ဖြစ်သည်။

မန္တလေးတိုင်းဒေသကြီးမှ အသက် (၂၆) နှစ် အရွယ် ရွှေ့ပြောင်း အလုပ်သမား အမျိုးသားတစ်ဦးသည် တောင်သူတစ်ဦးဖြစ်ပြီး သူ၏မိဘများပိုင်ဆိုင်သော လယ်ယာမြေ (၁၀) ဧကပေါ်တွင် ဆန်စပါး၊ ပဲနှင့်ပြောင်းတို့ကို အတူစိုက်ပျိုးလုပ်ကိုင်ကြသည်။ ရံဖန်ရံခါ အလုပ်သမား အကူခေါ်ရသည်။ နွားကောင်ရေအချို့လည်း မွေးမြူထားသည်။ ယခုနှစ်တွင် မိုးရေလုံလုံလောက်လောက် မရသဖြင့် သီးနှံထွက်ရှိမှုအလွန်နည်းပါးခဲ့သည်။ ထို့ကြောင့်လည်း သူနှင့်ဇနီးသည်တို့က တရုတ်နိုင်ငံသို့သွားရောက်ကာ ယူနန်ပြည်နယ်တွင် ကြံခုတ်သည့်အလုပ်ကို လုပ်ကိုင်ခဲ့ရခြင်းဖြစ်သည်။ အထက်တွင်ဖော်ပြခဲ့သော အမျိုးသမီးနှင့် မတူသည်မှာ သူသည် ရွှေ့ပြောင်းအလုပ်သမားတစ်ဦးဖြစ်ရုံမကဘဲ အညာဒေသမှ အခြားရွှေ့ပြောင်းသမားများကိုလည်း ကြံခုတ်အလုပ်အတွက် စုဆောင်းပို့ဆောင်ခဲ့သည်။ သူ၏ကျေးရွာမှ ခေါ်ဆောင်လာခဲ့သော အလုပ်သမားတစ်ဦးချင်းအတွက် သူက ယွမ်ငွေ ၃၀ (မြန်မာငွေ ၅၈၀၀ ကျပ်) ရရှိသည်။ အလုပ်သမားစုဆောင်းသောတာဝန် အပြင် ယူနန်ပြည်နယ်တွင် အလုပ်လုပ်ကိုင်ချိန်၌ 'အလုပ်သမားခေါင်းဆောင်' နှင့် 'ဘာသာပြန်သူ' အဖြစ်လည်း လုပ်ကိုင်ဆောင်ရွက်ခဲ့ရသည်ဖြစ်ရာ သူသည် ရွှေ့ပြောင်းအလုပ်သမားများ ခုတ်သိမ်းပြီးသော ကြံစည်းတစ်စည်းချင်းစီ

[၅]https://business.inquirer.net/298514/300000-myanmar-migrant-workers-in-thailand-jobless-due-to-covid-19-pandemic; downloaded 31 May 2020.

အလိုက်လုပ်အားခ ငွေကြေးပေါ်တွင်လည်း ဝေစုပမာဏ တစ်ရပ်ရရှိခဲ့သည်။ ထိုအကြောင်းကို သူက ဤသို့ ပြန်ပြောင်း ပြောပြခဲ့သည်။

ကျွန်တော် ယူနန်ပြည်နယ်မှာ ကြံသွားခုတ်တာ လေးနှစ် ရှိပြီဗျ။ ကျွန်တော်တို့ကို ရာသီကုန်ချိန်အထိ အလုပ်ခန့် ထားတာလေ။ ဒါကြောင့် ကျွန်တော်တို့ ရာသီသိမ်းချိန်အထိ နေထိုင်လုပ်ကိုင်ပြီး ၂၀၁၀ ခုနှစ် မေလ (၅) ရက်နေ့ မှာ အိမ်ပြန်လာခဲ့တယ်။ ကျွန်တော်တို့ကို လုပ်အားခ အပြည့်အဝပေးချေလိုက်ပါတယ်။ ကျွန်တော်တို့သူဌေးက ကချင်တရုတ်အမျိုးသမီးတစ်ယောက်ဗျ။ ရာသီသိမ်းချိန် အထိ မနေတဲ့သူဆိုရင်တော့ ခရီးစရိတ်ပဲရမယ်။ လုပ်အားခတွေ မပေးဘူးပေါ့ဗျာ။ ဒီကပ်ရောဂါကာလမှာ အခက်အခဲ ပြဿနာ ကြီးကြီးမားမားမရှိခဲ့ပါဘူး။ ကျွန်တော်တို့ရဲ့ နယ်မြေ မှာပေါ့နော်။ ဈေးတွေကိုတော့ အချိန်အတိုင်း အတာတစ်ခုလောက် ပိတ်ထားခဲ့တယ်။ သူဌေးက အလုပ်သမားတွေကို နှာခေါင်းစည်းတွေပေးဝေခဲ့ပြီး တစ်ယောက်ယောက် ချောင်းဆိုးတာ၊ ဖျားနာတာရှိရင် သူ့ဆီအသိပေးတင်ပြဖို့ ကျွန်တော့်ကို တာဝန်ပေးခဲ့တယ်။ ဒါမှဖျားနာတဲ့ လူတွေကို ကျေးရွာ ဆေးခန်း ဒါမှမဟုတ် မြို့ကဆေးရုံကို ပို့နိုင်မှာလေ။ မြို့ထဲသွားမယ်ဆိုရင် စစ်ဆေးရေး ဂိတ်တွေ ရှိတယ်ဗျ။ ကျွန်တော်တို့နေတဲ့ရွာကိုလည်း လော့ဒေါင်း ချထားတော့ လူစိမ်းတွေဝင်ထွက်လို့မရဘူး။ ဒါကြောင့်လည်း ကျွန်တော်တို့တတွေ ကြံခုတ်တဲ့အလုပ်ကို ဆက်ပြီး လုပ်နိုင်ခဲ့တယ်။ ကျွန်တော်တို့အလုပ်က ကျေးလက် သစ်တောနယ်မြေထဲမှာ။ နေရတဲ့နေရာနဲ့ အလုပ်လုပ်တဲ့ နေရာ အတူတူပဲပေါ့ဗျာ။ ကျွန်တော်တို့က ကြံစိုက်ခင်း တွေ ရှိတဲ့၊ ရေရှိတဲ့နေရာတွေမှာပဲ နေခဲ့ကြတာ။ ကြံခုတ်ရာသီ ပြီးသွားပေမယ့် တရုတ်နိုင်ငံမှာပဲ နေရစ်ခဲ့တဲ့ အညာက လာသူတချို့ကိုလည်း ကျွန်တော်သိပါတယ်။ သူတို့ကတော့ ကြံခုတ်ရာသီကြားကာလမှာ ဆေးဘက်ဝင် အပင်တွေ ခူးဆွတ်တာ၊ ကြံစိုက်ပျိုးဖို့ မြေယာ ထွန်ယက်ပြင်ဆင်တာ တွေ လုပ်မှာပေါ့ဗျာ။ ဒီလိုကြားကာလ အလုပ်အကိုင်တွေက သုံးလလောက်ကြာပြီး နေ့စားအလုပ်တွေပေါ့။

ဆက်နေမလား၊ ပြန်မလား?

ကိုယ့်ဒေသရပ်ရွာ ပြန်ရန် မပြန်ရန်အတွက် ဆုံးဖြတ်ဖို့မှာ အလုပ်သမားများအတွက် လွယ်ကူသော ကိစ္စရပ်မဟုတ်ပေ။ အထူးသဖြင့် အိမ်ပြန်ခြင်းကြောင့် အလုပ်အကိုင် ဆုံးရှုံးရနိုင်သည့် သို့မဟုတ် အလုပ်လုပ်ခဲ့ပြီးသော နေ့ရက်များအတွက် လုပ်အားခများကို လက်လွှတ် ဆုံးရှုံးရနိုင်သည့် (သဘောတူထားသော အလုပ် ကာလတစ်ခု ပြီးဆုံးသည်အထိ လုပ်ခငွေကြေးများ ပေးချေခြင်း မပြုဘဲ အလုပ်ရှင်မှထိန်းသိမ်းထား၍) အခြေအနေကြောင့် ဖြစ်သည်။ တရုတ်နိုင်ငံ တောင်ပိုင်းဒေသတွင်း ရွှေ့ပြောင်း အလုပ်အကိုင်များတွင် (အနည်းဆုံး လယ်ယာလုပ်ငန်း ကဏ္ဍတွင်) လယ်ယာပိုင်ရှင် သို့မဟုတ် စက်ရုံပိုင်ရှင် မဟုတ်ဘဲ တရုတ်နိုင်ငံ အခြေစိုက်အလုပ်သမားပွဲစား (ရွှေ့ပြောင်း အလုပ်သမား အများစုက ၎င်းကို ‘တရုတ်သူဌေး’ ဟု ခေါ်ဝေါ်သုံးနှုန်းသည်) ကသာအလုပ်သမားများ၏ တိုက်ရိုက် အလုပ်ရှင်ဖြစ်နေခြင်းက အစဉ်အလာတစ်ရပ်ဖြစ်သည်ဟု ထင်မှတ်ယူဆရ၏။ ထိုသူဌေးက အလုပ်သမားများအား လုပ်အားခတစ်ချို့ တစ်ဝက်သာပေးပြီး သဘောတူထားသော အလုပ်ကာလတစ်ခုပြီးဆုံးချိန်မှသာ (ဥပမာ ကြံခုတ်ရာသီကုန်ဆုံးချိန်မှ) လုပ်ခငွေကြေးများအားလုံးကို အပြည့်အဝ ပေးချေသည်။

ကပ်ရောဂါကာလအတွင်း အကြောင်းအမျိုးမျိုးကြောင့် အိမ်ပြန် ရန်ဆုံးဖြတ်ခဲ့သည့် ရွှေ့ပြောင်းအလုပ်သမားအများစုမှာ ၎င်းတို့၏ လုပ်ခလစာများကို အပြည့်အဝမရရှိခဲ့ကြပေ။ အဆိုပါ အလုပ်သမားများသည် ကပ်ရောဂါကာလအတွင်း အထိအနာဆုံးသူများ ထဲတွင်ပါဝင်သည်ဟု ဆိုနိုင်ပေ၏။ ၎င်းတို့၏ အလုပ်အကိုင်များ နှင့် လုပ်ခဝင်ငွေများကို လက်လွှတ်ဆုံးရှုံးခဲ့ရသည့်အပြင် ကမ္ဘာ့ကပ်ရောဂါ ကူးစက်ပျံ့နှံ့နေစဉ်ကာလအတွင်း မိမိတို့နေအိမ်သို့ ဘေးကင်း လုံခြုံစွာ ပြန်ရောက်နိုင်ရေးအတွက် ကိုယ်ပိုင်ငွေကြေး ဥစ္စာများကို အသုံးပြုကာ ကိုယ်ထူကိုယ်ထ ရင်ဆိုင်ဖြတ်သန်းခဲ့ကြရသည်။

ရွှေ့ပြောင်းအလုပ်သမားတိုင်းက ကိုဗစ်ကပ်ရောဂါ ကာလ အတွင်း မြန်မာနိုင်ငံသို့ပြန်ရန် ဆုံးဖြတ်ခဲ့သည်မဟုတ်ပါ။

အများစုက အကြောင်းအမျိုးမျိုးကြောင့် ၎င်းတို့အလုပ်လုပ်ကိုင်ရာ နိုင်ငံများတွင် ဆက်လက်နေထိုင်ရန် ဆုံးဖြတ်ခဲ့ကြသည်။ တွေ့ရအများဆုံးသော အကြောင်းရင်းတစ်ရပ်မှာ ဝင်ငွေမဆုံးရှုံးလိုခြင်းဖြစ်သည်။ ဆက်လက်နေထိုင်ရန် ဆုံးဖြတ်လိုက်ခြင်းကြောင့် ကောင်းသည့် ရလဒ်အမြဲမရပါ။ ၎င်းတို့အလုပ်လုပ်ကိုင်သောလုပ်ငန်းများက ပိတ်သိမ်းခြင်း သို့မဟုတ် လုပ်ငန်းလျှော့ချခြင်းများ ပြုလုပ်ခဲ့သောကြောင့် ဖြစ်သည်။ သို့ဖြစ်ရာ အဆိုပါရွှေ့ပြောင်းအလုပ်သမား များမှာ နောက်ဆုံးတွင် ဝင်ငွေများဆုံးရှုံးခြင်း သို့မဟုတ် ဝင်ငွေများ အလွန်အမင်းလျော့နည်းကျဆင်းခြင်းကို ကြုံတွေ့ကြရသည်။ မြန်မာနိုင်ငံသို့မပြန်ရန်ဆုံးဖြတ်ခြင်းအတွက် ရွှေ့ပြောင်း အလုပ်သမားများစွာထံမှကြားသိခဲ့ရသော နောက်ထပ်အကြောင်းရင်းများမှာ မြန်မာနိုင်ငံတွင် ၁၄ ရက် မှ ၂၁ ရက်ထိ ကွာရန်တင်း ဝင်ရခြင်းနှင့် ပြန်လည်လာရောက်အလုပ်လုပ်ကိုင်နိုင်ဖို့ရန် သေချာရေရာမှုမရှိခြင်း စသည်တို့ကြောင့်ဖြစ်သည်။

စင်ကာပူနိုင်ငံနှင့်မလေးရှားနိုင်ငံရှိ ရွှေ့ပြောင်းအလုပ်သမားများသည် အလွန်လူများသည့် အဆောင်များအတွင်း ကွာရန်တင်း ဝင်စေသောကြောင့် ထိုနေရာများတွင် ရောဂါကူးစက်မှု လျင်လျင်မြန်မြန်နှင့် ကျယ်ကျယ်ပြန့်ပြန့် ကူးစက်ပျံ့နှံ့ခဲ့သည့် သတင်းကို မီဒီယာများမှ ရေးသားခဲ့သည်။[6] ရောဂါကူးစက်မှု အန္တရာယ်သည် အိမ်မပြန်ဘဲ နေရစ်ခဲ့သော ရွှေ့ပြောင်းအလုပ်သမားများအတွက် အဓိကကျသည့် အကျိုးဆက် တစ်ခုမဟုတ်ပါ။ အခြားအကျိုး သက်ရောက်မှုများကိုလည်း ခံစားကြရသည်။

မလေးရှားနိုင်ငံတွင်သာဆက်နေရန် ဆုံးဖြတ်ခဲ့သည့် မွန်ပြည်နယ်မှ အသက် ၃၅ နှစ် အရွယ် အမျိုးသားတစ်ဦးက ကျွန်ုပ်တို့အား ဤသို့ပြန်ပြောင်းပြောပြခဲ့သည်။

ကျွန်တော်အိမ်ပြန်ချင်တယ်လို့ မိန်းမကိုဖုန်းဆက်တော့ တချို့လူ တွေကသူ့ကိုပြောတယ်။ "ခင်ဗျားယောက်ျား ကို ဘာလို့ပြန်ခိုင်းမှာလဲ။ သူ့ကိုပြန်ခွင့်မပြုနဲ့" တဲ့။ တကယ်လို့ ကျွန်တော်က အိမ်ကို ရောဂါသယ်ပြီးပြန်လာရင် ပြောစမှတ်ဖြစ်နေမယ်လို့ လူတွေက ပြောတယ်ပေါ့ဗျာ။ ဒါ့ကြောင့်လည်း ကျွန်တော့်မိန်းမက ကျွန်တော့် ကို အိမ်မပြန် စေချင်ဘူး။ ကပ်ရောဂါကြောင့် ကျွန်တော့်အလုပ်ကလည်း အချိန်တစ်ခုလောက်ပိတ်သိမ်းခဲ့ရတော့ မိသားစုဆီကို ပိုက်ဆံပြန်မပို့နိုင်ခဲ့ဘူးဗျ။ ဒါပေမယ့် ကျွန်တော့်မိန်းမက မူလတန်းပြဆရာမတစ်ယောက်ဆိုတော့ မိသားစုအသုံးစရိတ်အတွက် သူ့မှာဝင်ငွေတချို့ရှိတယ်လေ။

မွန်ပြည်နယ်မှ အသက် ၂၃ နှစ် အရွယ် ရွှေ့ပြောင်းအလုပ်သမားအမျိုးသမီးတစ်ဦးအနေဖြင့် အိမ်မပြန်နိုင်သောကြောင့် အလုပ်တွင်သာနေရသောကြောင့် ကိုဗစ်မတိုင်မီကာလထက် အလုပ်ပိုလုပ်ရကာ လွတ်လပ်မှု နည်းပါးလာသည့် ဇာတ်ကြောင်း ကိုလည်း နားဆင် ကြည့်ကြပါစို့။

ကျွန်မအိမ်ပြန်ချင်တယ်။ ဒါပေမယ့်ပြန်လို့မရဘူး။ ကျွန်မရဲ့ ပတ်စ်ပို့ သက်တမ်း ကုန်သွားလို့လေ။ သက်တမ်းကုန်နေတဲ့ပတ်စ်ပို့နဲ့ ပြန်ရင် ပြဿနာဖြစ်နိုင်တယ်လို့ ကျွန်မကြားခဲ့ရတယ်။ အခုဆိုရင် ထိုင်းမှာလည်း လော့ဒေါင်း စည်းမျဉ်းစည်းကမ်းတွေကို စပြီးဖြေလျှော့ပေးနေပြီ။ အိမ်မှာဆို ကျွန်မအဖေကလည်း မကျန်းမာဘူး။ အိမ်ကိုလည်း ပြန်ပြင်ဆောက်ဖို့လိုနေပြီ။ ဒါကြောင့် ကျွန်မအနေနဲ့ ဒီမှာပဲ သည်းညည်းခံပြီး နေဖို့လိုတယ်။ အရင်ခြောက်နှစ်လုံးလုံး ကျွန်မ မြန်မာနိုင်ငံနဲ့ထိုင်းနိုင်ငံကို သွားချည်ပြန်ချည် လုပ်နေခဲ့တာ။ ကျွန်မ အရင်က ဆောက်လုပ်ရေးတစ်ခုမှာ အလုပ်လုပ်လာခဲ့တာ တစ်ရက်ကို ဘတ် ၂၇၀ (၁၁,၅၀၀ ကျပ်) ရတယ်။ ဒါပေမယ့် အလုပ်ရှင်က မကောင်းဘူးရှင့်။ ဒါနဲ့ပဲ ကျွန်မအလုပ်ပြောင်းပြီး အခုဆိုရင် အိမ်အကူလုပ်တယ်။ ကျွန်မကို တစ်လ ဘတ် တစ်သောင်း (၄၃၀,၀၀၀ ကျပ်) ပေးတယ်။ ကပ်ရောဂါဖြစ်တော့ ကျွန်မအလုပ်လုပ်တဲ့ အိမ်မှာပဲ နေပြီးလုပ်ရတာပေါ့။ ဒါပေမယ့် အလုပ်ရှင်ရဲ့ အိမ်မှာနေတာဆိုတော့ အလုပ်လည်းပိုများတယ်၊ အချိန်ပိုကြာ ကြာလည်း လုပ်ရတာပေါ့။ နောက်ပြီး လွတ်လပ်မှုလည်းမရှိဘူးလေ။

အလုပ်သမားများအနေဖြင့် ဆက်နေသည်ဖြစ်ပစေ၊ အိမ်ပြန်လာသည်ဖြစ်ပစေ ၎င်းတို့၏ ဘဝများနှင့် အသက်မွေးဝမ်းကြောင်းများသည် အလွန်ပင် ထိခိုက်ခဲ့ရပါသည်။

[6]Weiyi Cai and K.K. Rebecca Lai, 28 April 2020. Packed With Migrant Workers, Dormitories Fuel Coronavirus in Singapore, New York Times. Downloaded from https://www.nytimes.com/interactive/2020/04/28/world/asia/coronavirus-singapore-migrants.html, on 8 August 2020.

မြန်မာအစိုးရထံမှ တုံ့ပြန်ဆောင်ရွက်မှုများ

၂၀၁၉ ခုနှစ်နှောင်းပိုင်းတွင် ကိုရိုနာဗိုင်းရပ်စ် ပထမဆုံးစတင်တွေ့ရှိခဲ့သည့် တရုတ်နိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်နေသည့်တိုင် ကိုရိုနာဗိုင်းရပ်စ်ကမ္ဘာ့ကပ်ရောဂါ၏ ဇီဝဆေးဘက်ဆိုင်ရာ အကျိုး သက်ရောက်မှုအားတိုင်းတာရာတွင် မြန်မာနိုင်ငံ၏ အခြေအနေသည် အခြားနိုင်ငံများ ထက်စာလျှင် ပြောစမှတ်ပြုရသည့် အဆင့် မဟုတ်သကဲ့သို့ ဖြစ်နေသည်။ မြန်မာနိုင်ငံသည် ကနဦးတွင် ရောဂါပိုးတွေ့ရှိသူ၊ ဆေးရုံတက်သူ၊ သေဆုံးသူအရေအတွက်နှင့် ရောဂါပိုးစစ်ဆေးမှု အရေအတွက်ကိုကြည့်လျှင် ကူးစက်ခံရမှု သိပ်မရှိဟုဟုထင်ရသည်။ သို့သော်လည်း ဩဂုတ်လမှ စတင်ကာ ရောဂါကူးစက်နှုန်းသည် အလွန်ပင် မြင့်တက်ခဲ့သည်။ ၂၀၂၀ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့ အထိ တရားဝင် ထုတ်ပြန်ချက်အရ ကိုဗစ်ရောဂါဖြစ်ပွားသူပေါင်း ၅၂,၇၀၆ ဦး၊ သေဆုံးသူ ၁,၂၃၇ ဦး နှင့် ပြန်လည်ကောင်းမွန်လာသူ ၃၂,၇၇၄ ဦး ရှိသည်ဟု အစီရင်ခံတင်ပြထားသည်။[7] သို့သော် လူမှုစီးပွားအကျိုး သက်ရောက်မှုကို စေ့စေ့ငှငှလေ့လာ ဆန်းစစ်မည်ဆိုပါက မြန်မာနိုင်ငံအပေါ် ကိုဗစ်-၁၉ ကပ်ရောဂါ၏ ဆိုးကျိုးသက်ရောက်မှု (အလုပ်အကိုင် ဆုံးရှုံးမှုများ၊ အများပြည်သူတို့၏ ဘဝများနှင့် သက်မွေးလုပ်ငန်းများ ထိခိုက်ခြင်းစသဖြင့်) သည် ရောဂါဖြစ်ပွားမှု အလွန်မြင့်မားသည့် နိုင်ငံများအပေါ် သက်ရောက်မှုကဲ့သို့ပင် အလွန်ဆိုးရွား ပြင်းထန် နေခဲ့သည်။

အရှေ့တောင်အာရှဒေသအတွင်းရှိ အစိုးရများ၏ တုံ့ပြန်မှုများမှာ မတူညီကြပါ။ ချက်ခြင်းတုံ့ပြန်ဆောင်ရွက်ချက်အနေဖြင့် အသွား အလာကန့်သတ်မှုအမိန့်များကို တင်းကျပ်မှုနှင့် ကန့်သတ်သည့် နေရာ အနည်းအများ မတူညီဘဲ ထုတ်ပြန်ကြသည်။ ထို့နောက် ရောဂါစစ်ဆေးရေး စမ်းသပ်ကိရိယာများ၊ ကျန်းမာရေးဝန်ထမ်း များအတွက် ရောဂါကာကွယ်ရေးဝတ်စုံများ (PPE) ၊ နိုင်ငံသားများအတွက် အရေးပေါ်အကူအညီများ - အထူးသဖြင့် ဝင်ငွေနည်း အိမ်ထောင်စုများအတွက် - ရန်ပုံငွေများ ခွဲဝေသတ်မှတ်ကြသည်။ ထောက်ပံ့မှုပမာဏ၊ အမျိုးအစားများနှင့် ခံစားခွင့်ရှိသူ အရေအတွက်တို့မှာ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကွာခြားပေသည်။ အစိုးရများအနေဖြင့် ထိုကဲ့သို့ ဆိုးရွားလာသော အခြေအနေ အများတွင် မည်ကဲ့သို့ အကူအညီပေးဆောင်ရွက်ခဲ့ကြသည်ကို ကြည့်ကာ မည်သည့် တုံ့ပြန်မှုများက မည်ရွေ့မည်မျှ အကျိုးသက်ရောက်မှုရှိသည်ကို လေ့လာတွေ့မြင်နိုင်မည် ဖြစ်သည်။ ဇယား (၁) နှင့် (၂) တို့တွင် ၂၀၂၀ ခုနှစ် မေလ ၂၆ ရက်နေ့အထိ အာရှဖွံ့ဖြိုးရေးဘဏ် (A D B) မှ စောင့်ကြည့်လေ့လာကာ ပြုစုထားသည့် ဘတ်ဂျက်ခွဲဝေမှုအလိုက် တရားဝင်တုံ့ပြန် ဆောင်ရွက်မှုများကို နှိုင်းယှဉ်တင်ပြထားသည်။[8] မတူညီသော နိုင်ငံများနှင့် အစိုးရများသည် ၎င်းတို့စီးပွားရေး အရွယ်အစားနှင့် အင်အားအလိုက် မတူခြားနားသောဘဏ္ဍာရေးဆိုင်ရာ စွမ်းဆောင်ရည်များ (financial capabilities) ပိုင်ဆိုင်ထားပြီး အမျိုးသားအဆင့်စီမံကိန်းရေးဆွဲသူတို့မှ ကပ်ရောဂါ၏ ခြိမ်းခြောက်မှုအန္တရာယ်နှင့်ပတ်သက်၍ ဆန်းစစ်တွက်ချက်မှု မတူညီနိုင်သောကြောင့် သတိဖြင့် အချက်အလက်များအား သုံးသပ်ဖွင့်ဆိုသင့်ပါ သည်။

မေလ ၂၀၂၀အထိ အချက်အလက်အရ အရှေ့တောင်အာရှနိုင်ငံများ၏ ကိုဗစ်-၁၉ တုံ့ပြန်ဆောင်ရွက်မှု စုစုပေါင်း အသုံးစရိတ် ပမာဏနှင့် လူတစ်ဦးချင်းအတွက် အသုံးစရိတ် ပမာဏစာရင်းတွင် မြန်မာနိုင်ငံသည် လာအိုနိုင်ငံ နှင့်အတူ စာရင်းအောက်ခြေတွင် ရှိနေခဲ့သည်။ သို့သော် ယခုအခါတွင် မြန်မာနိုင်ငံသည် အရှေ့ တောင်အာရှဒေသတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူ၊ ဆေးရုံတက်သူနှင့် သေဆုံးသူ အရေအတွက် တတိယအများဆုံးဖြစ်ကြောင်း (၂၀၂၀ ခုနှစ် နိုဝင်ဘာလလယ်ပိုင်းအထိစာရင်းအရ) သတိပြုရမည်ဖြစ်သည်။ ထို့အပြင် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ၏ ဇီဝဆေးဘက်ဆိုင်ရာအကျိုးသက်ရောက်မှု နှင့် လူမှုစီးပွားအကျိုးသက်ရောက်မှု နှစ်ခုကို ခွဲခြားသိမြင်ရမည်ဖြစ်သည်။ ကိုဗစ်-၁၉ ကပ်ရောဂါ၏ လူမှုစီးပွားအကျိုးသက်ရောက်မှုများ (အထူးသဖြင့် ရွှေ့ပြောင်းအလုပ်သမားများ နှင့်၎င်းတို့၏ မိသားစုအပေါ် သက်ရောက်မှုများ) မှာ အလွန်ဆိုးရွားပြင်းထန်ပြီး ကာလရှည် ထိုအကျိုးများ

[7]https://www.mmtimes.com/news/myanmar-govt-reports-no-local-covid-19-infections-15-days.html. Downloaded 22 July 2020.

[8]De Vera, Ben (2020), ‘PH ranks 8th in Southeast Asia response to COVID-19’, Phippine daily Inquirer. https://newsinfo.inquirer.net/1280799/ph-ranks-8th-in-southeast-asia-response-to-covid-19. Downloaded, 28 May 2020.

ခံစားသွားရမည်ဖြစ်သည်။ ထို့အတွက်ကြောင့် အစိုးရ တုံ့ပြန်မှုအား သေချာလေ့လာသင့်ပါသည် (ဇယား ၁ နှင့် ၂ ကိုကြည့်ပါ)။

ဇယား (၁) ကိုဗစ်-၁၉ ကပ်ရောဂါအပေါ် အရှေ့တောင်အာရှ အစိုးရများ၏တုံ့ပြန်ဆောင်ရွက်မှုများ - စုစုပေါင်းအသုံးစရိတ်

နိုင်ငံ	**ကိုဗစ်-၁၉ စုစုပေါင်း အသုံးစရိတ် (အမေရိကန်ဒေါ်လာ)**
ထိုင်း	၈၄.၁ ဘီလီယံ
အင်ဒိုနီးရှား	၆၄.၃ ဘီလီယံ
စင်ကာပူ	၄၅.၁ ဘီလီယံ
မလေးရှား	၃၅.၅ ဘီလီယံ
ဗီယက်နမ်	၂၆.၄ ဘီလီယံ
ဖိလစ်ပိုင်	၁၉.၈ ဘီလီယံ
ကမ္ဘောဒီးယား	၂.၁ ဘီလီယံ
ဘရူနိုင်း	၃၁၈.၁ သန်း
အရှေ့တီမော	၂၅၄ သန်း
မြန်မာ	၉၉ သန်း
လာအို	၁၀ သန်း

Source: အာရှဖွံ့ဖြိုးရေးဘဏ် (Asian Development Bank) (2020)

ဇယား (၂) ကိုဗစ်-၁၉ ကပ်ရောဂါအပေါ် အရှေ့တောင်အာရှ အစိုးရများ၏တုံ့ပြန်ဆောင်ရွက်မှုများ - အသုံးစရိတ် (လူတစ်ဦးအတွက်)

နိုင်ငံ	**ကိုဗစ်-၁၉ စုစုပေါင်း အသုံးစရိတ် (အမေရိကန်ဒေါ်လာ)**
စင်ကာပူ	၇၉၉၁.၆၈
ထိုင်း	၁၂၁၁.၂၀
မလေးရှား	၁၁၂၅.၁၅
ဘရူနိုင်း	၇၄၁.၆၁
ဗီယက်နမ်	၂၇၆.၂၈
အင်ဒိုနီးရှား	၂၄၀.၁၃
အရှေ့တီမော	၂၀၀.၃၂
ဖိလစ်ပိုင်	၁၈၅.၈၆
ကမ္ဘောဒီးယား	၁၂၆.၇၇
မြန်မာ	၁.၈၄
လာအို	၁.၄၆

Source: အာရှဖွံ့ဖြိုးရေးဘဏ် (Asian Development Bank) (2020)

၂၀၂၀ ခုနှစ် ဧပြီလ ၂၁ ရက်နေ့တွင် မြန်မာအစိုးရက ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှုသက်သာရေး စီမံချက် (CERP) ကို ထုတ်ပြန် ကြေညာခဲ့၏။ မေလလယ်ပိုင်းတွင် နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက် ရေးအင်စတီကျူးရှင်းအမျိုးမျိုးက မြန်မာ အစိုးရကို ၎င်း၏ CERP အစီအစဉ်အား အကောင် အထည်ဖော် ဆောင်ရွက်နိုင်အောင် ပံ့ပိုးကူညီသည့်အနေဖြင့် အမေရိကန်ဒေါ်လာ ၂ ဘီလီယံ အထိ ထောက်ပံ့ပေးအပ် သွားရန် ကတိပြုခဲ့ကြသည်။[၉] ၂၀၂၀ ခုနှစ် ဇူလိုင်လသို့ ရောက်ချိန်တွင်တွင် မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ထံမှ US$ သန်း (၇၀၀)၊ ဂျပန်နိုင်ငံမှ US$ သန်း (၂၇၀)၊ ကမ္ဘာ့ဘဏ်မှ US$ သန်း (၂၅၀) နှင့် အာရှဖွံ့ဖြိုးရေးဘဏ်ထံမှ US$ သန်း (၃၀) စုစုပေါင်း ချေးငွေ ပမာဏ US$ (၁.၂၅) ဘီလီယံ လက်ခံရရှိခဲ့ပြီးဖြစ်သည်။[၁၀]

ထိုကာလအတွင်း အကောင်အထည်ဖော်ခဲ့သော အစိုးရ၏ ကုစားရေး ဆောင်ရွက်ချက်များတွင် (က) ဧပြီလအတွင်း ရိက္ခာထုတ်ပေးဝေထောက်ပံ့မှု (စုစုပေါင်းဘတ်ဂျက် အသုံးစရိတ် - US$ ၃၆.၈ သန်း) (ခ) ဇွန်လနှင့် ဇူလိုင်လအတွင်း အိမ်ထောင်စုများအား ငွေကြေးထောက်ပံ့ မှု (US$ ၁၅.၅ သန်း) တွင် တစ်အိမ်ထောင်လျှင် ၁၅၀၀၀ ကျပ်နှုန်းဖြင့် အိမ်ထောင်စု (၁.၄) သန်းအား အစိုးရမှ ငွေကြေးထောက်ပံ့ခဲ့သည်။ ဇူလိုင်လနောက်ဆုံးပတ်တွင် ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စု (၅.၄) သန်းကို တစ်အိမ်ထောင် ၂၀,၀၀၀ ကျပ်နှုန်း ပေးအပ်ရန် စီစဉ် ထားသည့် ငွေကြေးထောက်ပံ့မှု (တတိယအကြိမ်) ပါဝင် သည်။[၁၁] ထို့အပြင် ၂၀၂၀ ခုနှစ် ဇွန်လမှ စက်တင်ဘာလ အတွင်း စုစုပေါင်းကျပ်ငွေ ၆၀၀ ဘီလီယံ (US$ ၄၂၈ သန်း) ရှိသည့် အထူးကုစားရေးချေးငွေများအား မြေဧက (၁၂) သန်းကို လွှမ်းခြုံသော တောင်သူလယ်သမားများထံ ပေးအပ်သွားရန် စီစဉ်ထားသည်။ နှစ်စဉ်အတိုးနှုန်း (၅%) ဖြင့် တစ်ဧကလျှင် ငွေကျပ် (၅၀,၀၀၀) နှုန်းထုတ်ပေး သွားမည့် အဆိုပါချေးငွေများသည် စိုက်ပျိုးရေးကဏ္ဍအပေါ် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ၏ အကျိုးသက်ရောက်မှုကို

လျှော့ချပေးနိုင်ရန် ဦးတည်ရည်ရွယ်သည်။[၁၂] မြန်မာ အစိုးရသည် ၂၀၂၀ ခုနှစ်မကုန်မီ ခွဲဝေထုတ်ပေးသွားမည့် ချေးငွေပမာဏကို ကျပ်ငွေ ၂၀၀ ဘီလီယံမှ ၅၀၀ ဘီလီယံအထိ (US$ ၃၆၅ သန်းအထိ) တိုးမြှင့်ခဲ့ပြီး ၂၀၂၀ ခုနှစ် ဇူလိုင်လတွင် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်း (SMEs) ပေါင်း (၂၀၀၀) ကျော်သည် အတိုးနည်းချေးငွေများ လက်ခံရရှိခဲ့ပြီးဖြစ်သည်။[၁၃]

[နွားလှည်း၊ မြန်မာနိုင်ငံ အပူပိုင်းဇုန်ဒေသတစ်နေရာ ဓာတ်ပုံ - ဂျွန်ဘောရတ်စ် (၂၀၁၉)]

ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါနှင့် ၎င်း၏အကျိုး သက်ရောက်မှု ကိုကိုင်တွယ် ဖြေရှင်းရန်ရည်ရွယ်သော အစိုးရ၏ အစီအမံများ (ဥပမာ လော့ဒေါင်းတစ်စိတ်တစ်ပိုင်း ပြုလုပ်ခြင်း) တို့သည် မတူညီ သော လူအုပ်စုများအပေါ် မတူခြားနား သော အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေသည်။ လုပ်သားထု၏ ရှုထောင့်မှကြည့်လျှင် အစိုးရအနေဖြင့် ယခုအကြပ်အတည်းနှင့် ၎င်း၏ အကျိုးသက်ရောက်မှုများကို ဖြေရှင်းရန် အကောင်းဆုံးလမ်းကြောင်းပေါ် လျှောက်နေပါရဲ့လားဟု မေးစရာရှိပါသည်။ ထိုမေးခွန်းအတွက် အဖြေမှာ အငြင်းပွားဖွယ်ရာဖြစ်နိုင်ပါသည်။ အစိုးရ၏ထောက်ပံ့ ကူညီမှု ပုံစံအချို့က အချို့သောသူများအတွက် အကျိုးဖြစ်ထွန်းစေနိုင်သော်လည်း အချို့သော သူများအတွက် အကျိုး မရှိနိုင်ပါ။ မည်သူများအတွက် ဦးစားပေးကာ အစိုးရမှ ထောက်ပံ့မှု အစီအစဉ်များဆောင်ရွက် နေပါသနည်း? မည်သူများအားချန်ထားကာ ၎င်းတို့ဘာသာ ရုန်းကန်နေစေပါသနည်း? မြေယာမဲ့ကျေးလက် လုပ်သား ပြည်သူများသည် ကိုဗစ်-၁၉နှင့် ဆက်နွယ်နေသော စိုက်ပျိုးရေး ချေးငွေများကို ရရှိနိုင်ရန် သတ်မှတ်ချက်မပြည့် သကဲ့သို့ အသေးစားအလတ်စားလုပ်ငန်းများအတွက် ချေးငွေများကိုလည်း မရရှိနိုင်ပေ။ သို့သော်လည်း အကူအညီများ အလွန်အမင်းလိုအပ်နေသော လူအုပ်စုတွင် ၎င်းတို့လည်း အပါအဝင် ဖြစ်ပါသည်။

မကွေးတိုင်းဒေသကြီးမှ ကလေးငယ်နှစ်ဦး၏ဖခင် အသက် ၄၀ နှစ် အရွယ်အမျိုးသားတစ်ဦးကို တွေ့ဆုံမေးမြန်းခဲ့သည်။ သူသည် ဧပြီလ (၁) ရက်နေ့တွင် တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လာခဲ့သူ ဖြစ်သည်။ ၎င်းမှ ဤသို့ ပြောပြခဲ့သည်။

လက်ရှိ ကျွန်တော့်မှာ ဘာအလုပ်အကိုင်မှ မရှိဘူး။ အရင်တုန်းကတော့ ကျွန်တော်ဟာ ပခုက္ကူမြို့ထဲနဲ့ အနီးတဝိုက်မှာ အလုပ် မျိုးစုံလုပ်ကိုင်ပြီး အလုပ်ရှိတဲ့နေ့ဆိုရင် တစ်ရက်ကို ငွေကျပ် ၅,၀၀၀ လောက်ရှာနိုင်ခဲ့တယ်။ မြေပဲဆွတ်တဲ့နေ့ဆိုရင်တော့ ဒီလောက်မရဘူးပေါ့။ ကျွန်တော်က တိရစ္ဆာန်တွေမွေးချင်တာ။ ဒါပေမယ့် အရင်းမရှိဘူးဗျ။ အစိုးရက စိုက်ပျိုးရေးအတွက် ချေးငွေထုတ်ချေးပေးတယ်လို့ ကြားတယ်။ ဒါပေမယ့် ကျွန်တော့် မှာ လယ်ယာမြေမှမရှိတာ။ ကျွန်တော်တို့က အိမ်ငှားနေတာလေ။ အိမ်ရှင်က အိမ်ဘေးပတ်လည်သစ်သီးပင်တွေ ကနေ သစ်သီးတွေ ခူးယူစားသုံးဖို့ ခွင့်ပြုထားလို့ တော်သေးတယ်ဗျာ။ ကျွန်တော်ကတော့ နိုဝင်ဘာလရောက်ဖို့ စောင့်နေရမှာပဲ။ ကိုရိုနာဗိုင်းရပ်စ်လည်း ကင်းစင်သွားဖို့ မျှော်လင့်ဆုတောင်းတယ်ဗျာ။ ဒါမှ တရုတ်ပြည်ကိုသွားပြီး ကြံခုတ်တဲ့ အလုပ်လုပ်လို့ရမှာ။ ဘယ်လိုဆက်ပြီး အသက်ရှင်သန်ရမလဲ ဆိုတာကို ကျွန်တော်မသိတော့ဘူးဗျာ။

[၉]See https://www.irrawaddy.com/news/burma/myanmar-receive-2b-covid-19-relief-intl-development-organizations.html; downloaded 29 August 2020.

[၁၀]https://www.statecounsellor.gov.mm/en/node/2910; downloaded 29 August 2020.

[၁၁]https://www.google.com/amp/s/www.irrawaddy.com/news/burma/myanmar-takes-us250-m-loan-adb-covid-19-relief.html/amp; downloaded 29 August 2020.

[၁၂]http://mizzima.com/article/myanmar-provides-318-billion-kyats-loans-vulnerable-business-affected-covid-19; downloaded 29 August 2020.

[၁၃]https://www.flandersinvestmentandtrade.com/export/nieuws/coronavirus-situation-myanmar; downloaded 29 August 2020.

ကမ္ဘာ့ကပ်ရောဂါအား ဒေသမှ တုံ့ပြန်ဆောင်ရွက်မှုများ

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရေးသည် ဒေသခံ ရပ်ရွာလူမှုအသိုက်အဝန်း (ရပ်ကွက်နှင့်ကျေးရွာ) အတွက် အရေး ပေါ် စိန်ခေါ်မှုတစ်ခုဖြစ်နေခဲ့ပါသည်။ ယခုအဆင့်တွင် မတူညီသော ကဏ္ဍအမျိုးမျိုး (နိုင်ငံတော်နှင့် အခြားနိုင်ငံရေး၊ လူမှုရေး အဖွဲ့ အစည်းများ)ကြား အပြန်အလှန် ဆက်သွယ် ဆောင်ရွက်မှုများ ပေါ်လွင်ကာ ရွှေ့ပြောင်းအလုပ်သမားများအတွက် မည်ကဲ့သို့ အကျိုးရှိသည်ကို ရှင်းလင်းစွာ သိမြင်နိုင်ပါသည်။ ရှေ့တန်းမှ ကျန်းမာရေးလုပ်သားများသည် ရွှေ့ပြောင်းအလုပ်သမားများ ဘေးကင်းလုံခြုံစွာအိမ်ပြန်နိုင်ရေးနှင့် ဒေသခံရပ်ရွာလူမှု အသိုက်အဝန်းများ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အစွမ်းကုန် ကြိုးပမ်းကူညီဆောင်ရွက်နေသည်ဟု ယုံကြည်ယူဆရသည်။ ထို့အပြင် ရပ်ရွာဒေသအတွင်းတွင်လည်း ကွာရန်တင်း အစီအစဉ် အမျိုးမျိုး ရှိနေခဲ့၏။ အချို့ကို အစိုးရမှ စီမံဆောင်ရွက်ပြီး အချို့ကို ရပ်ရွာဘာသာရေး အစုအဖွဲ့များ၊ အန်ဂျီအိုများနှင့် ပရဟိတ အဖွဲ့အစည်းများမှ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်သည်။ အချို့မှာ ရပ်ရွာလူထုကိုယ်တိုင် ဦးဆောင်သော အစီအစဉ်များ ဖြစ်သည်။ ဥပမာ ရွှေ့ပြောင်းအလုပ်သမားများ ကွာရန်တင်းဝင်ရန် ယာယီတဲများကို ၎င်းတို့ကျေးရွာများ၏ အပြင်ဘက်နားမှာ ပင် စီစဉ်ဆောက်လုပ်ခဲ့ကြသည်။ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ရပ်ရွာလူထုအချင်းချင်း ရိုင်းပင်းကူညီသည့် စိတ်ဓာတ်နှင့် စိတ်စေတနာ အလျှောက် ပါဝင်ကြသည့် ထောက်ပံ့ကူညီမှုစနစ် အရေးပါပုံကို ထုတ်ဖော်ပြသခဲ့သည်။

ကျေးလက်ဒေသနေရာအနှံ့အပြားတွင် ရှိနေသော ကျန်းမာရေးစနစ်နှင့် လူမှုဖူလုံရေး အခြေခံအဆောက်အအုံများသည် ကျေးလက်ကျန်းမာရေးလုပ်သားနှင့် စေတနာ့ဝန်ထမ်းများရှိသော်လည်း အားနည်းလှကာ ယိုင်နဲ့နေသောကြောင့် ပိုမိုကောင်းမွန်သည့် အခြေအနေဖြစ်လာရန် ပံ့ပိုးပေးဖို့ အလွန်လိုအပ်နေပါသည်။ ဇာတိကျေးလက်ဒေသများသို့ ပြန်ဝင်လာခဲ့သော ရွှေ့ပြောင်း အလုပ်သမားများ၏ ကျန်းမာရေးလိုအပ်ချက်များကို ကြည့်ရှု ပေးနေခဲ့သော ကျေးလက်ကျန်းမာရေး ဆေးခန်းမှ ဝန်ထမ်းအား မေးမြန်းခဲ့ပြီးနောက် မူဆယ်နယ်စပ် (ရှမ်းပြည်နယ်မြောက်ပိုင်း) ကို ဖြတ်သန်းကာ တရုတ်နိုင်ငံမှပြန်လာသည့် ရွှေ့ပြောင်းအလုပ်သမားများအား တက်တက်ကြွကြွ ပံ့ပိုးကူညီနေသော အဖွဲ့အစည်းများမှ တာဝန်ရှိသူများစွာကို မေးမြန်းခဲ့ရသည်။ မူဆယ်နယ်စပ်မြို့တွင် လုပ်ကိုင်ဆောင်ရွက်နေသော လုပ်အားပေးအဖွဲ့အစည်း တစ်ခု၏ အဖွဲ့ဝင်တစ်ဦးက ၂၀၂၀ ခုနှစ် မေလတွင် ဤသို့ ပြောပြခဲ့ သည်။

သက်ဆိုင်ရာ မြို့နယ်နဲ့ခရိုင် ကိုဗစ်-၁၉ ကပ်ရောဂါစီမံခန့်ခွဲရေး ကော်မတီတွေဆီကနေ အထောက်အပံ့တွေရပါတယ်။ ကျွန်တော်တို့ နှာခေါင်းစည်း ၊ လက်သန့်ဆေးရည်၊ ဆေးဝါးနဲ့ စားနပ်ရိက္ခာတွေ လိုအပ်လာရင် သူတို့ထောက်ပံ့ပေးတယ်။ အရင်က ကျွန်တော်တို့ရင်ဆိုင်ကြုံတွေ့ရတဲ့အခက်အခဲတစ်ခုက တစ်နေရာကနေ တစ်နေရာကို တစ်ရက်မှာ လူ (၄၀၀) ပဲ ပို့ဆောင်ဖို့ဆိုတဲ့ ရှမ်းပြည်နယ်အစိုးရရဲ့ကန့်သတ်ချက်ပါ။ ကျွန်တော်တို့လက်ခံ နေရတဲ့လူတွေက တစ်ရက်တစ်ရက်ကို (၄၀၀) ကျော်တယ်။ (၇၀၀) ကျော်လောက်အထိရှိတယ်ပေါ့နော်။ ကျွန်တော်တို့က သူတို့တွေကို လူ (၄၀၀) လောက် ဝင်ဆံ့တဲ့ ရထားနဲ့ မူဆယ်ကနေ လားရှိုးကို ပို့ပေးရတယ်။ နောက်ပိုင်းမှာ ပြည်နယ်အစိုးရနဲ့ ဆွေးနွေးညှိနှိုင်း လိုက်တော့ သူတို့က အဲဒီကန့်သတ်ချက်ကို ပြန်ပြီးပြင်ဆင်ပေးခဲ့တယ်။ မူဆယ်မြို့မှာ ကွာရန်တင်းစင်တာတွေကို တရုတ် စာသင်ကျောင်းတစ်ကျောင်း (အမျိုးသားများသာနေထိုင်ရန်)၊ အထက်တန်းကျောင်းတစ်ကျောင်းနဲ့ ဘောလုံးကွင်းတစ်ခုမှာ ဖွင့်လှစ်ထားတာဗျ။ ပုံမှန်အားဖြင့်တော့ ရွှေ့ပြောင်းအလုပ်သမားတွေက ကျန်းမာရေး စစ်ဆေးမှုနဲ့ အခြားသတင်းအချက်အလက် ကောက်ယူမှုတွေအတွက် မူဆယ်မှာ သုံးညအိပ်လောက် နေရလေ့ရှိတယ်။ ပြီးရင်တော့ သူတို့အတွက် သတ်မှတ်ထားတဲ့ ကွာရန်တင်းစင်တာတွေကို ဆက်သွားရတာပေါ့။ ဒါပေမယ့် ဝူဟန်မြို့နဲ့ တရုတ်ပြည်ထဲပိုင်းအဝေးကြီးကလာတဲ့ လူတွေ ဒါမှမဟုတ် အကျဉ်းထောင်တွေက ပြန်ပို့လိုက်တဲ့လူတွေကတော့ မူဆယ်မှာပဲ ကွာရန်တင်းဝင်ရတယ်။ ဒီမှာ လူမှုရေးအဖွဲ့ (၁၇) ဖွဲ့လောက်ရှိတယ် (ပရဟိတအစုအဖွဲ့များ၊ မီးသတ်ဌာနများ၊ ကျန်းမာရေးအထောက် အကူပေးရေးအုပ်စုများ အပါအဝင်)။ အစုအဖွဲ့အကုန်လုံးက အဓိကအခန်းကဏ္ဍကနေ ပါဝင်

နေတာမဟုတ်ပေမယ့် အတိုင်းအတာတစ်ခုအထိ ပါဝင်ပံ့ပိုးကူညီကြတယ်ဗျ။ ကျွန်တော်တို့က ကျန်းမာရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနဲ့ စားနပ်ရိက္ခာပိုင်းကို တာဝန်ယူဆောင်ရွက်တယ်။ အစိုးရအာဏာပိုင်အဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ညှိနှိုင်းရေး အစည်းအဝေးတွေကိုလည်း အလျဉ်းသင့်သလို ကျင်းပပြုလုပ်တယ်။ ဥပမာ အစိုးရဆီကနေ ခွဲဝေချထားပေးတဲ့ နှာခေါင်းစည်း၊ လက်သန့်ဆေးရည် စတာတွေကို လက်ခံရရှိချိန်မှာ ကျွန်မတို့ အချင်းချင်း ဆွေးနွေးတိုင်ပင်ကြတယ်။ ဘယ်သူတွေက ဘယ်လောက် ရသင့်တယ်။ ဘယ်နေရာတွေမှာ ပံ့ပိုးပေး အပ်သွားမယ် ဆိုတဲ့ အကြောင်းတွေပေါ့။ ခန့်မှန်းခြေ ပံ့မှန် ထောက်ပံ့မှုလို့ပြောရရင် တစ်ရက်ကို အစားအစာဖူး (၅၀၀) အတွက် ငွေကျပ် ခုနှစ်သိန်းလောက် ကုန်ကျတယ်။ ကျွန်တော်တို့ ဒီလိုထောက်ပံ့လာတာ ဇန်နဝါရီလ ကတည်းက။ တရုတ်ပြည်မှာ ရောဂါစတင် ကူးစက် ပျံ့နှံ့ချိန် ကတည်းကပါ။

နယ်စပ်မြို့များမှ သက်ဆိုင်ရာရပ်ရွာများဆီသို့ ပြန်ရာ ခရီးလမ်းတွင် ဒေသခံစေတနာ့ ဝန်ထမ်းများသည် ဘေးကင်းလုံခြုံသော ကွာရန် တင်းစင်တာများ ဖွင့်လှစ်နိုင်ရန်နှင့် စီမံထိန်းသိမ်းနိုင်ရန်အတွက် ရှေ့တန်းမှ အမှန်တကယ် လုပ်ကိုင်ဆောင်ရွက်သူများဖြစ်သည်။ ရွှေ့ပြောင်းအလုပ်သမားများမှ ကိုရိုနာဗိုင်းရပ်စ်ပိုးများ သယ်ဆောင်လာနိုင်သည်ဟူသော ကြောက်ရွံ့မှုကိုလည်း ကျော်လွှားရမည်ဖြစ်သည်။ မကွေးတိုင်းဒေသကြီးအတွင်း အလယ်အလတ် အရွယ်အစားရှိသော ကွာရန်တင်းစင်တာတစ်ခုအား ဦးစီးဦးဆောင်မှုပေးနေသည့် အသက် (၄၃) နှစ် အရွယ် အမျိုးသား တစ်ဦးကို တွေ့ဆုံမေးမြန်းခဲ့ရာ၌ သူက “အိမ်ပြန်လာသူတွေကို အလွန်အမင်းကြောက်ရွံ့နေတာက စိတ်ပျက်စရာပဲလို့ထင်တယ်။ ဒီရောဂါက ကူးစက်နိုင်တယ်ဆိုတာ ဟုတ်ပါတယ်၊ ဒါပေမယ့် သေချာစီမံဖြေရှင်းလို့ရပါတယ်ဗျာ” ဟု ပြောကြားခဲ့သည်။ အချိန်၊ လုပ်အား၊ ရွှေ့ပြောင်းအလုပ်သမားများ ကပ်ရောဂါကြောင့် ပြန်လာကြသည့် အရေးပေါ်အခြေအနေကို ရင်ဆိုင်ဖြေရှင်းနိုင်ရန် အတွက် ဒေသခံရပ်ရွာလူထုများမှ အချိန်၊ လုပ်အား၊ ငွေကြေး နှင့်အထောက်အပံ့ပစ္စည်း ပမာဏ အမြောက်အမြားကိုလည်း လှူဒါန်းခဲ့ကြသည် အဆိုပါအမျိုးသားကပင် သူ၏ရပ်ရွာ ကွာရန် တင်းစင်တာအတွင်း လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မှုများနှင့် ပတ်သက်၍ အောက်ပါအတိုင်း ရှင်းလင်း ပြောကြားခဲ့သည်။

ကျွန်တော်တို့ရဲ့စင်တာက နယ်စပ်ဖြတ်ကျော် အိမ်ပြန်လာခဲ့တဲ့ ရွှေ့ပြောင်းအလုပ်သမားတွေကို ဦးတည် ရည်ရွယ်ပြီး ဖွင့်လှစ် ထားတာပါ။ တရားရိပ်သာတစ်ခုမှာ ဖွင့်လှစ်ထားတာဗျ။ ပုံမှန် ကတော့ တရားစခန်း တွေဖွင့်လှစ်ဖို့ ရည်ရွယ်ထားတဲ့ ရိပ်သာ ဖြစ်ပြီး လူပေါင်း (၁၅၀) လောက်နေနိုင်ပါတယ်။ ကွာရန်တင်းဝင်ဖို့ အတွက်ဆိုရင်တော့ လူ (၆၀) လောက်ပဲဝင်ဆံ့မယ်။ လက်ရှိမှာ (ဧပြီလတွင်း) လူပေါင်း (၂၉) ယောက်ကို ကွာရန်တင်းလုပ် ထား တယ် (အမျိုးသား ၂၁ ဦး၊ အမျိုးသမီး ၈ ဦး)။ စင်တာစဖွင့် ကတည်းဆိုရင် ဒီမှာ လူပေါင်း (၈၀) လောက် ကွာရန်တင်း ဝင်ပြီးသွားပြီ။ အငယ်ဆုံးက အသက် (၁၈) နှစ်၊ အကြီးဆုံးက အသက် (၄၅) နှစ်ပေါ့။ ကျွန်တော်တို့ အစိုးရဆီက ငွေကြေး အထောက်အပံ့တွေ မရပါဘူး။ ဒီစင်တာအတွက် အထူးစည်းမျဉ်းစည်းကမ်းတွေမရှိပေမယ့် အစိုးရကချမှတ်ထားတဲ့ လမ်းညွှန်ချက်တွေကိုတော့ လိုက်နာဆောင်ရွက် ရတယ်။ မြို့နယ် အာဏာပိုင်အဖွဲ့တွေ ဒီကွာရန်တင်းစင်တာကို လာပြီးကြီးကြပ် ပေးပေမယ်လို့ ငွေရေး ကြေးရေး မထောက်ပံ့ပေးနိုင်ဘူးဗျ။ ကျွန်တော်တို့ရပ်ကွက် အုပ်ချုပ်ရေးမှူးကတော့ လာတောင်မကြည့်ပါဘူးဗျာ။ ကွာရန်တင်းဝင်ဖို့ လူတွေကိုပို့မယ် ဆိုတဲ့အချိန်မျိုးမှပဲ မြင်ရတာ။ ဒီကွာရန်တင်း စင်တာဆိုတာက ရပ်ရွာကောင်း ကျိုးအတွက် ထက်ထက်သန်သန် လုပ်ကိုင်ဆောင်ရွက်ချင်တဲ့ ရပ်ကွက် အသီးသီးကလူငယ်တွေနဲ့ စေတနာ့ဝန်ထမ်းတွေ ပူးပေါင်း ဖန်တီးခဲ့တဲ့ အစီအစဉ်ပါပဲ။ ရန်ပုံငွေကိုလည်း ကျွန်တော်တို့အတူတူရှာဖွေကြတယ်။ လက်တွေ့မှာတော့ အချိန်ပြည့် လုပ်အားပေးစေတနာ့ဝန်ထမ်း နှစ်ယောက်ဖြစ်တဲ့ ကျွန်တော် ရယ် ထမင်းချက်ရယ်အပြင် တခြားစေတနာ့ဝန်ထမ်း နှစ်ယောက်ပဲ ရှိတာလေ။ မြို့နယ်အာဏာပိုင် အဖွဲ့အစည်းတွေနဲ့ ကျန်းမာရေး ဌာနဝန်ထမ်းတွေက ကွာရန်တင်း ဝင်နေသူတွေကို နှစ်ရက် တစ်ကြိမ်၊ သုံးရက်တစ်ကြိမ်လောက် လာပြီးအဖျားတိုင်းတာတွေ ဘာတွေလုပ်တယ်။ ဖျားနာသူတွေ ရှိရင် လွှဲပြောင်းပေးပို့နိုင်ဖို့ ပေါ့ဗျာ။ ဆရာဝန်ကိုယ်တိုင် လာတာတော့ မရှိဘူးဗျ။ ဒီစင်တာက ရပ်ရွာလူထုရဲ့

လှူဒါန်းငွေတွေနဲ့ ရပ်တည်လည်ပတ်နေတာ။ အခု ဆိုရင် ကျွန်တော်တို့သုံးခဲ့ရတာ ငွေကျပ် (၁၀) သန်း ရှိလောက် ရောပေ့။ ကျွန်တော်တို့မှာ ငွေထိန်းတစ်ယောက်နဲ့ စာရင်းကိုင် တစ်ယောက် ရှိတယ်။ ကွာရန်တင်း ဝင်ရတဲ့လူ တစ်ယောက်ကို နေ့တိုင်းနေ့တိုင်း စိုက်ထုတ်ကျွေးမွေး ရမယ် ဆိုရင် ဒီလူကွာရန် တင်းပြီးဆုံးသွားတဲ့အချိန်အထိ တွက်ကြည့်ရင် သူ့အတွက် ငွေကျပ်တစ်သိန်းလောက် ကုန်ကျမယ်ဗျ။ အချိန်တော်တော်ကြာတဲ့အထိအောင် ကျွန်တော်တို့က အစားအစာတွေကို အပြင်ဆိုင်ကပဲဝယ်ပြီး ကျွေးမွေးခဲ့တယ်။ အခုတော့ သူတို့ကို ကျွန်တော်တို့ ကိုယ်တိုင်ပဲ ချက်ပြုတ်ကျွေးမွေးတော့တယ်။ ဈေးတွေကို လည်း အခုယာယီပိတ်ထားတာဆိုတော့ ကျွန်တော်တို့ရဲ့ရန်ပုံငွေထဲကငွေတွေနဲ့ ယာယီကုန်စုံဆိုင်လေးတစ်ခု ဖွင့်ထားတယ်။ လုပ်အားပေး စေတနာ့ဝန်ထမ်းတွေအတွက် လည်း နှာခေါင်းစည်းတွေ လိုအပ်တယ်ခင်ဗျ။ ဝယ်လိုအား မြင့်နေတဲ့ အချိန်မျိုးမှာဆိုရင် နှာခေါင်းစည်းတစ်ခုကို ခြောက်ရာကျပ် ပေးဝယ်ခဲ့ရတယ်။ ကျွန်တော်တို့တတ်နိုင်တဲ့ အတိုင်းအတာအထိတော့ ကွာရန်တင်းဝင်ရတဲ့လူတွေကို ထောက်ပံ့ကူညီပေးနေပါတယ်။ ယာယီကုန်စုံဆိုင်နဲ့ ဆေးဆိုင်တွေကိုလည်း ကျွန်တော်တို့ဘာသာ ဖွင့်နိုင်ခဲ့တယ်။ အနီးအနားက ကွာရန်တင်းစင်တာတွေနဲ့လည်း ချိတ်ဆက် လုပ်ဆောင်နေပါတယ်။ အခက်အခဲကတော့ အချိန်ပြည့် စေတနာ့ဝန်ထမ်းအလုပ်ကို ကျွန်တော်က လွှဲပြီး ဘယ်သူကမှ မလုပ်နိုင်ဘူးဖြစ်နေတယ်ဗျာ။ တချို့လူတွေကတော့ ဟန်ပြသက်သက်လောက် လာလုပ်ပေးတာ။

ထို့အပြင် ကျေးလက်ကျန်းမာရေးဝန်ထမ်းများသည် ကျေးရွာများ နှင့် ယင်းတို့၏ပတ်ဝန်းကျင်ဒေသများတွင် ရှေ့တန်းမှ တိုက်ပွဲဝင် နေသူများဖြစ်သည်။ အိမ်ပြန်လာသော ရွှေ့ပြောင်းအလုပ်သမားများနှင့် ရောဂါပိုးကူးစက်သံသယ လူပုဂ္ဂိုလ်များတို့နှင့် မျက်နှာချင်းဆိုင် ထိတွေ့ဆက်ဆံပြီး လိုအပ်သည်များကို ကြီးကြပ်ဆောင်ရွက်ရသူများဖြစ်သည်။ ၎င်းတို့သည် တောင်းဆိုမှုများပြီး ပင်ပန်း ခက်ခဲသောလုပ်ငန်း တာဝန်များကို အနည်းငယ်သော အရင်းအမြစ်များဖြင့်သာ ဆောင်ရွက် ကြရသည်။ ဆေးဘက်ဆိုင်ရာ အထောက်အပံ့ပစ္စည်းများ (လက်အိတ်များ၊ နှာခေါင်းစည်းများနှင့် လက်သန့်ဆေးရည် စသည်) တို့သည် ပိုအဆင့်မြင့်သော ဆေးရုံဆေးခန်းများသို့ အရင်ပံ့ပိုးပေးသောကြောင့် ၎င်းတို့မှာ များသောအားဖြင့် အကာအကွယ်ဝတ်စုံ (PPE) မပါဘဲ အလုပ်လုပ်ကြရသည်။ အရာရာတိုင်းကိုသတိကြီးစွာထားကာ အရေးပေါ်အနေဖြင့် ဆောင်ရွက်ရသည်။ ကျေးလက်ကျန်းမာရေး လုပ်သားအများစုမှာ ဒေသခံရပ်ရွာလူမှုအသိုက်အဝန်းများမှ လူများပင်ဖြစ်ရာ ထိုကျန်းမာရေးလုပ်သားများကို အရေးပေါ်ကာလအတွင်း ရပ်ရွာလူထု၏ ကျယ်ပြန့်သော စုပေါင်းအားထုတ် ဆောင်ရွက်မှု၏ အစိတ်အပိုင်းတစ်ရပ် အဖြစ် ရှုမြင်နိုင်ပါသည်။

၂၀၂၀ ခုနှစ် မေလတွင် မကွေးတိုင်းဒေသကြီးမှ ကျေးလက်ကျန်းမာရေးလုပ်သားတစ်ဦးကို မေးမြန်းခဲ့ရာ၌ သူ့အနေဖြင့် ဤသို့ ပြောပြခဲ့သည်။

ဒီကပ်ရောဂါကာလအတွင်းမှာ ကျန်းမာရေးဌာနက တာဝန်နှစ်ရပ်ကို အကောင်အထည်ဖော်ခဲ့ရတယ်။ တစ်ခုက ဆေးကုသပေးဖို့နဲ့ နောက်တစ်ခုက အခြေခံကျန်းမာရေး ပညာပေးဖို့ပေ့ါ။ ကိုဗစ်-၁၉ ရောဂါနဲ့ပတ်သက်တဲ့ ကျန်းမာရေးပညာပေးမှုကို အခြေခံကျန်းမာရေးဝန်ထမ်းတွေ (ကျန်းမာရေးမှူး၊ သူနာပြု၊ သားဖွား၊ ရပ်ရွာကျန်းမာရေးလုပ်သား) ကလုပ်ဆောင်ရတယ်။ ကျွန်တော်တို့က နေရပ်ပြန်ရွှေ့ပြောင်းအလုပ်သမားတွေကိုရော ကိုဗစ်-၁၉ ရောဂါသံသယလူနာတွေကိုပါ စစ်ဆေးကြည့်ရှုရတယ်။ ကျန်းမာရေး စစ်ဆေးရေးဂိတ်တွေကို ပံ့ပိုးကူညီရတဲ့အပြင် ကွာရန်တင်းဝင်နေရသူတွေရဲ့ ကျန်းမာရေး အခြေအနေကိုလည်း စောင့်ကြည့် စစ်ဆေးရတယ်။ ကျွန်တော်တို့က ကိုဗစ်ရောဂါအကြောင်း ကျန်းမာရေး အသိပညာပေးတာ၊ သံသယလူနာတွေကို တောက်လျှောက်စောင့်ကြည့်လေ့လာတာနဲ့ လိုအပ်ရင် လွှဲပြောင်းတာတွေကို လုပ်ဆောင်ပေးရတယ်လေ။ ဒီကွာရန်တင်းလုပ်ငန်းစဉ် အတွက်ဆိုပြီး အစိုးရဆီက သီးသန့်ထောက်ပံ့ကူညီတာတွေ မရှိပါဘူး။ ကွာရန်တင်းဝင်နေသူတွေကို ကျန်းမာရေး စောင့်ရှောက်မှုပေးဖို့လိုအပ်လာရင် ပုံမှန်လုပ်ဆောင်နေတဲ့ ကျန်းမာရေးလုပ်ငန်းတွေအတွက် ကျန်းမာရေးဝန်ကြီးဌာနကနေ အရင်ကထောက်ပံ့ပေးအပ်ထားတဲ့ ဆေးဝါးတွေကိုပဲ ကျွန်တော်တို့ အသုံးပြုခဲ့ရတာပေ့ါဗျာ။ အလှူရှင်တွေ

ပေးအပ်လှူဒါန်းလာတဲ့ ငွေကြေးနဲ့အထောက်အပံ့ ပစ္စည်းတွေကိုလည်း အသုံးပြုရတာပေါ့။ အလှူရှင်တွေ လှူဒါန်းတဲ့ ဒါမှမဟုတ် ကိုယ်ပိုင်အစီအစဉ်နဲ့ ဝယ်ယူထားတဲ့ ဒါမှမဟုတ် ရပ်ရွာလူထုရဲ့ အထောက်အပံ့နဲ့ဝယ်ယူထားတဲ့ မရှိမဖြစ် အခြေခံအကာအကွယ်ပေးရေး ပစ္စည်းတွေကိုသုံးပြီး လုပ်ကိုင် ဆောင်ရွက်ခဲ့ရတယ်။ နိုင်ငံတွင်း ကပ်ရောဂါ ကူးစက်ပျံ့နှံ့မှုကို စတင်ကြေညာ လိုက်ချိန်ကစပြီး ကျန်းမာရေးဝန်ကြီးဌာနက ကျေးလက်ကျန်းမာရေး ဌာနတစ်ခုကို နှာခေါင်းစည်း (၅၀) ခု ထုတ်ပေးခဲ့တယ်။ လက်သန့်ဆေးရည် (၅၀၀) မီလီလီတာတစ်ဗူး လည်းရခဲ့တယ်။ အဲဒါကလွဲလို့ ကျွန်တော်တို့ ဘာအထောက်အပံ့မှမရခဲ့ဘူး။ လှူဒါန်းမှု အများစုက ဒုတိယအဆင့် (secondary) နဲ့ တတိယ အဆင့် (tertiary) ဆေးကုသမှုပေးနိုင်တဲ့ ဆေးရုံ ဆေးခန်းတွေဆီ ကိုပဲ ရောက်တာလေ။ အဲ့ဒီဆေးရုံ ဆေးခန်းတွေကနေပြီး ရပ်ရွာ ကျန်းမာရေးဌာန တွေဆီကို နည်းနည်းလောက်ပြန်ပြီး မျှဝေ ပေးတာတော့ရှိတယ်။ ခြုံပြီးပြောရမယ်ဆိုရင် သံသယလူနာတွေနဲ့ ပထမဆုံး ထိတွေ့ ဆက်ဆံရတဲ့ အခြေခံကျန်းမာရေးဝန်ထမ်း တွေ မှာ လုံလောက်တဲ့အကာအကွယ်ပေးရေး ပစ္စည်းတွေမရှိဘူးလို့ ကျွန်တော်တို့ မြင်တွေ့ခံစားနေရတယ်။ ၂၀၂၀ ခုနှစ် မတ်လ ကတည်းကစပြီး အခြေခံကျန်းမာရေးဝန်ထမ်းတွေ ခွင့် ဒါမှမဟုတ် အားလပ်ရက် ယူဖို့ ခွင့်မပြုတော့ဘူး။ နောက်ပြီး ကျွန်တော်တို့က ကိုယ်နဲ့ဆိုင်တဲ့နယ်မြေဧရိယာထဲမှာ လုပ်ငန်းလုပ်ကိုင် ဆောင်ရွက်နေတဲ့ စီးပွားရေး လုပ်ငန်းတွေအနေနဲ့ ကျန်းမာရေးဝန်ကြီးဌာနက ချမှတ်ထားတဲ့ စည်းမျဉ်း စည်းကမ်းတွေအတိုင်း လိုက်နာ ဆောင်ရွက်လား၊ မလိုက်နာဘူးလားဆိုတာကိုလည်း စစ်ဆေးရတယ်။ ဒီလိုမျိုး ရပ်ရွာတွင်း စောင့်ကြည့်စစ်ဆေးရေး လုပ်ငန်းတွေအတွက် အခြေခံကျန်းမာရေးဝန်ထမ်းတွေကို ထောက်ပံ့ကူညီ ပေးတာလည်း လုံးဝမရှိဘူး (ဥပမာ သွားလာမှုစရိတ်၊ အစားအသောက်စရိတ်၊ အကာအကွယ် ပစ္စည်းကိရိယာ စသဖြင့်)။ ကျွန်တော်လေ့လာမိသလောက် အခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေထဲက ကွာရန်တင်းစင်တာတွေမှာ ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ ပံ့ပိုးကူညီမှုတွေက စင်တာတစ်ခုနဲ့ တစ်ခု မတူကြဘူး။ တချို့နယ်မြေတွေ၊ မြို့နယ်တွေမှာဆိုရင် အထွေထွေအုပ်ချုပ်ဦးစီး ဌာနက လိုအပ်တဲ့ထောက်ပံ့ ပို့ဆောင်မှုတွေနဲ့ တခြားလိုအပ်ချက်တွေကို တာဝန်ယူ ဆောင်ရွက်တယ်။ ပူးပေါင်းဆောင်ရွက်မှုအားကောင်းတဲ့ ရပ်ရွာလူမှုအသိုက်အဝန်းတွေမှာဆို လုပ်ငန်းဆောင်ရွက်မှုတွေက အဆင်ပြေချောမွေ့တာပေါ့။ ကပ်ရောဂါကြီး အချိန်ကြာလာတာနဲ့အမျှ လှူဒါန်းမှုတွေလည်း လျော့နည်းလာပြီး အခြေခံကျန်းမာရေးဝန်ထမ်းတွေရဲ့ ရုပ်ခန္ဓာပိုင်းနဲ့ စိတ်ပိုင်းဆိုင်ရာ မောပန်းနွမ်းနယ်တာတွေကလည်း ပိုပြီး ပြင်းထန်လာပါတယ်။

အဓိကသုံးသပ်ချက်

ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ရွှေ့ပြောင်းအလုပ်သမားများနှင့် ပြုလုပ်ခဲ့သည့် တွေ့ဆုံမေးမြန်းမှုပေါင်း (၁၂၀) အနက် ရွှေ့ပြောင်းအလုပ်သမား (၇၉) ဦး သို့မဟုတ် ရွှေ့ပြောင်း အလုပ်သမား (၃) ဦးတွင် (၂) ဦးက (မြန်မာနိုင်ငံသို့ ပြန်လာခဲ့သည်ဖြစ်စေ၊ အလုပ်လုပ်ကိုင်ရာ နိုင်ငံတွင် ဆက်လက်နေထိုင်ခဲ့သည်ဖြစ်စေ) ကပ်ရောဂါကြောင့် အလုပ်အကိုင်များ ဆုံးရှုံးခဲ့ရသည် သို့မဟုတ် လက်လွှတ်ခဲ့ရသည် (ဇယား-၃၊ ပုံ-၁ နှင့် ပုံ-၂ ကိုရှုပါ)။ လူတစ်ဦးအတွက် ဝင်ငွေဆုံးရှုံးရခြင်း သို့မဟုတ် လက်လွှတ်ရခြင်း အခြေအနေသည် အလွန်ကြီးမားသည့် ထိခိုက်မှု တစ်ခုဖြစ်ပေသည်။ လူအမြောက်အများအနေဖြင့် ထိုကဲ့သို့အဖြစ်အပျက်များ ကြုံရသောကြောင့် ပို၍ပင် အကျိုးဆက်မှာ ကြီးမားလှပါသည်။ ထို့အပြင် နိုင်ငံစီးပွားရေးကို အဓိကပံ့ပိုးပေးထားသည့် ကဏ္ဍဖြစ်သောကြောင့် လူမှုအဖွဲ့ အစည်းတစ်ခုလုံးပေါ်တွင် ရိုက်ခတ်မှု ရှိမည်မှာ မလွဲပေ။ ထိုကဲ့သို့သောအကြောင်းတရားများကြောင့် အစိုးရအနေဖြင့် ရွှေ့ပြောင်းလုပ်သားများကို ဦးစားပေး ပံ့ပိုးမည်ဟု ယူဆလျှင်လည်း ကျိုးကြောင်း ဆီလျော်မှု ရှိမည်ဖြစ်သည်။

တွေ့ဆုံမေးမြန်းမှုများတွင်ပါဝင်ဖြေဆိုသူပေါင်း (၁၂၀) ဦး ရှိသည့် အနက် (၁၃) ဦးကသာ အစိုးရထံမှ ထောက်ပံ့ ကူညီမှုကို ရရှိခဲ့သည်ဟု တိတိကျကျဖြေဆိုခဲ့သည်။ တဘက်တွင် ပါဝင်ဖြေဆိုသူ (၃၀) ဦးက အစိုးရထံမှ ထောက်ပံ့မှုများ မရရှိခဲ့ပါဟု ရှင်းလင်းစွာ ဖြေဆိုခဲ့သည် (ရပ်ရွာအဆင့် ကွာရန်တင်းစင်တာများမှ ကျေးလက် ကျန်းမာရေး ဝန်ထမ်းများ နှင့် ကြီးကြပ်သူများထံမှ လွဲ၍ -

ဇယား ၃ ကိုကြည့်ရန်)။ ထိုတွေ့ရှိချက်မှာ သုတေသန ဆောင်ရွက်ခဲ့သော ဒေသအားလုံးတွင် ဆင်တူပုံစံအဖြေ တွေ့မြင်နိုင်သည် (ပုံ ၂ကိုကြည့်ရန်)။ မွန်ပြည်နယ်မှ ပါဝင် ဖြေဆိုသူများကြားတွင် "မိသားစု၊ ရပ်ရွာလူထုနှင့် ပရဟိတ

ဇယား (၃) အညာဒေသ၊ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ ရွှေ့ပြောင်းလုပ်သားများတို့၏ ကိုဗစ်-၁၉ ကပ်ရောဂါ ကာလအတွင်း တွေ့ကြုံဖြတ်သန်းရမှုများ၊ လူဦးရေပေါင်း = ၁၂၀ (အညာဒေသ- ၂၃၊ ရှမ်း-၇၄၊ မွန်-၂၃)

အကြောင်းအရာ	အညာဒေသမှ ရွှေ့ပြောင်းသွား	ရှမ်းပြည်နယ်မှရွှေ့ ပြောင်းသွားလာ	မွန်ပြည်နယ် မှရွှေ့ပြောင်း	စုစုပေါင်း
မြန်မာနိုင်ငံရှိနေအိမ်သို့ပြန်သည်ဖြစ်စေ၊ အလုပ်လုပ်သောနိုင်ငံတွင်နေရစ်သည်ဖြစ်စေ၊ အလုပ်အကိုင်ဆုံးရှုံးခဲ့ရသည် (သို့) လက်လွှတ်ခဲ့ရသည်။	၁၆	၄၇	၁၆	၇၉
အလုပ်လုပ်ကိုင်ရာနေရာမှ ဇာတိရပ်ရွာသို့ပြန်ရန် ကိုယ်ပိုင်ငွေများ သုံးစွဲခဲ့ရသည်။	၁၃	၃၈	၁၄	၆၅
၎င်းတို့၏ကျေးရွာအတွင်း/အနီး (သို့) နေအိမ်ခြံဝန်း (သို့) IDP စခန်း တွင် ကွာရန်တင်း ဝင်ခဲ့ရသည်။	၁၁	၃၇	၁၄	၆၂
ကွာရန်တင်းကာလအတွင်း ကိုယ်ပိုင်အသုံး စရိတ်များ/ ပြင်ဆင်ထိန်းသိမ်းမှု	၉	၂၅	၉	၄၃
ကွာရန်တင်းကာလအတွင်း အစိုးရကျန်းမာ ရေးလုပ်သားများ ပုံမှန်လာရောက်ကြည့်ရှု စစ်ဆေးပေးသည် (ဥပမာ ကိုယ်အပူချိန်)	၇	၁၆	၄	၂၇
အိမ်ပြန်ရာတွင် (နှင့်/သို့) ကွာရန်တင်းဝင်စဉ် အစိုးရထံမှထောက်ပံ့မှု မရှိပါ။	၈	၁၆	၆	၃၀
အိမ်ပြန်ရာတွင် (နှင့်/သို့) ကွာရန်တင်းဝင်စဉ် အစိုးရထံမှ ထောက်ပံ့မှုရရှိခဲ့သည်။	၃	၇	၃	၁၃
မိသားစု၊ ရပ်ရွာလူထုနှင့် ပရဟိတအဖွဲ့များ ထံမှ ထောက်ပံ့မှုရှိခဲ့သည်။	၇	၁၆	၁၂	၃၅

မှတ်ချက် - ၂၀၂၀တွင်ပြုလုပ်ခဲ့သော အင်တာဗျူးများအရ လူဦးရေပေါင်း = ၁၂၀ (အညာဒေသ- ၂၃၊ ရှမ်း-၇၄၊ မွန်-၂၃)

(ပုံ-၁) မေးမြန်းမှုတွင်ပါဝင်ဖြေဆိုခဲ့သူများအနက် အညာဒေသ၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့မှ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အလုပ်အကိုင်ဆုံးရှုံး/လက်လွှတ်ခဲ့ရသူအရေအတွက်နှင့် အဆိုပါတိုင်းဒေသကြီး/ပြည်နယ်တစ်ခုချင်းစီအလိုက် အလုပ်အကိုင် ဆုံးရှုံးမှုရာခိုင်နှုန်း



(ပုံ-၂) အိမ်ပြန်စဉ် နှင့်/သို့မဟုတ် ကွာရန်တင်းဝင်စဉ် ရွှေ့ပြောင်းအလုပ်သမားများရရှိခဲ့သော ထောက်ပံ့ကူညီမှု



မှတ်ချက် - ရာခိုင်နှုန်းကို နေရပ်ပြန်ရွှေ့ပြောင်းအလုပ်သမားအရေအတွက်အပေါ် အခြေခံပြီး တွက်ချက်ထားခြင်းဖြစ်သည်။ (နောက်ဆက်တွဲ-၁ တွင်ဖော်ပြထားသကဲ့သို့ အညာဒေသ - ၈၊ ရှမ်း - ၁၆၊ မွန် -၆)

အဖွဲ့များထံမှ ထောက်ပံ့ကူညီမှုရရှိခဲ့သည်" ဟု ဖြေဆိုသူဦးရေ အလွန်များပြားနေခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်သည်။ မေးမြန်း မှုများတွင် အကြောင်းအရာများ မျိုးစုံပါဝင်သည့် မေးခွန်းများ အားလုံးကို မေးမြန်းသူများဘက် သို့မဟုတ် ဖြေဆိုသူဘက်မှ တန်းတူအလေးပေးခြင်း မရှိနိုင်ခဲ့သော်လည်း ယခုတွေ့ရှိချက်သည် အလွန်အရေးပါပါသည်။ ဇယား ၃ တွင်ဖော်ပြထားသော " အလုပ်လုပ်ကိုင်ရာနေရာမှ ဇာတိရပ်ရွာသို့ ပြန်ရန် ကိုယ်ပိုင်ငွေများ သုံးစွဲခဲ့ရသည်" ကို ထောက်ခံသူ ၆၅ ဦးရှိကာ "အိမ်ပြန်ရာတွင် (နှင့်/သို့) ကွာရန်တင်းဝင်စဉ် အစိုးရထံမှ ထောက်ပံ့မှုရရှိခဲ့သည်" အတွက် ထောက်ခံသူ စုစုပေါင်း ၁၃ ဦးသာရှိခဲ့သည် (ဆက်စပ်မေးခွန်း "အိမ်ပြန်ရာတွင် (နှင့်/သို့) ကွာရန်တင်းဝင်စဉ် အစိုးရထံမှထောက်ပံ့မှုမရှိပါ" အတွက် ထောက်ခံသူ ပေါင်း ၃၀ရှိသည်။) ယခုတွေ့ ရှိချက်သည် ဆန့်ကျင်ဘက်အခြေအနေ တစ်ခုကိုလည်းပြနေသည် - ထိုမှာ ရွှေ့ပြောင်းအလုပ်သမားများ အနေဖြင့် နိုင်ငံစီးပွားရေးအတွက် အလွန်အကျိုးဖြစ်ထွန်းစေခဲ့သော်လည်း ၎င်းတို့အလွန်ထိခိုက်ခံစားရသောအချိန်တွင်မူ ကပ်ရောဂါအတွက် ရန်ပုံငွေများပမာဏများစွာ အသုံးပြုမည်ဟု ဆိုသော အစိုးရထံမှ အထောက်အပံ့ မဖြစ်စလောက်သာရခဲ့ခြင်း ဖြစ်သည်။

အပိုင်း (၃) ရွှေ့ပြောင်းအလုပ်သမားများသည် အလွန်အမင်း တပ်မက်ခံရသော်လည်း အလွန်အမင်း လုပ်ခနှိမ်ခံရသည့် စူပါအလုပ်သမားများ ဖြစ်သည်။

တရုတ်ပြည်ထဲ ကျွန်မအလုပ်လုပ်တဲ့နေရာကိုရောက်ဖို့ (၅) ရက် လောက်ကြာအောင် ခရီးသွားခဲ့ရတယ်။ ကျွန်မတို့ နယ်စပ် စစ်ဆေးရေးဂိတ်ကို ဘတ်စ်ကားနဲ့သွားတာ ငွေကျပ် (၂၀,၀၀၀) ပေးခဲ့ရတယ်။ အဲ့နေရာမှာ ကျွန်မတို့ စာအုပ်နီပေါက်ဖော်ကတ် လျှောက်ထားရယူခဲ့တယ်။ စာအုပ်နီနဲ့ဆို တရုတ်ပြည်ထဲမှာ ရက်အနည်းငယ်လောက် တရားဝင်နေထိုင် လုပ်ကိုင်ခွင့်ရှိတယ်လေ။ အဲ့ဒီနောက်ပိုင်းမှာတော့ တရားမဝင်လုပ်ကိုင်ရတာပေါ့။ တရုတ်ပွဲစားတွေက ကျွန်မတို့ကို နေရာတစ်ခုဆီ ကားနဲ့ခေါ်သွား တာ ကားခ ၂၅ ယွမ် (၅,၀၀၀ ကျပ်) ပေးခဲ့ရတယ်။ အဲနေရာကနေ ဘတ်စ်ကားနဲ့အရင် နောက်တော့ ကားတစ်စီးနဲ့ ဆက်သွားရတာ လမ်းမှာ သုံးညနဲ့နှစ်ရက်ကြာမှ အလုပ်လုပ်ရမယ့် နေရာကိုရောက်တယ်။ ပွဲစားတွေကို ကျွန်မတို့တစ်ယောက်ချင်းစီရဲ့ တစ်လစာ လုပ်အားခ ငွေတွေ ပေးခဲ့ရတယ်ရှင့်။

ကျွန်မက ငါးကုမ္ပဏီတစ်ခု မှာ (၇)လ ကြာအောင် အလုပ်လုပ်ခဲ့တယ်။ ငါးတွေကို ခုတ်လှီးပြီး ရေခဲဗူးထဲထည့်၊ ငါးဗူးကိုချိန်တွယ်ပြီး ပါကင်ထုတ်ပိုးရတာပေါ့။ ကုမ္ပဏီက ကျွန်မတို့အတွက် အလုပ်သမားအဆောင်တစ်ခု ထား ပေးတယ်။ ကျွန်မက တစ်လကိုယွမ်ငွေ (၂,၅၀၀) (ကျပ်ငွေ လေးသိန်း ရှစ်သောင်း) လောက်ရတယ်။ ကိုဗစ်-၁၉ ကပ်ရောဂါ စတင်ဖြစ်ပွားလာခဲ့ချိန်မှာ ကုမ္ပဏီက ကျွန်မတို့ကို အဆောင်အပြင်ဘက် ထွက်ခွင့်မပေးတော့ဘူး။ ကျွန်မလည်း ကပ်ရောဂါကို ကြောက်တာနဲ့ အိမ်ပြန်ဖို့ ဆုံးဖြတ်ခဲ့တာပေါ့ရှင်။ မြန်မာပြည်ကို ကိုယ့်စရိတ်နဲ့ကိုယ် ပြန်လာတာပါ။ ပွဲစားတွေရဲ့အစီအစဉ်နဲ့ ပြန်ပို့ ပေးတာ။ နေရပ်ပြန်ဖို့အတွက် ပွဲစားတွေကို ကျွန်မရဲ့ တစ်လစာ လုပ်ခလစာ ပေးခဲ့ရတယ်။ ခြုံပြီးပြောရရင် ကျွန်မအလုပ် လုပ်ခဲ့တာက (၇) လ။ အဲ့ဒီကိုသွားဖို့နဲ့ အိမ်ပြန်ဖို့ဆိုပြီး နှစ်လစာလုပ်အားခကို သုံးခဲ့ရတယ်။ အိမ်ပြန်ခရီးစရိတ် တွေလည်း ကုန်ကျခဲ့ရတယ်။ ဒီကပ်ရောဂါကာလထဲမှာ နေအိမ်ပြန်ဖို့ ကျွန်မကို ဘယ်သူကမှ ထောက်ပံ့ကူညီခဲ့တာ မရှိပါဘူးရှင့်။ (ရှမ်းပြည်နယ်မြောက်ပိုင်းမှ အသက် ၅၀ နှစ်အရွယ် အမျိုးသမီးတစ်ဦး)

ရွှေ့ပြောင်းအလုပ်သမားများသည် မြန်မာနိုင်ငံ၏ စီးပွားရေး ကိုသာမက ၎င်းတို့သွားရောက်လုပ်ကိုင်သောနိုင်ငံများ၏ စီးပွားရေးကိုပါ ကြီးကြီးမားမား ပံ့ပိုးအားဖြည့်ပေးနေခဲ့ သည်။ ရွှေ့ပြောင်းအလုပ်သမားများ သွားရောက် အလုပ် လုပ်ကိုင်သောနိုင်ငံများအတွက် လုပ်အားအလွန် လိုအပ် ပါသည်။ မည်သည့် လုပ်အားမျိုးကိုမဆို လိုအပ်ခြင်း မဟုတ်ပါ။ ၎င်းတို့၏ ပြည်တွင်းလုပ်သားထုမှ အကြောင်း အမျိုးမျိုးကြောင့် မလုပ်ချင်သည့် အလုပ်အကိုင်များတွင် ရွှေ့ပြောင်း အလုပ်သမားများကို အစားထိုးလုပ်ခိုင်းနိုင်ရန် ဖြစ်သည်။ ထိုအလုပ်အကိုင်များတွင် အနည်းဆုံး လုပ်အား ခမျိုးဖြင့် ပင်ပန်းဆင်းရဲကြီးစွာ ကာယအားစိုက် ထုတ်လုပ် ကိုင်ရသော အလုပ်အကိုင်များအပြင် အလုပ်အကိုင်ကာလ အပိုင်းအခြားနှင့် အလုပ်အကိုင်တည်မြဲမှု ရှုထောင့်မှ ကြည့်လျှင် လုံခြုံမှုမရှိသော အလုပ်အကိုင်များ ပါဝင်သည်။ ထိုင်းနိုင်ငံရှိ မြန်မာရွှေ့ပြောင်း အလုပ်သမားများကြား ရေပန်းစားသည့်အဆိုတစ်ခုမှာ ၎င်းတို့ သည် ၃ "Ds" - ညစ်ပတ်သော (dirty)၊ အန္တရာယ်ရှိသော (dangerous)၊ ခက်ခဲသော (difficult) စသည့် အလုပ်များ လုပ်ကိုင်ရသည် ဟုဆိုကြသည်။ ထိုကဲ့သို့သောအလုပ်အကိုင်များစွာ တို့မှာ ထိုနိုင်ငံများအတွင်းရှိ ဒုတိယအဆင့်မြို့များနှင့် ယင်းထက် ပိုမိုသေးငယ်သောမြို့များ၊ အသေးစားနှင့် အလတ်စား မြို့လေးများ သို့မဟုတ် ကျေးလက်တောနယ်များ အတွင်း၌ တည်ရှိ၏။ အလုပ်အမျိုးအစားအားဖြင့် ဆောက်လုပ်ရေး အလုပ်မှ စားသောက်ဆိုင် မီးဖိုချောင်အကူအလုပ်၊ ကားရေဆေးအလုပ်မှ အိမ်အကူအလုပ်ထိအောင် အမျိုး အစား ကွဲပြားစုံလင်သော အလုပ်အကိုင်များ ဖြစ်သည်။

ထိုကဲ့သို့သောရွှေ့ပြောင်းအလုပ်များသည် စိုက်ပျိုးရေးနှင့် ဆက်နွယ်သောအလုပ်အကိုင်များ (ဥပမာအားဖြင့် မလေးရှားနိုင်ငံတွင်း ဆီအုန်းစိုက်ခင်းများ၊ ထိုင်းနိုင်ငံတွင်း ရာဘာစိုက်ခင်းများနှင့် တရုတ်နိုင်ငံတောင်ပိုင်းဒေသတွင်းမှ ကြံခင်းများ) စသည်တို့တွင် ရှိကြသည်။ အလုပ်သမား လိုနေသောခြံအလုပ်များကို ကိုယ်တိုင် တစ်ဦးချင်း လိုက်လံ ရှာဖွေရန် မလွယ်ကူပေ။ အလုပ်ရှာဖွေ တွေ့ရှိခဲ့လျှင်ပင် နောက်ထပ်စိန်ခေါ်မှုတစ်ခုမှာ ထိုနေရာသို့ အမှန်တကယ် သွားရောက်ရန်နှင့် နေထိုင်ရေးစီစဉ်ရန်အတွက် ဖြစ်သည်။ ခြံရှိသောနေရာသည် ကျေးရွာတစ်ရွာ သို့မဟုတ် မြို့လယ်မှ ကီလိုမီတာများစွာဝေးကွာနိုင်သည့်အပြင် နေထိုင်ရေး သို့မဟုတ် အများပြည်သူသယ်ယူပို့ဆောင်ရေး အစီအစဉ် မရှိသော နေရာတွင်ရှိနေနိုင်သည်။ ခြံလုပ်ငန်းပိုင်ရှင် သို့မဟုတ် စိုက်ခင်းပိုင်ရှင်များဘက်က ကြည့်လျှင် လိုအပ် သောအချိန်တွင် လိုအပ်သောကာလ တစ်လျှောက် လုံ လောက်သော အရေအတွက်ရှိသည့် အလုပ်သမားများကို ကိုယ်တိုင်ရှာဖွေရန် မလွယ်ကူပေ။ ထိုအလုပ်သမားများ၏ နေရေးထိုင်ရေး သို့မဟုတ် သယ်ယူပို့ဆောင်ရေးအတွက် စီစဉ် ဖို့ရန်လည်း မလွယ်ကူပေ။

ထို့ကြောင့်ပင် ရွှေ့ပြောင်းစိုက်ပျိုးရေးအလုပ်မှာ တိကျရှင်း လင်းမှုမရှိဘဲ တရားဝင်မှုပင်မရှိသော အလုပ်သမား ပွဲစားများအဆင့်ဆင့်မှ စီမံခန့်ခွဲလာကြသည်။ အလုပ်သမား စုဆောင်းသူများက အလုပ်သမားများကို ၎င်းတို့၏မိခင် နိုင်ငံများအတွင်းရှိ ဇာတိ ကျေးရွာများမှနေ၍ စုဆောင်းကာ လုပ်ငန်းခွင်တွင် အလုပ်သမား ခေါင်းဆောင်အဖြစ်လည်း တာဝန်ယူတတ်ကြသည်။ ၎င်းတို့မှာ တစ်ခြံတည်းအတွက်

ပုံသေလုပ်မလုပ်ဘဲ တစ်ခြံပြီးတစ်ခြံ ပြောင်းလဲလုပ်ကိုင်နိုင်ပါသည်။ အလုပ်သမားကန်ထရိုက်တာမှာ ခြံလုပ်ငန်းပိုင်ရှင်များမှ ကန်ထရိုက်ချုပ်ဆို အလုပ်အပ်နှံခြင်း ခံရသူဖြစ်ပြီး ရွှေ့ပြောင်းခြံလုပ်သားများ၏ တိုက်ရိုက်အလုပ်ရှင်ဖြစ်သည်။ သူသည် အလုပ်သမားများ၏ နေရေးထိုင်ရေး နှင့် နေထိုင်ရာနေရာမှလုပ်ငန်းခွင်သို့ နေ့စဉ်သယ်ယူပို့ဆောင်ရေးတို့အတွက် စီစဉ်ဆောင်ရွက်ပေးသည်။

သို့သော် ထိုစနစ်အတွင်း နောက်ဆက်တွဲ ကုန်ကျစရိတ်များနှင့် ဝန်ထုတ်များကို လက်တွေ့ထမ်းရသည်မှာ ရွှေ့ပြောင်းအလုပ်သမားများကိုယ်တိုင်ဖြစ်သည်။ ထို့ကြောင့် ခြံလုပ်ငန်းအရင်းရှင်များနှင့် အလုပ်ပွဲစားအတွက် အလွန်အကျိုးဖြစ်စေသည်။ ပုံမှန်အချိန်နှင့် အရေးပေါ်ကာလအချိန်နှစ်ခုလုံးတွင် လုပ်သားခေါ်ခြင်း၊ နယ်စပ်ဖြတ်ကျော်ခြင်း၊ လုပ်ငန်းနေရာအခြေအနေလေ့လာခြင်း၊ နေရေးထိုင်ရေးစီစဉ်ခြင်းစသည့် ဖြစ်စဉ်များအားလုံးသည် ဆက်လက်ဖြစ်ပေါ်နေသည်။ ထိုဖြစ်စဉ်များမှတဆင့် ရွှေ့ပြောင်းအလုပ်သမားများသည် စီးပွားရေးဆိုင်ရာ ကုန်ထုတ်လုပ်ရာနေရာများ (sites of economic production) နှင့် လူမှုဘဝမျိုးဆက်ပွားထိန်းသိမ်းရာနေရာများ (sites of social re-production) ကြား အဆင့်ဆင့်သွယ်ဆက်ထားသည့် စကြီတလျှောက် လုပ်ငန်းအရင်းရှင်များနှင့် အလုပ်ပွဲစားများ (အလုပ်သမားရှာဖွေစုဆောင်းခြင်းမှ စီးပွားရှာသူများ၊ ငွေတိုးချေးစားသူများ၊ ကုန်သည်များ၊ အတုအယောင်သမားများ၊ လူလိမ်များ၊ သူခိုးများ စသဖြင့်) မှ ကြီးစိုးထားသည့် ရှုပ်ထွေးလှသော လူမှုရေးဆိုင်ရာ ပတ်သက်ဆက်နွယ်မှုများ (social relations) အတွင်းသို့ ဝင်ရောက်ခဲ့ပါသည်။

ရှင်းလင်းတိကျမှုမရှိခြင်းနှင့် တရားဝင်မှုမရှိခြင်း

မြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့် သက်ဆိုင်သော ဆန်းစစ်လေ့လာမှုအများစုက ထိုကဲ့သို့သော လူမှုဆက်နွယ်ပတ်သက်မှုဖြစ်စဉ် (social process) ၏ ရှင်းလင်းတိကျမှုမရှိခြင်းနှင့် တရားဝင်မှုမရှိခြင်း၏ သဘောသဘာဝအား မီးမောင်းထိုးပြခဲ့သည်။ ရွှေ့ပြောင်းအလုပ်သမားများစွာတို့သည် နေထိုင်ခွင့်နှင့် အလုပ်လုပ်ကိုင်ခွင့်တရားဝင်ခွင့်ပြုမိန့်များမရှိပဲ လုပ်ငန်းခွင် တည်ရှိရာနိုင်ငံများအတွင်း နေထိုင်လုပ်ကိုင်ကြသည်။ အခြားအလုပ်သမားများစွာတို့မှာ ဥပဒေအရတရားဝင်မှုနှင့် တရားမဝင်မှုကြားတွင် ရှိနေကြသည်။ ဥပမာ ထိုအလုပ်သမားများသည် သက်ဆိုင်ရာနိုင်ငံအတွင်းသို့ တရားဝင် ဝင်ရောက်ခဲ့သော်လည်း ခွင့်ပြုကာလကိုကျော်လွန်ပြီး ဆက်လက်နေထိုင်လုပ်ကိုင်နေခဲ့သည်။ ထိုကဲ့သို့ များပြားလှသော

Rice cultivation in northern Shan State
Photo by Tom Kramer

လူအုပ်ကြီးမှ ၎င်းတို့၏ တာဝန်ကျရာနေရာအတွင်းရှိ စိုက်ခင်းများတွင် အလုပ်လုပ်ကိုင်ကာ ၎င်းတို့၏ နေထိုင်ရာ နေရာများနှင့် စိုက်ခင်းများကြား ထပ်ခါတလဲ နေ့စဉ် ကူးပြောင်းသွားလာနေခဲ့သော်လည်း အာဏာပိုင်များက အဘယ့်ကြောင့် သိမနေပါသနည်း? ၎င်းတို့ အမှန်တကယ် သိနေခြင်းမရှိသည်လည်း ဖြစ်တန်သည်။ တဘက်တွင် လုပ်ငန်းခွင်များတည်ရှိရာနိုင်ငံများ၏ လုပ်ငန်းများနှင့် နိုင်ငံစီးပွားရေးအတွက် ရွှေ့ပြောင်းအလုပ်သမား များသည် အလွန်အရေးပါသောကြောင့် အစိုးရများနှင့် အလုပ်ရှင်များ အနေဖြင့် ထိုကဲ့သို့သော ဥပဒေစည်းမျဉ်းစည်းကမ်း ချိုးဖောက်မှုကို တမင်သက်သက် မသိကျိုးကျွံပြုထားခြင်း ဖြစ်သည်ဟူ၍လည်း ဆိုနိုင်သည်။ ရွှေ့ပြောင်းအလုပ်သမား များ၏ ဆိုးရွားသောအခြေအနေကို နိုင်ငံတွင်းရွှေ့ပြောင်း နေထိုင်သူများအပေါ် မနှစ်မြို့သည့် စိတ်ခံစားချက်များ အရှိန်တက်လာမှသာ ရှင်းလင်းစွာမြင်လာနိုင်သည်။ ဥပမာ အနေဖြင့် မလေးရှားနှင့် စင်ကာပူနိုင်ငံတို့တွင် ကပ်ရောဂါ ကာလအတွင်း ထိုအခြေအနေကို တွေ့မြင်ခဲ့ရပြီးဖြစ်သည်။

ရှင်းလင်းတိကျမှုမရှိခြင်း၊ တရားဝင်မှုမရှိခြင်းအပြင် အသက်ဆက်ရှင်သန်ဖို့ရန်အတွက် အခြားမည်သည့် ရွေးချယ်မှုမှ မရှိဘဲ ကိုယ့်လုပ်အားကိုသာရောင်းချရသူများ နှင့် အရင်းရှင်များ နှစ်ဖက်ကြား ညီမျှမှုမရှိသော ပါဝါ ကြောင့် ရွှေ့ပြောင်းအလုပ်သမားများ၏လုပ်အားကို ဈေး ပေါပေါနှင့်ရရှိနေနိုင်သည်။ အရင်းရှင်များနှင့် အလုပ်သမား ပွဲစားများအနေဖြင့် ဥပဒေအရသတ်မှတ်ပြဋ္ဌာန်းထားသော အနိမ့်ဆုံးလုပ်ခလစာစံနှုန်းများ (လုပ်ခလစာများ၊ အကျိုးခံ စားခွင့်များနှင့် လုပ်ငန်းလုပ်ကိုင် ဆောင်ရွက်မှု အခြေအနေ များ) နှင့်အညီ လိုက်နာကျင့်ကြံဆောင်ရွက် စရာမလိုပေ။ ထို့အပြင် ၎င်းတို့သည် လုပ်သားစွမ်းအားဆင့်ပွား ထိန်းသိမ်းခြင်း (labour social reproduction) အတွက် ကုန်ကျစရိတ်ကိုလည်း ကျခံပေးအပ်စရာမလိုပေ။ ဥပမာ ကျန်းမာရေးစောင့်ရှောက်မှု၊ ကလေးသူငယ်စောင့်ရှောက်မှု၊ လူမှုရေးအာမခံ၊ ပင်စင်၊ လုပ်ခရအားလပ်ရက်များ၊ လုပ်ခရဆေးခွင့်၊ မိခင်ဖြစ်မှုနှင့်ဖခင်ဖြစ်မှုခွင့်ရက်၊ အချိန်ပို အလုပ်ဆင်းခြင်းနှင့် အားလပ်ရက် အလုပ်ဆင်းခြင်း အတွက် ပုံမှန်ကြေးနှင့်မတူသော လုပ်အားခနှုန်းထားများ စသည်တို့အတွက် ကျခံပေးချေစရာ မလိုခြင်းကို ဆိုလို သည်။ ရွှေ့ပြောင်းလုပ်သားများကို တရားဝင်ဖြစ်အောင်၊ ဥပဒေနှင့်ညီအောင် လုပ်ဆောင်လိုက်မည်ဆိုပါက အနိမ့်ဆုံး လုပ်ခလစာ၊ လူမှုဖူလုံရေးအကျိုးခံစားခွင့်များနှင့် လုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို ဥပဒေပါတာဝန်ဝတ္တရား များနှင့်အညီ လိုက်နာကျင့်ကြံဆောင်ရွက်ရမည်ဖြစ်သည်။ လိုက်နာဆောင်ရွက်မှုမရှိပါက ပေးရမည့် အဖိုးအခမှာ ပိုကြီးလာမည် ဖြစ်သည်။ တရားဝင်ပြုလုပ်ပါက အလုပ် သမားပွဲစားများ၏ အမျိုးမျိုးသော ကဏ္ဍကိုလည်း တရား ဝင်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရမည် ဖြစ်ကာ အမြတ်ထုတ်ယူနိုင်သည့် အခွင့်အလမ်းများလည်း လျော့ကျသွားမည် သို့မဟုတ် ပပျောက်သွားမည်ဖြစ်သည်။

ထိုကဲ့သို့ ရွှေ့ပြောင်းလုပ်ငန်းအား ရှင်းလင်းတိကျစွာ

(ပုံ-၃) ကွမ်တုံး၊ ကွမ်ရှီး၊ ယူနန်၊ ဘေဂျင်း၊ ရှန်ဟိုင်းနှင့် အန်းဟွေးပြည်နယ်တို့တွင် အနိမ့်ဆုံးလုပ်ခလစာစံနှုန်းများ (ယွမ်ငွေဖြင့်)





မှတ်ချက် - ၂၀၂၀ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ ဒေတာအချက်အလက်များဖြစ်သည်။

ရင်းမြစ် - http://www.mohrss.gov.cn/SYrlzyhshbzb/laodongguanxi_/fwyd/202004/t20200426_366507.html

မှတ်ချက် - ဘေဂျင်းတွင် တစ်နာရီ အနိမ့်ဆုံးလုပ်ခငွေကြေးပမာဏ အများဆုံးဖြစ်သည်။ ရှန်ဟိုင်းတွင် တစ်လ အနိမ့်ဆုံးလုပ်ခလစာပမာဏ အများဆုံးဖြစ်သည်။ အန်းဟွေးပြည်နယ်တွင် တစ်လ အနိမ့်ဆုံးလုပ်ခလစာ အနည်းဆုံးဖြစ်သည်။ ယူနန်ပြည်နယ်တွင် တစ်နာရီ အနိမ့်ဆုံးလုပ်ခငွေကြေးပမာဏ အနည်းဆုံးဖြစ်သည်။

အဆင့်(၁): ပြည်နယ်မြို့တော်များတွင် အကျုံးဝင်သည်၊ အဆင့်(၂): အခြားမြို့များ၊ အဆင့်(၃): ကောင်တီများ၊ အဆင့်(၄): မြို့နယ်များ

ဆောင်ရွက်ခြင်း၊ တရားဝင်မှုပြုခြင်းတစ်ခုတည်းဖြင့် ရွှေ့ပြောင်းအလုပ်သမားများအတွက် ပိုကောင်းသည့် လုပ်ခလစာ၊ အကျိုးခံစားခွင့်များ၊ လုပ်ငန်းခွင်အခြေအနေများ သူ့အလိုအလျောက် ပြောင်းလဲသွားမည်မဟုတ်ပါ။ ဤသုတေသနအနေဖြင့် ရွှေ့ပြောင်းအလုပ်သမားများ ထွက်ခွာလာခဲ့သည့် နိုင်ငံများနှင့် လက်ခံခဲ့သည့်နိုင်ငံများ နှစ်ဖက်စလုံးတွင် အပြောင်းအလဲများ နက်နက်ရှိုင်းရှိုင်းပြုလုပ်ရန် လိုအပ်သည်ဟု အကြံပြုထားပါသည်။

မြန်မာနိုင်ငံ၊ တရုတ်နိုင်ငံတောင်ပိုင်းဒေသ၊ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံအတွင်း ဥပဒေအရ သတ်မှတ်ပြဋ္ဌာန်းထားသည့် အနိမ့်ဆုံးလုပ်ခလစာပမာဏများကို လေ့လာကြည့်ကြပါစို့။ ထိုဂဏန်းများကိုကြည့်ခြင်းအားဖြင့် ရွှေ့ပြောင်းလုပ်ငန်း မည်သည့်အတွက်ကြောင့် ပေါ်ထွန်းခဲ့သည် သို့မဟုတ် ဆက်လက်တည်မြဲနေသည်ကို မသိနိုင်ပါ။ သို့သော် မြန်မာရွှေ့ပြောင်းအလုပ်သမားများကို ပေးချေသော လုပ်ခလစာများသည် (အများဆုံးပမာဏအနေဖြင့်) အဆိုပါလူမှုအဖွဲ့အစည်းများအတွင်း တရားဝင် သတ်မှတ်ပြဋ္ဌာန်းထားသည့် အနိမ့်ဆုံးလုပ်ခလစာပမာဏများ လောက်သာ ဖြစ်နေသည်။

ဤကိစ္စရပ်နှင့်နီးနီးကပ်ကပ်ဆက်နွယ်နေသော ပြဿနာအချို့ရှိသည်။

(က) မြန်မာနိုင်ငံနှင့် ရွှေ့ပြောင်းသွားရောက်လုပ်ကိုင်သောနိုင်ငံများကြားတွင် စံသတ်မှတ်ထားသော အနိမ့်ဆုံး လုပ်ခလစာပမာဏများ ကြီးကြီးမားမားကွာဟမှုရှိနေသည်။

(ခ) အဆိုပါနိုင်ငံများ၏ အနိမ့်ဆုံးလုပ်ခလစာပမာဏများက ထိုနိုင်ငံများ၏အခြေအနေနှင့်နှိုင်းယှဉ်လျှင်ပင် နည်းပါးနေသည်။ ယင်းအတွက်ကြောင့် ထိုနိုင်ငံမှ ဒေသခံများအနေဖြင့် ထိုကဲ့သို့ အလုပ်အမျိုးအစားများကို ရှောင်ခြင်းလည်း ဖြစ်နိုင်သည်။

(ဂ) အစောပိုင်းတွင်တင်ပြခဲ့သကဲ့သို့ပင် မြန်မာနိုင်ငံတွင်းရှိ ဇာတိကျေးရွာမှ အလုပ်သွားရောက်လုပ်ကိုင်သောနေရာဌာနဆီသို့နှင့် အလုပ်နေရာဌာနမှဇာတိကျေးရွာဆီသို့ လုပ်သားစီးဆင်းမှုများကို အဆင့်ဆင့်သော အလုပ်သမား ပွဲစားများကသာ အဓိကထိန်းချုပ်မောင်းနှင်နေသည်။ ထိုကဲ့သို့

(ဇယား-၄) မြန်မာ၊ ထိုင်း၊ မလေးရှားနှင့် တရုတ်နိုင်ငံ (ယူနန်ပြည်နယ်) အတွင်း တစ်လအတွက် အနိမ့်ဆုံးလုပ်ခလစာ (ကျပ်ငွေဖြင့်)

နိုင်ငံ/ပြည်နယ်	အနိမ်ဆုံးလုပ်ခလစာ	မှတ်ချက်
မြန်မာ	၁၂၅,၀၀၀	၂၀၁၉ ခုနှစ် နှောင်းပိုင်း စာရင်းအရ
ထိုင်း	၃၅၀,၀၀၀	၂၀၁၈ ခုနှစ်စာရင်းအရ၊ လုပ်ခလစာအနိမ့်ပိုင်းအဆင့်
မလေးရှား	၃၅၀,၀၀၀	၂၀၁၉ ခုနှစ်
တရုတ်နိုင်ငံ (ယူနန်ပြည်နယ်)	၂၆၁,၀၀၀	၂၀၂၀ ခုနှစ်၊ မြို့နယ်နှင့်ကောင်တီအဆင့်
တရုတ် (ယူနန်ပြည်နယ်)	၂၉၆,၀၀၀	၂၀၂၀ ခုနှစ်၊ အသေးစား၊ အလတ်စားမြို့များ၊ (ကူမင်းမြို့မှလွဲ၍)

ရင်းမြစ် - စာရေးသူများမှ မတူသောရင်းမြစ်များမှ ထုတ်နှုတ်စုစည်းတင်ပြထားသည်။

အနေအထားများကြောင့် ၎င်းတို့အနေဖြင့် ရွှေ့ပြောင်း အလုပ်သမားများ၏ အဆမတန်နည်းနေပြီးဖြစ်သော လုပ်ခများမှ ထပ်ဆင့်ဖြတ်ယူရန် အခွင့်အလမ်းကို အတားအဆီးမရှိ ရနေကြသည်။

(ဃ) ရှုင်းလင်းတိကျမှုမရှိစွာ တည်ဆောက်ထားသည့် ရွှေ့ပြောင်းလုပ်ငန်းများဖြစ်ခြင်းကြောင့် လုပ်အားခခေါင်းပုံဖြတ်ခြင်းနှင့် ထိခိုက်လွယ်သည့် လုပ်ငန်းဝန်းကျင်တို့ ဖြစ်လာစေရန် ပိုအခွင့်အလမ်းပေးသည်။

(င) ပုံမှန်အလုပ်အကိုင်တစ်ခုတွင် ရရှိနိုင်မည့် လူမှုရေးနှင့် ကျန်းမာရေးအာမခံနှင့် အလုပ်သမားများ၏ အခြား အခွင့်အရေးများနှင့် အကျိုးခံစားခွင့်များ ရရှိနိုင်မှု အတော်ပင် နည်းပါးသည်။

တရုတ်နိုင်ငံကိုဦးတည်သော မြန်မာရွှေ့ပြောင်းအလုပ်သမားအများစု အလုပ်သွားရောက်လုပ်ကိုင်သည့် ယူနန် ပြည်နယ်တွင် မြို့တော်မှအပ မြို့နယ်များ၊ ကောင်တီများနှင့် မြို့ငယ်လေးများအတွင်း၌ သတ်မှတ်ပြဋ္ဌာန်းထားသော အနိမ့်ဆုံးလုပ်ခလစာများမှာ ၂၀၂၀ ခုနှစ် မတ်လအထိ စာရင်းများအရ တစ်လလျှင် ယွမ်ငွေ (၁၃၅၀) မှ (၁၆၇၀) အထိ (ကျပ်ငွေနှစ်သိန်းခြောက်သောင်းမှ သုံးသိန်းနှစ်သောင်းအထိ) နှင့် တစ်နာရီအတွက် (၁၄) ယွမ်မှ (၁၇.၅) ယွမ် အထိ (ကျပ်ငွေ ၂,၇၀၀ မှ ၃,၃၈၀ အထိ) အမျိုးမျိုးကွဲပြားခြားနားမှုရှိသည်[၁၄] ((ပုံ-၄) ကိုရှုပါ)။ ယင်းသည် အလွန်နည်းပါးသော နှုန်းထားများဖြစ်သည်။ ယူနန် နှင့် ၎င်းနှင့်အလားတူဆင်းရဲနွမ်းပါးသော ပြည်နယ်များအတွင်းရှိ မြန်မာရွှေ့ပြောင်း အလုပ်သမားများစွာ သွားရောက်လုပ်ကိုင်နေသည့် မြို့နယ်များနှင့် ကောင်တီများကဲ့သို့သော အချက်အချာမကျသောမြို့ငယ်များတွင်သာ အထူးသဖြင့် ကြံခုတ်ခြင်းကဲ့သို့သော စိုက်ပျိုးရေးအလုပ်တွင်သာ တွေ့မြင်ရသောနှုန်းထားများဖြစ်သည်။ အနိမ့်ဆုံးလုပ်ခလစာ တစ်လလျှင် ယွမ်ငွေ (၂,၄၈၀) (ကျပ်ငွေ ၄၈၀,၀၀၀) သို့မဟုတ် တစ်နာရီ ၂၂ ယွမ် (၄,၂၅၀ ကျပ်) ရရှိသော ရှန်ဟိုင်းကဲ့သို့သော အဓိကမြို့ကြီးများနှင့် နှိုင်းစာလျှင် အတော်ပင် နည်းပါးနေသည်ကို တွေ့မြင်နိုင်သည်။ ထို့ကြောင့်ပင် တရုတ်အလုပ်သမားများက အနိမ့်ဆုံးလုပ်ခလစာ ပိုမိုမြင့်မားသော မြို့ကြီးများ နှင့် ပြည်နယ်များသို့ သွားရောက်လုပ်ကိုင်လိုကြသည်ဖြစ်ပေမည်။

အကျိုးဆက်အားဖြင့် မြန်မာနိုင်ငံမှဈေးပေါသော အလုပ်သမားများအတွက် ယူနန်ပြည်နယ်အတွင်းရှိ စိုက်ပျိုးရေးနယ်မြေဒေသများ၊ အသေးစားနှင့် အလတ်စားမြို့များတွင် အလုံးအရင်းနှင့် ဝင်ရောက်အလုပ်လုပ်ကိုင်နိုင်မည့် အခြေအနေတစ်ရပ်ပေါ် ပေါက်လာခဲ့သည်။ တဖက်တွင် တရုတ်ကျေးလက်များမှမြို့ပြသို့ အကြီးအကျယ် ရွှေ့ပြောင်းအခြေချလုပ်ကိုင်မှုကြောင့် ကျေးရွာများစွာတို့တွင် လူဦးရေတစ်ဝက်ခန့် လျော့ကျသွားခဲ့သည်။ တနည်းအားဖြင့်ဆိုရသော် ထိုနေရာများသည် 'ကျန်ရစ် လူထုတစ်ရပ်' ဖြင့် တစ်ဝက်တစ်ပျက် ဖြည့်ထားသည် ဟုဆိုနိုင်သည်။ အထူးသဖြင့် ကလေးငယ်များ၊ သက်ကြီးရွယ်အိုများ၊ နာမကျန်းသူများ နှင့် ကျန်းမာရေးမကောင်းသူများ (ဥပမာအားဖြင့် မြို့ပြနေရာများသို့ ပိုကောင်းသည့် လုပ်အားခရရန် ရွှေ့ပြောင်းအလုပ်လုပ်သူများ ချန်ရစ်ခဲ့ရလေ့ရှိသော အိမ်

[၁၄] ငွေလဲနှုန်းသည် OANDA ၏ ၃၀ မေလ ၂၀၂၀ခုနှစ် ငွေလဲနှုန်းအပေါ် မူတည်၍ တွက်ထားပါသည်။ https://www1.oanda.com/currency/converter/ .

ထောင်စုဝင်များ) ဖြစ်သည်။[၁၅] သို့ဖြစ်ရာ မြန်မာရွှေ့ပြောင်း အလုပ်သမားများက အဆိုပါကျေးရွာလူမှု အသိုက်အဝန်း များအတွက် (ယာယီ သို့မဟုတ် ရာသီအပေါ်မူတည်၍ ဖြစ်ပါစေ) ပုံစံတစ်မျိုးဖြင့် လူဦးရေပြန်လည်ဖြည့်တင်း ပေးနေခြင်းဖြစ်သည်ဟု ဆိုနိုင်ပေ၏။ ထိုသို့သော အကြောင်းရင်းကြောင့် လစ်ဟာသွားသည့် မြန်မာနိုင်ငံကျေးလက်ဒေသများ အတွင်း ပုံစံတူ 'ကျန်ရစ်လူထု တစ်ရပ်' (left-behind population) ဖြစ်လာခဲ့သည်။

သို့သော် တရုတ်နိုင်ငံတွင်း အဆင်းရဲဆုံးပြည်နယ်များ၏ မြို့နယ်များနှင့် ကောင်တီများတွင်ပင် အနိမ့်ဆုံးလုပ်ခလစာပမာဏများမှာ ရှန်ဟိုင်း၊ ဂွမ်ဒေါင်းတို့ထက် နည်းနေသေးသော်လည်း မြန်မာနိုင်ငံတွင်း တစ်ရက်လျှင် (၄,၈၀၀) ကျပ်အဖြစ် တရားဝင်သတ်မှတ်ပြဋ္ဌာန်းထားသော အနိမ့်ဆုံး လုပ်ခလစာပမာဏ (၂၀၁၉ ခုနှစ်မှစ၍) ထက် များစွာ ပိုမိုများပြားနေသေးသည်။ တစ်ရက်(၄၈၀၀) ကျပ်ဆိုလျှင် တစ်လ (အလုပ်လုပ်ရက် ၂၄ ရက်ဖြင့်တွက်လျှင်) (၁၁၅,၀၀၀) ကျပ်ခန့်သာရရှိနိုင်သည်။ ယူနန်ပြည်နယ် အတွင်း လယ်ယာအလုပ်အတွက် ရရှိနိုင်သည့် အနိမ့်ဆုံး ဆိုသော လုပ်အားခပမာဏများ၏ သုံးပုံတစ်ပုံခန့်သာ ရှိသည်။ ကိုးကားနှိုင်းယှဉ်စရာတစ်ခုအဖြစ်ဆိုရလျှင် သာမန်အရည်အသွေး ရှိသော ဆန် တစ်ကီလိုဈေးနှုန်းမှာ ငွေကျပ် (၁၅၀၀) ခန့်ရှိသည်။ ထိုပမာဏမှာ မြန်မာနိုင်ငံ၏ တရားဝင်သတ်မှတ်ပြဋ္ဌာန်းထားသော တစ်ရက်အနိမ့်ဆုံး လုပ်ခငွေကြေးပမာဏ၏ သုံးပုံတစ်ပုံခန့်ပင်ရှိလေသည်။

ထို့အပြင် တရုတ်နိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍတွင် ထုတ်ကုန် အရေအတွက်အလိုက် လုပ်အားခရှင်းပေးသောပုံစံ (piece rate) ဖြင့် အလုပ်လုပ်ရသည်။ အလုပ်သမားများမှာ ဝင်ငွေပိုမိုရရှိအောင် ခံနိုင်ရည်ထက်ပိုပြီး လုပ်ကိုင်လေ့ ရှိသည်။ ထိုသို့အလုပ်လုပ်ကိုင်မှုပုံစံက အားအင်ကုန်ခမ်း ခြင်း၊ ဖျားနာမှုများနှင့် မတော်တဆထိခိုက်မှုများ ဖြစ်ပေါ် စေပြီး ရုပ်ခန္ဓာ ပိုင်းဆိုင်ရာအန္တရာယ် ကြီးမားလှသည်။ ဤလေ့လာမှုအတွက် ကျွန်ုပ်တို့မေးမြန်းခဲ့သည့် အသက် ၃၀ နှစ်အရွယ် တအာင်း အမျိုးသားတစ်ဦးက ကျွန်ုပ်တို့ကို အောက်ပါအတိုင်းပြန်ပြောင်းပြောပြခဲ့သည်။

ကျွန်တော်တရုတ်ပြည်မှာ လေးလလောက် ကြံသွားခုတ် ခဲ့တယ်။ ခုတ်ပြီးတဲ့ ကြံပင်အရေအတွက်ပေါ်မူတည်ပြီး ကျွန်တော်တို့ ပိုက်ဆံရတယ်။ ကျွန်တော်အပါအဝင် မြန်မာနိုင်ငံသား ကိုးယောက်နဲ့အတူတူ အလုပ်လုပ်ခဲ့တာ။ မနက်စာစားပြီးတာနဲ့ စလုပ်ရော၊ နေ့လယ်ထမင်းစား ခဏနားပြီး တောက်လျှောက်လုပ်လိုက်တာဆို ညနေခင်း တော်တော့်ကိုနောက်ကျတဲ့အထိပဲဗျ။ ကျွန်တော်တို့ ဘယ် နှစ်နာရီ အလုပ်လုပ်ခဲ့ကြလဲဆိုတာတော့ အတိအကျ မသိပါ ဘူး။ လုပ်နိုင်တဲ့အတိုင်းအတာအထိလုပ်တယ်ပေါ့ဗျာ။ ကြံ ပင်များများခုတ်နိုင်လေလေ ပိုက်ဆံများများ ရလေလေဆို တော့။ ပျမ်းမျှအားဖြင့်တော့ ကျွန်တော် တစ်လကို ယွမ် (၂၀၀၀) (ကျပ်ငွေ ၃၈၀,၀၀၀) လောက်ရတယ်။ ကျွန်တော် တို့အလုပ်လုပ်တဲ့နေရာက ရွာထဲမှာဗျ။ ကပ်ရောဂါကာလ ထဲမှာ ကျွန်တော်တို့ကို သီးသန့် ကာကွယ်ရေးပစ္စည်းတွေ ပေးခဲ့တာမရှိပါဘူး။ ဒါပေမယ့် ကျွန်တော်တို့ကို မြို့ပေါ်ရော၊ တစ်ခြားနေရာတွေ ကိုရော သွားခွင့်မပေးဘူး။ ရောဂါ မကူးစက်အောင် ကြိုတင်ကာကွယ်ဖို့ဆိုပြီး ကျွန်တော်တို့ ရွာထဲက အလုပ်ခွင်ထဲမှာပဲ နေခဲ့ရတယ်။

မြန်မာနိုင်ငံ၏ ကျေးလက်ဒေသများနှင့် ရွှေ့ပြောင်းအလုပ် သမားများ သွားရောက်လုပ်ကိုင်ကြသည့် အခြားနိုင်ငံများနှင့် အခြေအနေမှာလည်း ဆင်တူဖြစ်သည်။ ၂၀၁၈ ခုနှစ် စာရင်း အရ ထိုင်းနိုင်ငံတွင်း အနိမ့်ဆုံးလုပ်အားခမှာ နယ်မြေဒေသ ပေါ်မူတည်ပြီး တစ်ရက်လျှင် (၃၁၃) ဘတ်မှ (၃၃၆) ဘတ်အထိ (ငွေကျပ် ၁၃,၆၀၀ မှ ၁၄,၆၀၀ အထိ) ရှိသည် ((ဇယား-၄) တွင်ရှုပါ)။[၁၆] ပိုနိမ့်သောလုပ်ခလစာစကေးဖြင့် အလုပ်လုပ်ကိုင်သော အလုပ်သမားတစ်ဦးသည် တစ်လ လျှင် (၂၄) ရက် အလုပ်လုပ်ကိုင်ပြီး အနိမ့်ဆုံးလုပ်ခကို အပြည့် အဝရရှိမည်ဆိုလျှင် ငွေကျပ် (၃၅၀,၀၀၀) အထိ ဝင်ငွေရရှိနိုင်သည့်အပြင် နေထိုင်ရေးနှင့် စားသောက်ရေး အသုံးစရိတ်များ နှင့် အလုပ်သမားပွဲစားခများအတွက်လည်း များများစားစားကုန်ကျစရာ မလိုပေ။ ၂၀၁၉ ခုနှစ်တွင် မလေးရှားနိုင်ငံတွင်း အနိမ့်ဆုံးလုပ်ခလစာမှာ တစ်လ (အလုပ်လုပ်ရက် ၂၄ ရက်) လျှင် ရင်းဂစ် ၁၁၀၀ (ကျပ်ငွေ ၃၅၀,၀၀၀) ဖြစ်ပြီး ၂၀၂၀ ခုနှစ်တွင် ရင်းဂစ် ၁၂၀၀ ထိတိုးမည်ဟု သိရသည်။[၁၇] မြန်မာနိုင်ငံတွင်း အနိမ့်ဆုံး

[၁၅]တရုတ်နိုင်ငံ၏ "ကျန်ရစ်လူထုတစ်ရပ်" နှင့် ပတ်သက်၍ လေ့လာလိုပါက Ye et al. (2013) နှင့် Ye (2018) ကြည့်ပါ။

[၁၆]https://www.nationthailand.com/news/30379141; downloaded 02 June 2020.

လုပ်ခလစာသည် တရုတ်၊ မလေးရှားနှင့် ထိုင်းနိုင်ငံတွင်း အနိမ့်ဆုံးလုပ်ခလစာပမာဏများ၏ တစ်ဝက်မှ သုံးပုံတစ်ပုံ အထိသာ ရှိကြောင်း တွေ့မြင်ရသည်။

တွေ့ဆုံမေးမြန်းမှုများအရ တရုတ်နိုင်ငံတောင်ပိုင်းဒေသတွင် ရွှေ့ပြောင်းအလုပ်သမားတစ်ဦးသည် ယူနန်ပြည်နယ် အတွင်းရှိ မြို့နယ်များနှင့် မြို့ငယ်လေးများတွင် လယ်ယာ အလုပ် (အထူးသဖြင့် ကြံခုတ်ခြင်း) နှင့် အမျိုးမျိုးသော ကျပန်းအလုပ်များမှ တစ်လလျှင် ငွေကျပ် (၃၀၀,၀၀၀) ခန့်ရရှိသည်။ ထိုပမာဏသည် ယူနန်ပြည်နယ်၏ အဆိုပါ နယ်မြေဒေသများအတွင်း သတ်မှတ်ထားသော အနိမ့်ဆုံး လုပ်ခလစာနှင့် တန်းတူခန့်ရှိသည့်ပမာဏဖြစ်၏ (တရုတ် အလုပ်သမားများရနိုင်သည့် လုပ်ခငွေကြေးမဟုတ်သော ဥပဒေအရသတ်မှတ်ပြဋ္ဌာန်းထားသည့် အကျိုးခံစားခွင့်များ မရှိပါ)။ သို့သော် ဤလေ့လာမှုအတွင်း တွေ့ဆုံ မေးမြန်းမှု များအရ ထိုပမာဏကိုရရှိရန် ရွှေ့ပြောင်းအလုပ်သမား

(ပုံ-၅) ထိုင်းနိုင်ငံတွင်း အလုပ်လုပ်ကိုင်နေသော အရှေ့တောင်အာရှသား (မြန်မာအပါအဝင်) ရွှေ့ပြောင်းအလုပ်သမား များထံမှ အရေးဆိုတိုင်တန်းမှုအများဆုံး အကြောင်းအရာ (၅) ရပ် (အရေအတွက်=၁၆၀)



ရင်းမြစ် - Harkins and Ahlberg (၂၀၁၇: ၂၆)

(ပုံ-၆) မလေးရှားနိုင်ငံတွင်း အလုပ်လုပ်ကိုင်နေသော အရှေ့တောင်အာရှသား (မြန်မာအပါအဝင်) ရွှေ့ပြောင်းအလုပ် သမားများထံမှ အများဆုံးအရေးဆိုတိုင်တန်းမှုအများဆုံး အကြောင်းအရာ (၅) ရပ် (အရေအတွက်=၂၆၃)

ရင်းမြစ် - Harkins and Ahlberg (၂၀၁၇: ၂၅)

တစ်ဦးသည် တစ်ပတ်လျှင် ခုနစ်ရက်ဆက်တိုက် (တစ်ပတ် ၅ ရက် မဟုတ်ပါ) လုပ်ကိုင်ရပြီး အချို့ကဏ္ဍများတွင် (ဥပမာ ကြံခုတ်လုပ်ခြင်း) ထုတ်ကုန်အရေအတွက်အလိုက် (piece rate) လုပ်အားခပေးချေသည်ဖြစ်ရာ နေ့စဉ်နေ့တိုင်း အချိန်ကြာရှည်စွာ ပင်ပင်ပန်းပန်းလုပ်ကိုင်ရသည်။ ကမ္ဘာ နေရာ တော်တော်များများတွင် အမှုမဲ့အမှတ်မဲ့ထားတတ် သည့် လုပ်ခလစာနှင့် လုပ်ခလစာမဟုတ်သော အကျိုး ခံစားခွင့်များ (ဥပမာ အချိန်ပိုကြေး၊ ရုံးပိတ်ရက်နှင့် အား လပ်ရက် အလုပ်ဆင်းခြင်းအတွက် သတ်မှတ်အပိုကြေးနှုန်း ထားများဖြင့်ပေးချေမှု၊ လူမှုဖူလုံရေးနှင့်ကျန်းမာရေးအာမခံ) သည် ရွှေ့ပြောင်းအလုပ်သမားများအတွက် မရှိသလောက် ပင်ဖြစ်သည်။ ထို့အပြင် ရွှေ့ပြောင်းအလုပ်သမားများသည် ဝင်ငွေ မရခင်ကပင်လျှင် အလုပ်သမားပွဲစား၊ အလုပ်နေရာ ဌာနသို့သွားလာမှုကုန်ကျစရိတ် (သက်ဆိုင်မှုရှိသည့်နေရာ များတွင်) နေထိုင်ခွင့်သက်တမ်းတိုးမှုကုန်ကျစရိတ် စသည် တို့အပါအဝင် အလုပ်အကိုင်ရရှိရန်အတွက် ငွေကြေးကုန်

[၇၇] https://www.thestar.com.my/news/nation/2020/01/14/new-minimum-wage-gazetted; downloaded 02 June 2020.

ကျခံရသည်။ ခံသာစရာအချက်တစ်ချက်မှာ အများအားဖြင့် ရွှေ့ပြောင်းအလုပ်သမားများကို နေထိုင်မှုနှင့် စားသောက်မှုအတွက် (အနည်းဆုံး တရုတ်နိုင်ငံတွင်းလယ်ယာ လုပ်ငန်းတွင်) အခမဲ့စီစဉ်ပေးခြင်းပင်ဖြစ်သည်။ အောက်ဖော်ပြပါ (ဇယား-၅) နှင့် (ပုံ-၇) ကိုရှုပါ။

အလုပ်နေရာများတွင် နေထိုင်မှုနှင့်အလုပ်လုပ်ကိုင် ဆောင်ရွက်မှု ဝန်းကျင်အခြေအနေများ

ကျွန်တော့်မျက်စိ သိပ်မကောင်းလို့ ခဏခဏဆေးခန်း ပြရတယ်။ တစ်ချိန်တည်းမှာပဲ ကြံခုတ်နေရင်း ကျွန်တော့် လက်ဓားထိသွားတယ်။ အဲဒီမှာက ဆေးကုသမှုခံယူဖို့ ခက်ခဲတယ်လေ။ ဒါ့ကြောင့် ကျွန်တော်ပြန်လာခဲ့တာ။ အလုပ်လုပ်နေရင်း မတော်တဆထိခိုက်ခဲ့တာဆိုပေမယ် အလုပ်ရှင်က ဆေးကုဖို့ ဘာမှလုပ်မပေးဘူး။ လက်ထိခိုက်သွားလို့ အလုပ်မလုပ်နိုင်တဲ့ရက်တွေအတွက်တောင် နေ့စားခ မပေးဘူးဗျ။ ဒါနဲ့ပဲ ကျွန်တော်အိမ်ပြန်မယ်လို့ ဆုံးဖြတ်လိုက်တယ်။ ဒါပေမယ့် ကြံခုတ်ရာသီက မေလမှ ပြီးမှာဆိုတော့ အလုပ်ရှင်က ကျွန်တော့်ရဲ့လုပ်အား ခတွေကို အပြည့်မရှင်းပေးဘူး။ သုံးပုံတစ်ပုံပဲ ပေးခဲ့တယ်။ အဲ့ဒီငွေကိုသုံးပြီး ကျွန်တော် အိမ်ပြန်ခဲ့ရတာပေါ့ဗျာ။ (အသက် ၃၀ အရွယ် မကွေးတိုင်းဒေသကြီးမှ အမျိုးသားတစ်ဦး)

တွေ့ဆုံမေးမြန်းခဲ့သော ရွှေ့ပြောင်းအလုပ်သမားများသည် အကြောင်းအရာနှစ်ခုကို ဖောင်းပေးပြောကြားဖြေဆိုလေ့ရှိသည်။ (၁) သူတို့သည် မြန်မာနိုင်ငံအတွင်း လုပ်ကိုင်ရရှိသော ငွေပမာဏ၏ နှစ်ဆ သို့မဟုတ် သုံးဆခန့်ရရှိကြောင်း နှင့် (၂) ပြန်လည်သွားနိုင်မည့် အချိန်ရောက်လျှင် တရုတ် သို့မဟုတ် ထိုင်း သို့မဟုတ် မလေးရှားနိုင်ငံသို့ ပြန်လည်သွားရောက်လုပ်ကိုင်မည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။ ထိုကဲ့သို့သော ပြောဆိုချက်များအရ ၎င်းတို့ အလုပ်လုပ်ရာ နေရာဒေသများတွင် ဆိုးရွားပြင်းထန်သောပြဿနာများမရှိ ဟု မှတ်ယူ၍မရပါ။ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှု မတိုင်ခင်ကာလများ၌ပင် ရွှေ့ပြောင်းအလုပ်သမားတိုင်းသည် ၎င်းတို့ အလုပ်သွားရောက် လုပ်ကိုင်သော နိုင်ငံအတွင်း အနိမ့်ဆုံးလုပ်ခလစာ သို့မဟုတ် သင့်လျော်သော အလုပ်လုပ်ကိုင်ဆောင်ရွက်မှု ဝန်းကျင်အခြေအနေများ ရရှိခံစားနိုင်ပါက အလွန်ကံကောင်းသည်ဟု သတ်မှတ်နိုင်သည်။ ထိုအကြောင်းကို အရှေ့တောင်အာရှနိုင်ငံများ (မြန်မာ၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်) မှ ရွှေ့ပြောင်းအလုပ်သမားများနှင့် ပတ်သက်၍ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ အဖွဲ့ (ILO) ၏ အစီရင်စာတစ်စောင်က သေသေချာချာလေ့လာ တင်ပြထားသည်။ (ပုံ-၅) နှင့် (ပုံ-၆) ကိုရှုပါ။[၁၈]

တရုတ်နိုင်ငံနှင့်စာလျှင် မလေးရှားနှင့် ထိုင်းနိုင်ငံတို့တွင် လုပ်ခလစာနှင့် အလုပ်လုပ်ကိုင်ဆောင်ရွက်မှုဝန်းကျင် အခြေအနေများ ပိုမိုကောင်းမွန်သည်ဟု သမာရိုးကျ ပြောဆိုကြသည်ကို မကြာခဏကြားတွေ့ရပါသည်။ အထက်မှ ILO လေ့လာမှုအရ (ပုံ-၅) နှင့် (ပုံ-၆) ကိုကြည့်လျှင် ယေဘုယျအားဖြင့် အဆိုပါ နိုင်ငံ (၃) နိုင်ငံလုံးတွင် ထိုင်းနိုင်ငံနှင့်မလေးရှားနိုင်ငံအတွင်း ရွှေ့ပြောင်းအလုပ်သမားများ၏ အရေးဆိုတိုင်တန်းမှုကြိမ်နှုန်းကို ကြည့်လျှင် ထူးပြီး ကွာခြားမှု မရှိကြောင်း တွေ့မြင်ရသည်။ ထို့အပြင် လုပ်ခလစာအပြည့်မပေးခြင်း (စံသတ်မှတ်ထားသော အနိမ့်ဆုံးလုပ်ခလစာပမာဏအောက် လျှော့နည်းပေးချေခြင်း သို့မဟုတ် လုပ်ခလစာများကို ထိန်းသိမ်းထားခြင်းဖြင့်) မှာ ယခုကပ်ရောဂါကာလတွင်မှ ဖြစ်တည်လာခဲ့သည် မဟုတ်ဘဲ ရွှေ့ပြောင်းလုပ်ငန်းလောကအတွင်း ရှေးမဆွကပင်ဖြစ် တည်နေသော ပုံမှန်လုပ်ရပ်တစ်ခုသာဖြစ်သည်ဟု ဆိုနိုင်သည်။

ထိုင်းနိုင်ငံတွင်း အလုပ်လုပ်ကိုင်ခဲ့သည့် မွန်ပြည်နယ်မှ အသက် (၄၄) နှစ် အရွယ် အမျိုးသမီးတစ်ဦးကို တွေ့ဆုံမေးမြန်းခဲ့ရာ သူမ၏ဘဝဇာတ်ကြောင်းကို အောက်ပါအတိုင်းပြောပြခဲ့သည်။

ကျွန်မ လေးတန်းအထိ ကျောင်းနေခဲ့တယ်။ မိဘတွေကို ကူညီဖို့နဲ့ မောင်လေး၊ ညီမလေးတွေကို ကြည့်ရှုစောင့်ရှောက်ဖို့ ကျွန်မကျောင်းနားခဲ့တယ်။ နောက်ပိုင်းမှာ စက်ချုပ်သင်ပြီး စက်ချုပ်သမားအဖြစ် အလုပ်လုပ်ခဲ့သေးတယ်လေ။ ဒါပေမယ့် စက်ချုပ်အပ်စူးပြီး ကြီးကြီးမားမား ထိခိုက်ဒဏ်ရာရခဲ့လို့ အဲဒီအလုပ်ကို ရပ်နားလိုက်ရ တယ်။ အဒေါ်ရဲ့အကူအညီနဲ့ ကျွန်မတို့မြို့နယ်က ဈေးကြီးထဲမှာ

[၁၈] https://www.ilo.org/wcmsp5/groups/public/---asia/---ro-bangkok/documents/publication/wcms_565877.pdf

အထည်ဆိုင်လေးတစ်ဆိုင်ဖွင့်ခဲ့တယ်။ ကျွန်မက အသက်ကလည်းငယ်သေး၊ စီးပွားရေးလုပ်ငန်းတစ်ခုကိုဦးဆောင်ဖို့အတွေ့အကြုံကလည်းမရှိဘူးလေ။ လူတွေက ကျွန်မဆီမှာကတိခံပြီး ပစ္စည်းတွေယူသွားကြတာ၊ လုံးဝပြန်မပေးကြဘူး။ ဒီလိုနဲ့ပဲ ဆိုင်လည်း ပိတ်လိုက်ရတယ်။ နောက်တော့သူငယ်ချင်းတွေနဲ့ပေါင်းပြီး ရန်ကုန်မှာ ဆားနဲ့အုန်းသီးရောင်းခဲ့တယ်။ ရေခဲမုန့် လုပ်ငန်းတွေဆီကို ရောင်းတာပေါ့။ ကျွန်မရဲ့မိဘတွေကတော့ ခွင့်မပြုဘူး။ ရန်ကုန်မှာ လူနေမှုစရိတ်ကကြီးတော့ လုပ်ငန်းမအောင်မြင်ဘူး၊ ကံကလည်းမကောင်းဘူးလေ။ ဒါနဲ့ပဲ တစ်နှစ်လောက်လုပ်ပြီး ရွာကိုပဲပြန်လာခဲ့တယ်။

ပြန်လာပြီးတော့လည်း ကျွန်မမိဘတွေ စားဝတ်နေရေးအတွက် ခက်ခက်ခဲခဲရုန်းကန်နေရတာကို မကြည့်ရက်ဘူးလေ။ ဒီလိုနဲ့ ကျွန်မက မိဘတွေကိုအသိမပေးဘဲ သူတို့ဆင်ထားတဲ့နားကပ်ကိုရောင်း၊ ပေးရမယ့် အလုပ်သမား ပွဲစားခသုံးသိန်းကို အဲ့ဒီအလုပ်သမားပွဲစားဆီကပဲ အတိုးနဲ့ချေးပြီး ထိုင်းနိုင်ငံထွက် အလုပ်လုပ်ခဲ့တယ်။ အစပိုင်းမှာတော့ ကျွန်မက ထိုင်းမှာအလုပ်လုပ်လာတာကြာပြီဖြစ်တဲ့ မိတ်ဆွေအမျိုးသမီးတစ်ယောက်နဲ့ သမိုင်းပြတိုက်တစ်ခုမှာ အတူတူအလုပ်လုပ်ခဲ့တယ်။ ကျွန်မက ပြတိုက်ကိုလာတဲ့ ဧည့်သည်တွေကို အအေးတွေ၊ လက်ဖက်ရည်တွေချပေးရတယ်။ သူဌေးက ကျွန်မတို့ကိုနေဖို့၊ စားဖို့စီစဉ်ပေးပေမယ့် လုပ်အားခကိုတော့ ပုံမှန်မပေးဘူးရှင့်။ ကျွန်မမှာတရားဝင်ခွင့်ပြုချက်ပါမစ်မရှိတော့ ဘယ်သူ့ဆီကိုမှ သွားမတိုင်ရဲဘူး။ ဒီလိုနဲ့ အဲဒီအလုပ်ကထွက်ပြီး နောက်ထပ်သူငယ်ချင်းတစ်ယောက်ရဲ့ အကူအညီနဲ့ ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခုမှာ လုပ်ကိုင်ခဲ့တယ်။ အဲ့ဒီမှာ ကျွန်မတို့မြို့နယ်က ရွာသူရွာသားတွေ အများကြီး ကျွန်မထက်အရင်ရောက် နေကြတယ်လေ။ ကျွန်မက မဆလာသယ်၊ အုတ်သယ်ပေါ့။ အုတ်စီတဲ့ နေရာမှာလည်း ကူညီရတယ်။ တစ်ရက်ကို ဘတ်ငွေ (၃၀၀) (ငွေကျပ် ၁၂,၀၀၀) လောက်အထိရတယ် [အလုပ်လုပ်ရက် ၂၄ နှင့်တွက်လျှင် တစ်လ ၂၈၀,၀၀၀ ကျပ်]။ ကျွန်မ အားတဲ့အချိန်တွေဆို ဆောက်လုပ်ရေးစွန့်ပစ်ပစ္စည်းတွေ၊ အအေးဗူးခွံတွေ လိုက်ကောက်ပြီး ပြန်ရောင်းတော့ အပိုဝင်ငွေရတာပေါ့။ ဒီအလုပ်က မိန်းမတွေအတွက် အရမ်းအန္တရာယ်များတယ်။ ယောကျ်ားတွေ အများကြီးကြားမှာ အလုပ်လုပ်ရတာ ကျွန်မအတွက် အခက်အခဲအများကြီးပဲ။ ဥပမာပြောရရင် ကျွန်မတို့အားလုံး အိမ်သာတွေ၊ ရေချိုးခန်းတွေနဲ့စားသောက်ခန်းကို အတူတူမျှပြီး သုံးရတာဆိုတော့ စိတ်ကျဉ်းကြပ်တာပေါ့။ ဒါ့ကြောင့်လည်း ကျွန်မကို ကြိုက်နေပြီးတော့ လက်ထပ်ခွင့်တောင်းလာတဲ့ ယောကျ်ားတစ်ယောက်နဲ့ ကျွန်မ အိမ်ထောင်ပြုလိုက်တယ်။ ကျွန်မယောကျ်ားက အိမ်ထောင်ကွဲ၊ ပထမအိမ်ထောင်နဲ့က သမီးသုံးယောက်ရှိ တယ်။

၂၀၂၀ ခုနှစ် ဧပြီလ ကပ်ရောဂါအစောပိုင်းကာလထဲမှာပဲ ကျွန်မယောကျ်ားရဲ့အမကြီးက သွေးကင်ဆာနောက်ဆုံးအဆင့်ရောက်နေပြီလို့ သိလိုက်ရတယ်။ ဒါနဲ့ပဲ အခက်အခဲအများကြီးကြားကနေ ကျွန်မတို့ မြန်မာနိုင်ငံကို ပြန်လာခဲ့တယ်။ ရွာပြန်ရောက်ဖို့အတွက် စစ်ဆေးရေး ဂိတ်တွေကိုလည်း လာဘ်ထိုးခဲ့ရတာပေါ့ရှင်။ ဒါပေမယ့် ကံမကောင်းတာက အမကြီးကို အသက်ရှင်လျက်နဲ့မမြင်လိုက်ရဘူးလေ။ အသုဘချမှ သူ့မျက်နှာကို တစ်ခါတည်းပဲ ကြည့်ခွင့်ရလိုက်တယ်။ အသုဘချတော့ ကျွန်မတို့ ဝင်ပါလိုက်ရတယ်ပေါ့။ နောက်တစ်နေ့မှာပဲ ကျွန်မတို့ ကွာရန်တင်း (၁၄) ရက် စဝင်ရတော့တာ။ ကျွန်မတို့ရွာမှာက လုပ်ခစားအလုပ်တွေမရှိဘူး။ လုပ်ခဝင်ငွေ မရှိဘဲ ကျွန်မတို့ဘယ်လိုရပ်တည်နိုင်မလဲနော်။ ဒါကြောင့်လည်း ကျွန်မတို့က တရားမဝင်တောလမ်းကနေ ထိုင်းနိုင်ငံကို လမ်းလျှောက်သွားဖို့ ဆုံးဖြတ်ခဲ့တယ်။ ဒီလိုသွားဖို့အတွက် ကျွန်မတို့ တစ်ယောက်ကို ဆယ်သိန်း ပေးရတယ်။ အဲဒီလိုသွားတော့ လမ်းမှာ အစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့က ကျွန်မတို့ကိုပေး မသွားဘဲ ပိတ်ထားလို့ ရွာတစ်ရွာမှာ သုံးညခိုနေခဲ့ရတယ်။ အဲဒီနောက် ကျွန်မတို့ တောကို ခြေကျင်ဖြတ်ခဲ့ရပြီး တောင်ကုန်းထိပ်ကိုရောက်တော့ ကရင်ရွာတစ်ရွာမှာ သုံးညလောက်နေထိုင်ခဲ့ရတယ်။ နောက်ဆုံးတော့ ကျွန်မ တို့ ထိုင်းဘက်ခြမ်းကို ရောက်သွားတာပေါ့။ အရမ်းခက်ခဲကြမ်းတမ်းတဲ့ခရီးကို သွားခဲ့ရတယ်ဆိုပေမယ့် ဒီရွှေ့ပြောင်းအလုပ်သမားဘဝကပဲ ကျွန်မတို့နဲ့ အသင့်တော်ဆုံးလို့ ကျွန်မတို့ယုံကြည်နေဆဲပါပဲလေ။

အဓိက သုံးသပ်ချက်

လူတစ်ဦးတစ်ယောက်ခြင်းစီ၏ ဇာတ်ကြောင်းမှာ ကွဲပြားမှု ရှိနိုင်သော်လည်း ပါဝင်ဖြေဆိုသူ ရွှေ့ပြောင်းအလုပ်သမား ပေါင်း ၁၃၆ ယောက်၏ ပြောပြခဲ့သည့်အချက်များကို ပေါင်းလိုက်လျှင် တူညီသော အကြောင်းအရာတစ်ချို့ ထွက်ပေါ်လာသည်ကို တွေ့ရသည်။ ဇယား (၅) နှင့် ပုံ (၇) ကိုကြည့်ပါ။

ပထမဆုံးအနေနှင့် ပါဝင် ဖြေဆိုသူပေါင်း (၅၇) ဦးက တရားမဝင်အလုပ်လုပ်ကိုင်ခဲ့ရကြောင်း တိတိကျကျဖြေဆိုခဲ့ပြီး (၂၀) ဦးက တရားဝင် အလုပ်လုပ်ကိုင်ခဲ့ခြင်းဖြစ်ကြောင်း ဖြေဆိုခဲ့ကြသည် (ဇယား-၅ နှင့် ပုံ-၇ တွင်ရှုပါ)။ ထိုအချက်ကိုကြည့်လျှင် တရားမဝင်အလုပ် နှင့်တရားဝင်အလုပ် အချိုးက ၃ : ၁ ရှိသည်ကို တွေ့မြင်နိုင်သည်။ ထိုမေးခွန်းနှင့် ပတ်သက်၍ မဖြေဆိုသူ (၅၉) ဦးရှိရာ များပြားသည်ဟု ဆိုနိုင်၏။ သို့သော် ဥပဒေနှင့်မညီမှုနှင့် တရားဝင်မဟုတ်မှု ပြဿနာများက ရွှေ့ပြောင်းအလုပ်သမားများအဖို့ ထုတ်ဖော်ပြောဆိုရန်မှာ သက်တောင့်သက်တာ မရှိလှသော ကိစ္စရပ်တစ်ခု ဖြစ်နိုင်ပါသည်။ သို့တိုင်အောင် ပါဝင်ဖြေဆိုသူများ အားလုံး၏ ၄၂% က တရားမဝင်အလုပ်လုပ်ကိုင်ခဲ့သည်ဟု ဖြေကြားခဲ့ကြပါသည်။ စိတ်ဝင်စားစရာကောင်းသည်မှာ အညာဒေသမှရွှေ့ပြောင်းအလုပ်သမားများတွင် တရားမဝင် ရွှေ့ပြောင်း အလုပ်သမား အရေအတွက် အများဆုံး (၃ ပုံ ၂ ပုံ ခန့်) ဖြစ်ပြီး ရှမ်းပြည်နယ်မှ ၃ ပုံ ၁ ပုံ ခန့် နှင့် မွန်ပြည်နယ်မှ ၅ ပုံ ၂ ပုံခန့်ကသာ တရားမဝင် အလုပ်လုပ်ကိုင်ခြင်းဖြစ်ကြောင်း ဖြေဆိုခဲ့ကြသည်။

ဒုတိယအချက်အနေနှင့်ဆိုရလျှင် မေးမြန်းခဲ့သူများ အားလုံး၏ ၃၅% သို့မဟုတ် ၃ ပုံ ၁ ပုံ ကျော်ခန့် က ၎င်းတို့သည် အလုပ်အကိုင်ရှာဖွေရန်နှင့်အလုပ်လုပ်ရမည့်နေရာသို့သွားရောက်နိုင်ရန်အတွက် အလုပ်သမားပွဲစားအဆင့်ဆင့်ကို

(ဇယား-၅) လုပ်ငန်းခွင်အတွင်း အညာဒေသ၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်မှ ရွှေ့ပြောင်းအလုပ်သမားများ၏ အခြေအနေများ

အကြောင်းအရာ	အညာဒေသမှ ရွှေ့ပြောင်းအလုပ်သမားများ	ရှမ်းပြည်နယ်မှ ရွှေ့ပြောင်းအလုပ်သများများ	မွန်ပြည်နယ်မှ ရွှေ့ပြောင်းအလုပ်သမားများ	စုစုပေါင်း
အလုပ်လုပ်ကိုင်ရန် တရားဝင်စာရွက်စာတမ်း အထောက်အထားများရှိသည်	၇	၉	၄	၂၀
အလုပ်လုပ်ကိုင်ရန် တရားဝင်စာရွက်စာတမ်း အထောက်အထားများ မရှိပါ	၂၄	၂၄	၉	၅၇
အလုပ်အကိုင်ရှာဖွေရန်နှင့် အလုပ်နေရာသို့သွား ရောက်ရန် အလုပ်သမားပွဲစားများကို ငွေပေးခဲ့ရ သည် နှင့်/သို့မဟုတ် ၎င်းတို့လုပ်ခလစာ၏ အစိတ်အပိုင်းတစ်ရပ်ကို ပေးခဲ့ရသည်။	၂၀	၁၅	၁၃	၄၈
တစ်လလျှင် ငွေကျပ် (၁၁၅,၀၀၀) သို့မဟုတ် ထို့ထက် လျော့နည်းရရှိသည် (မြန်မာနိုင်ငံတွင်း ၂၀၁၈ ခုနှစ် အနိမ့်ဆုံးလုပ်ခလစာပြဋ္ဌာန်းချက် သစ်အရ ၂၄ ရက်စာလုပ်အားခနှင့်ညီမျှသည်)	၀	၀	၀	၀
တစ်လလျှင် ငွေကျပ် (၁၁၅,၀၀၀) မှ (၂၉၉,၀၀၀) အထိ ရရှိသည်။	၁၁	၁၀	၂	၂၃
တစ်လလျှင် ငွေကျပ် (၃၀၀,၀၀၀) နှင့်အထက် ရရှိသည်။	၂၂	၁၇	၇	၄၆

မှတ်ချက် - ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ခုနှစ် အတွင်း တွေ့ဆုံမေးမြန်းမှုများအပေါ် အခြေခံသည်။ အရေအတွက် = ၁၃၆: အညာဒေသ- ၃၉၊ ရှမ်းပြည်နယ် - ၇၄၊ မွန်ပြည်နယ် - ၂၃။

(ပုံ-၇) စာရွက်စာတမ်းအထောက်အထားများရှိသော ရွှေ့ပြောင်းအလုပ်သမားများနှင့် မရှိသောရွှေ့ပြောင်းအလုပ်သမား များ အချိုးအစား



ငွေပေးခဲ့ရကြောင်း နှင့်/သို့မဟုတ် ၎င်းတို့လုပ်ခလစာအချို့ ပေးခဲ့ရကြောင်း တိတိကျကျပြောဆိုဖြေကြားခဲ့သည်။ ယင်းသည် Deshingkar et al. (၂၀၁၉) စစ်တမ်းကောက် လေ့လာမှုအပေါ် အခြေခံသည့် လေ့လာတွေ့ရှိချက်များတွင် ဖော်ပြထားသော ရာခိုင်နှုန်းနှင့်လည်း ကိုက်ညီပေသည်။ ထိုစစ်တမ်းတွင် အလုပ်သမားပွဲစားခများအတွက် ပျမ်းမျှ ပမာဏကို တရုတ်နိုင်ငံသို့သွားရောက်လုပ်ကိုင်ရန်အတွက် ငွေကျပ် (၂၅၀,၀၀၀)၊ ထိုင်းနိုင်ငံအတွက် (၅၀၀,၀၀၀) နှင့် မလေးရှားနိုင်ငံအတွက် (၁,၅၀၀,၀၀၀) အဖြစ် သတ်မှတ် ဖော်ပြထားသည်။ ကျွန်ုပ်တို့၏ မေးမြန်းမှုများတွင် အလုပ် သမားပွဲစားခများမှာ အနည်းဆုံး ကျပ် ၁၀၀,၀၀၀ မှ ကျပ် ၁,၀၀၀,၀၀၀ ခန့် အထိရှိကြောင်း တွေ့မြင်ရသည်။ ယခု ပမာဏများသည် အကြွေးတင်နေနှင့်သောသူများ၊ ဒုက္ခများ နှင့် ရင်ဆိုင်နေရသောသူများအတွက် အလွန်များလွန်းလှ ပါသည်။

တတိယအချက်အနေနှင့်ဆိုရလျှင် ၂၀၁၈ ခုနှစ် နှောင်းပိုင်း မှစပြီး မြန်မာနိုင်ငံအတွင်း ဥပဒေအရသတ်မှတ်ပြဋ္ဌာန်းသော အနိမ့်ဆုံးလုပ်ခကို တစ်လ အလုပ်လုပ်ရက် ၂၄ ရက်နှင့် တွက်လျှင် ၁၁၅,၀၀၀ ကျပ်ဖြစ်သည်။ လေ့လာမှုတွင် ပါဝင်ခဲ့သော ရွှေ့ပြောင်းအလုပ်သမားများအားလုံး၏ ထက် ဝက်ခန့်ကသာ ၎င်းတို့၏လစာကို တိတိကျကျ ဖော်ပြခဲ့ ကြသည်။ ၃ ပုံ ၁ ပုံ က ၎င်းတို့၏ဝင်ငွေသည် မြန်မာနိုင်ငံ တွင်းအနိမ့်ဆုံးလုပ်ခလစာ၏ သုံးဆခန့်ရှိကြောင်း (အချို့က ထို့ထက်ပို၍ ပင်များကြောင်း ဖြေကြားခဲ့ပြီး) ၅ ပုံ ၁ ပုံ ခန့်က တစ်လလျှင် ငွေကျပ် (၂၀၀,၀၀၀) ဝန်းကျင် ရရှိကြောင်း ဖြေဆိုခဲ့ကြသည်။

မြန်မာလုပ်သားထုအတွက် နောင်ဖြစ်လာနိုင်သော အကောင်းဆုံးအခြေအနေမှာ ဥပဒေအရသတ်မှတ်ထား သော အနိမ့် ဆုံးလုပ်ခလစာနှင့် တန်းတူရည်တူရှိသည့် ဝင်ငွေတစ်ရပ်ကို ဆောင်ကြဉ်းပေးနိုင်မည့် ပုံမှန်အလုပ် အကိုင်တစ်ခု ရရှိရန်ပင်ဖြစ်၏။ ထိုကဲ့သို့ အနိမ့်ဆုံး လုပ်ခ ရသည့် အလုပ်ရရှိနိုင်ရန်ပင်လျှင် ၎င်းတို့အတွက် မည်ကဲ့ သို့သော အခွင့်အလမ်းများ ရှိနေသနည်း? မြန်မာ့စီးပွားရေး ကဏ္ဍအောက်တွင် အလုပ်အကိုင် ဟုခေါ်ကြသော အလုပ် များ၏ ၅၀% မှာ စိုက်ပျိုးရေး ကဏ္ဍတွင်း၌ ဖြစ်တည် နေသည်။ ကျွန်ုပ်တို့ကြားခဲ့ရသည့် ပြောကြား ထွက်ဆိုချက် များအရ မြန်မာနိုင်ငံ၏ ကျေးလက် ဒေသများတွင် အတော်အတန်တည်ငြိမ်ပြီး ပုံမှန်လုပ်ကိုင်နိုင်မည့်အလုပ်မျိုး

များများစားစား မရှိကြောင်း သိမြင်ရသည်။ ပုံမှန် အလုပ်အကိုင်များရရှိခဲ့သည်ဆိုလျှင်ပင် တဖက်တွင် အနိမ့်ဆုံး နေ့စဉ်လုပ်အားခထက် အနည်းဆုံး သုံးဆပိုမို ရရှိနိုင်မည့် နိုင်ငံရပ်ခြားရှိ အခွင့်အလမ်းက မြန်မာနိုင်ငံ ကျေးလက်ဒေသမှ လူများကို နိုင်ငံ၏နယ်စည်းဖြတ်ကျော်၍ အလုပ်ထွက်လုပ်ရန် ဆွဲဆောင်မှုကြီးမားလွန်းလှသည်။

အခန်း (၄) ရွှေ့ပြောင်းအလုပ်သမားများဖြစ်သည်။ သို့သော် ထိုမျှသာမကပါ။

ရွာမှာ ကျွန်မရဲ့ကိုယ်ပိုင်မြေယာရှိတယ်။ နှစ်တိုင်း မိုးရာသီဆိုရင် ကျွန်မတို့ ဘိန်းစိုက်တယ်။ ဘိန်းစိုက်တာက ဟင်းသီးဟင်းရွက်တွေထက်ဈေးပိုရပြီး ကျွန်မတို့တောင်ပေါ်ဒေသတွေမှာ စိုက်ပျိုးဖို့ သင့်တော်တယ်လေ။ သယ်ယူပို့ဆောင်ရေး ကတော့ ခက်ခဲတာပေါ့။ ဒါပေမယ့် ရဲတွေက ကျွန်မတို့စိုက်ထားတဲ့ဘိန်းပင်တွေကို နှစ်တိုင်းပဲလာဖျက်ဆီးတယ်။ ဒီလိုနဲ့ ကျွန်မလည်း ရှိသမျှအကုန်ဆုံးရှုံးပြီး အကြွေးတွေတင်ခဲ့တယ်။တခြားသီးနှံတွေကိုလည်း ကျွန်မက မစိုက်တတ်ဘူး။ အရင်းအနှီးလည်းမရှိဘူးလေ။ ၂၀၀၉ ခုနှစ်တုန်းကဆိုရင် ကျွန်မက တခြားလူတစ်ယောက်ရဲ့မြေယာကိုတောင် ငှားပြီး ကြက်သွန်ဖြူတွေစိုက်ခဲ့တယ်။ ကြက်သွန်ဖြူပေါ်တော့ ဘယ်သူမှလည်း မဝယ်ဘူး။ ကြက်သွန်ဖြူတွေလည်း အလကားဖြစ်သွားတယ်။ ထောပတ်သီးပင်စိုက်ဖို့ ကျတော့လည်း ကျွန်မမှာ မြေလုံလုံလောက်လောက်မရှိဘူး။ ဝင်ငွေက မိသားစုစားဝတ်နေရေးအတွက် မလုံလောက်တော့ဘူးဆိုတော့ ကျွန်မ ထိုင်းနိုင်ငံကို ရွှေ့ပြောင်းအလုပ်လုပ်ခဲ့ရတယ်။ အခုဆို ဒီမှာအလုပ် လုပ်လာတာ နှစ်နှစ် လောက်ရှိပြီ။ ကပ်ရောဂါမဖြစ်ခင်ကဆို တော်တော်လေးအဆင်ပြေခဲ့တယ်။ ဒါပေမယ့် အခုတော့ ကျွန်မတို့ အပြင်ထွက် ဈေးဝယ်သွားလို့မရတော့ဘူး။ အလုပ်လုပ်ရင်လည်း နှာခေါင်းစည်း မတပ်ဘဲ လုပ်လို့မရဘူး။ ကပ်ရောဂါက ကျွန်မရဲ့ ဝင်ငွေအပေါ်လည်း ရိုက်ခတ်ပါတယ်။ သေးသေးဆုံးရှုံးတာဆိုရင် ကျွန်မ နှာခေါင်းစည်းတွေ မဖြစ်မနေဝယ်နေရတာပေါ့နော်။ ကြီးကြီးမားမားဆုံးရှုံး တာဆိုရင်တော့ အလုပ်တွေပိတ်လိုက်လို့ လုပ်အားခတွေမရတော့ဘူးပေါ့။ ကျွန်မ မြန်မာပြည်မပြန်ဘူး။ ဒီမှာဝင်ငွေမရှိတဲ့အချိန်မှာတောင် ဒီထိုင်းနိုင်ငံမှာပဲ ကျွန်မဆက်နေခဲ့တာ။ (ရှမ်းပြည်နယ်မှ အသက် ၃၄ နှစ်အရွယ် ပအိုဝ်းအမျိုးသမီးတစ်ဦး)

ကျွန်မ ၁၃ နှစ်အရွယ်ကတည်းကစပြီး တရုတ်ပြည်မှာ အလုပ်လုပ်ခဲ့တာ။ ရွာမှာက ဘာအလုပ်မှမရှိဘူးလေ။ ကျွန်မမိဘမှာ မြေယာတွေရှိပေမယ့် အစ်ကိုနှစ်ယောက်ကိုပဲ ပေးလိုက်တယ်။ အခု အဲဒီမြေယာတွေပေါ်မှာ သူတို့လုပ်စားနေတာပေါ့။ ကျွန်မကမိန်းကလေးဖြစ်တော့ မြေယာအမွေ ဆက်ခံခွင့်မရှိဘူး။ ဒါနဲ့ပဲ ကျွန်မ အစ်မရဲ့အကူအညီနဲ့ တရုတ်ပြည်မှာ အလုပ်တစ်ခုရှာခဲ့တယ်။ အခု ကျွန်မက ပတ်စ်ပို့နဲ့မှတ်ပုံတင် သက်တမ်းတိုးဖို့ ပြန်လာခဲ့တာ။ ကပ်ရောဂါဖြစ်နေတဲ့အချိန်နဲ့ ကွက်တိလာတိုးနေတယ်လေ။ ဒါကြောင့် အစိုးရနဲ့ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းရဲ့ စည်းမျဉ်းစည်းကမ်းတွေအတိုင်း နေအိမ်ကွာရန်တင်း ဝင်ခဲ့ရတာပေါ့။ (ရှမ်းပြည် နယ်မြောက်ပိုင်းမှ အသက် ၃၄ နှစ်အရွယ် တအာင်းအမျိုးသမီးတစ်ဦး)

ကပ်ရောဂါ အစောပိုင်းကာလတွင် သတင်းမီဒီယာများက ရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် အိမ်နီးချင်းနိုင်ငံများတွင် ပိတ်လှောင်မိနေကာ မြန်မာနိုင်ငံဘက်ခြမ်းသို့ ပြန်ဝင်ရန် လူတန်းရှည်ကြီးဖြင့် စောင့်နေရခြင်း၊ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုနှုန်း အမြင့်ဆုံးဖြစ်နေသည့် နိုင်ငံများရှိ ကြပ်ညှပ်ပွတ်သိပ်နေသောအဆောင်များအတွင်း ပိတ်လှောင်ခံထားရခြင်း၊ ကိုယ်ကိုယ်ကိုအဆုံးစီရင်မှုများ မြင့်တက်နေခြင်း၊ အသစ်ဝင်ရောက်လာသောရိုဟင်ဂျာ ရွှေ့ပြောင်း နေထိုင်သူများကို ဖမ်းဆီးထိန်းသိမ်းခြင်း စသည့် သတင်းအမျိုးမျိုးကို မီးမောင်းထိုးဖော်ပြခဲ့ကြသည်။ ကပ်ရောဂါ နှင့် ၎င်းအပေါ် အစိုးရမှ တုံ့ပြန်ချက်များကြောင့် ရွှေ့ပြောင်းအလုပ်သမားများ၏ဘဝများတွင် မည်ကဲ့သို့ အကျိုးသက် ရောက်မှုများဖြစ်ခဲ့သည်ကို လေ့လာထုတ်ဖော် တင်ပြနိုင်ရန် အလွန်အရေးကြီးလှပါသည်။

ထို့အတူ ကပ်ရောဂါနှင့်ပတ်သက်သည့် မြင်ကွင်း အကန့်အသတ်ထက်ကျော်လွန်ကြည့်ရန် လိုအပ်ပါသည်။ မြန်မာနိုင်ငံအတွင်းရှိ ၎င်းတို့၏ ဇာတိရပ်ရွာမှာထက် ပိုမိုကောင်းမွန်သောဘဝများ၊ သက်မွေးလုပ်ငန်းများ ရှာဖွေနိုင်ရန်အလို့ငှာ ကြမ်းတမ်းခက်ခဲသောခရီးကို ဖြတ်သန်း

လျှောက်လှမ်းခဲ့ရသည့် ရွှေ့ပြောင်းအလုပ်သမားတို့၏ ဘဝဇာတ်လမ်းရှည်များကိုလည်း လေ့လာတင်ပြရန် အရေးကြီးပေသည်။ အထက်တွင်ဖော်ပြခဲ့သည့် အသက် ၃၄ နှစ်အရွယ် ပအိုဝ်းအမျိုးသမီးအား ဥပမာပေးရလျှင် မြန်မာနိုင်ငံရှိ ဘိန်းစိုက်ပျိုးတောင်သူအများစုသည် ဆင်းရဲသောကြောင့် ဘိန်းစိုက်ပျိုးကြခြင်းဖြစ်သည်။ ၎င်းတို့သည် ဝေးလံခေါင်ဖျားသော တောင်တန်းဒေသများရှိ မတူညီသော တိုင်းရင်းသား လူမျိုးစု အသီးသီးမှဖြစ်ကာ တနိုင်တပိုင်တောင်သူများဖြစ်ကြသည်။ ၎င်းတို့အနေဖြင့် ဝင်ငွေရနိုင်သည့် ဘိန်းစိုက်ပျိုးကာ အစားအစာပြတ်လပ်မှုကို ဖြေရှင်းခြင်း၊ လိုအပ်သော ကျန်းမာရေးနှင့်ပညာရေး ဝန်ဆောင်မှုများကို လက်လှမ်းယူခြင်း စသည်တို့ကို ဖြေရှင်းကြရသည်။ အချို့ရွာများတွင် ရိုးရာဓလေ့ သို့မဟုတ် ဆေးဝါးအဖြစ်သုံးရန်စိုက်လေ့ရှိကာ ရိုးရာဓလေ့ ဆိုင်ရာ ပွဲလမ်းများ သို့မဟုတ် ဘာသာရေးဆိုင်ရာ အခမ်းအနားများတွင် အသုံးပြုကြသည်။

အချိန်ကာလတစ်ခု၊ နေရာတစ်ခုတွင်ရှိနေသည့် ၎င်းတို့၏ အခြေအနေများကို လျှပ်တပြက်မှတ်တမ်းတင် ရိုက်ကူးလိုက်ရုံဖြင့် ရွှေ့ပြောင်းအလုပ်သမားများ၏ ဘဝဇာတ်လမ်းများ နှင့် မည်ကဲ့သို့သော အခြေအနေများက ရွှေ့ပြောင်းအလုပ်သမားများဖြစ်လာရန် တွန်းအားပေးခဲ့သည်ကို ပြည့်ပြည့်စုံစုံပုံဖော်နိုင်မည်မဟုတ်ပေ။ ၎င်းတို့၏ ဘဝဇာတ်လမ်းများသည် ကပ်ရောဂါကူးစက်ပျံ့နှံ့နေစဉ်ကာလ နိုင်ငံရပ်ခြားရွှေ့ပြောင်းလုပ်သားအဆောင်များ အတွင်း၌သာ စတင်ခြင်းမဟုတ်သကဲ့သို့ ထိုအဆောင်များအတွင်း သို့မဟုတ် မြန်မာနိုင်ငံရှိ ရပ်ရွာကွာရန် တင်းစင်တာများတွင်သာ အဆုံးသတ်သွားသည်မဟုတ်ပါ။

ကျွန်တော်တို့မှာ မိဘဆီကအမွေရတဲ့ လယ်ယာမြေ (၅) ဧကရှိတယ်။ ကျွန်တော့်မိဘရဲ့ လယ်ယာမြေက အရင် ကဆို အခုထက်အများကြီးပိုကျယ်တယ်။ ၁၉၉၀ နှစ်တွေတုန်းက ကျွန်တော်တို့ရွာမှာ စစ်တပ်ကမြေသိမ်းတာ ကျွန်တော့်မိဘရဲ့လယ်ယာမြေတွေလည်း ပါသွားခဲ့တယ်။ ကျွန်တော်နဲ့ ကျွန်တော့်မိန်းမက လယ်ယာထွန်ယက်ပြီး ဆန်စပါးနဲ့ပဲ အပါအဝင် သီးနှံမျိုးစုံ စိုက်ပျိုးခဲ့တယ်။ ဒါပေမယ့် လယ်ယာစိုက်ပျိုးမှုကနေ အမြတ်ရတဲ့နှစ်က အရမ်းနည်း

[အသေးစားငါးဖမ်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းကြောင်းပြုသူတစ်ဦး၊ မွန်ပြည်နယ်
ဓာတ်ပုံ - Sawor Mon]

တယ်။ အထွက်နှုန်းကောင်းတယ်ဆိုတဲ့နှစ်မှာတောင် တစ်နှစ်လုံးလုပ်မှရတဲ့ အမြတ်ဝင်ငွေက တရုတ်ပြည်မှာ တစ်လအလုပ်လုပ်ရင်ရတဲ့ လုပ်ခလစာလောက်ပဲရှိတယ်ဗျ။ ဒါကြောင့်ပဲ ၂၀၁၈ ခုနှစ်မှာ ကျွန်တော် တရုတ်ပြည်သွားပြီး ကြံခုတ်တဲ့အလုပ်ကိုလုပ်ခဲ့တယ်။ ဇန်နဝါရီလ ကနေ မေလ အထိပေါ့။ ကြံခုတ် ရာသီသိမ်းရင် ကျွန်တော် ဒီပြန်လာပြီး ကျွန်တော်တို့ရဲ့လယ်ယာအလုပ်ကို ပြန်လုပ်တယ်။ လယ်ယာကထွက်တာကတော့ ကျွန်တော်တို့မိသားစု စားလောက်ရုံပေါ့ဗျာ။ နိုဝင်ဘာလထဲဆို ကျွန်တော်တရုတ်ပြည်ကို ပြန်သွားတယ်၊ မေလအထိနေပြီးအလုပ်လုပ်တယ်။ ကျွန်တော်တို့ရွာထဲက အိမ်ထောင်စုအများစုမှာလည်း ဒီလိုပဲ တရုတ်ပြည်ကို ပုံမှန်သွားအလုပ်လုပ်နေတဲ့ အိမ်သားတွေရှိတယ်ဗျ။ အနီးအနားက တချို့ရွာတွေဆိုရင် တရုတ်ပြည်သွားအလုပ်လုပ်တဲ့လူမရှိဘူးဆိုတဲ့ အိမ်ထောင်စု တစ်စုမှ မရှိဘူး။ အိမ်မှာ လူကြီးလူအိုတွေ၊ ကလေးသူငယ်တွေ ပဲ ကျန်ခဲ့တာ။ မွေးကင်းစလေးတွေ၊ ငယ်သေးတဲ့ကလေးတွေကို သူတို့နဲ့တပါတည်း တရုတ်ပြည်ခေါ်သွားတဲ့ ရွာသူရွာသားတွေလည်း အများကြီးပဲ။ ကျွန်တော် နောက်ဆုံး တစ်ခါ သွားတုန်းကဆို အသက် (၁၅) နှစ်အရွယ် ကျွန်တော့်သားကိုပါ ခေါ်သွားခဲ့တယ်။ သူကအားကြီးတယ်ဗျ။ တစ်ရက်တစ်ရက်ကို ကြံစည်း (၂၀၀) လောက် ထိ ခုတ်နိုင်တယ်။ ကျွန်တော်ကတော့ တစ်ရက်ကို ကြံစည်း (၈၀) လောက်ပဲ ခုတ်နိုင်တာ။

စစ်ကိုင်းတိုင်းဒေသကြီးမှ အသက် ၃၀အရွယ် အမျိုးသားမှ မေလ ၂၀၂၀ တွင် ပြောပြခဲ့သော ဓာတ်ကြောင်းသည် ရွှေ့ပြောင်းအလုပ်သမားများ၏ ဘဝကို ထင်ဟပ်နေပါသည်။ ၎င်းတို့သည် ရွှေ့ပြောင်းအလုပ်သမားများဖြစ်သည်။ သို့သော် ထိုမျှသာမဟုတ်ပါ။ ၎င်းတို့ နှင့်/သို့မဟုတ် ၎င်းတို့၏အိမ်ထောင်စုဝင်များစွာတို့သည် တောင်သူလယ်သမား၊ စိုက်ပျိုးမွေးမြူရေးသမား၊ တံငါသည်၊ စိုက်ပျိုးရေးအလုပ်သမား၊ အသေးစားသတ္တုတူးဖော်ရှာဖွေသူ၊ သတ္တုတွင်းအလုပ်သမား၊ သစ်တောသယံဇာတ မှီခိုအသက်မွေးဝမ်းကြောင်းပြုသူ သို့မဟုတ် ဝန်ဆောင်မှုပေး အလုပ်သမားများလည်း ဟုတ်ပေ၏။ အသက်ရှင်ရပ်တည်နိုင်ရန်အလို့ငှာ နေရာများစွာတွင် သက်မွေးလုပ်ငန်းမျိုးစုံ လုပ်ကိုင်ဆောင်ရွက်နေရသူများဖြစ်သည်။ ရွှေ့ပြောင်းအလုပ်သမားများသည် နိုင်ငံရပ်ခြားတွင် ရာသီအလိုက်အလုပ်လုပ်သကဲ့သို့ နှစ်ရှည်ဆက်တိုက်လည်း အလုပ်လုပ်ကိုင်သည်။ အင်တာဗျူးမေးမြန်းခဲ့သူအများစုသည် ၎င်းတို့၏ 'အိမ် (home)' ဇာတိကျေးရွာနှင့် ၎င်းတို့ကြားတွင် ခိုင်မြဲသော ဆက်နွယ်မှုတစ်ရပ်ကို ဆက်လက်ထိန်းသိမ်း ထားကြသည်ကိုတွေ့ရသည်။ ဥပမာ တရုတ်နိုင်ငံ ကြံစိုက်ပျိုးရေးကဏ္ဍအတွင်းရှိ ရွှေ့ပြောင်းအလုပ်သမားများသည် ကြံခုတ်သည့်အလုပ်ကို နိုဝင်ဘာလမှ မေလအထိ လုပ်ကိုင်ကြသည်။ ကြံခုတ်ရာသီပြီးဆုံးချိန်တွင် ၎င်းတို့၏ ကျေးလက်တောရွာများသို့ ပြန်လာပြီး ၎င်းတို့လယ်မြေများကို ထွန်ယက်စိုက်ပျိုးလုပ်ကိုင်ကြသည်။

ရာသီအလိုက်နှင့် နှစ်ရှည် ရွှေ့ပြောင်းလုပ်ကိုင်သူများ နှစ်အုပ်စုလုံးကို မေးမြန်းခဲ့ရာ အများစုတွင် ၎င်းတို့ဇာတိကျေးရွာများ၌နေရစ်ခဲ့သည့် မိသားစုများ ရှိသည်။ ရွှေ့ပြောင်းလုပ်သားများချန်ထားရစ်ခဲ့သောကြောင့် ကျေးရွာများသည် အလိုအလျောက်လစ်ဟာသွားမည်ဟု သတ်မှတ်၍ မရပါ - ကျန်ရစ်ခဲ့သူများမှာ အလဟာသ မနေကြပါ။ ကျန်မိသားစုဝင်များအနေဖြင့် မိသားစုရှင်သန် ရပ်တည်ရေးအတွက် လိုအပ်သောအခြေအနေများ ကိုထိန်းသိမ်းထားနိုင်ရန် တာဝန်ယူလုပ်ကိုင်ဆောင်ရွက်ကြသည်။ အချို့က လယ်ယာမြေကို ဆက်လက်လုပ်ကိုင် ထိန်းသိမ်းထားကြသည်။ မေးမြန်းခဲ့သူအားလုံးနီးပါးတွင် အိမ်တွင်နေရစ်ခဲ့သည့် မိသားစုဝင်များရှိသည်။ အားလုံးနီးပါးမှာ လူမှုစောင့်ရှောက်ရေးအတွက် တာဝန်ယူကြရသည် - ကလေးသူငယ်စောင့်ရှောက်ရေး၊ ကလေး သူငယ် ကျောင်းထားခြင်း၊ သက်ကြီးရွယ်အိုနှင့်မကျန်းမာသူများကို စောင့်ရှောက်ခြင်း၊ နေ့စဉ်အစားအသောက်ဖူလုံရေး အတွက် အိမ်နောက်ဖေးခြံစိုက်ပျိုးခြင်း၊ ထို့အပြင် ကျေးလက်လူမှုအသိုက်

ယူနန်ပြည်နယ်တွင် ကြံခုတ်နေပုံ

ဓာတ်ပုံ - ဂျွန်ဘောရတ်စ် (၂၀၁၉)၊ ယူနန်]

[မြန်မာနိုင်ငံမှ ရွှေ့ပြောင်းအလုပ်သမားများ [ရှမ်းပြည်နယ်တောင်ပိုင်းတစ်နေရာရှိ ကျေးလက်ဒေသရှုခင်း
ဓာတ်ပုံ - Tom Kramer]

အဝန်းကို ဆက်လက်ထိန်းသိမ်းနိုင်ရန် စသည်တို့ အပါအဝင် ဖြစ်သည်။

မိသားစုနေအိမ်နှင့် ဇာတိကျေးရွာ ဟူသည်မှာ ရွှေ့ပြောင်းအလုပ်သမားများအဖို့ အလုပ်အချိန်များစွာကို အလွန်ပင်ပန်းသည့် အခြေအနေများအောက်တွင် (အလုပ်ကာလရှည်ခြင်း၊ အနားမယူရခြင်း၊ ပြီးသလောက်သာရှင်းပေးခြင်း စသဖြင့်) ရုန်းကန်ရသောကြောင့် အလွန်အမင်းပင်ပန်းနွမ်းနယ်လာချိန်တွင် အနားယူရန် နှင့် ပြန်လည် အားဖြည့်ရန် နေရာ များဖြစ်သည်။ ရွှေ့ပြောင်းအလုပ်သမား အများစုအတွက် ကျန်းမာရေးအာမခံ အကျိုးခံစားခွင့် မရှိသည့်အပြင် သင့်လျော်သော ကျန်းမာရေးစောင့်ရှောက်မှုကို ရရှိခံစားနိုင်ခြင်းမရှိသောကြောင့် လုပ်ငန်းခွင်အတွင်း ဖျားနာမှု သို့မဟုတ် ထိခိုက်ဒဏ်ရာရမှု ဖြစ်ပွားချိန်တွင် ပြန်လည်နာလန်ထူကုစားနိုင်ရန်အတွက် ပုံမှန်ပြန်လာနားခိုသည့်နေရာများလည်းဖြစ်ပေသည်။ ထို့အပြင် မိသားစုနေအိမ်နှင့် ဇာတိကျေးရွာဟူသည် ရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် ၎င်းတို့၏ လုပ်ငန်းရှင်များ နှင့် မန်နေဂျာများအတွက် ရုပ်ခန္ဓာပိုင်းဆိုင်ရာအရ ဆက်လက်အလုပ်လုပ်မပေးနိုင်တော့သည့်အချိန် သို့မဟုတ် အတော်ပင်နေးကွေးလေးလံပြီး ရုပ်ခန္ဓာပိုင်းအားနည်းလာသည့် အချိန်တွင် အလုပ်မှအနားယူရန် နေရာများဖြစ်သည်။ ထိုရွှေ့ပြောင်းအလုပ်သမားများသည် ယေဘုယျအားဖြင့် ၎င်းတို့အလုပ်လုပ်ကိုင်သော နိုင်ငံများတွင် ပင်စင်ခံစားခွင့်နှင့်လူမှုရေးအာမခံတို့ မရရှိသည့်အပြင် အဆိုပါနိုင်ငံများအတွင်း ၎င်းတို့ဆက်လက်နေထိုင်နိုင်ရန်မှာ ၎င်းတို့အား အလုပ်ပေးထားသော အရင်းရှင်များအပေါ်တွင် အလုံးစုံမှုတည်နေပါသည်။

ရွှေ့ပြောင်းအလုပ်သမားများ၏ဘဝများသည် စကြ်ဳတစ်ခု၏ လမ်းကြောင်းပေါ်တွင် ရှိနေသကဲ့သို့ဖြစ်သည်။ တစ်ဘက်တွင် စီးပွားရေးဆိုင်ရာထုတ်လုပ်မှုပြုခြင်း (economic production) ဖြင့် ဝင်ငွေရှာကာ တစ်ဘက်တွင် လူမှုဘဝမျိုးဆက်ပွားမှုပြုခြင်း (social reproduction) (ဥပမာ ဇီဝပိုင်းဆိုင်ရာမျိုးဆက်ပွားခြင်း၊ လုပ်သား စွမ်းအားပြန်လည် ဖြည့်တင်းခြင်းနှင့် ပြန်လည်နာလန်ထူကုစားခြင်း၊ ကလေးပညာရေး၊ ကျန်းမာရေး စောင့်ရှောက်မှု၊ ပင်စင်၊ ကလေးသူငယ်များ၏ လူမှုဆက်ဆံရေး စသဖြင့်) တို့ရှိနေသည်။ ၎င်းတို့အနေဖြင့် ထိုနှစ်ဘက်ကြားတွင် အပြန်အလှန် ကူးလူးသွားနေကာ တစ်ခါတစ်ရံတွင်

၎င်းတို့၏ကလေးငယ်များကိုပါ အတူခေါ်ဆောင်သွားကြသည်။ တန်ဇန်နီးယားနိုင်ငံသား ပညာရှင်နှင့် တက်ကြွလှုပ်ရှားသူ Issa Shivji (၂၀၁၇) ပုံဖော်ထားသကဲ့သို့ပင် ထိုသူတို့မှာ ယနေ့ခေတ်၏ ‘လုပ်သားထု’ (contemporary working people) ဖြစ်လေသည်။ ၎င်းတို့သည် လူ့အဆင့်အတန်း ထက်နိမ့်ကျစွာ ရှင်သန်ရပ်တည်ရကာ စကြိုနှစ်ဖက် အပြန်အလှန် ကူးပြောင်းနေရသည့် ဘဝဖြင့် ရပ်တည်ရသည်။ လုပ်အားခ အလွန်နိမ့်ခံထားရသော်လည်း အလွန်ပင် လက်ပန်းကျသည့်အချိန်ထိ အလုပ်လုပ်ရသည့် စုပါအလုပ်သမားများဖြစ်ပါသည်။

ထိုလုပ်သားထုကြီးအား ကိုဗစ်-၁၉ ကပ်ရောဂါမတိုင်ခင် အချိန်ထိ လုံးဝ မမြင်ရသကဲ့သို့ လျစ်လျူရှုထားခြင်းလည်း ခံရ ပါသည်။ သို့သော် ထိုကဲ့သို့ ၅သန်းမျှ အရေအတွက် ရှိသည့် လူအုပ်စုကြီးအနေဖြင့် ယခုကဲ့သို့သော စကြိုပေါ်တွင် ဘဝရှင်သန်နေကြသည်မှာ မတော်တဆဖြစ်လာသည့် အကြောင်းကိစ္စမဟုတ်ပါ။ ထို့ကြောင့် ဆက်စပ်မှုရှိသည့် ပို၍ ကျယ်ပြန့်သော လူမှုအဖွဲ့အစည်း တည်ဆောက်မှုပုံစံ (social structure) နှင့် အင်စတီကျူးရှင်းဝန်းကျင်နယ်ပယ် (institution context) တို့အပေါ် နားလည်မှုတည်ဆောက်ရန် လိုအပ်လာပြီဖြစ်သည်။ အထူးသဖြင့် မြန်မာ့ကျေးလက်လူမှု အဖွဲ့အစည်းနှင့် စီးပွားရေး ပိုင်းဆိုင်ရာကို ဆိုလိုပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုကဏ္ဍများမှ ရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် မြစ်ဖျားခံလာကာ အလုပ်အကိုင်စာချုပ် တစ်ခုနှင့် တစ်ခုကြားတွင် ပြန်လာသောနေရာ နှင့် ၎င်းတို့အများစုမှ အနာဂတ်တွင် အပြီးသတ် ပြန်လည် အခြေချနေထိုင်ရန် မျှော်လင့်သော နေရာလည်းဖြစ်ပါသည်။

ရွှေ့ပြောင်းအလုပ်သမားများနှင့် နိုင်ငံ့စီးပွားရေးအဆောက်အအုံ

မြန်မာအစိုးရ၏ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာသည် အဓိကမဏ္ဍိုင် နှစ်ရပ်အပေါ် ကြီးကြီးမားမားအားပြု မှီခိုနေသည်။ သဘာဝသယံဇာတ တူးဖော်ထုတ်လုပ်ခြင်း (ရေနံနှင့်သဘာဝဓာတ်ငွေ့၊ ကျောက်စိမ်းနှင့်အခြား) နှင့် လုပ်သားတင်ပို့ခြင်း (ရွှေ့ပြောင်းအလုပ်သမားများ) တို့ဖြစ်သည်။ မြန်မာနိုင်ငံသား (၅) သန်းခန့် သည် နိုင်ငံရပ်ခြားတွင် အလုပ်လုပ်ကိုင်နေပြီး (၃) သန်းခန့်မှာ ထိုင်းနိုင်ငံတွင် လုပ်ကိုင်နေခြင်းဖြစ်ကာ အများစုက ကာယအလုပ်သမားများဖြစ်ကြောင်း ဖေဖော်ဝါရီလတွင် မြန်မာအစိုးရ အရာရှိများ ထုတ်ပြန် ပြောကြားခဲ့သည် (ကမ္ဘာ့ဘဏ် ၂၀၁၉: ၁၆)။ သို့သော် အစောပိုင်းတွင်ဖော်ပြခဲ့သကဲ့သို့ပင် ရွှေ့ပြောင်းလုပ်သားထု၏ကြီးမားသောအစိတ်အပိုင်းတစ်ရပ်က အလုပ်ရှင် နိုင်ငံများ၏အလုပ်သမားဥပဒေများအရ တရားဝင်မှုနှင့် တရားမဝင်မှုတို့ကြားတွင် တည်ရှိနေသည်ဖြစ်ရာ အဆိုပါခန့်မှန်းချက်များက အမှန်တကယ် အရေအတွက်အောက် လျော့နည်းနေနိုင်သည်။ ဥပမာ ရွှေ့ပြောင်း အလုပ်သမားဦးရေ (၅) သန်း၏ ၅% သို့မဟုတ် ရွှေ့ပြောင်းအလုပ်သမား (၂၅၀,၀၀၀) ခန့်မှာ တရုတ်ပြည်သို့ သွားရောက်လုပ်ကိုင်ကြသည်ဟု အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာမှုအဖွဲ့ (IOM) က ခန့်မှန်းထားသည်။[၁၉] ယူနန်ပြည်နယ်မှ အရာရှိများကမူ မြန်မာရွှေ့ပြောင်း အလုပ်သမားအရေအတွက် သန်းတစ်ဝက်ခန့် ရှိနိုင်သည်ဟု ခန့်မှန်းခဲ့သည်။[၂၀]

ရွှေ့ပြောင်းအလုပ်သမားများ၏စုစုပေါင်းလွှဲပို့ငွေပမာဏအပေါ် တွက်ချက်ခန့်မှန်းမှုများက တစ်ခုနှင့်တစ်ခု အလွန်ကွာဟလှသည်။ ကမ္ဘာ့ဘဏ်၏ ခန့်မှန်းချက်အရ ၂၀၁၈ ခုနှစ်အတွက် လွှဲပို့ငွေစုစုပေါင်း အမေရိကန်ဒေါ်လာ ၂.၈ ဘီလီယံခန့်ရှိမည်ဟု ဆိုသည်။ ထိုသို့ငွေလွှဲပို့မှုပမာဏက လွန်ခဲ့သောဆယ်နှစ်တာကာလအတွင်း တရှိန်ထိုး တောက်လျှောက်မြင့်တက်လာခဲ့ခြင်းပင်ဖြစ်သည် (ပုံ-၈ တွင်ရှုပါ)။ ကမ္ဘာ့ဘဏ်၏အဆိုပါခန့်မှန်းချက် (၂၀၂၀) သည် IOM ၏ ခန့်မှန်းချက်ထက် များစွာလျော့နည်းနေသည်။ IOM ၏ အဆိုအရ “တရားဝင်ခန့်မှန်းချက်များက မြန်မာနိုင်ငံသည် ၂၀၁၅ ခုနှစ်တွင် လွှဲပို့ငွေများအနေဖြင့် အမေရိကန်ဒေါ်လာ (၁၁၈) သန်းခန့်သာရရှိသည်ဟု ဆိုသော်လည်း အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနကမူ ထိုကာလမှ လွှဲပို့ငွေပမာဏသည် အမေရိကန်ဒေါ်လာ (၈) ဘီလီယံခန့်အထိရှိနိုင်ကြောင်း ခန့်မှန်းခဲ့သည်”[၂၁] ။ ထိုပမာဏသည် အဆိုပါနှစ်၏ နိုင်ငံ GDP ၏ (၁၁%)

[၁၉] https://www.iom.int/countries/myanmar. Downloaded 29 May 2020.

[၂၀] Interview by Borras with some of these Chinese government officials in late 2019 in Yunnan.

[၂၁] https://www.iom.int/countries/myanmar; downloaded on 29 May 2020.

ခန့်ဖြစ်သည်။[၂၂] တစ်နှစ်အတွင်း လွှဲပို့ငွေပမာဏ အတိအကျက မည်မျှပင်ဖြစ်စေ (အနည်းဆုံး အမေရိကန်ဒေါ်လာ (၂.၈) ဘီလီယံ မှ အမေရိကန်ဒေါ်လာ (၈) ဘီလီယံကြား) အဆိုပါအချက်အလက်များအရ နိုင်ငံစီးပွားရေးအတွက် ရွှေ့ပြောင်းအလုပ်သမားများ၏ပံ့ပိုးပါဝင်အားဖြည့်မှုက အလွန်ကြီးမားကြောင်း တွေ့မြင်နိုင်သည်။ ယင်းသည် ၂၀၁၆-၂၀၁၇ ခုနှစ်အတွင်း GDP ၏ ၄.၄% ရှိမည်ဟု ခန့်မှန်းထားခဲ့သော သတ္တုတူးဖော်ရေးကဏ္ဍမှ ထည့်ဝင်မှုပမာဏ ထက်ပင် ပိုမိုများပြားသည်ကို တွေ့ရသည်။[၂၃]

FAO ၏ ခန့်မှန်းချက်အရ လက်ရှိတွင် မြန်မာနိုင်ငံလူဦးရေ (၅၃.၇) သန်း၏ ၇၀% မှာ ကျေးလက်ဒေသများတွင် နေထိုင်ကြသည်။ စိုက်ပျိုးရေးကဏ္ဍက နိုင်ငံစီးပွားရေးကို ကြီးကြီးမားမားပံ့ပိုးအားဖြည့်ထားသည်။ အစိုးရမှ ရရှိသည်ထက် စိုက်ပျိုးရေးကဏ္ဍမှ ပြန်လည်ပေးအပ်သည်က အလွန်တရာပိုမိုများပြား၏။ ၂၀၁၇ ခုနှစ်တွင် စိုက်ပျိုးရေးကဏ္ဍသည် GDP ၏ ၂၃.၇% ရှိပြီး နိုင်ငံစီးပွားရေးအတွက် စုစုပေါင်းအလုပ်အကိုင်၏ ၅၀% ထိအောင် ဖြည့်ဆည်းပေးအပ်သည့်တိုင် ထိုနှစ်အတွက် စုစုပေါင်းအစိုးရအသုံးစရိတ်၏ ၃.၈% (FAO၊ ၂၀၂၀:၁) သို့မဟုတ် GDP ၏ ၁.၁% (ကမ္ဘာ့ဘဏ်၊ ၂၀၁၈:၄၆) သာ ခွဲဝေရရှိ သည် (ဇယား-၇ ကိုရှုပါ)။ ၂၀၀၉ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ "မြန်မာနိုင်ငံတွင်း စိုက်ပျိုးရေးဆိုင်ရာအစိုးရအသုံးစရိတ်များသည် ပျမ်းမျှအားဖြင့် GDP ၏ ၁% နှင့် ပြည်ထောင်စုဘတ်ဂျက်၏ ၆.၅% သာရှိသည်" (ကမ္ဘာ့ဘဏ်၊ ၂၀၁၇:၂၁)။ မြန်မာနိုင်ငံ၏ GDPတန်ဖိုးသည် အံ့အားသင့်စရာတိုးတက်နှုန်းတစ်ခုဖြင့် နှစ်စဉ်မြင့်တက်နေသော်လည်း စိုက်ပျိုးရေးကဏ္ဍတွင်း တန်ဖိုးမြင့် တိုးတက်မှုနှုန်းမှာ ထိုမျှကောင်းမွန်ခြင်းမရှိနေပါ (ဇယား-၆ ကိုရှုပါ)။ ခြုံငုံသုံးသပ်ရမည်ဆိုရလျှင် ယင်းသည် နီယိုလစ်ဘရယ် (neoliberal) ဖွံ့ဖြိုးတိုးတက်နှုန်းများ၏ ယေဘုယျပုံစံတစ်ခုအတိုင်းသွားနေခြင်းဖြစ်သည်။ လူထုအများစုအတွက် အကျိုးဖြစ်ထွန်းမှုမရှိသော စီးပွားရေးဖွံ့ဖြိုးကြီးထွားမှုပုံစံပင် ဖြစ်ပါသည်။

[အချက်အလက်များကိုကြည့်လျှင် စီးပွားရေးဖွံ့ဖြိုးမှု၏ အနည်းငယ်မျှသောအလုပ်အကိုင်တိုးတက်မှုမှာ ဝန်ဆောင်မှုကဏ္ဍ (service sector) အတွင်း၌သာဖြစ်ကြောင်း သိမြင်ရသည်။ စီးပွားရေးဖွံ့ဖြိုးမှုအတွက် သယံဇာတတူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများ (ဆီအုန်း၊ ရာဘာနှင့်ပြောင်းဖူးစိုက်ခင်းများ ချဲ့ထွင်ခြင်းကဲ့သို့သော အကြီးအကျယ် စိုက်ပျိုးထုတ်လုပ်မှု အပါအဝင်) အပေါ်တွင်လည်း ကြီးကြီးမားမားမှီခိုအားထားနေသည်ဖြစ်ရာ တောင်သူလယ်သမားများအား ၎င်းတို့၏လယ်ယာမြေများမှ ဖယ်ရှားခြင်းဖြင့် ထိုလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နေခဲ့ခြင်းမျိုးလည်း ဖြစ်နိုင်သည်။[၂၆] သို့ဖြစ်ရာ ကျေးလက်ရပ်ရွာလူမှုအသိုက်အဝန်းများသည် စွမ်းဆောင်မှုကောင်းနေသော စီးပွားရေးကဏ္ဍ (ဥပမာ - ဝန်ဆောင်မှုကဏ္ဍ) အတွက် ဈေးပေါသည့် လုပ်အားပေးကာ တစ်ဘက်တွင်လည်း လုပ်အားအမျိုးအစားတစ်ခု (ကာယ

(ပုံ-၈) မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏လွှဲပို့ငွေစီးဝင်မှု (US$ သန်း)



ရင်းမြစ်- KNOMAD (၂၀၂၀)[၂၄]

[၂၂] World Bank Databank: https://databank.worldbank.org/views/reports/reportwidget.aspx?Report_Name=CountryProfile&Id=b450fd57&tbar=y&dd=y&inf=n&zm=n&country=MMR; downloaded 29 May 2020.
[၂၃] https://eiti.org/es/implementing_country/54; dowloaded 31 May 2020.
[၂၄] KNOMAD (2020). https://www.knomad.org/publication/migration-and-development-brief-31. Downloaded 5 June 2020.

အလုပ်သမားများ) ကို နိုင်ငံခြားသို့ တင်ပို့ခြင်းဖြင့် နိုင်ငံ၏စီးပွားရေးကို ကြီးမားသောအတိုင်းအတာတစ်ခုအထိ ဆက်လက်၍ ပံ့ပိုးအားဖြည့်ပေးနေခဲ့သည်။ ထိုကဲ့သို့ဖြင့် ကျေးလက်ကဏ္ဍသည် နိုင်ငံ၏ အလုပ်လက်မဲ့ အရေအတွက် ကိန်းဂဏာန်းကို လျှော့ချပေးသည်ဟုဆိုနိုင်သည်။ ထို့အပြင် တစ်စိတ်တစ်ပိုင်း (သို့) အပြည့်အဝ အလုပ်လက်မဲ့ဖြစ်မှု (under- or unemployment) အတိုင်းအတာပမာဏကိုပါ ဖုံးကွယ်ပေးထားသည်။ အမှန်မှာ စိုက်ပျိုးရေးတွင် လုပ်ကိုင်နေသည်ဟူ၍ သတ်မှတ်ခြင်းခံရသူများ၏ ၅၀% မှာ လယ်ယာလုပ်ငန်းဖြင့် အသက်ရှင်ရုံမျှသာရပ်တည်နေကြရပြီး ၎င်းတို့၏ဇာတိကျေးရွာများအတွင်းနှင့် အနီးတဝိုက်တွင် အခြား ပုံမှန်လုပ်ခစားအလုပ်ရှာဖွေလုပ်ကိုင်စရာမရှိနေသည့် ဆင်းရဲသားတောင်သူလယ်သမားများဖြစ်ကြသည်။ ထိုသူတို့သည် ကျေးလက်တောနေလူဆင်းရဲများဖြစ်ကြသည်။

(ဇယား-၆) မြန်မာနိုင်ငံ၏ GDP တိုးတက်မှုနှုန်း

ခုနှစ်	GDP တိုးတက်မှုနှုန်း	စိုက်ပျိုးရေးကဏ္ဍအတွင်း တန်ဖိုးမြင့် တိုးတက်မှုနှုန်း
၂၀၁၉	၄.၃	
၂၀၁၈	၄.၇	၂.၀
၂၀၁၇	၅.၇	၁.၃
၂၀၁၆	၅.၉	-၀.၅
၂၀၁၅	၇	၃.၄
၂၀၁၄	၈	၂.၈
၂၀၁၃		၃.၆
၂၀၁၂		၁.၇

ရင်းမြစ် - အာရှဖွံ့ဖြိုးရေးဘဏ် (ADB, 2020)[၂၅]

(ဇယား-၇) ပြည်သူ့ကဏ္ဍအသုံးစရိတ်များ (GDP အချိုးအစား)

	2014/15 PA	2015/16 PA	2016/17 PA	2017/18 RE
Total Expenditure	**26.2%**	**26.0%**	**23.4%**	**23.8%**
Ministries	**12.0%**	**12.9%**	**12.3%**	**12.9%**
Defense	3.8%	4.3%	3.7%	3.5%
Agriculture	1.5%	1.5%	1.2%	1.1%
Energy	0.2%	0.2%	0.3%	0.5%
Education	1.9%	2.1%	2.0%	2.0%
Health	1.1%	1.1%	0.9%	1.2%
Planning and Finance	1.3%	1.2%	1.5%	2.3%
Other Ministries	2.4%	2.5%	2.7%	2.4%
SEEs	**11.5%**	**10.6%**	**8.8%**	**8.8%**
SAOs	**0.2%**	**0.1%**	**0.1%**	**0.1%**
Other	**2.5%**	**2.4%**	**2.2%**	**2.0%**

Sources: MOPF; World Bank staff estimates.
Note: PA = Preliminary Actual; RE = Revised Estimates; SAOs = State Administrative Organizations; SEEs = State Economic Enterprises.

ရင်းမြစ် - ကမ္ဘာ့ဘဏ် (2018: 36)

[၂၅] https://data.adb.org/dataset/agriculture-value-added-asia-and-pacific-asian-development-outlook; Downloaded 30 May 2020.

(ပုံ-၈) အိမ်ထောင်ဦးစီး၏ပညာအရည်အချင်းနှင့် အိမ်ထောင်စုဝင်များအလုပ်လုပ်ကိုင်ရာလုပ်ငန်းကဏ္ဍအလိုက် ဖော်ပြထားသော ဆင်းရဲနွမ်းပါးမှုအချိုး (၂၀၁၇ ခုနှစ်)



(ပုံ-၉) ဆင်းရဲနွမ်းပါးမှုဒေတာအချက်အလက် (နယ်မြေဒေသအလိုက်)



မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှု အလွန်ပင်များပြားပြီး အဓိကအားဖြင့် ကျေးလက်ဒေသများတွင် ဖြစ်တည်နေသည်။[၂၇] ဆင်းရဲနွမ်းပါးမှုအားတိုင်းတာနိုင်ရန်အတွက် ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် (UNDP) အနေဖြင့် ဘက်စုံတိုင်းတာမှု တစ်ခုဖြစ်သည့် လူသားဖွံ့ဖြိုးတိုးတက်မှုအညွှန်းကိန်း (Human Development Index (HDI)) ကို ရေးဆွဲဖန်တီးခဲ့ကြပြီးဖြစ်သည်။ “HDI ဟူသည် အခြေခံအစိတ်အပိုင်း လက္ခဏာသုံးရပ်အပေါ် ရည်ရှည်တိုးတက်ကောင်းမွန်မှုကို ဆန်းစစ်လေ့လာပေးနိုင်သည့် လူသားဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အနှစ်ချုပ် တိုင်းတာတွက်ချက်မှု တစ်ရပ်ဖြစ်သည်။ အသက်ရှည်ပြီး ကျန်းမာသောဘဝတစ်ခု၊ အသိပညာဗဟုသုတ လက်လှမ်းမီရရှိနိုင်မှုနှင့် နှစ်လိုဖွယ်လူနေမှုအဆင့်အတန်းတစ်ရပ် ဟူသောအစိတ်အပိုင်းလက္ခဏာများဖြစ်သည်” (UNDP, 2019:1)။ HDIကို အခြေခံပြီး ကမ္ဘာ့အဆင့်သတ်မှတ်မှု တစ်ရပ်ကို နှစ်စဉ်လုပ်ဆောင်လေ့ရှိသည်။ ၂၀၁၈ ခုနှစ်တွင် “မြန်မာနိုင်ငံ၏ HDI ရမှတ်မှာ (၀.၅၈၄) ဖြစ်ပြီး နိုင်ငံများနှင့် ပိုင်နက်နယ်မြေပေါင်း (၁၈၉) ခုရှိသည့်အနက် အဆင့် (၁၄၅) အဖြစ် သတ်မှတ်ခြင်းခံရသည်” (UNDP, 2019:2)။ ဘဏ္ဍာရေးနှင့်စီမံကိန်းဝန်ကြီးဌာန၏အဆိုအရ “မြန်မာနိုင်ငံတွင် အသက်အရွယ်ရောက်ပြီးသူတစ်ဦးအတွက် တစ်ရက် စားသုံးမှုကုန်ကျစရိတ် (၁၅၉၀)ကျပ်နှင့် ထို့အောက်လျော့နည်းသော အိမ်ထောင်စုတစ်စုအတွင်း နေထိုင်ရသည့် လူပုဂ္ဂိုလ်တစ်ဦးကို ဆင်းရဲသူအဖြစ် သတ်မှတ်သည်” (2019: 6;)။ ထို့အပြင် အဆိုပါအစီရင်ခံစာအရ ဆင်းရဲနွမ်းပါးမှုက ကျေးလက်ဒေသများတွင် ပိုမိုကျယ်ကျယ်ပြန့်ပြန့် ဖြစ်တည်နေသည်။ ဆင်းရဲနွမ်းပါးမှုအချိုး (poverty headcount) သည် မြန်မာနိုင်ငံ၏ ကျေးလက်ဒေသများတွင် ၃၀.၂% ရှိပြီး မြို့ပြဒေသများ (၁၁.၃%) မှာထက် သိသိသာသာပိုမိုများပြားသည်။ ကျေးလက်ဒေသများရှိ ဆင်းရဲနွမ်းပါးသူ အရေအတွက်က မြို့ပြဒေသများမှာထက် (၆.၇) ဆ ပိုမိုများပြားသည်။ နိုင်ငံတွင်းရှိဆင်းရဲနွမ်းပါးသူများတွင် ကျေးလက် ဒေသများတွင် နေထိုင်သူများက အလွန်ကြီးမားသော အစိတ်အပိုင်းတစ်ခု (၈၇%) အဖြစ် ပါဝင်နေသည် (စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန (၂၀၁၉ : xi, အထူးဖော်ပြထားသည်)။

၁၉၉၁ ခုနှစ်မှ စတင်ကာ လုပ်သားနှင့် အလုပ်အကိုင်ဆိုင်ရာပြောင်းလဲမှုကို ကြည့်ကာ ILO အနေဖြင့် “လုပ်သားအင်အားတွင်မပါဝင်သူ (not in labour force)" လူဦးရေသည် ပို၍များလာကာ ယခုအချိန်တွင် အများဆုံးအမျိုးအစား ဖြစ်ကြောင်း ဖြစ်နေသည် ((ပုံ-၁၁) ကို ကြည့်ပါ)။ ထိုအချက်သည် (ပုံ-၁၂) တွင် ဖော်ပြထားသည့်အတိုင်း စီးပွားရေးဖြေလျှော့မှုနှင့် နိုင်ငံရေးအကူးအပြောင်းတို့နှင့်အတူ အလုပ်လက်မဲ့ဖြစ်မှုက ယှဉ်တွဲလိုက်ပါလာခဲ့ကြောင်း ဖော်ပြနေသည်။ အလုပ်လက်မဲ့ဖြစ်မှုသည် ၂၀၁၅ မှ စတင်ကာ အလွန်ထိုးတက်ခဲ့ပြီး ထိုအရေအတွက်သည် ၂၀၂၁ ခုနှစ်ရောက်သည့်အခါ သန်းဝက်ခန့်ရောက်နိုင်သည်ဟု ခန့်မှန်းကြသည်။

ထိုကဲ့သို့ နှုန်းသည် ကမ္ဘာနှင့် ယှဉ်လျှင် နိမ့်နေသေးသကဲ့သို့ရှိသော်လည်း ထိုအတွက်ကြောင့် ဝမ်းသာစရာအကြောင်းမရှိပါ။ ILO ၏ အစီရင်ခံစာတွင် ဤသို့ရှင်းလင်းတင်ပြထားပါသည်။

မြန်မာကဲ့သို့သော ဝင်ငွေနည်းနှင့် ဝင်ငွေအလယ်အလတ်တိုင်းပြည်များစွာတို့တွင် အလုပ်လက်မဲ့နှုန်းက ကမ္ဘာ့ အလုပ်လက်မဲ့နှုန်း (၅%) နှင့်နှိုင်းစာလျှင် အလွန်နည်းသည် (၂၀၁၇ ခုနှစ်တွင် မြန်မာနိုင်ငံ၏ အလုပ်လက်မဲ့နှုန်း ၁.၆%) . . . ။ ထိုသို့ဆိုခြင်းကြောင့် အဆိုပါနိုင်ငံများအတွင်းရှိ အလုပ်သမားဈေးကွက်များ စနစ်တကျအသက် ဝင်လည်ပတ်နေသည်ဟု မဆိုလိုပေ။ ဤတွင် အရေးကြီးသော အစိတ်အပိုင်း လက္ခဏာနှစ်ရပ်ကို စဉ်းစားသုံး သပ်ရန်လိုအပ်သည်။ ပထမလက္ခဏာရပ်မှာ အဆိုပါနိုင်ငံများတွင် တရားဝင်အလုပ်အကိုင်အခွင့်အလမ်းများက အလျင်အမြန် ကြီးထွားနေသောလုပ်သားအင်အားနှင့် တန်းတူရည်တူ ဖွံ့ဖြိုးတိုးတက်ခြင်း မရှိပါ။ [...] ဆင်းရဲ နွမ်းပါးသူများအနေဖြင့် . . . အလုပ်လက်မဲ့ဖြစ်၍မရသော အခြေအနေကြောင့် အများစုမှာ တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေးလုပ်ငန်း သို့မဟုတ် တရားဝင်မဟုတ်သောမြို့ပြအလုပ်အကိုင် အပေါ်တွင် ဆက်လက်အားထားမှီခို နေရပြီး အများအားဖြင့် ၎င်းတို့၏ အလုပ်အကိုင်အခွင့်အလမ်းများကို ၎င်းတို့ကိုယ်တိုင် ဖန်တီးကြရသည် [...] ထိုအချက်ကိုကြည့်လျှင် အလုပ်လက်မဲ့နှုန်း

[၂၇] ထိုကဲ့သို့ ဆိုသောကြောင့် အစီရင်ခံစာအနေဖြင့် မြို့ပြတွင် ဆင်းရဲနွမ်းပါးမှုမရှိဟု ဆိုလိုခြင်းမဟုတ်ပါ။ Myanmar Living Conditions 2017 သုတေသနအရ မြို့ပြဒေသရှိ ဆင်းရဲနွမ်းပါးမှုရာခိုင်နှုန်းသည် ၁၁.၃ ခန့်ရှိပါသည်။

များကို ကျော်လွန်ကြည့်မြင်ပြီး အလုပ်အကိုင်၏ အရည်အသွေးကို လေ့လာဆန်းစစ်ရန် အလွန်အရေးကြီးကြောင်း တွေ့မြင်နိုင်သည်။ ဒုတိယအချက်အနေနှင့် အလုပ်လက်မဲ့ဖြစ်မှုအတွက် ILO ၏ အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်က အလွန်တိကျရှင်းလင်းသော်လည်း သက်ဆိုင်ရာ ရက်သတ္တပတ် အတွင်း အနည်းဆုံး တစ်နာရီအလုပ်လုပ်ကိုင်ခဲ့သူကိုပင် အလုပ်အကိုင်ရှိသူအဖြစ် သတ်မှတ်ထားသည် (ILO၊ ၂၀၁၉:၄၆)။

ထိုကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင်းအခြေအနေမှာ ကမ္ဘာ့အဆိုးရွားဆုံးတွင် တစ်ခုအပါအဝင်ဖြစ်နေကြောင်း ILO က ဤသို့အစီရင်ခံတင်ပြခဲ့သည်။

တစ်ကမ္ဘာလုံးကိုနှိုင်းယှဉ်လေ့လာကြည့်လျှင် တရားဝင်မဟုတ်မှု (informality) သည် အာရှဒေသတွင် အကျယ်ပြန့်ဆုံးဖြစ်တည်နေပြီး အလုပ်သမားအားလုံး၏ ၇၀% အပေါ် အကျိုးသက်ရောက်မှုရှိသည်။ အာရှဒေသခွဲများကိုကြည့်လျှင် တောင်အာရှတွင် တရားမဝင် အလုပ်အကိုင် အများဆုံး (၉၀% ခန့်) ဖြစ်သည်။ အလွန်ကြီးမားသော စိုက်ပျိုးရေးကဏ္ဍတစ်ရပ်ရှိနေခြင်းကြောင့်ဖြစ်ပြီး အလုပ်သမားအားလုံးလိုလိုမှာ တရားဝင်မဟုတ်မှု (informality) ကို ရင်ဆိုင်ခံစားကြရသည်။ တရားဝင်မဟုတ်မှုသည် အရှေ့တောင်အာရှနှင့်ပစိတ်ဖိတ်ဒေသတို့တွင်လည်း အလွန်များပြားပြီး အလုပ်ခန့်ထားခံရသူများ၏ ၄ ပုံ ၃ ပုံ ကို အပေါ် အကျိုးသက်ရောက်မှုရှိသည်။ ထိုအချိုးအစားက ကမ္ဘောဒီးယား၊ အင်ဒိုနီးရှားနှင့် မြန်မာကဲ့သို့သောနိုင်ငံများတွင် ၈၅% ကျော်အထိ မြင့်တက် သွားသည် (ILO, 2019: 46)။

ဖော်ပြခဲ့သည့် အချက်အလက်များအားလုံးကို ခြုံငုံကြည့်လိုက်ပါက နိုင်ငံစီးပွားရေးအခြေအနေအပြင် အထူးသဖြင့် ကျေးလက်ဒေသ၏ အခြေအနေကို ပုံဖော်ကြည့်ရန် အထောက်အကူပြုစေပါသည်။ ပထမအချက်အနေဖြင့် မြန်မာနိုင်ငံရှိ လူဦးရေစုစုပေါင်း၏ ၇၁.၅% မှာ ကျေးလက်တွင်နေထိုင်သူများဖြစ်သည်။ ထိုအချက်မှာ ပြဿနာမဟုတ်ပါ။ သို့ပေမယ် ဒုတိယအချက်အနေဖြင့် ဆင်းရဲနွမ်းပါးသူ လူဦးရေ၏ ၉၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသများမှ ဖြစ်နေပါသည်။ တတိယအနေဖြင့် လယ်ယာမြေမရှိသည့်အပြင် လယ်ယာမြေပြင်ပအလုပ်အကိုင်နှင့် လယ်ယာ လုပ်ငန်းနှင့် မသက်ဆိုင်သောအလုပ်အကိုင် ရနိုင်ခြေမရှိသော အိမ်ထောင်စုများမှာ ဆင်းရဲနွမ်းပါးမှု လှေကားထစ်၏ အောက်ဆုံးထစ်တွင်ရှိနေသည်။ တဖက်တွင်လည်း စတုတ္ထအချက်ဖြစ်သည့် လယ်ယာမြေရှိခြင်းကလည်း လူတစ်ဦး၏ အခြေအနေကို သိသိသာသာနှင့် အလိုအလျောက် တိုးတက်ကောင်းမွန်စေခြင်း မရှိနေပါ။ ပဉ္စမအချက်အနေဖြင့် မြန်မာနိုင်ငံတွင် ယေဘုယျအားဖြင့် လယ်ယာမြေနှင့် အလုပ်သမားတို့၏ထုတ်လုပ်နိုင်စွမ်း (land and labour productivity) နိမ့်ပါးသည်ကို တွေ့ရပါသည်။

ထိုကဲ့သို့ နောက်ခံအခြေအနေများမှတဆင့် ရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် မည်သည့်နေရာမှ မြစ်ဖျားခံလာသည် (ထို့အပြင် ဘာကြောင့် ၎င်းတို့အနေဖြင့် ဇာတိကျေးရွာများတွင် ဆက်လက်၍အခြေတည်နေသည်)၊ မည်ကဲ့သို့သော အကျိုးအကြောင်းများကြောင့် ရွှေ့ပြောင်းအလုပ်ကို တခြားနိုင်ငံတွင် လုပ်ကိုင်နေရသည် ၊ လာမည့်နှစ်ကာလများတွင် (၎င်းတို့အနေဖြင့် စွန့်လွှတ်မှုကြီးမားစွာဖြင့် မိသားစုရပ်တည်ရှင်သန်ရေးအတွက် ကြိုးပမ်းလုပ်ဆောင်နေသော်လည်း) ၎င်းတို့၏ဘဝနှင့် အသက်မွေးဝမ်းကြောင်း အလားအလာတို့သည် ထိခိုက်လွယ်နေဦးမည် စသည်တို့ကို နားလည်လာစေသည်။ သို့သော်လည်း မည်သည့် အတွက်ကြောင့် မြန်မာနိုင်ငံ၏ ကျေးလက်ဒေသများတွင် ဆင်းရဲမှု ကျယ်ပြန့်စွာဖြစ်တည်နေရသည့် အကြောင်းရင်းကိုမူ မရှင်းပြနိုင်သေးပါ။

မြန်မာရွှေ့ပြောင်းလုပ်သားများနှင့် ဆင်းရဲမွဲတေမှု

ဆင်းရဲနွမ်းပါးမှုက သဘာဝအလျောက်ဖြစ်ရသည်ဟူသော ထင်မှတ်ယုံကြည်မှုကိုလည်း ဖန်တီးထားလေ့ရှိ၏။ ဥပမာအားဖြင့် “မိုးမရွာလို့ လူတွေ ငတ်ကြရတယ်" ဟူသော အတွေးအခေါ်များသည် မည်သူကဖြစ်ပါစေ မည်သည့်အရာကဖြစ်ပါစေ ပြောင်းလဲရန်တတ်နိုင်စွမ်းမရှိသော အခြေအနေကဲ့သို့လည်းကောင်း၊ မည်သူ့ကိုမှ အပြစ်တင်လို့မရဘဲ လူသည် သူ့ကံအရ ကံကောင်းမှု၊ ကံဆိုးမှု ဖြစ်လာသည့် ပုံစံကဲ့သို့ ပုံဖော်လေ့ရှိသည်။ ထိုမှတဆင့် ဖြစ်ပေါ်လာသော အယူအမြင်နှင့် ရှောင်လွှဲလို့မရသည့်

(ပုံ-၁၀) မြန်မာနိုင်ငံ ကဏ္ဍအလိုက် အလုပ်သမားနှင့်အလုပ်အကိုင်ဒေတာအချက်အလက်များ (၁၉၉၁ ခုနှစ်မှ ၂၀၂၀-၂၀၂၁ ခုနှစ် ခန့်မှန်းချက်အထိ)



(ပုံ-၁၁) မြန်မာနိုင်ငံ အလုပ်လက်မဲ့ဒေတာအချက်အလက်များ (၁၉၉၁ ခုနှစ် မှ ၂၀၂၀-၂၀၂၁ ခုနှစ်ခန့်မှန်းချက် အထိ)



အနာဂတ်ကံကြမ္မာဆိုသည့် ရှုမြင်မှုကို မကွေးတိုင်းဒေသကြီးမှ အသက် (၃၈) နှစ်အရွယ် အမျိုးသားတစ်ဦးမှ ပြောပြခဲ့သောအခြေအနေတွင် တစ်စိတ်တစ်ပိုင်း တွေ့မြင်နိုင်သည်။

ကျွန်တော့်မှာ အဖိုးဆီကအမွေရခဲ့တဲ့ ယာမြေ သုံးဧကခွဲ ရှိတယ်။ အဲဒီယာမြေတစ်ခုလုံးမှာ သနပ်ခါးပင်တွေ စိုက်ထားတယ်။ ဒါပေမယ့် သနပ်ခါးအတွက် ဈေးကွက် မရှိဘူးဗျ။ သက်တမ်းရင့်သနပ်ခါးပင်ဖြစ်ဖို့ဆိုတာ အချိန် ၁၅ နှစ်၊ နှစ် ၂၀ ပေးရတယ်။ ဒါတောင်မှ ခင်ဗျားအနေနဲ့ ခရီးသွားလာစရိတ်တွေဖယ်လိုက်ရင် သနပ်ခါး တစ်ပင် တစ်ပင်ကို ငွေကျပ် (၂၀၀၀) ပဲရတယ်ဗျာ။ သနပ်ခါးပင်တွေ အကုန်လုံး ခုတ်နုတ်ပြီးရင်လည်း ထွန်ယက်စိုက်ပျိုးဖို့က အရမ်းခက်တယ်။ တစ်ခြားလူတွေ ပြောင်းနဲ့နှမ်း စိုက်တာရှိတယ်။ မြေအများစုကတော့ လွတ်နေတာ၊ ဘာမှ မစိုက်ဘူး။ မိုးရေလည်းမရဘူး၊ ပိုးကလည်းများတယ်လေ။

တော်တော့်ကိုခက်ခဲပါတယ်။ ကျွန်တော်မှမဟုတ်ဘူး။ ကျွန်တော်တို့ရွာကလူအများစုကလည်း ဒီအခြေအနေကို ကြုံနေရတာ။ အိမ်မှာရှိသမျှ လူအကုန် အလုပ်လုပ်မှ ထမင်းစားရတယ်။ လက်ရှိမှာတော့ ကျွန်တော့်မှာ ဝင်ငွေမရှိဘူးဗျ။ နိုဝင်ဘာလအထိ စောင့်ရဦးမယ်။ အဲဒီအချိန်မှာ ကြံခုတ်ဖို့ တရုတ်ပြည် ပြန်သွားလို့ရပါစေပေါ့ဗျာ။ ဆုတောင်းနေရတာပဲ။

အနီးကပ်ကြည့်လျှင် သဘာဝအလျောက်ဖြစ်သည်ဟု ထင်ရသော အရာများကို ခြေလှမ်းနောက်ဆုတ်ကာ ကြည့်ကြည့်ပါက သဘာဝမကျသည်ကို စတင်မြင်တွေ့ရပါလိမ့်မည်။ ဥပမာအားဖြင့် ချမ်းသာကြွယ်ဝသောအရင်းရှင် လယ်ယာစိုက်ပျိုးရေးကုမ္ပဏီများနှင့် မွေးမြူရေးလုပ်ငန်းများသည် မနည်းရုန်းကန်ရပ်တည်နေရသော တောင်သူလယ်ခင်းများနှင့် ဘေးကပ်လျက် တည်ရှိနေပါသည်။ နှစ်ဖက်ကွာခြားမှုမှာ သိသာထင်ရှားလှသည်။ အရင်းရှင်လုပ်ငန်းများသည် လယ်ယာသွင်းအားစုနှင့် စိုက်ပျိုးရေးထွက်ကုန် ရောင်းဝယ်မှုလုပ်ငန်းများကို ထိန်းချုပ်ထားသည်၊ ပြင်ပဝယ်လက်အတွက် စိုက်ပျိုးထုတ်လုပ်မှု (outgrower) စနစ်ကို အကောင်အထည်ဖော်သည်၊ ဆင်းရဲသော ရွာသူရွာသားများကို ဖယ်ရှားကာ မြေယာများစုဆောင်းရယူသည်၊ ထုတ်လုပ်မှုတိုးမြှင့်ချဲ့ထွင်နိုင်ရန် ဈေးပေါသောအလုပ်သမားများ ငှားရမ်းလုပ်ကိုင်ကြသည်။ အခြေခံအဆောက် အအုံများ (ဥပမာ ဆည်မြောင်းများ) တည်ဆောက်ခြင်းဖြင့် ၎င်းတို့အနေဖြင့် အရှိန်အဟုန်ကောင်းသော ထုတ်လုပ်မှုနှင့် ဝင်ငွေများ ဖော်ဆောင်နိုင်သည်၊ ခေတ်မီနည်းပညာအပေါ် ရင်းနှီးမြှုပ်နှံနိုင်သည်။ သယ်ယူပို့ဆောင်ရေး စွမ်းဆောင်ရည်ကို အသုံးချနိုင်သည်၊ လယ်ယာသွင်းအားစုများကို အချိန်ကိုက်ဝယ်ယူနိုင်ပေသည်။

ထိုကဲ့သို့ "ခေတ်မီတိုးတက်မှုများ" အားလုံးကို ဆင်းရဲသားရွာသူရွာသားများအနေဖြင့် ဒေသတစ်ခုတည်းတွင် အတူရှိသော်လည်း လက်လှမ်းမမီနိုင်ပါ။ ဆင်းရဲသား တောင်သူများတွင် ဈေးကွက်တင်ရောင်းချနိုင်မည့် ပိုလျှံထွက်ကုန်များရှိသည်ဆိုသည့် အကောင်းဆုံးအခြေအနေမျိုးမှာပင် ပေါက်ဈေးများ အလွန်နည်းလေ့ရှိသောကြောင့် ရေရှည်အိမ်ထောင်စုတစ်စု ရပ်တည်နေထိုင်နိုင်ရန်အတွက် အထောက်အကူမပြုပါ။

အမှန်မှာ ထိုကိစ္စရပ်များအားလုံးသည် သဘာဝအလျောက်ဖြစ်သည်ဟူ၍ လုံးဝမရှိပါ။ ကျေးလက်နေရွာသူရွာသားများ၏ဆင်းရဲမွဲတေမှုကို အဓိကဖြစ်ပေါ်စေခဲ့၍ ဆင်းရဲသားလုပ်သားထုအား ရာသီဥတုအပြောင်းအလဲကြောင့် ထိခိုက်နိုင်ခြေဘေးအန္တရာယ်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆက်နွယ်နေသောဘေးအန္တရာယ်များအောက်သို့ ကျရောက် စေခဲ့သော အချက်မှာ ရှိရင်းစွဲ လူမှုဖွဲ့စည်းတည်ဆောက်မှုပုံစံများနှင့် ပြဋ္ဌာန်းချက်များအောက်တွင် ၎င်းတို့အား ထည့်သွင်းလိုက်သည့် အခြေအနေများကြောင့်ပင်ဖြစ်သည်။ လယ်ယာမြေနှင့် လုပ်အားကို ရောင်းကုန်များအဖြစ် ပိုမိုသတ်မှတ်အသုံးပြုလာခြင်း၊ စိုက်ပျိုးရေးကဏ္ဍနှင့် ကူးသန်းရောင်းဝယ်ရေး/စက်မှုလုပ်ငန်းကဏ္ဍတို့ကြား ရောင်းဝယ်ဖလှယ်မှုအတွက် တန်းတူညီမျှမှုမရှိသော စည်းကမ်းသတ်မှတ်ချက်များထားရှိခြင်း၊ ကုန်သည်လွှမ်းမိုး မှုအောက်

မန္တလေးတိုင်းအတွင်းရှိ စိုက်ပျိုးရေလှောင်တမံအား အဝေးမှမြင်တွေ့ရပုံ
ဓာတ်ပုံ - ဒွဲရာ

တွင် စိုက်ပျိုးရေးထွက်ကုန် ဈေးနှုန်းတက်ကျပြောင်းလဲခြင်းစသည်တို့ပါဝင်သည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံ ကျေးလက်ဒေသမှ လုပ်သားများသည် တဖြည်းဖြည်းနှင့် ပို၍ကြပ်တည်းမှုကြုံလာရသည်။ တစ်ဘက်တွင် မြန်မာနိုင်ငံ ကျေးလက်ဒေသနေ လူအများအပြား ကြုံတွေ့ခံစားနေရသည့် ခက်ခဲဆင်းရဲစွာ ရပ်တည်နေရမှုအခြေအနေများနှင့် အခြားတစ်ဘက်တွင် စီးပွားရေးအရ ဝင်ငွေရနိုင်မှုမြင့်မားသော နိုင်ငံရပ်ခြားရွှေ့ပြောင်းလုပ်ငန်းတို့က ဆက်စပ်

မှုရှိနေသည်။ ထိုအခြေအနေနှစ်ခုသည် လူမှုဘဝဖြစ်စဉ်၏ အဓိကကျသော အစွန်းနှစ်ဘက်ဖြစ်နေကာ ထိုဖြစ်စဉ် အတွင်းတွင် လူသားဘဝ ဦးတည်လှုပ်ရှားမှုသည် အစဉ်အဆက် ပြောင်းလဲနေသည်။ သင့်လျော်သည့်ဘက်သို့ အလိုက်သင့် စီးဆင်းနေသော ရွှေ့လျားပြောင်းလဲမှု ဖြစ်စဉ်တစ်ခု ဖြစ်သွားခဲ့သည်။

လုပ်ငန်းခွင်၏ထုတ်လုပ်ရေးကဏ္ဍအတွင်း အလုပ်သမားကုန်ကျစရိတ်များကို တွက်ချက်ရာတွင် ဇာတိရပ်ရွာအတွင်း လူမှုစောင့်ရှောက်ရေးဆိုင်ရာအခြေအနေများ ဆက်လက်ထိန်းသိမ်းထားနိုင်ရေး ကုန်ကျစရိတ်များကို ထည့်သွင်းတွက်ချက်ခြင်းမျိုး အလျဉ်းမရှိပေ။ အဆိုပါ ကုန်ကျစရိတ်ဝန်ထုပ်များကို အလုပ်သမားများ၏ အိမ်ထောင်စုဝင်များကသာ ၎င်းတို့၏ကျေးရွာများအတွင်း အဓိကတာဝန်ယူထမ်းပိုးရသည်။ ယေဘုယျအားဖြင့် မြန်မာနိုင်ငံအစိုးရနှင့် လူမှုအဖွဲ့အစည်းများကလည်း တစ်စိတ်တစ်ပိုင်းတာဝန်ယူထမ်းပိုးထားသည်ဟု ဆိုနိုင်သည်။ အချို့သော လူမှုစောင့်ရှောက်ရေးလုပ်ငန်းတာဝန်များကိုမူ ရွှေ့ပြောင်းအလုပ်သမားများတို့၏ ဇာတိရပ်ရွာများတွင် ချန်ရစ်ထားခဲ့ရန် မဖြစ်နိုင်ပေ။ ဥပမာ အမျိုးသမီးရွှေ့ပြောင်း အလုပ်သမားများစွာတို့သည် ၎င်းတို့၏ ရင်သွေးငယ်လေးများနှင့် ကျောင်းမတက်ရသေးသည့် သားသမီးများကို တပါတည်း ခေါ်ဆောင်သွားရလေ့ရှိသည်။ သို့ဖြစ်ရာ ဝင်ငွေရလုပ်ငန်းတာဝန်နှင့် လူမှုစောင့်ရှောက်ရေးလုပ်ငန်း တာဝန်နှစ်ခုကို တစ်ချိန်တည်း တစ်နေရာတည်းတွင် ပင်ပန်းဆင်းရဲစွာနှင့် လုံခြုံမှုကင်းမဲ့စွာ အကောင်အထည်ဖော်ဆောင်ရွက်နေရသည့် အခြေအနေများကို တွေ့မြင်ရသည်။

မွန်ပြည်နယ်မှ အသက် (၂၈) နှစ်အရွယ်အမျိုးသမီးတစ်ဦးက သူမ၏ဘဝဇာတ်ကြောင်းကိုဤသို့ထုတ်ဖော်ပြောပြခဲ့သည်။

ကျွန်မ ခုနှစ်တန်းရောက်တော့ မိဘကိုကူညီဖို့ ကျောင်းထွက်ခဲ့ရတယ်။ ထင်းတွေကောက်တယ်၊ ရာဘာစေးခြစ်တယ်၊ မန်ကျည်းရွက်တွေရောင်းတယ်ပေါ့။ ရွာမှာ ကျွန်မမိဘတွေပိုင်တဲ့ ရာဘာခြံတစ်ခြံရှိပေမယ့် ဈေးကွက်မကောင်းပဲ ရာဘာဈေးတအားနည်းတော့ မိသားစုစားဝတ်နေရေးအတွက် မလောက်ဘူးလေ။ ဒါနဲ့ပဲ ကျွန်မက ထိုင်းနိုင်ငံကို ကျွန်မဦးလေးနဲ့အတူသွားခဲ့တာ။ အဲဒီတုန်းက အလုပ်သမားပွဲစားကို ကျွန်မတို့တစ်ယောက်စီအတွက် ငွေကျပ်သုံးသိန်းပေးခဲ့ရတယ်။ ထိုင်းနိုင်ငံရောက်တော့ အလုပ်မျိုးစုံလုပ်ခဲ့တယ်။ အိမ်ထောင်ပြုပြီးချိန်မှာတော့ ကျွန်မယောကျ်ားနဲ့အတူတူ ရာဘာစိုက်ခင်းတစ်ခုမှာ သုံးနှစ်လောက် အလုပ်လုပ်ခဲ့တယ်။ ရာဘာခြံမှာ အလုပ်လုပ်နေရင်း အရမ်းနေထိုင်မကောင်းဖြစ်လာတာနဲ့ ကျွန်မရဲ့ ဇာတိရွာကို ပြန်လာခဲ့တာ။ ပြီးတော့ ရန်ကုန် သွားပြီးဆေးသွားကုတာပေါ့ရှင်။ နေပြန်ကောင်းလာတော့မှ ထိုင်းနိုင်ငံကို ပြန်သွားခဲ့တယ်။ အခက်အခဲက ကျွန်မမှာ ပတ်စ်ပို့ရှိပေမယ့် ကျွန်မယောကျ်ားမှာ မရှိဘူးလေ။ ဒါကြောင့်လည်း ကျွန်မကိုယ်ဝန်ရှိပြီး ကလေးမီး ဖွားရမယ့်အချိန်မှာ မြန်မာနိုင်ငံကို ကျွန်မတစ်ယောက်တည်း ပြန်လာပြီး ကလေးမွေးခဲ့ရတယ်။ ဒီကပ်ရောဂါ ကာလထဲမှာဆို ကျွန်မတို့သူဌေးက စားနပ်ရိက္ခာတွေနဲ့ ကလေးအာဟာရမှုန့်တွေ ခဏခဏပေးတယ်ရှင့်။ ရာဘာစေးခြစ်တဲ့အလုပ်ကို ရပ်နားထားတဲ့ကာလမှာ ကျွန်မယောကျ်ားက ခြံမြက်တွေလိုက်ရှင်းတယ်။ တစ်ရက်ကို ဘတ် (၂၀၀) ကနေ (၃၀၀) လောက်ရတယ်လေ။ ကျွန်မကတော့ အနီးအနားက အလှူအိမ်တစ်ခုမှာ ပန်းကန်ဆေး၊ အဝတ်လျှော်၊ သန့်ရှင်းရေးလုပ်ပေါ့ရှင်။ အခုဆို ကျွန်မသမီးလေးက နှစ်နှစ်ရှိပြီ။ ဒီကပ်ရောဂါ ကာလတွင်းမှာတော့ ကျွန်မတို့ခြံဝန်းထဲမှာပဲနေတယ်။ ရောဂါတွေမဖြစ်ခင်က သမီးကို ကျွန်မတို့ရွာပြန်ပို့ဖို့စီစဉ်ခဲ့သေးတယ်။ ဒါပေမယ့် လမ်းတွေလဲပိတ်လိုက်တော့ ပြန်ပို့ဖို့ကို ဆက်လုပ်လို့မရတော့ဘူး။ အခုဆို မိုးရာသီထဲ ဝင်လာပြီဆိုတော့ သမီးလေးသွေးလွန်တုပ်ကွေးဖြစ်မှာ၊ ငှက်ဖျားဖြစ်မှာကို ကျွန်မ အရမ်းစိုးရိမ်တယ်။ ကျွန်မ ရာဘာခြစ်သွားရင် သူ့ကိုတစ်ယောက်ထဲထားခဲ့ရမှာ စိတ်ထဲမလုံခြုံဘူးဖြစ်နေတယ်။ ဒါကြောင့်လည်း ရာဘာ ခြစ်သွားရင် ကျွန်မက သမီးလေးကိုပါ စိုက်ခင်းထဲခေါ်သွားတယ်။ သူ့ကို ကျွန်မမြင်သာတဲ့နေရာမှာ အဖော်ခွေး တစ်ကောင်နဲ့ထားပြီးမှပဲ ကျွန်မအလုပ်ကို ဖြောင့်ဖြောင့်လုပ်နိုင်တယ်။

တရုတ်နိုင်ငံတောင်ပိုင်းဒေသတွင်း အမြတ်အစွန်းများ အကြီးအကျယ်ရရှိနေခဲ့သည့် သီးနှံစိုက်ပျိုးရေးအရင်းရှင်လုပ်ငန်းများ (ကြံ၊ ငှက်ပျော၊ မက်ခဒေးမီးယား စသဖြင့်)၊

ကမ္ဘာကျော် ထိုင်းအစားအစာနှင့် စိုက်ပျိုးရေးကဏ္ဍ၊ မလေးရှားနိုင်ငံ၏ ကမ္ဘာ့ထိပ်တန်းဆီအုန်းလုပ်ငန်းကဏ္ဍ အစရှိသည်တို့မှာ အင်ဒိုနီးရှား၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ် နှင့် မြန်မာနိုင်ငံတို့မှ ရွှေ့ပြောင်းအလုပ်သမားများမပါပဲ ဖြစ်ထွန်းအောင်မြင်နိုင်မည် မဟုတ်ပါ။ သို့သော် ထိုလုပ်ငန်းများတွင် ရွှေ့ပြောင်းအလုပ်သမားများကို ၎င်းတို့၏ လုပ်အားအတွက် သင့်လျော်သောလုပ်အားခပမာဏတစ်ရပ် အပြည့်အဝပေးချေခြင်းမရှိပေ။ ထို့အပြင် အလုပ်သမားများနှင့် ဆက်စပ်သည့် လူမှုရေးစောင့်ရှောက်မှု လိုအပ်ချက်များအတွက် ထည့်သွင်းစဉ်းစားပေးသည့် သင့်လျော်သော လုပ်အားခပေးခြင်းလည်းမရှိပါ။

အခြေအနေများစွာတို့တွင် ရွှေ့ပြောင်းအလုပ်သမားများသည် မိသားစုဝင်အများစုကျန်နေရစ်ခဲ့သော ၎င်းတို့ဇာတိနိုင်ငံတွင် အရင်းအမြစ်များ (ဥပမာ မြေယာနှင့်သစ်တောလက်လှမ်းမီအသုံးပြုပိုင်ခွင့်)၊ ထို့အပြင် အလုပ်ပြီးဆုံးချိန်တွင် လုပ်သားစွမ်းအားပြန်လည်ဖြည့်တင်းရန်နှင့် အလုပ်မှ အပြီးသတ်ထွက်ကာ အနားယူရန် အိမ်နေရာများ မရှိလျှင် ၎င်းတို့၏လုပ်အားများကို ထိုမျှဈေးပေါပေါဖြင့် ရောင်းချနိုင်မည်မဟုတ်ပေ။ ထို့ကြောင့်လည်း အရင်းရှင်များနှင့် အလွှာပေါင်းစုံမှအလုပ်သမားပွဲစားများသည် ရွှေ့ပြောင်းအလုပ်သမားများကို အလွန်အမင်း တန်ဖိုးထားကြသည်။ ၎င်းတို့ဇာတိနိုင်ငံမှ အခြေအနေများသည် ထိုကဲ့သို့ ခေါင်းပုံဖြတ်ခံရမှုဖြစ်ပေါ်စေရန် ဖန်တီးနေသည်။ ထို့ကြောင့် ပြည်တွင်းအလုပ်သမားများ မလုပ်ကိုင်လိုသော လက်ခစားအလုပ်များကို အလွန်နည်းပါးသော လုပ်အားခ ပမာဏများဖြင့် အရင်းရှင်တို့မှ ထိုသူတို့ကို လုပ်ကိုင်ခိုင်းနိုင်ကြသည်။ အလုပ်ရာသီသိမ်းချိန် သို့မဟုတ် အရေးပေါ်ကာလများ (ဥပမာ လက်ရှိကမ္ဘာ့ကပ်ရောဂါ) တွင် ထိုသူတို့ကို “နေရပ်ပြန်စောင့် (hibernate)" ခိုင်းနိုင်သည်။ ထို့အပြင် နေမကောင်းသောအခါ သို့မဟုတ် အသက်ကြီး၍ မသန်စွမ်းသောအခါ အလွယ်တကူ စွန့်ပစ်နိုင်လေသည်။ ရွှေ့ပြောင်းအလုပ်သမားများသည် ၎င်းတို့၏ ဇာတိရပ်ရွာများနှင့် ပတ်သက်ဆက်နွယ်မှုကို ဆက်လက်ထိန်းသိမ်းထားခြင်းဖြင့် ၎င်းတို့၏ ရပ်တည်မှုအတွက် လိုအပ်သော အနိမ့်ဆုံးအခြေအနေများကို ပံ့ပိုးပေးနိုင်ကာ ၎င်းတို့မိသားစုအတွက် ကုန်ကျစရိတ်များကို ၎င်းတို့ဘာသာ အဓိကတာဝန်ယူကျခံဖြေရှင်းနိုင်စေသည်။ မြန်မာနိုင်ငံတွင် အခြေချရန် “အိမ်" ဆက်လက်ရှိနေခြင်းသည် ရွှေ့ပြောင်းအလုပ်သမားများ၏ မိသားစုများအတွက် ၎င်းတို့၏ ကျောင်းနေပညာသင်ကြားရေး၊ ကျန်းမာရေး စောင့်ရှောက်မှု လက်လှမ်းမီရေးနှင့် လူမှုဖူလုံရေးတို့အတွက် အရေးပါလှသည်။ ထိုအားဖြင့် ၎င်းတို့၏ မိသားစုဆက်လက်ရပ်တည်နိုင်ကာ လုပ်သားစွမ်းအားကိုလည်း ပြန်လည်ဖြည့်တင်းနိုင် ပါသည်။

ရွှေ့ပြောင်းလုပ်သားများနှင့် ခက်ခဲကြမ်းတမ်းသောအခြေအနေဖြင့် ဇာတိရွာများ

၎င်းတို့၏ ဇာတိကျေးရွာများတွင် အစိုးရမှ ကျန်းမာရေးနှင့် လူမှုဖူလုံရေး ပံ့ပိုးမှုနည်းပါးသောကြောင့် ၎င်းတို့ကိုယ်တိုင် လူမှုမျိုးဆက်ပွားမှုစရိတ်များအတွက် ကုန်ကျခံရသည်။ လုပ်သားစွမ်းအားပြန်လည်ဖြည့်တင်းရန် နှင့် အလုပ်မှအပြီး အပိုင်အနားယူခြင်းတို့ အပါအဝင် မိသားစုဝင်များ၏ ရေတိုရေရှည် ရှင်သန်ရပ်တည်မှုသည် ၎င်းတို့၏ ဇာတိရပ်ရွာများရှိ လူမှုစီးပွားရေးအခြေအနေအပေါ် အလွန်မူတည်နေသည်။ သို့သော် နေရာတော်တော်များများရှိ ကျေးလက်တောရွာများ၏ လူမှုစီးပွားရေးဆိုင်ရာ ကျန်းမာရေးအခြေအနေသည် အသည်းအသန်ဖြစ်နေကာ ကုသပျောက်ကင်းနိုင်ခြေ အလွန်နည်းပါးလှသည်။

မွန်ပြည်နယ်မှ အသက် ၅၇နှစ်အရွက် အမျိုးသမီး၏ ဘဝအတွေ့အကြုံကိုအောက်တွင်ကြည့်ပါ။ သူမအနေဖြင့် အငြိမ်းစား ပင်စင်ရခဲ့သော်လည်း ဆက်လက်၍ ဘဝရှင်သန်နိုင်ရန်မှာ ခက်ခဲနေဆဲဖြစ်သည်။

၁၉၉၀ ခုနှစ်ကတည်းက ကျွန်မလယ်လုပ်ခဲ့တာ။ စပါးစိုက်ဖို့ မိဘတွေဆီက လယ်မြေ အမွေရခဲ့တယ်လေ။ အဲဒီအချိန်မှာ စစ်အစိုးရက တောင်သူတွေကို ချေးငွေ၊ ဓာတ်မြေဩဇာနဲ့ စပါးမျိုးစေ့ ထောက်ပံ့ပေးပြီး အပြန်အလှန်အနေနဲ့ တောင်သူတွေက ပုံသေနှုန်းထား တစ်ဧကဆန်ရှစ်အိတ်နှုန်းနဲ့ အစိုးရဆီကို ပြန်သွင်းပေးရတယ်။ ကျွန်မဆိုရင် မိုးရာသီမှာပဲ စပါးစိုက်လို့ရတယ်။ ဆားငန်ရည်တွေ ကျွန်မတို့ လယ်ထဲကို ပုံမှန်ဝင်လာတတ်လို့လေ။ နွေမှာဆို လယ်ရေ

သွင်းဖို့ ရေမလုံလောက်တော့ စိုက်မရဘူးပေ့ါ။ ရေကြီးလို့လည်း ကျွန်မရဲ့သီးနှံတွေ ခဏခဏပျက်စီးခဲ့တယ်။ ဒါနဲ့ ကျွန်မတို့လည်းအကြွေးမဆပ်နိုင်တော့ အတိုးတွေက တစ်နှစ်ပြီးတစ်နှစ် အတိုးပေါ်အတိုးဆင့်လာတာပေ့ါရှင်။ ကျွန်မလည်း အနီးအနားဝန်းကျင်မှာ လုပ်ခစားအလုပ်တွေ လုပ်ခဲ့တာပဲ။ ဒါပေမယ့် ပုံမှန်လုပ်ရတဲ့အလုပ်မျိုး မဟုတ်တော့ မိသားစုစားဝတ်နေရေးအတွက် မလောက်ဘူးလေ။ ဒါနဲ့ ၁၉၉၀ ခုနှစ်ထဲမှာ ကျွန်မနဲ့ ကျွန်မယောကျ်ားက အကြွေးတွေဆပ်ဖို့ဆိုပြီး ထိုင်းနိုင်ငံ၊ ကန်ချန်နာဘူရီ ကို ထွက်လာခဲ့တယ်။ ဒီလိုထွက်လာဖို့အတွက် ပွဲစားကို ငွေအများကြီးပေးခဲ့ရတယ်။ ကျွန်မတို့ရဲ့ကျောပြင်တွေကို အပေါင်ထားပြီး ပေးခဲ့တာ။ ကျွန်တို့မွှန်ခလေ့မှာ ကျောပြင်ကို အပေါင်ပေးထားတယ်ဆိုတာ အကြွေးငွေတွေကို ကျွန်မတို့ ကျောမှာထမ်းပိုးထားပြီး အကြွေးအကုန်ကြေတဲ့အထိ မြီရှင်အတွက် နှစ်ပေါင်းများစွာ အလုပ်လုပ်ပေးရတာကို ပြောတာပါ။ တစ်ချို့ပွဲစားတွေက ပွဲစားခနဲ့ညီမျှတဲ့ ရွှေ့ပြောင်းအလုပ်သမားတွေရဲ့ တစ်နှစ်စာ၊ နှစ်နှစ်စာ လုပ်အားခတွေကို အလုပ်ရှင် ဒါမှမဟုတ် သူဌေးဆီကနေ ကြိုထုတ်ယူသွားတာပေ့ါရှင်။ ကျွန်မ ကန်ချန်နာဘူရီ မြို့က ထိုင်းသူဌေးတစ်ယောက်ရဲ့ ဟင်းသီးဟင်းရွက်ခြံတစ်ခုမှာ ပထမဆုံး အလုပ်လုပ်ခဲ့ရတယ်။ တစ်ရက်ကို ဘတ် (၃၀) ရခဲ့တယ်။ နှစ်နှစ်ပြီးတော့ ပွဲစားကိုပေးရမယ့် ကျွန်မရဲ့ အကြွေးတွေ အကုန်ကြေသွားတာပေ့ါနော်။ ဒါပေမယ့် ကိုယ့်အတွက်တော့ ဘာမှမစုမိဘူးပေ့ါ။ အိမ်မှာတုန်းက တင်ခဲ့တဲ့အကြွေးတွေကို မဆပ်နိုင်တော့ အတိုးကလည်း ထပ်ထပ်ပြီးတက်နေခဲ့တယ်။ ကျွန်မထိုင်းစကားလည်း နည်းနည်းတတ်လာတာနဲ့ ကန်ချန်နာဘူရီမြို့ထဲက ဓာတ်ဆီအရောင်းဆိုင်တစ်ဆိုင်မှာ ပြောင်းလုပ်တာ အဲ့ဒီမှာ တစ်နှစ်လောက်ကြာခဲ့တယ်။ အဲဒီကနေတဆင့် ဘန်ကောက်မြို့နားက ပလပ်စတစ် စက်ရုံတစ်ခုမှာ နှစ်နှစ်လောက် လုပ်ခဲ့ပြန်တယ်။ ပြီးတော့ ဝါဂွမ်းစောင်စက်ရုံမှာ (၁၅) နှစ် အလုပ်လုပ်ခဲ့တယ်။ အဲဒီမှာ ကျွန်မအငြိမ်းစားယူတဲ့ အရွယ်ရောက်လာတော့ စက်ရုံက ကျွန်မကို အနားယူခိုင်းတယ်။

ဒါနဲ့ပဲ ကျွန်မတို့လည်း မတ်လမှာ စက်ရုံကပေးတဲ့ ပင်စင်ငွေကိုယူပြီး မြန်မာနိုင်ငံကိုပြန်လာခဲ့တယ်။ ထိုင်းနိုင်ငံကို ကိုဗစ်-၁၉ ကပ်ရောဂါ စပြီးကူးစက်ပျံ့နှံ့ လာခဲ့တဲ့ အချိန်လောက်မှာပေ့ါနော်။ ထိုင်းနိုင်ငံမှာ ဒီလောက်နှစ်တွေကြာအောင် အလုပ်လုပ်ကိုင်ခဲ့ပြီး ပင်စင်ငွေလည်း ရလာတာတောင် ကျွန်မတို့မှာ ပိုက်ဆံလေးနည်းနည်းနဲ့ ရွှေတစ်ကျပ်သားလောက်ပဲစုမိခဲ့တယ်။ ကျွန်မတို့ကလေးတွေရဲ့ ပညာရေးအသုံးစရိတ်တွေတော့ ထောက်ပံ့ ပေးနိုင်ခဲ့ တယ်။ သားကြီးအတွက်လည်း ဆိုင်ကယ်ပြင်ဆိုင်တစ်ဆိုင် ဖွင့်ပေးနိုင်ခဲ့တယ်ပေ့ါနော်။ ဒါပေမယ့် ကျွန်မတို့ သားကြီးက လူပျိုပဲ ရှိသေးတယ်လေ။ သူရတာက သူသုံးဖို့လောက်ပဲရှိတယ်။ ကျွန်မတို့ကို မထောက်ပံ့နိုင်ဘူး။ သားငယ်ကလည်း အရမ်းငယ်သေးတယ်။ ကျွန်မတို့မှာ လယ်မြေ ငါးဧကလောက်ရှိတယ်။ ဒါပေမယ့် အသက်အရွယ်ကထောက်လာတော့ လယ်လုပ်ရတာ အရမ်းပင်ပန်းတယ်။ ကျွန်မတို့ကတော့ ဘုရားတရားလုပ် ရင်းနဲ့ပဲ အချိန်ကုန်ဆုံးချင်တာပေ့ါနော်။ ဒါပေမယ့် မိသားစုစားဝတ်နေရေးနဲ့ သားအငယ်ကောင်ရဲ့ပညာရေး အတွက် ကျွန်မတို့စိတ်ပူနေရတယ်။ ထိုင်းမှာ ခါးကျိုးအောင်အလုပ်လုပ်ခဲ့ရတာဆိုတော့ ကျွန်မယောကျ်ားက နာတာရှည်ခါးနာရောဂါကို စပြီးခံစားနေရပြီလေ။ ကျွန်မတို့မှာ လယ်ယာအလုပ်ကလွဲလို့ ရွေးချယ်စရာ တခြားအသက်မွေးဝမ်းကျောင်းအလုပ်လည်း မရှိပါဘူး။ ဒါပေမယ့် ဒီနှစ်မှာ သီးနှံအထွက်နှုန်းမကောင်းဘူးဆို ရင် လယ်ထပ်မလုပ်တော့ဘူးလို့ ကျွန်မတို့ဆုံးဖြတ်ထားတယ်။ ကျွန်မတို့လယ်ကို တစ်ခြားလူတွေဆီ အငှားချ လိုက်မယ်လို့ပေ့ါ။ လယ်ယာလုပ်ငန်းကို မြေရေိယာအကျယ်ကြီး လုပ်နိုင်တဲ့လူတွေ ရောက်လာပြီး လယ်ယာမြေတွေ လိုက်ငှားယူနေတယ်လေ။ နောက်တစ်နှစ်ဆို ဘယ်လိုအသက်မွေးဝမ်းကျောင်း အလုပ်မျိုးတွေ လုပ်ရမလဲဆိုတာ မသိတော့ပါဘူး။ ကျွန်မတို့ကတော့ မိသားစုအတွက် အရမ်းစိတ်ပူတယ်။ သားရဲ့ဆိုင်ကယ်ပြင်ဆိုင်က သေးသေးလေး ဆိုတော့ ဝင်ငွေလည်းနည်းတယ်။ ကျွန်မတော့ သားအငယ်ကောင်ကို ကျောင်းထွက်ပြီး ထိုင်းမှာ သွားအလုပ်လုပ်စေချင်တယ်။ ဒါပေမယ့် သူ့ကိုလည်း သနားတယ်။ တကယ်လို့ ထိုင်းဘက်ကဂိတ်တွေပြန်ဖွင့်လိုက်မယ်၊ သားကလည်းသွားချင်တယ်ဆိုရင်တော့ သူ့ကို သွားခွင့်ပြုမလားလို့။ ကျွန်မတို့အတွက်က အသက်ရှင်သန်ရပ်တည်နိုင်ဖို့ဟာ အရေးအကြီးဆုံးဖြစ်နေတယ်။ ရှိတဲ့ ဘယ်လမ်းကြောင်းကနေပဲဖြစ်ဖြစ် ဝင်ငွေရှာရမှာ လေ။
မြန်မာနိုင်ငံ၏လုပ်သားထုအရွယ်အစားက အလွန်တရာ

ကြီးမားနေခဲ့ပြီး ထိုအောက်တွင် ရွှေ့ပြောင်းအလုပ်သမားများ ဟူသော အုပ်စုအမျိုးအစားထွက်ပေါ်ခဲ့ပြီဖြစ်သည်။ ယင်းမှာ နိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးဆိုင်ရာ အကျပ်အတည်း (agrarian crisis) နှင့် ကာလရှည် ကြာလှပြီဖြစ်သော တိုင်းရင်းသားအရေးနှင့် နိုင်ငံရေးပဋိပက္ခများကြောင့် ဟုလည်းဆိုနိုင်သည်။[၂၈] ထိုအခြေအနေနှစ်ခု ပေါင်းစပ်ခြင်းသည် အလွန်ဆိုးရွားသောအခြေအနေကို ဖြစ်စေကာ စီးပွားရေးအရချွတ်ခြုံကျနေသော၊ အန္တရာယ်ကျရောက်လွယ်သော၊ အရင်းရှင်လုပ်ငန်းစားများအတွက် အလွန်ဆွဲဆောင်မှုရှိသော အလုပ်သမားလုပ်ငန်းစားများကို စဉ်ဆက်မပြတ်ဆင့်ပွား ထုတ်လုပ်နေစေခဲ့သည်။ လက်ရှိအခြေအနေများအောက်တွင် ထိုကဲ့သို့သော လုပ်ငန်းစဉ်သည် ရပ်တန့်သွားမည့် အရိပ်အယောင်မျိုး မတွေ့ရပါ။

ကျွန်မက IDP (ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်ရသူများ) စခန်းမှာ နေပါတယ်။ ဒီစခန်းထဲမှာ ကျွန်မအတွက် မြေယာမရှိဘူး။ ဒီစခန်းထဲမှာ ဘယ်သူ့မှာမှ မြေယာမရှိပါဘူး။ ဒါပေမယ့် ရွာမှာဆို ကျွန်မမှာမြေယာရှိတယ်။ စပါးနဲ့ ပြောင်းစိုက်ပြီး ခြံဝန်းထဲမှာ ကြက်နဲ့ဝက်မွေးထားတာလေ။ အဲ့ဒီမှာ စစ်တပ်နဲ့ တိုင်းရင်းသားလက်နက် ကိုင်အုပ်စုတိုက်ပွဲတွေဖြစ်တော့ ရွာကိုစွန့်ခွာပြီး နောက်ဆုံးဒီစခန်းကို ရောက်လာတာပေါ့။ ဘေးကင်းပြီး ငြိမ်း ချမ်းသွားတဲ့အချိန်မှ ကျွန်မတို့ရဲ့မူလရွာကိုပြန်ပြီး အလုပ်လုပ်လို့ရမှာ။ ဒါပေမယ့် ဒီလိုငြိမ်းချမ်းသွားဖို့က ဘယ် တော့မှဖြစ်လာမလဲ မသိဘူး။ ကျွန်မက လားရှိုးဆရာဖြစ်သင်ကောလိပ်မှာ ပညာသင်ခဲ့တာ။ ဒီအတွက်ကြောင့်လည်း ကျွန်မ အကြွေးတွေ တင်နေတယ်။ IDP စခန်းထဲမှာရော၊ အနီးအနားဝန်းကျင်မှာပါ ပုံမှန်လုပ်ခစား အလုပ်တွေမရှိဘူး။ ဒါနဲ့ပဲ ကျွန်မလည်း အကြွေးတွေဆပ်ချင်တာနဲ့ တရုတ်ပြည်ကို အလုပ်သွားလုပ်ခဲ့တယ်။ ကပ်ရောဂါမဖြစ်ခင်က တရုတ်ပြည်မှာအလုပ်လုပ်ရတာ အဆင်ပြေပါတယ်။ ကပ်ရောဂါဖြစ်လာတော့ ဝင်ငွေက နည်းသွားတယ်။ ကပ်ရောဂါမတိုင်ခင်ကဆိုရင် ကျွန်မ တစ်လကို ယွမ်ငွေ (၁၅၀၀) ကနေ (၁၉၀၀) (၂၉၀,၀၀၀ မှ ၃၆၅,၀၀၀ ကျပ်) အထိ ရခဲ့တယ်။ ဒါပေမယ့် ကပ်ရောဂါကာလအတွင်းမှာတော့ လက်ခစားအလုပ်နဲ့ပတ်သက်လို့ ကန့်သတ်ချက်တွေအများကြီး ရှိလာခဲ့ပြီး တစ်လကို ယွမ်ငွေ ခုနစ်ရာ ရှစ်ရာ (ကျပ်ငွေ ၁၃၅,၀၀၀ - ၃၆၅,၀၀၀) လောက်ပဲရတော့တယ်။ ဒါကြောင့်လည်း ၂၀၂၀ ခုနှစ် မေလမှာ ကျွန်မအိမ်ပြန်ဖို့ ဆုံးဖြတ်ခဲ့တယ်။ ဒီစခန်းမှာ ကျွန်မကို ကျောင်းဆရာမ တစ်ယောက်အနေနဲ့ တာဝန်ပေးထားတယ်။ ကျွန်မရဲ့ ပညာအရည်အချင်းကြောင့် ခန့်ထားတာပေါ့။ ဒါပေမယ့် ဝင်ငွေက ကျွန်မတို့မိသားစုအတွက် မလောက်ဘူးရှင့်။ (ရှမ်းပြည်နယ်မှ အသက် (၂၅) နှစ်အရွယ် ကချင်အမျိုးသမီးတစ်ဦး)

မွန်ပြည်နယ်၏ စပါးစိုက်ခင်းတစ်နေရာ
ဓာတ်ပုံ - Mehm Htaw

မြန်မာရွှေ့ပြောင်းအလုပ်သမားအရေအတွက် (၅) သန်း ဟူသော ခန့်မှန်းချက်က စုစုပေါင်းလူဦးရေ၏ ၁၀% ရှိမည်ဖြစ်သည်။ ယင်းသည် အလွန်ကြီးမားသော ရာခိုင်နှုန်း တစ်ရပ်ဖြစ်သည်။ အလွန်များသည့် ပမာဏဟုထင်ရ သော်လည်း ယနေ့ခေတ်ကမ္ဘာအတွင်း အလုပ်သမားတင်ပို့သော နိုင်ငံများ (labour-exporting countries) များ အတွက် ဆိုလျှင် ထူးခြားသည်ဟု မဆိုနိုင်ပါ။ ၎င်းတို့မည်သည့်

[၂၈] မြန်မာနိုင်ငံ၏ အချိန်ကာလအလွန်ကြာမြင့်ပြီဖြစ်သော တိုင်းရင်းသားပဋိပက္ခအကြောင်းကို လေ့လာလိုပါက ၁၉၉၁တွင် ထုတ်ခဲ့သော မာတင်စမစ်၏ အစီရင်ခံစာကို မဖြစ်မနေဖတ်သင့်ပါသည်။ ထို့အပြင် အခြား TNI အစီရင်ခံစာများဖြစ်သော "Burma: Neither War Nor Peace" (ဇူလိုင် ၂၀၀၉)၊ "Developing Disparity" (ဖေဖော်ဝါရီ ၂၀၁၃)၊ နှင့် သိပ်မကြာခင်က ထွက်ခဲ့သည့် "အာရကန် (ရခိုင်ပြည်နယ်) -မြန်မာနိုင်ငံအနောက် ဘက်ဒေသမှ ပဋိပက္ခမြေ " (ဒီဇင်ဘာ ၂၀၁၉) ကို ဖတ်ရှုသင့်ပါသည်။
ယခုသမိုင်းကြောင်းအခြေအနေ၏ နောက်ဆက်တွဲသက်ရောက်မှုများဖြစ်သော ယနေ့ကာလ၏ မြေမူဝါဒချမှတ် ခြင်းနှင့် ပတ်သက်၍ TNI အစီရင်ခံစာများဖြစ်သော "The Challenge of Democratic and Inclusive Land Policymaking in Myanmar" (ဖေဖော်ဝါရီ ၂၀၁၅), "မြန်မာနိုင်ငံတွင်း မြေအဓိပ္ပယ်ဖွင့်ဆိုမှု (ဇန်နဝါရီ ၂၀၁၆), "လမ်းဆုံရောက်နေသည့် မြန်မာ့မြေယာအခင်းအကျင်း" (ဇူလိုင် ၂၀၁၆), နှင့် "'Not about us without us': Legitimate land law making by design" (ဒီဇင်ဘာ ၂၀၁၉) ကို ဖတ်ရှုနိုင်ပါသည်။

နေရာများမှ လာပါသနည်း? ကျွန်ုပ်တို့၏ အစောပိုင်း ဆွေးနွေးတင်ပြမှုအတိုင်း နေ့တစ်ဓူဝစီးပွားရေးဆိုင်ရာ ပတ်သက်ဆက်နွယ်မှုများ (everyday economic relations) မှတဆင့် ဆင်းရဲသားလယ်သမားများ၊ စိုက်ပျိုးမွေးမြူရေးသမားများ၊ အသေးစားတံငါသည်များ မှာ လူမှုအုပ်စုကွဲပြားမှုများ (socially differentiated) ဖြစ်လာသည်။ ထို့အပြင် အစိုးရ၏ စီးပွားရေးပြင်ပဖိအားပေးမှု (extra-economic coercion) ပုံစံအမျိုးမျိုးကြောင့် ၎င်းတို့၏လယ်ယာမြေများမှ ဖယ်ရှားသည့် ဖြစ်စဉ်များ ဖြစ်ပေါ်ခဲ့သည်။ အထူးသဖြင့် လွန်ခဲ့သောဆယ်စုနှစ်များအတွင်း ထိုကဲ့သို့ အပြန်အလှန်ပံ့ပိုးအားဖြည့်နေသည့် ဖြစ်စဉ်များသည် အဓိကနေရာယူလာကာ မြေယာမဲ့လယ်သမားများနှင့် စိုက်ပျိုးမွေးမြူရေးသမားများ သို့မဟုတ် အရည်အသွေး မကောင်းသောမြေယာအနည်းငယ်မျှသာရှိသည့် အိမ်ထောင်စုများ အစုလိုက်အပြုံလိုက် ပေါ်ထွက်လာစေခဲ့သည်။ ထိုအားဖြင့် များပြားလွန်းလှသော ရွှေ့ပြောင်းလုပ်သားထုတစ်ရပ်ကို ထုတ်လုပ်ရန်နှင့် ဆက်လက်ထိန်းသိမ်းထားနိုင်ရန်အတွက် အလွန်အရေးပါသောအခန်းကဏ္ဍတစ်ရပ်မှ ပါဝင်လာခဲ့သည်။ ထိုလုပ်သားများစွာတို့သည် ၎င်းတို့၏ မူလအသက်မွေးဝမ်းကြောင်းဆိုင်ရာအရင်းအမြစ်များ (means of production) နှင့် ဆက်နွယ်မှုလုံးဝမရှိတော့အောင် ဖြတ်တောက်ခြင်းခံခဲ့ရသည်။

Boutry et al. (2017) လုပ်ဆောင်ခဲ့သည့် အရေးပါသောလေ့လာမှုတစ်ရပ်အရ အညာဒေသတွင်း ၎င်းတို့စစ်တမ်းကောက်လေ့လာခဲ့သောကျေးရွာများတွင် မြေယာလုံးဝ မရှိသောအိမ်ထောင်စုများက အိမ်ထောင်စုအရေအတွက် စုစုပေါင်း၏ ၄၁% အထိရှိကြောင်း တွေ့မြင်ရ၏။ သို့သော် တစ်ချိန်တည်းမှာပင် အများစုသည် မြေလက်လှမ်းမီမှုရှိသေးသော်လည်း အရေးပေါ်ကိစ္စရပ်များကြောင့် လယ်ယာမြေများကို မတတ်သာပဲ အလျင်အမြန်ရောင်းချရခြင်း၊ မြေယာအငှားချထားခြင်းတို့ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားနေသည်ကို ဖော်ထုတ်တင်ပြထားသည်။ ထိုအခြေအနေသည် အညာဒေသတွင်သာ သီးသန့်ဖြစ်တည်နေခြင်းမျိုး မဟုတ်နိုင်ပေ။ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါနှင့် ထိုကပ်ရောဂါအပေါ် အစိုးရ၏တုံ့ပြန်ဆောင်ရွက်မှုများနှင့် ထိုမှတဆင့်ဖြစ်လာနိုင်သော တစ်ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးကျဆင်းမှုတို့ကြောင့် ပို၍ပင်ဆိုးရွားလာနိုင်သည်။ သို့သော် မတူသောလူအသီးသီးမှ မတူသော အကျိုးသက်ရောက်မှုခံစားနိုင်ရကာ ကိုင်တွယ်ဖြေရှင်းပုံလည်း တူနိုင်မည်မဟုတ်ပါ။ အချို့အနေဖြင့် မတတ်သာဘဲ အလျင်အမြန် ရောင်းချရခြင်း သို့မဟုတ် လယ်ယာမြေအငှားချထားခြင်း ပြုလုပ်နိုင်သည်။ အချို့သောသူများအတွက် လုပ်ခစားအလုပ်မရှိသည့်အခြေအနေတွင် အသက်မွေးဝမ်းကြောင်းပြုရန် လယ်ယာမြေသို့ပြန်လာလုပ်ကိုင်ခြင်းမျိုး ဖြစ်နိုင်သည်။ သို့မဟုတ် နှစ်မျိုးလုံးကို ဆောင်ရွက်ခြင်းမျိုးဖြစ်နိုင်သည်။ ၎င်းတို့လယ်ယာမြေ၏အစိတ်အပိုင်းတစ်ခုကို ရောင်းချပြီး သို့မဟုတ် အငှားချပြီး ကျန်ရှိသော မြေယာပေါ်တွင် လုပ်အား အလွန်အမင်းအသုံးပြုရသောပုံစံဖြင့် လုပ်ကိုင်ဆောင်ရွက်နိုင်သည်။[၂၀]

ရောင်းကုန်တန်ဖိုးကွင်းဆက်များ သို့မဟုတ် ကန်ထရိုက်ချုပ်ဆိုဖော်ဆောင်သော လယ်ယာစိုက်ပျိုးရေးအစီအစဉ်အမျိုးမျိုးမှတဆင့် ပုဂ္ဂလိကကဏ္ဍကိုမြှင့်တင်ခြင်း ကဲ့သို့သော ဈေးကွက်ဦးတည်မူဝါဒရေးရာ ဆောင်ရွက်မှုများ (market-oriented policy interventions) သည် ကျေးလက်ဒေသများအတွင်း လူမှုအုပ်စုကွဲပြားလာခြင်း (social differentiation) ကို အရှိန်အဟုန်မြင့်စေပြီး ပိုမိုကျယ်ကျယ်ပြန့်ပြန့်ဖြစ်တည်စေသည်။ ထိုသို့ဖြင့် ဆင်းရဲသားတောင်သူလယ်သမားများမှာ ၎င်းတို့၏လယ်ယာမြေများကို ပိုမိုလက်လွှတ်ဆုံးရှုံးရနိုင်ပြီး လက်တစ်ဆုပ်စာမျှသော ချမ်းသာသည့် တောင်သူများ၊ ကုန်သည်များနှင့် ငွေတိုးချေးသူများအနေဖြင့် ဆင်းရဲသားတောင်သူများအ၏ အခြေအနေအပေါ် အခွင့်ကောင်းယူကာ ထိုလယ်ယာမြေများကို စုဆောင်းရယူနိုင်မည်ဖြစ်သည်။ ရွေးချယ်စရာ မရှိသောကြောင့် လယ်ယာမြေများ အလျင်အမြန်ထုတ်ရောင်းရခြင်း (distress land sales) နှင့် လယ်ယာမြေ အငှားချထားခြင်း (renting out) တို့မှာ ရွာသူရွာသားများ အချင်းချင်းကြားတွင်သာ ဖြစ်ပွားနေခြင်းမဟုတ်ပေ။ တောင်သူများနှင့် အသေးစားစိုက်ပျိုး မွေးမြူသူများအနေဖြင့် အရင်းအနှီး ငွေကြေးမရှိသဖြင့် သီးနှံလုံလုံလောက်လောက် ထွက်ရှိအောင် လုပ်ကိုင်နိုင်ခြင်း မရှိသည့် လယ်ယာမြေများ သို့မဟုတ်

[၂၀] မည်သည့်ပုံစံမျိုးဖြင့်၊ မည်မျှ ကျယ်ကျယ်ပြန့်ပြန့် မြေပြင်တွင် လက်တွေ့ကိုင်တွယ်ဖြေရှင်းနေသည်မှာ မေးခွန်းတစ်ခုဖွယ်ဖြစ်နေပြီး ပို၍ ထဲထဲဝင်ဝင်သုတေသနပြုဆောင်ရွက်သင့်ပါသည်။

မိသားစုအရေးပေါ်ကိစ္စရပ်များကြောင့် ငွေချက်ချင်းရရှိနိုင်ရန်ဟူသော ဖိအားအောက်တွင် ၎င်းတို့မလွှဲသာမရှောင်သာ ရောင်းချရသည့် လယ်ယာမြေများကို အရင်းရှင် လယ်သမားများ၊ ကုန်သည်များ၊ ငွေတိုးချေးပေးသူများနှင့် မြေဈေးကစားသူအမျိုးမျိုးတို့က တိုး၍တိုး၍သာ သိမ်းပိုက်ရယူလာကြသည်။

ဈေးပေါသည့် မြေနှင့် ဈေးပေါသည့် လုပ်အား

ယနေ့မြန်မာနိုင်ငံတွင် တစ်နေ့တစ်ခြား ပိုရေပန်းစားနေသောကျင့်ကြံဆောင်ရွက်ပုံနည်းလမ်းနှစ်ခုရှိသည်။[၃၁] တစ်ခုမှာ စီးပွားရေးသမားများထံ လယ်ယာမြေများ အငှားချထားမှုက သိသိသာသာမြင့်တက်နေခဲ့သည်။ ထိုသူတို့အများစုမှာ တရုတ်နိုင်ငံမှ သို့မဟုတ် ၎င်းတို့၏အကျိုးဆောင်များဖြစ်ပြီး အကြီးစားသီးနှံ စိုက်ပျိုးထုတ်လုပ်ရေး လုပ်ငန်းများ - ဥပမာ မန္တလေးတိုင်းဒေသကြီးတွင် ဖရဲစိုက်ပျိုးထုတ်လုပ်ရေး လုပ်ငန်းများနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသတွင် ပြောင်းစိုက်ပျိုး ထုတ်လုပ်ရေးလုပ်ငန်းများ လုပ်ကိုင်ကြသည်။

မန္တလေးတွင် ဖရဲစိုက်ပျိုးရေးအတွက် ပြင်ပမှရင်းနှီးမြှုပ်နှံသူများထံ တစ်ကေလျှင် ကျပ်ငွေသုံးသိန်းခန့် ဖြင့် မြေယာအငှားချထားသည်။ စီးပွားရေးသမားတစ်ဦးပင်လျှင် လုပ်ငန်းတစ်ခုအတွက် မြေဧက (၅၀) နီးပါး ငှားရမ်းလုပ်ကိုင်လေ့ရှိပြီး မြေငှားကာလမှာ အများအားဖြင့် သုံးနှစ်ဖြစ်သည် (တစ်နှစ်မြေယာငှားရမ်းခ မြန်မာ ကျပ်ငွေ သိန်း (၁၅၀) ခန့်ရှိသည်)။ ထိုသူတို့သည် ဒေသခံအလုပ်သမားအချို့ (အများအပြားတော့မဟုတ်ပါ) ကို တစ်ရက် ငွေကျပ် (၄၀၀၀) နှုန်းခန့်ဖြင့် ငှားရမ်းကာအလုပ်လုပ်ကိုင်စေခဲ့သည်။ အလုပ်သမားများမှာ နံနက် ၆ နာရီခွဲမှ ညနေ ၅ နာရီအထိ အလုပ်လုပ်ကိုင်ရပြီး ကြားတွင်နားချိန် တစ်နာရီသာရရှိကာ ပိတ်ရက်မရှိနေ့စဉ်အလုပ်လုပ်ကိုင်ရ၏။ မြေယာထွန်ယက်ပြင်ဆင်သည့်အချိန်မှ ဖရဲသီးဆွတ်ခူးချိန်အထိဆိုလျှင် လေးလခန့်ကြာမြင့်သည်။ ထို့နောက်တွင် ဖရဲသီးများ ထုပ်ပိုးကာ တရုတ်နိုင်ငံသို့သယ်ယူပို့ဆောင်ရန်အတွက် အလုပ်သမားများကို ဆက်လက်ငှားရမ်းလုပ်ကိုင်စေသည်။ ဖရဲစိုက်ပျိုးရာသီက စက်တင်ဘာလမှ ဧပြီလအထိဖြစ်ပြီး တစ်နှစ်လျှင် နှစ်သီးနှံး ထွက်ရှိသည်။

တစ်ချိန်တည်းမှာပင် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသရှိ ဒေသအနှံ့အပြားတွင်လည်း ဇီဝမျိုးကွဲမျိုးစုံသော အလှည့်ကျ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးရေးမှ ပြောင်းသီးနှံတစ်မျိုးတည်းကိုသာ တစ်နေရာတည်း အထိုင်ချ စိုက်ပျိုးမှုအဖြစ်သို့ ပြောင်းလဲခြင်းခံခဲ့ရသည်။ စိုက်ပျိုးထုတ်လုပ်မှုသို့မဟုတ် မြေယာအငှားချထားမှုအတွက် သဘော တူညီချက်အမျိုးမျိုးကို တွေ့ရသည်။ အလယ်ပိုင်းဒေသများတွင် ဖရဲစိုက်ရန် မြေငှားခြင်းကြောင့် အကျိုးဆက်များနည်းတူ ဆင်းရဲသားတောင်သူများမှာ မည်သည့်သီးနှံများအား မည်သို့စိုက်ပျိုးထုတ်လုပ်မည်၊ မည်သည့်နေရာတွင် မည်သည့်ဈေးနှုန်းဖြင့်ရောင်းချမည်ဟူသော ၎င်းတို့၏ လွတ်လပ်စွာဆုံးဖြတ်ပိုင်ခွင့် လက်လွှတ်ဆုံးရှုံးကြရသည်။ ကန်ထရိုက်ချုပ်ဆိုအလုပ်အပ်နှံသော အထက်တန်းလွှာများက တောင်သူများ တရားဝင် မြေယာပိုင်ဆိုင်မှုရှိသော်လည်း ထုတ်လုပ်မှုနှင့်ဈေးကွက်စည်းကမ်း သတ်မှတ်ချက်များကို တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်ထိန်းချုပ်ထားကြသည်။

ထိုသို့သော နယ်စပ်ဖြတ်ကျော် စီးပွားရေးလုပ်ငန်းများအတွက် ကြီးမားသောဆွဲဆောင်မှုများမှာ ဈေးပေါသော မြေယာများနှင့်လုပ်အားများပင်ဖြစ်သည်။ ယူနန်ပြည်နယ်တွင် လက်ရှိမြေငှားရမ်းခနှုန်းထားမှာ တစ်နှစ်အတွက် တစ်ဧကလျှင် ယွမ်ငွေ (၃၀၀၀) (ကျပ်ငွေ ၆၀၀,၀၀၀) ခန့်ရှိသည် (ထိုနေရာတွင် အလုပ်သမားခမှာ မြန်မာနိုင်ငံတွင်းမှာထက် အဆပေါင်းများစွာပိုကြောင်း အစောပိုင်းတွင် တင်ပြခဲ့ပြီးဖြစ်၏)။ ယင်းနှင့်ကပ်လျက် တောင်ပိုင်းပြည်နယ် တစ်ခုဖြစ်သော ကွမ်ရှီးတွင် မြေငှားရမ်းခနှုန်းထားမှာ တစ်နှစ်အတွက် တစ်ကေလျှင်ယွမ်ငွေ (၆၀၀၀) (ကျပ်ငွေ ၁၂ သိန်း) အထိရှိသည်။[၃၂] မြေဧက (၅၀) ဆိုလျှင် မြေငှားရမ်းခ ငွေကျပ် သိန်း (၃၀၀) မှ (၆၀၀) အထိရှိသည်ဟုဆိုလို၏။ သို့ဖြစ်ရာ အဆိုပါစီးပွားရေးသမားများအနေဖြင့် တရုတ်နိုင်ငံအတွင်း၌ ကုန်ကျမည့်ငွေပမာဏ၏ တစ်ဝက် သို့မဟုတ် ထို့ထက်နည်းသော ငွေပမာဏဖြင့် မြန်မာနိုင်ငံတွင်းမှ

[၃၁] မြန်မာနိုင်ငံအလယ်ပိုင်းဒေသတွင် အရင်းရှင်စီးပွားရေးဝင်ရောက်ခြယ်လှယ်မှုနှင့်ပတ်သက်သည့် ဇာတ်ကြောင်း နှစ်ခုမှ ထိုနေရာများမှ ဒေသခံများ နှင့် စကားပြောခြင်း၊ အထူးသဖြင့် ထိုဒေသတွင် နေထိုင်သော စာရေးသူများမှ မြေပြင်အခြေအနေ လေ့လာမှုများမှတဆင့် စုစည်းကာ သုံးသပ်တင်ပြထားခြင်းဖြစ်သည်။.
[၃၂] ဘောရတ်စ်မှ ၂၀၁၄ နှင့် ၂၀၁၉ ကြား ယူနန်နှင့် ကွမ်ရှီးတွင် တောင်သူများ၊ အခြားအဆင့်ဆင့် တာဝန်ရှိသူများနှင့် အင်တာဗျူး မေးမြန်းခဲ့သည့် အချက်အလက်များအပေါ် အခြေခံပါသည်။

မြေယာများကို ရယူလုပ်ကိုင်နိုင်မည်ဖြစ်သည်။ ထို့အပြင် အလုပ်သမားပွဲစားများကို ငွေပေးချေစရာမလိုခြင်းကြောင့် တရုတ်နိုင်ငံတွင်းမှ မြန်မာရွှေ့ပြောင်း အလုပ်သမားများထက် ပိုမိုဈေးပေါသည့် လုပ်အားများကို ရရှိနိုင်သည်။ ထို့အပြင် တရုတ်နိုင်ငံတွင်းမှ ပိုမိုဈေးကြီးသော တရုတ်အလုပ်သမားများနှင့်နှိုင်းစာလျှင် အလွန်ဈေးချိုသော လုပ်အားများကို ရရှိနိုင်မည်ဖြစ်သည်။

အခြားတစ်ဘက်တွင် တစ်ပိုင်တစ်နိုင်နွားမွေးမြူရေးပုံစံနှင့် အရင်းအနှီးအမြောက်အများအသုံးပြုကာ နွားခြံကြီးများဖြင့် မွေးမြူသောပုံစံတို့ကြား အပြန်အလှန်ချိတ်ဆက်မှုက ပိုမိုကြီးမားကျယ်ပြန့်လာခဲ့သည်။ အမှန်မှာ နွားမွေးမြူရေးကို လယ်သမားများ သို့မဟုတ် စိုက်ပျိုးမွေးမြူရေးသမားများက ၎င်းတို့ကိုယ်ပိုင်မြေယာပေါ်တွင် ၎င်းတို့ကိုယ်ပိုင် လုပ်အားနှင့်တိရစ္ဆာန်အစာများဖြင့် လုပ်ကိုင်ကြသည်။ ဤတွင် နွားပွဲစားများပါဝင်လာပြီး အဆိုပါတစ်ပိုင်တစ်နိုင်မွေးမြူသူများထံမှ နွားများဝယ်ယူကြသည်။ ထိုသူတို့တွင် ငှားရမ်းထားသောမြေယာပေါ်မှနွားခြံတွင် အဆိုပါနွားများကိုစုစည်းထားပြီး အနည်းဆုံးသတ်မှတ်အကောင်ရေ (၁၀၀) ခန့်ရရှိလျှင် တရုတ်နိုင်ငံသို့တင်ပို့သည်။ နိုင်ငံခြားတင်ပို့နိုင်ရန်အတွက် တိရစ္ဆာန်မွေးမြူရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကျန်းမာရေးစစ်ဆေးခြင်း၊ သွေးစစ်ခြင်းနှင့် အခြားစံသတ်မှတ်ချက်များနှင့်ကိုက်ညီမှုရှိမရှိ စစ်ဆေးခြင်း (သင်းကွပ်ထားသောနွားဖြစ်ရမည်၊ အသက်သုံးနှစ်အောက်မဖြစ်ရ၊ ကွဲချိုရှစ်လက်မထက်မရှည်ရစသည်တို့အပါအဝင်) စသည်တို့လုပ်ဆောင်ခြင်းကို ခံယူရသည်။ ၎င်းတို့ကို ယာယီစခန်းများသို့ ပို့ဆောင်ကာ ကုန်သွယ်ရေး ခွင့်ပြုချက်၏အမှတ်အသားတစ်ခုဖြစ်သည့် နားရွက် အမှတ်တံဆိပ်တပ်ဆင်ရန် နှင့် ကာကွယ်ဆေးထိုးရန် လိုအပ်သည်။ နယ်စပ်ကုန်သွယ်ရေးဇုန်သို့မရောက်ခင်အထိ ခရီးတစ်လျှောက် စောင့်ကြည့်ရေး ဂိတ်များဖြတ်ရကာ စစ်ဆေးမှုခံယူရသည်။ ထိုနေရာများတွင် လိုအပ်သည့် အဆင့်ဆင့်လုပ်ဆောင်ကာ နောက်ဆုံးခွင့်ပြုချက်ရသည်အထိ ဆောင်ရွက်ရသည်။ အဆိုပါယာယီနွားခြံများတွင် နွားများအား ကျွေးမွေးစောင့်ရှောက်ရန် ဒေသခံရွာသူရွာသားများကို ငှားရမ်းထားသည်။ လုပ်အားခများမှာ မတူညီသော နေရာဒေသများပေါ်မူတည်ပြီး ကွဲပြားခြားနားသည်။ သို့သော် တစ်ရက် (၅၀၀၀) ကျပ်ထက် မပိုပေ။ နိုင်ငံခြားတင်ပို့သည့် လုပ်ငန်းပိုင်းကို ချမ်းသာကြွယ်ဝသောဒေသခံများမှ ဆောင်ရွက်လေ့ရှိသော်လည်း တရုတ်စီးပွားရေးသမားများ၏ ပါဝင်မှုက တစ်နေ့တစ်ခြားပိုမိုများပြားလာခဲ့သည်။ မြို့နယ်တိုင်းတွင် အနီးဝန်းကျင်ကျေးရွာများရှိ တစ်ပိုင်တစ်နိုင်မွေးမြူသူများထံမှ နွားများဝယ်ယူသည့် ပွဲစားများရှိသည်ကိုသိရသည်။

အထက်တွင် ဖော်ပြခဲ့သော ကဏ္ဍနှစ်ခုစလုံးကို ကြည့်ပါက အရင်းရှင်စီးပွားရေးသမားများ၊ အဆင့်ဆင့်သော မြေယာပွဲစား၊ အလုပ်သမားပွဲစားနှင့် နွားပွဲစားများတို့က ဈေးပေါသောမြေ၊ ရေနှင့်လုပ်အားများကို ထိန်းချုပ်ရယူထားကြသည့် ပုံစံကိုတွေ့မြင်ရသည်။ ယင်းသည် ရှင်းလင်းစွာမြင်တွေ့နိုင်သည့် စိုက်ပျိုးရေးမှ အကြီးအကျယ်ထုတ်ယူမှု (agro-extractivism) ပုံစံတစ်ခုဖြစ်ပြီး တဖြည်းဖြည်းနှင့် ရွာသူရွာသားများ၏ မြေယာနှင့် မြေယာထိန်းချုပ်ပိုင်ခွင့်များ ဆုံးရှုံးစေနိုင်သည်။ လုပ်အားနှင့် အရင်းအမြစ်များ (မြေယာ၊ ရေ၊ သစ်တော) ကို ရောင်းကုန်ပြုသည့် လုပ်ငန်းစဉ်အတွင်း လူမှုအုပ်စုမတူကွဲပြားလာက တစ်နေ့တစ်ခြား အလုပ်သမားလူတန်းစား အရေအတွက် ပိုမိုများပြားလာရခြင်း၏ အဓိကအကြောင်းရင်းတစ်ရပ်ဖြစ်၏။ နိုင်ငံ့စီးပွားရေး အဆောက်အအုံက ပိုမိုများပြားသောလက်လုပ်လက်စားများကို နေရာချထားနိုင်စွမ်းမရှိသောကြောင့်လည်း ထိုလုပ်သားအများစုမှာ ရွှေ့ပြောင်းအလုပ်သမားများအဖြစ်ကိုသာ ရောက်ရှိသွားရသည်။

စီးပွားရေးနယ်ပယ်ပြင်ပဖိအားများ

တောင်သူများကို ၎င်းတို့၏ အသက်မွေးဝမ်းကြောင်း အခြေပြု အရင်းအမြစ်များ (မြေ၊ ရေ၊ သစ်တော) တို့မှ ခွဲထုတ်လိုက်ကာ ဆက်စပ်သဘာဝသယံဇာတများ (မြေ၊ ရေ၊ သစ်တော၊ ဓာတ်သတ္တုများ) တို့ကို အရင်းရှင်တို့မှ လက်ဝါးကြီးအုပ်ယူလိုက်ခြင်းတို့မှာ စီးပွားရေးပြင်ပဖိအားများကြောင့်လည်း ဖြစ်ပွားစေနိုင်သည်။ ထို့အပြင်ရွှေ့ပြောင်းအလုပ်သမား ဖြစ်လာသူများတွင် ယခင်မြေသိမ်းမှုများကြောင့် မြေယာလက်လွှတ်ဆုံးရှုံးခဲ့ရသူများ သို့မဟုတ် မြေယာလက်လွှတ် ဆုံးရှုံးခဲ့ရသူ တို့၏သားသမီးများ ပါဝင်ကြသည်။

ဥပမာ ရွာသူရွာသားများ၏လယ်ယာမြေများကို အစိုးရ သို့မဟုတ် စစ်တပ်က ရည်ရွယ်ချက်အမျိုးမျိုး အကြောင်း ပြခေါင်းစဉ်တပ်ကာ သိမ်းဆည်း ရယူခဲ့ကြသည်။[၃၃] ၂၀၁၂-၂၀၁၃ ခုနှစ်တွင် စစ်တပ်မှသိမ်းယူခဲ့သည့် စုစုပေါင်းမြေဧက နှစ်သိန်းခွဲခန့်ရှိသော နိုင်ငံတဝှမ်းမှ လယ်ယာမြေများကို ပြန်လည်စစ်ဆေးရန်အတွက် လယ်ယာမြေစုံစမ်းစစ်ဆေးရေး ကော်မရှင်တစ်ရပ် ဖွဲ့စည်းခဲ့သည်။ ထိုစုံစမ်းစစ်ဆေးမှု၏ အခြေအနေ မည်သို့ရှိသည်ကိုရှင်းရှင်းလင်းလင်းမသိခဲ့ရပဲ လယ်ယာမြေ ဧက(၁၈,၀၀၀) ခန့်ကိုသာ ရွာသူရွာသားများ ထံသို့ ပြန်လည်ပေးအပ်ခဲ့ကြောင်းတွေ့မြင်ရသည် (မြန်မာနိုင်ငံပြည်ထောင်စု အစိုးရ၊ ၂၀၁၆:၈၇၊ ယခင် မြေသိမ်းဆည်းမှုများကို အစိုးရမှ စုံစမ်းစစ်ဆေးသည့် ဖြစ်စဉ်များ အပေါ် ဝေဖန်သုံးသပ်ချက်များကို LIOH et al ဒီဇင်ဘာ ၂၀၁၇ တွင် ဖတ်ရှုနိုင်ပါသည်)။ ဗဟိုအစိုးရ၊ စစ်တပ်၊ အရင်းရှင်များ၊ သစ်ခုတ်လုပ်ငန်းရှင်များ၊ ဓာတ်သတ္တု စူးစမ်းရှာဖွေရေးကုမ္ပဏီပိုင်ရှင်များ၊ ပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေး အဖွဲ့အစည်းကြီးများ၊ ပြည်သူ့စစ်များ သို့မဟုတ် တစ်ခါတစ်ရံ တိုင်းရင်းသားလက်နက်ကိုင်အုပ်စုအချို့ အပါအဝင် အစရှိသည့် ဩဇာအာဏာကြီးမားသော အဖွဲ့အစည်းများက ရွာသူရွာသားများ ယခင်ပိုင်ဆိုင်ခဲ့သော မြေယာများ

ရှမ်းပြည်နယ်အတွင်းရှိ တောင်ယာစိုက်ပျိုးခြင်းဖြစ်စဉ်တစ်ခု
ဓာတ်ပုံ - Tom Kramer

စွာကို သိမ်းဆည်းရယူခဲ့ကြသည်။ ထို့အပြင် တိုင်းရင်းသားဒေသများရှိ လက်နက်ကိုင်ပြည်သူ့စစ်များက ရွာသူရွာသားများ၏မြေကို သိမ်းယူပြီး စိုက်ခင်းများ (ဥပမာ ကြံစိုက်ခင်းများ) အဖြစ် ပြောင်းလဲခဲ့သည် (Borras et al. ၂၀၂၀)။ မြန်မာနိုင်ငံအတွင်း စစ်ဘောင်ချဲ့တည်ဆောက်မှုသည် ပုံစံအမျိုးမျိုးဖြင့် ဖြစ်ပေါ်နေကာ မတူညီသော အတိုင်းအတာပမာဏ၊ ပြင်းထန်မှုအဆင့်၊ ရည်ရွယ်ချက်များ ရှိကြသည်။ မည်သို့ပင် ဖြစ်စေကာမူ ပြည်သူများ အစုလိုက်အပြုံလိုက် နေရပ်စွန့်ခွာတိမ်းရှောင်မှုများ ဆက်တိုက်ဆိုသလို ဖြစ်ပွားခဲ့ကာ ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ (IDPs) သို့မဟုတ် ဒုက္ခသည်များဘဝအဖြစ် ကူးပြောင်းခဲ့ရသည်။ ထိုထဲမှ များပြားလှသော IDP များနှင့် ၎င်းတို့၏သားသမီးတို့သည် ရွှေ့ပြောင်းအလုပ်သမားဖြစ်သွားခဲ့ရသည်မှာ အသေအချာ ပြောနိုင်သည့် အချက်ဖြစ်ပေသည်။[၃၄] ပြည်တွင်းစစ်နှင့် စစ်ဘောင်ချဲ့သည့် လုပ်ရပ်များ ဆက်လက်ဖြစ်ပွားနေပါက လူမှုဘဝပေါင်းများစွာအပေါ်တွင် အကျိုးသက်ရောက်မှုများဖြစ်သည့် ရွှေ့ပြောင်းတိမ်းရှောင်ရခြင်းနှင့် ပင်ပန်းစွာရုန်းကန်အသက်ရှင်သန်ရခြင်းတို့မှာ ဆက်လက်တည်ရှိနေဦးမည်ဖြစ်သည်။ တစ်နည်းဆိုရလျှင် ထိုင်း၊ မလေးရှားနှင့် တရုတ်နိုင်ငံတောင်ပိုင်းဒေသမှ အရင်းရှင်များအတွက် စျေးပေါသော ရွှေ့ပြောင်းအလုပ်သမားများ စဉ်ဆက်မပြတ် ပံ့ပိုးပေးရန် အာမခံချက်ပေးနေသည်ဟုပင်ဆိုနိုင်သည်။

အထက်တွင်ဖော်ပြခဲ့သည့် မြန်မာနိုင်ငံ၏ ကျေးလက်ဒေသများတွင်" ပုံမှန်ဖြစ်နေကျကဲ့သို့" လူမှုအုပ်စုကွာဟလာခြင်း (social differentiation) နှင့် ဖယ်ထုတ်ခံရခြင်း (explusion) ဖြစ်စဉ်များသည် အခြားယန္တရားများမှ တဆင့်လည်း အလားတူအကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေပါသည်။ လက်ရှိမြေဥပဒေများသည် တောင်သူများကို ၎င်းတို့၏ မြေနှင့် အသက်မွေးဝမ်းကြောင်း အခြေပြုအရင်းအမြစ်များမှ ခွဲထုတ်လိုက်ရန် ဖြစ်စေလျက်ရှိသည်။ အဓိက ပြဿနာရှိသည်မှာ ၂၀၁၂ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့ကာ ၂၀၁၉တွင် ပြင်ဆင်ခဲ့သည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းစီမံခန့်ခွဲရေးဥပဒေ (VFV law) ပင်ဖြစ်၏။ ထိုဥပဒေသည် ရွာသူရွာသားများကို ၎င်းတို့မြေယာများကို အစိုးရထံ

[၃၃] မြန်မာနိုင်ငံတွင်း မြေသိမ်းမှုနှင့်ပတ်သက်၍ ဒို့မြေကွန်ရက်၏ ၂၀၁၅ ဒီဇင်ဘာတွင် ထုတ်ခဲ့သည့် အစီရင်ခံစာကို ဖတ်ရှုနိုင်ပါသည်။ https://www.tni.org/files/article-downloads/lioh_research_report_burmese.pdf
[၃၄] Transnational Institute၊ ပြန်လည်ထိန်းချုပ်စီမံပိုင်ခွင့် - မြန်မာနိုင်ငံရှိ ပြည်တွင်းနေရပ်စွန့်ခွာ စစ်ဘေးတိမ်းရှောင်သူများနှင့် စစ်ဘေးဒုက္ခသည်များ၏ သဘောဆန္ဒအလျောက် နေရပ်ပြန်ခြင်း၊ ပြန်လည်အပ်နှံပေးခြင်းနှင့် မြေယာဆိုင်ရာရပိုင်ခွင့် အခွင့်အရေးများ၊ TNI မြန်မာနိုင်ငံမူဝါဒသုံးသပ်ချက် အမှတ် ၂၀၊ မေ ၂၀၁၇။ https://www.tni.org/files/publication-downloads/final_re-asserting_control_mm.pdf

တရားဝင်မှတ်ပုံတင်ခိုင်းကာ ထိုသို့မပြုလုပ်ပါက ဖယ်ရှားခံရခြင်း၊ ဒဏ်ပေးခံရခြင်း (ငွေဒဏ် သို့မဟုတ် ထောင်ဒဏ်) အန္တရာယ်ပေးနိုင်သည်။ မှတ်ပုံတင်ထားခြင်း မရှိသော မြေယာများကို နိုင်ငံတော်မှ အကြီးစားရင်းနှီးမြှုပ်နှံသူများ၊ ပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေး စီမံကိန်းကြီးများ အတွက် "လွတ်"နေသည့် နေရာများဟု သတ်မှတ်ကာ ၎င်းတို့အတွက် မြေကွက်ချထားပေးနိုင်သည်။[၃၅] ထိုဥပဒေသည် ၂၀၁၀ မှစတင်ကာ စီးပွားရေးဖြေလျှော့မှုနှင့် နိုင်ငံရေး အကူးအပြောင်း လုပ်ငန်းစဉ်အတွက် အဓိကဖြစ်လာကာ လက်ရှိဆက်လက်ဖြစ်ပွားနေသည့် ပြည်တွင်းစစ်နှင့် တိုင်းရင်းသားပဋိပက္ခများနှင့် တပြိုင်တည်း တည်ရှိနေပါသည်။ လက်ရှိနိုင်ငံ၏ သယံဇာတအများစုသည် ဗမာ မဟုတ်သော တိုင်းရင်းသားလူမျိုးစုများဒေသများတွင် ရှိသောကြောင့် ထိုဥပဒေသည် တိုင်းရင်းသားများအပေါ် "စစ်ကြေငြာ" လိုက်သကဲ့သို့ ဖြစ်နေသည်။[၃၆] ထိုနည်းတူ ထိုဥပဒေအားဖြင့်သာ ဗမာအများစုနေထိုင်သောဒေသများ တွင် တောင်သူများကို အခြေမဲ့စေရန် အဓိကအသုံးချနေခဲ့ပါသည် (Thein et al၊ ၂၀၁၈)။ အကြောင်းအမျိုးမျိုးကြောင့် ရွာသူရွာသားများစွာတို့မှာ ၎င်းတို့၏ လယ်ယာမြေများကို မှတ်ပုံတင်နိုင်ခြင်းမရှိပေ သို့တည်းမဟုတ် မှတ်ပုံတင်နိုင်ရန် ခက်ခဲမည်ဖြစ်၏။ သူတို့သည် တရားဝင်ခွင့်ပြုထားခြင်းမရှိသော ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးမှုကို လုပ်ကိုင်ကြသည်။ သူတို့သည် ဥပဒေကို နားလည်ခြင်း မရှိသကဲ့သို့ လုပ်ထုံးလုပ်နည်းကိုလည်း မသိရှိကြပေ။ သွားရောက်လျှောက်ထားရန် အတွက် သွားရေးလာရေး စီစဉ်နိုင်မှု မရှိပေ။ တဘက်တွင် ၎င်းတို့၏မြေကို ရယူလျှောက်ထားရန် အပြိုင် ကြိုးပမ်းမှုများကို ဩဇာရှိသူများမှ ထောက်ခံအားပေးကြသည်။ ၂၀၁၃ ခုနှစ် အစောပိုင်းတွင် အစိုးရ၏ စာရင်းအရ အမျိုးမျိုးသောမြေလုပ်ကိုင်ခွင့် သဘောတူညီချက်များအတွက် မြေဟက်တာ (၂) သန်းခန့် (လယ်ယာမြေ၊ စိမ့်မြေနှင့် သစ်တောမြေများ) ပေးအပ်ခဲ့သည် (မြန်မာနိုင်ငံပြည် ထောင်စုအစိုးရ၊ 2016:67-68) ကို တွေ့ရှိရပါသည်။။

အဆိုပါမြေလုပ်ကိုင်ခွင့်သဘောတူညီချက်များ (land concessions) က လယ်ယာမြေအခြေပြု လူမှုပတ်သက်ဆက်နွယ်မှုများ (land-based social relations) တွင် ပိုမိုရှုပ်ထွေးသောအပြောင်းအလဲများ ဖြစ်ပေါ်စေသည်။ ထိုအကြောင်းကို မကွေးတိုင်းဒေသကြီးမှ အသက် (၂၅) အရွယ် အမျိုးသားတစ်ဦးက ဤသို့ ပြောပြခဲ့၏။

ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်းမှာ အညာဒေသက ဇာတိကျေးရွာကို ကျွန်တော်ပြန်ခဲ့တယ်။ ထိုင်းနိုင်ငံက အလုပ်ကို ချန်ခဲ့ပြီးတော့ ပြန်ခဲ့တာ။ ကျွန်တော်က အညာဒေသ ဆင်းရဲတဲ့တောင်သူမိသားစုတစ်စုကလာတာပါ။ ကျွန်တော်ငယ်ငယ်တုန်းက ရွာမှာရှိတဲ့လယ်ယာမြေတွေ အများကြီးကို စစ်တပ်နဲ့နီးစပ်တဲ့ကုမ္ပဏီကြီးတစ်ခုက သိမ်းသွားခဲ့တာ ကျွန်တော့်မိဘရဲ့လယ်တွေလည်း ပါသွားတယ်။ ရွာသူရွာသားတွေနဲ့ အဲဒီကုမ္ပဏီကြား စကားများ ရန်ဖြစ်ကြတာကိုကျွန်တော်မှတ်မိသေးတယ်ဗျ။ ကုမ္ပဏီက မြေယာပြုပြင်ဖော်ဆောင်ဖို့ စီမံကိန်းတစ်ခု ချမှတ်ဆောင်ရွက်ခဲ့ပေမယ့် မအောင်မြင်ခဲ့ဘူး။ အဲ့ဒီမြေဧရိယာကြီးရဲ့ အစိတ်အပိုင်းတော်တော်များများက အလကား ဖြစ်နေတယ်။ ဒါနဲ့ ကုမ္ပဏီက အပြင်ကလူတစ်ချို့ကို ဝင်ရောက်လုပ်ကိုင်ခွင့်ပြုခဲ့တယ်။ ကျွန်တော် တို့ရွာကလူတွေလည်း သူတို့မြေတွေထဲမှာ ပြန်ဝင်နေပြီး ထွန်ယက်စိုက်ပျိုးတာတွေ လုပ်တာပေါ့ဗျာ။ ကျွန်တော့်ရဲ့မိဘကလည်း အသိမ်းခံလိုက်ရတဲ့ သူတို့ရဲ့မြေ ၁၀ ဧကမှာ ပြန်ဝင်နေပြီး ထွန်ယက်စိုက်ပျိုးတာပေါ့။ စစ်တပ်ကတော့ဘာမှမလုပ်ပါဘူး။ ကုမ္ပဏီဆီကနေမြေငှားရမ်းခဲ့တဲ့လူတွေက ပြဿနာလာလုပ်တယ်။ ဒီလိုတွေဖြစ်ကြတယ်ဆိုပေမယ့်လို့ လယ်ယာစိုက်ပျိုးရေးကနေ ဝင်ငွေများများလည်းမရပါဘူးဗျာ။ ကျွန်တော်က ရွာထဲမှာနဲ့ ရွာအနီးဝန်းကျင်မှာ နေ့စားကျပန်းလိုက်တယ်။ ကံကောင်းလို့အလုပ်ရတဲ့နေ့ဆိုရင် တစ်ရက်ကို (၄၀၀၀) ကျပ် ရတယ်။ ဒါပေမယ့် ကျွန်တော်တို့ရွာနဲ့ အနီးဝန်းကျင်မှာ နေ့စားကျပန်း အလုပ်ကရှားတယ်ဗျာ။

[၃၅] သက်ဆိုင်ရာ TNI အစီရင်ခံစာများကို ဖတ်ရှုနိုင်ပါသည် - ငြင်းပယ်ခံရလျက်ရှိသည့် ရယူသုံးစွဲပိုင်ခွင့် - မြန်မာနိုင်ငံရှိ မြေယာအခွင့်အရေးနှင့် တိုင်းရင်းသားပဋိပက္ခ၊ Developing Disparity၊ From War to Peace in Kayah (Karenni) State။

[၃၆] မြေလွတ်မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ၂၀၁၈ ဥပဒေ နှင့် ဆက်စပ်အစိုးရကြေငြာချက်များနှင့် ပတ်သက်သည့် အရပ်ဘက်အဖွဲ့အစည်းများ၏ သဘောထားကို ဖတ်ရှုနိုင်ပါသည်။ ၁၆ နိုဝင်ဘာ ၂၀၁၈၊ https://lioh.org/wp-content/uploads/2018/11/Joint_statement_LIOH_MATAMM.pdf။ TNI ဆောင်းပါး "ပထမတော့ သေနတ်နဲ့ ကျနော်တို့ရဲ့မြေတွေကို လုယူသွားခဲ့ကြတယ်။ အခုကျတော့ မြေလုဖို့ ဥပဒေကို အသုံးချလာပြန်ပြီ"၊ ၂၆ ဩဂုတ်လ ၂၀၁၉၊ https://www.tni.org/en/article/first-they-grabbed-our-land-with-guns-now-they-are-using-the-law

အဆိုပါမြေသိမ်းမှုပုံစံကို ပိုမိုနက်နက်ရှိုင်းရှိုင်းလေ့လာဆန်းစစ်ခဲ့ရာ (၂၀၀၀) ခုနှစ်တွင် မြန်မာနိုင်ငံအတွင်း စစ်အုပ်ချုပ်ရေးပိုင်းနှင့်နီးစပ်သော နာမည်ကြီးကုမ္ပဏီတစ်ခုသည် ဟက်တာ (၃၀,၀၀၀) ရှိသည့် အလွန်ကြီးမားသော မြေဧရိယာကို သိမ်းယူခဲ့ကြောင်း တွေ့မြင်ရသည်။ ထိုကုမ္ပဏီသည် အလွန်ကြီးမားသော နှမ်းစိုက်ခင်း တစ်ခု တည်ဆောက်ရန် ကြိုးပမ်းအားထုတ်ခဲ့သည်။ လူတစ်ထောင်ခန့် ငှားရမ်းလုပ်ကိုင်စေခဲ့ပြီး စက်ပစ္စည်းများလည်း အများအပြား အသုံးပြုခဲ့သည်။ သို့သော် ကုမ္ပဏီသည် ထိုမြေယာမှ မျှော်မှန်းထားသောအထွက်နှုန်းတစ်ခု ရရှိအောင် မစွမ်းဆောင်နိုင်ခဲ့ပေ။ သူတို့သည် နှမ်းကို တစ်နှစ် မှ နှစ်နှစ်ထိ စမ်းသပ်စိုက်ပျိုးခဲ့ပြီး မအောင်မြင်သဖြင့် ဝါစိုက်ပျိုးရေးဘက်သို့လှည့်သွားခဲ့သည်။ ထို့နောက် ကြက်ဆူပင်ကို စမ်းသပ်စိုက်ပျိုးခဲ့ပြန်သည်။ ထိုနှစ်မျိုးလုံးလည်း အလုပ်မဖြစ်သောကြောင့် ကုမ္ပဏီက ထိုနယ်မြေမှ ထွက်ခွာသွားခဲ့သည်။ သို့သော် ကုမ္ပဏီမှငှားရမ်းခဲ့သော အလုပ်သမား အိမ်ထောင်စု (၅၀) ခန့်က ထိုနေရာမှာပင်နေရစ်ခဲ့ပြီး လမ်းများနံဘေး သိမ်းဆည်းခံမြေများပေါ်တွင် အိမ်များဆောက်လုပ်နေထိုင်လာခဲ့ကြသည်။ ထိုသူတို့သည် မူလပိုင်ရှင်ရွာသူရွာသားများကို မြေယာများအတွင်းသို့ အဝင်မခံပဲ ကိုယ်တိုင်စတင်ထွန်ယက် လုပ်ကိုင်လာခဲ့ကြသည်။ ဦးသိန်းစိန်သမ္မတ ဖြစ်လာချိန်တွင် ထိုမြေယာများကို ပြန်လည်ရယူရန် ပုံစံ (၇) လျှောက်ထားခဲ့ရာ

[ရှမ်းတောင်ပိုင်းရှိ ကော်ဖီစိုက်တောင်သူ ဓာတ်ပုံ - Tom Kramer]

မအောင်မြင်ခဲ့ပေ။[၄၇] ထို့ကြောင့် မူလပိုင်ရှင်ရွာသူရွာသားများကလည်း ကုမ္ပဏီအလုပ်သမားများလက်ရှိ နေထိုင်ခြင်းမရှိသော မြေများပေါ်တွင် စတင်ဝင်ရောက် နေထိုင်လာခဲ့ကြသည်။

အဓိက သုံးသပ်ချက် ၃ ချက်

မြန်မာနိုင်ငံကျေးလက်ဒေသများအတွင်း ရနိုင်သည့် အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်များဖြင့် ယိုင်နဲ့စွာ ရှင်သန်ရပ်တည်နေရသော မိသားစုများ၏ ဆင်းရဲမွဲတေမှုနှင့် အခက်အခဲဒုက္ခများအကြောင်းများပြည့်နေသည့် နာကျင်ကြေကွဲစရာ ဘဝဇာတ်ကြောင်းများကို ယခုသုတေသနဆောင်ရွက်စဉ်အတွင်း ကြားသိခဲ့ရပါသည်။ ရွှေ့ပြောင်းအလုပ်သမား (၁၃၆) ဦးနှင့်မေးမြန်းခဲ့သည့် လေ့လာမှုအရ ၎င်းတို့၏ဇာတိကျေးရွာများအတွင်း အသက်မွေးနိုင်ဖို့ရန် ကြိုးပမ်းအားထုတ်ရာတွင် ရင်ဆိုင်တွေ့ကြုံရသော အခြေအနေအပါအဝင် ဖြေရှင်းပုံနည်းလမ်းများ စသည်တို့နှင့် ပတ်သက်၍ ထပ်ခါတလဲ မြင်တွေ့ရသော အခြေအနေများရှိသည်။ (ဇယား-၈) နှင့် (ပုံ-၁၃) တွင် ထိုအခြေအနေများနှင့်ပတ်သက်သည့် အဓိကအကြောင်းအရာအချို့ကို တင်ပြထားသည်။

ပထမဆုံးအချက်အနေနှင့်ဆိုရလျှင် မေးမြန်းခဲ့သော ရွှေ့ပြောင်းအလုပ်သမားအများစု၏ တစ်ဝက်ကျော် (၁၃၆ ဦးအနက် ၇၈ ဦး (၅၇.၃%)) တွင် လယ်ယာမြေများရှိသည်။ ထို့နောက် ၃၈ ဦး (၂၈%) က လယ်ယာမြေမရှိကြောင်း ဖြေဆိုခဲ့ကာ ၂၀ ဦးက ထိုကိစ္စအတွက် အဖြေမပေးခဲ့ပါ။ လက်ရှိအခြေအနေနှင့်ကွဲပြားခြားနားသော အလုပ်အကိုင်ပုံစံတစ်ခု ဖန်တီးယူနိုင်ရန်အလို့ငှာ မြေယာရရှိပိုင်ဆိုင်လိုသောအလိုဆန္ဒက ကျွန်ုပ်တို့မေးမြန်းခဲ့သူများကြားတွင် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်တည်နေကြောင်း တွေ့မြင်ရသည် (ဤစာတမ်း နောက်ဆုံးအပိုင်းတွင်ပါရှိသော ဇယား-၁၂ နှင့် ပုံ-၁၄ ကိုရှုပါ)။ တဘက်တွင်လည်း အချက်အလက်များ

[၄၇] ၂၀၁၂ လယ်ယာမြေဥပဒေအနေဖြင့် မြေအသုံးပြုခွင့်ပုဂ္ဂလိကပိုင်ဆိုင်မှုကို စတင်မိတ်ဆက်ခဲ့သည်။ ထိုအသုံးပြုခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အမွေဆက်ခံခြင်းစသည်တို့ကို ခွင့်ပြုခဲ့သည်။ လယ်ယာမြေဥပဒေ (၂၀၁၂) နှင့် လယ်ယာမြေဥပဒေပြင်ဆင်သည့်ဥပဒေ (၂၀၁၈)ကိုကြည့်ပါ။ ထပ်၍ လေ့လာလိုပါက - TNI (2013). Access Denied: Land Rights and Ethnic Conflict in Burma. Burma Policy Briefing Paper Number 11. Amsterdam: TNI. Available at: https://www.tni.org/files/download/accesdenied-briefing11.pdf, downloaded on 12 November 2020; နှင့် Boutry, M. et al (2017). မြန်မာ့မြေပြန့်ကျေးလက်ဒေသ မြေယာပိုင်ဆိုင်လုပ်ကိုင်ခွင့် - အပူပိုင်းဇုန်နှင့် မြစ်ဝကျွန်းပေါ်ဒေသ၏ သမိုင်းကြောင်းရာ ရှုထောင့်များမှသည် လက်ရှိကြုံတွေ့နေရသော ဘဝဖြစ်ရပ်မှန်များဆီသို့။ Yangon: GRET. Available at https://www.gret.org/wp-content/uploads/Gret_LandTenure_report_Myanmar-1.pdf. downloaded on 12 November 2020.

ကိုကြည့်လျှင် ၎င်းတို့၏ အသက်မွေးဝမ်းကြောင်း အခြေပြု အရင်းအမြစ်များ (မြေ၊ ရေ၊ သစ်တော) မှ ခွဲခြား ဖယ်ထုတ်ခြင်းခံခဲ့ရသည့် ကျေးလက်လုပ်သားများသာ ရွှေ့ပြောင်းကြရခြင်း မဟုတ်နေပါ။ ထို့ကြောင့် ရွှေ့ပြောင်းအလုပ်သမားများထံ လယ်ယာမြေများပြန်ပေးခြင်း သို့မဟုတ် IDPs များကို ၎င်းတို့၏ လယ်ယာမြေများ ပြန်လည်ပေးအပ်ခြင်းတစ်ခုတည်းက ကျေးလက်ဒေသများအတွင်း ဆင်းရဲမွဲတေမှုမှ တားဆီးကာကွယ်နိုင်ရန်မဖြစ်နိုင်ပါ။ ထို့အပြင် ရွှေ့ပြောင်းအလုပ်အကိုင်အပေါ် လူကြိုက်များမှုကို လျှော့ကျစေရန်အတွက် လုံလောက်ခြင်းမရှိသည်ကို တွေ့ရ

(ဇယား-၈) မြေရယူအသုံးပြုနိုင်ခွင့်နှင့်ထုတ်လုပ်မှုဆိုင်ရာ အရေးကိစ္စများ

ပြဿနာများ	**အညာဒေသမှ ရွှေ့ပြောင်း အလုပ်သမားများ**	**ရှမ်းပြည်နယ်မှ ရွှေ့ပြောင်း အလုပ်သမားများ**	**မွန်ပြည်နယ်မှ ရွှေ့ပြောင်း အလုပ်သမားများ**	**စုစုပေါင်း**
လယ်ယာမြေမရှိ	၁၂	၁၉	၇	၃၈
လယ်ယာမြေရှိ	၁၈	၄၇	၁၃	၇၈
မြေယာရှိသော်လည်း အရွယ်အစား သေးငယ်၊ အရည်အသွေးညံ့ဖျင်း	၇	၃၄	၈	၄၉
လယ်ယာလုပ်ငန်းနှင့်မွေးမြူရေးမှ ဈေးကွက်အတွက်ထုတ်လုပ်သည်၊ ဝင်ငွေလုံလောက်မှုမရှိ	၁၈	၄၄	၁၂	၇၄
ထွက်ကုန်ဈေးကွက်ပေါက်ဈေးက ပြဿနာဖြစ်သည်	၉	၁၉	၁	၂၉
လယ်ယာသွင်းအားစုများအတွက် ကုန်ကျ စရိတ်မြင့်မားမှုက ပြဿနာဖြစ်သည်	၅	၁၇	၂	၂၄
မိုးလေဝသနှင့် သီးနှံဖျက်ပိုးပြဿနာ (မိုးခေါင်ခြင်း၊ ရေကြီးခြင်း စသည်)	၇	၁	၀	၈
ဆည်မြောင်းမရှိ	၆	၀	၀	၆
လုပ်အားအငှားလိုက်ခြင်း - ဇာတိရပ်ရွာ အတွင်းနှင့် အနီးတဝိုက်တွင် အခစား အလုပ်လုပ်ကိုင်သည်၊ သို့သော် ဝင်ငွေ မလုံလောက်ပါ	၁၉	၄၂	၁၅	၇၆
မိမိ၏လယ်ယာမြေ၊ မွေးမြူရေးလုပ်ငန်း အတွက် အလုပ်သမားငှားရမ်းလုပ်ကိုင် ခြင်း (ရွှေ့ပြောင်းအလုပ်လုပ်ကိုင် နေစဉ်ကာလတွင်)	၆	၀	၀	၆

မှတ်ချက် (၁) - ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ခုနှစ်က တွေ့ဆုံမေးမြန်းမှုများအပေါ် အခြေခံသည်။ အရေအတွက် = ၁၃၆၊ အညာဒေသ: ၃၉၊ ရှမ်းပြည်နယ်: ၇၄၊ မွန်ပြည်နယ်: ၂၃။

မှတ်ချက် (၂) – "လယ်ယာမြေမရှိ" အုပ်စုတွင် (က) လူငယ်များ (ထိုလူငယ်များစွာတို့၏မိဘများတွင် လယ်ယာမြေများရှိသည်) (ခ) ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ (ထိုသူများစွာတို့မှာ IDP စခန်းများတွင်နေထိုင်သည်။ တွေ့ဆုံမေးမြန်းမှုတွင် ပါဝင်ဖြေဆိုခဲ့သည့် IDPs အားလုံးက ၎င်းတို့၏မူလကျေးရွာများတွင် လယ်ယာမြေများပိုင်ဆိုင်ကြောင်းနှင့် IDPs များဖြစ်လာကတည်းက မြေယာမရှိတော့ကြောင်း ပြောပြခဲ့၏) နှင့် (ဂ) မြေယာပိုင်ဆိုင်နိုင်သည့် အသက်အရွယ်ရောက်နေပြီးဖြစ်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် မြေယာမရှိသူများ ပါဝင်သည်။

မှတ်ချက် (၃) – "လယ်ယာမြေရှိ" အုပ်စုမှာ ရှင်းလင်းတိကျသောအုပ်စုမဟုတ်ပဲ မြေယာအသုံးပြုခွင့်ရှိသော်လည်း တရားဝင်မှတ်ပုံတင်ထားခြင်းမရှိသူများရော၊ တရားဝင်မှတ်ပုံတင်ထားပြီးသူများ (တရားဝင်ပိုင်ဆိုင်ခွင့် သို့မဟုတ် ပိုင်ဆိုင်မှုရှိသူများ) ပါ ပါဝင်သည်။

(ပုံ-၁၂) မြေရယူအသုံးပြုနိုင်ခွင့်နှင့်ထုတ်လုပ်မှုဆိုင်ရာ ပြဿနာအရေးကိစ္စများ



သည်။ ယခုသုံးသပ်ချက်များသည် မြေအခြေပြု စိုက်ပျိုးရေးဦးတည်လူမှုလှုပ်ရှားမှုများ ၊ အရပ်ဘက် အဖွဲ့အစည်းများအပြင် အလုပ်သမားသမဂ္ဂများနှင့် အလုပ်သမားများ၏ တရားမျှတမှုအရေးကိစ္စများဆောင်ရွက်နေသော အရပ်ဘက်အဖွဲ့အစည်းများတို့ကြားတွင်ပါ မဆိုင်းမတွ ထဲထဲဝင်ဝင် စဉ်းစားသုံးသပ်ရမည့် အရေးကြီးသော အကြောင်းအရာများဖြစ်ပါသည်။

ဒုတိယအချက်အနေနှင့် လယ်ယာမြေရှိသည်ဟု ဆိုခဲ့သူ ၇၈ ဦး အနက် ၇၄ ဦး ၊ တနည်းဆိုရလျှင် လယ်ယာမြေ ရှိသည်ဟုဆိုခဲ့သူအားလုံးနီးပါးက ၎င်းတို့လယ်ယာမြေမှရရှိသော ဝင်ငွေများမှာ လုံလောက်မှုမရှိဟု ဖြေဆိုခဲ့ကြ၏ (ဇယား-၈ နှင့် ပုံ-၁၃ ကိုရှုပါ)။[၃၈] မေးမြန်းခဲ့သူများအနက် လယ်ယာမြေပိုင်ဆိုင်သည်ဟု ဆိုခဲ့သောရွှေ့ပြောင်းအလုပ်သမား (၃) ဦး တွင် (၂) ဦးခန့် (၇၈ ဦးအနက် ၄၉ဦး (သို့) ၆၃%) က ၎င်းတို့လယ်ယာမြေမှာ အလွန်သေးငယ်သည် သို့မဟုတ် မြေဆီသြဇာအလွန်ညံ့ဖျင်းသည်ဟု ပြောဆိုခဲ့ခြင်းပင်။ ဤအချက်က မြန်မာနိုင်ငံတွင်း မြေအသုံးပြုနိုင်ခွင့်နှင့် မြေလုပ်ပိုင်ခွင့်ဆိုင်ရာ ဖွဲ့စည်းတည်ဆောက်မှုပုံစံ ပြုပြင် ပြောင်းလဲရေးဆောင်ရွက်နေသူများအတွက် ကြီးမားသော အကျိုးသက်ရောက်မှုများရှိသည်။ နည်းလမ်းမျိုးစုံ ရှိသည့် အနက်တစ်ခုဖြစ်သည့် မြေပိုင်ဆိုင်မှုကို တရားဝင်ပြုရန်သာ အဓိကအရေးစိုက်သော ပြုပြင်ပြောင်းလဲရေးနည်းလမ်း (ဥပမာ - မြေအသုံးပြုခွင့်ခွဲဝေရေးပုံစံ ပြန်လည်ပြင်ဆင် ဖွဲ့စည်းခြင်းမျိုးမရှိပဲ လက်ရှိမြေအသုံးပြုခွင့်အား တရားဝင်မှတ်ပုံတင်ခိုင်းခြင်း)သည် ရွှေ့ပြောင်းလုပ်ငန်းဖြစ်တည်နေမှု ကို ပို၍ပင်များပြားလာစေနိုင်သည်။ အဘယ်ကြောင့်ဆိုသော် လက်ရှိလူမှုအဖွဲ့အစည်း၏ ဒီမိုကရေစီစံနှုန်းမကျစွာ ချမ်းသာ

ရှမ်းတောင်ပိုင်းရှိ တောင်ယာစိုက်ပျိုးခင်း
ဓာတ်ပုံ - Tom Kramer

[၃၈] သုတေသနအဖွဲ့ဝင်များအနေဖြင့် လယ်ယာမြေထုတ်လုပ်မှုနှင့် ဝင်ငွေရရှိမှုအခြေအနေ - ထုတ်ကုန်များ၏ ဈေးနှုန်း၊ ထည့်ဝင်ပစ္စည်းများ၏ ကုန်ကျစရိတ်၊ ဆည်မြောင်းရေရရှိမှု စသဖြင့်နှင့် သက်ဆိုင်သည့် နောက်ဆက်တွဲအချက်အလက်များကို မေးမြန်းရာတွင် တူညီစွာမေးမြန်းသည့် ပုံစံဆောင်ရွက်ခဲ့ခြင်း မရှိပါ။ ထို့ကြောင့် ယခုအကြောင်းအရာများနှင့် ပတ်သက်သည့် သုံးသပ်ချက်များကို အစီရင်ခံစာတွင် ရာနှုန်းပြည့် အာမခံနိုင်ခြင်း မရှိသည်ကို အသိပေးလိုပါသည်။

ကြွယ်ဝမှုခွဲဝေထားသည့် ပုံစံအောက်တွင် ကျေးလက်လုပ်သားထုမှ လက်ရှိအသုံးပြုနေရသော "အရွယ်အစားသေးငယ်မှု" နှင့် "အရည်အသွေးညံ့ဖျင်းမှု" ရှိသောမြေများကိုသာ တရားဝင်အတည်ဖြစ်စေမည်ဖြစ်သည်။ ထို့အပြင် မေးမြန်းခဲ့သူပေါင်း (၁၃၆) ဦး အနက် လယ်ယာမြေမရှိဟု ဆိုခဲ့သူ (၃၈) ဦး (၂၈%)မှာ အရေးပါသောလူနည်းစုအုပ်စုဖြစ်သည်။ ထိုသူတို့သည် မြန်မာနိုင်ငံအစိုးရအဖွဲ့အတွင်း ကျယ်ကျယ်ပြန့်ပြန့် လက်ခံထားသည့် မြေရယူအသုံးပြုနိုင်ခွင့် တရားဝင်ဖြစ်စေရေး ချဉ်းကပ်မှုပုံစံများတွင် ကြိုတင်ချန်လှပ်ဖယ်ထုတ်ခြင်း ခံရသူများဖြစ်သည်။

ထိုအကြောင်းအချက်များအားလုံးသည် ကျေးလက်လုပ်သားများ၏ မြေ၊ ရေ နှင့်/သို့မဟုတ် သစ်တော အသုံးပြု နိုင်ခွင့်အား "အသိအမှတ်ပြုလက်ခံခြင်း"(recognition)၊ ထို့နှင့်အတူ မြေယာမဲ့ နှင့် မြေယာမဲ့လုနီးပါးဖြစ်သော လုပ်သားထုများထံ "မြေပြန်လည်ခွဲဝေပေးခြင်း" (redistribution) အရေးဆိုမှုနှစ်ခုကို အတူတောင်းဆိုရန် အရေးပါကြောင်းကို တွေ့မြင်စေသည်။ မြန်မာနိုင်ငံ၏ အခြေအနေအရ ဓလေ့ထုံးတမ်းမြေယာစနစ်ကို အသိအမှတ်ပြုလက်ခံခြင်းမရှိဘဲ မြေပြန်လည်ခွဲဝေခြင်းလုပ်ဆောင်ပါက အလွန်ပင် ပြဿနာဖြစ်ပွားစေနိုင်သည်။ ရွှေ့ပြောင်းအလုပ်သမားများ ကြုံနေရသော ပြဿနာများကို ကြည့်ပါက ပြောင်းပြန်အခြေအနေသည်လည်း ပြဿနာရှိသည်ကို တွေ့ရသည်။ ယင်းမှာ မြေပြန်လည်ခွဲဝေပေးခြင်းမရှိဘဲ အသိအမှတ်ပြု လက်ခံခြင်းသာရှိလျှင်လည်း မြန်မာနိုင်ငံအခြေအနေအတွက် အလွန်ပြဿနာများစေနိုင်သည်။ ထို့ကြောင့် ထိုအရေးဆိုမှုနှစ်ခုအပေါ်အခြေခံ၍သာ IDPs နှင့် ဒုက္ခသည်များ၏ မြေအပါအဝင် မူလလူမှုဝန်းကျင် ပြန်လည်ပေးအပ်ရန်အတွက် တောင်းဆိုမှုများကို သေချာစဉ်းစား ဆောင်ရွက်ရမည် ဖြစ်သည်။[၃၉]

တတိယအချက်အနေနှင့် မေးမြန်းခဲ့သည့် ရွှေ့ပြောင်းအလုပ်သမား (၁၃၆) ဦးအနက် (၇၆) ဦးက သူတို့သည် ရွှေ့ပြောင်းအလုပ်အကိုင်တစ်ခုနှင့်တစ်ခု ကြားကာလတွင် ၎င်းတို့ကျေးရွာများအတွင်းနှင့်အနီးဝန်းကျင်မှ နေ့စားကျပန်းအလုပ်များကို မှီခိုအားထားရကြောင်း တိတိကျကျ ပြောဆိုခဲ့ကြသည်။ လယ်ယာမြေရှိသူနှင့် လယ်ယာမြေ မရှိသူ အမျိုးအစားနှစ်ခုလုံးမှ ရွှေ့ပြောင်းအလုပ်သမားများက ထိုကဲ့သို့ပြောဆိုတင်ပြခဲ့ခြင်းဖြစ်၏။ ၎င်းတို့အတွက် နိုင်ငံရပ်ခြားနှင့် ၎င်းတို့ကျေးရွာနှင့်အနီးတဝိုက်တွင် ၎င်းတို့၏ လုပ်အားရောင်းချခြင်းကသာ စီးပွားရေးအရ အလုပ်အဖြစ်ဆုံးဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေသည်။ ဇာတိကျေးရွာများတွင် ချန်နေရစ်ခဲ့သော ၎င်းတို့အိမ်ထောင်စုများကို ဆက်လက်ထောက်ပံ့နိုင်ရန်၊ နေ့စဉ်စားသုံးရန် လိုအပ်ချက်များအတွက် ဖြည့်ဆည်းနိုင်ရန် နှင့် (ကိုယ်ပိုင်အိမ်ရှိလျှင်) ၎င်းတို့အိမ်ကိုဆက်လက်ထိန်းသိမ်းထားနိုင်ရန်၊ နာမကျန်းဖြစ်ချိန်တွင် အနားယူရန်၊ ရွှေ့ပြောင်းလုပ်ခစားအလုပ်ဆက်လက်လုပ်ကိုင်ရန် ခန္ဓာကိုယ်က မစွမ်းသာတော့သည့်အချိန်တွင် နောက်ဆုံးအငြိမ်းစားယူ ပြန်လည်အခြေချရန်စသည့်အခြေအနေများအတွက် မြေယာရယူအသုံးပြုနိုင်ခွင့်ရှိခြင်းက အလွန်အရေးကြီးကြောင်းကို ထိုသူတို့ကောင်းစွာသိမြင်နားလည်ကြသည်။ အတိုချုံးဆိုရလျှင် နေရပ်ဇာတိတွင် မြေယာရှိခြင်းက ၎င်းတို့၏အိမ်ထောင်စုများကို ပစ္စုပ္ပန်နှင့်အနာဂတ်ကာလတွင် ဆက်လက် တည်ရှိထိန်းသိမ်းထားနိုင်ရန်အတွက် အလွန်အခရာကျပါသည်။ ကလေးသူငယ်ပြုစုစောင့်ရှောက်ခြင်း၊ သားသမီးများကျောင်းနေပညာသင်ကြားခြင်း၊ သက်ကြီးရွယ်အို မိသားစုဝင်များအားပြုစုခြင်း၊ ၎င်းတို့ကိုယ်တိုင် ကျန်းမာရေး စောင့်ရှောက်ခံယူခြင်းနှင့် အလုပ်မှအငြိမ်းစားယူခြင်းစသည့် လူမှုရေးလုပ်ငန်းများကို အကောင်အထည် ဖော်နိုင်ရန်ဖြစ်ပေသည်။ အထက်တွင်ဖော်ပြသွားခဲ့သော စကြ်ဝံသည် ပုံသေမဟုတ်ပါ၊ သက်ဝင်လှုပ်ရှားမှုရှိကာ ပြောင်းလဲနိုင်ပါသည်။ ထိုအပေါ်တွင် ရွှေ့ပြောင်းလုပ်သားများမှ ၎င်းတို့၏ အိမ်ထောင်စုဝင်များနှင့်အတူ စီးပွားရေးဆိုင်ရာ ထုတ်လုပ်မှုပြုရာနေရာ နှင့် လူမှုမျိုးဆက်ပွားမှုပြုရာ နေရာနှစ်ခုကြား ဟန်ချက်ညီအောင် အမြဲတစေထိန်းညှိရလျက် ရှိနေပါသည်။

(၅) ပုံမှန်ဟောင်း အသစ်တစ်ခုဆီသို့လော (Towards a new old normal?)

ကျွန်မ တရုတ်ပြည်မှာ ကြံခုတ်လုပ်သားတစ်ယောက်အနေနဲ့ အလုပ်လုပ်ခဲ့တယ်။ ကြံပင် (၁၅) ပင်ကို (၁) ယွမ် (ကျပ်ငွေ

[၃၉] IDPs နှင့် ဒုက္ခသည်များ၏ မြေအပါအဝင် မူလလူမှုဝန်းကျင် ပြန်လည်ပေးအပ်ခြင်းဆိုင်ရာ သုံးသပ်ချက်များကို လေ့လာလိုပါက - https://www.tni.org/files/publication-downloads/voluntary_return_restitution_and_the_right_to_land_for_idps_and_refugees_in_myanmar.pdf

၁၉၀) နှုန်းနဲ့ ပေးတယ်။ အစပိုင်းမှာတော့ သူဌေးက ကျွန်မတို့ကို ထမင်းကျွေးတယ်။ နောက်ပိုင်းမှာ မြန်မာနိုင်ငံက တရားမဝင်အလုပ်သမားတွေ အများကြီး ရောက်လာတော့ အလုပ်သမားတွေကို ထမင်းမစီစဉ် ပေးတော့ဘဲ နေ့စားခပဲ နေ့တိုင်းရှင်းပေးတယ်။ ကျွန်မတို့ တစ်ရက်ကို ယွမ် (၅၀) (၉၆၀၀ ကျပ်) ရတယ်။ အစား အစာအတွက် ကျွန်မတို့ရဲ့လုပ်အားခထဲကပဲ သုံးရတာပေါ့နော်။ နောက်ပြီး ကျွန်မတို့အတွက် နေစရာမပေးထား ဘူးရှင့်။ ကျွန်မတို့ဘာသာ ကြံခင်းထဲမှာ ယာယီတဲထိုးပြီးနေရတာ။ အခုတော့ ကပ်ရောဂါဖြစ်တာနဲ့ ကျွန်မတို့ လည်း အိမ်ပြန်လာခဲ့တယ်။ ဒါပေမယ့် ကျွန်မတို့ရွာထဲမှာရော၊ ရွာအနီးဝန်းကျင်မှာရော ပုံမှန်လုပ်လို့ရမယ့် အလုပ်တွေ မရှိဘူး။ ဒီမှာက ကျွန်မတို့အတွက် ရှင်သန်ရပ်တည်နိုင်ဖို့ အရမ်းခက်ခဲတယ်။ ကျွန်မမိဘကဆင်းရဲ တယ်၊ မိသားစုပိုင် လယ်ယာမြေလည်းမရှိဘူး။ ဒါနဲ့ တစ်ခြားလူတွေဆီက မြေယာတွေငှားရမ်းပြီး တောင်ယာစပါးစိုက်ခဲ့ပေမယ့် အထွက်နှုန်းကလည်း မကောင်းဘူးလေ။ ကျွန်မတို့ လယ်ယာမြေ မဝယ်နိုင်ပါဘူး။ ဒါကြောင့်လည်း မိသားစုစားဝတ်နေရေး အတွက် ရွှေ့ပြောင်းအလုပ်ကို ကျွန်မထပ်လုပ်ရဦးမှာပါပဲ။ ဒီကပ်ရောဂါ အခြေအနေတည်ငြိမ်လာပြီး လမ်းတွေပြန်ဖွင့်ရင် ကျွန်မနဲ့ကျွန်မယောကျ်ား တရုတ်ပြည်ကို ထပ်သွားပြီး အလုပ်လုပ်မယ်။ ကျွန်မရဲ့သားသမီးတွေကိုတော့ အမေ့ဆီမှာထားခဲ့မယ်။ (ရှမ်းပြည်နယ်မှ အသက် (၂၅) နှစ်အရွယ် ကချင်အမျိုးသမီးတစ်ဦး)

လက်ရှိအချိန်တွင် ကိုဗစ်-၁၉ ကပ်ရောဂါအလွန် ကမ္ဘာကြီး တစ်ခုအတွင်းမှ "အခြေအနေသစ် (new normal)" အကြောင်း စကားစမြီပြောဆိုမှုများနှင့် အများပြည်သူ ဆွေးနွေးဟောပြောမှုများက ကမ္ဘာတစ်ဝှမ်းမှာရော မြန်မာနိုင်ငံတွင်ပါ ရှိနေခဲ့ပြီဖြစ်သည်။ သို့သော် စနစ်အဆောက်အအုံကြောင့် ဆင်းရဲမှုဒဏ်ခံစားရသည်ကို နည်းလမ်းအမျိုးမျိုးဖြင့် ဖြေရှင်းနေသော ရွှေ့ပြောင်းအလုပ်သမားများ၏ ဘဝများသည် ကမ္ဘာ့ကပ်ရောဂါကြောင့် ဖရိုဖရဲဖြစ်ခဲ့ရပြီးနောက် ၎င်းတို့အတွက် "အခြေအနေသစ်"မှာ အဘယ်သို့ဖြစ်မည်နည်း? တစ်ချိန်တည်းတွင် ကျေးလက်တောရွာလူမှုအသိုက်အဝန်းများအတွင်း ၎င်းတို့အနေဖြင့် စွဲစွဲမြဲမြဲ အမြစ်တွယ်ထားဆဲဖြစ်သည်။ အခြေအနေအသစ်ဆိုသည်မှာ ကပ်ရောဂါမတိုင်ခင်ကာလတွင် ကြုံတွေ့ခဲ့ရသည့် ဘဝ၏ ခက်ခဲကြမ်းတမ်းခဲ့ရသည့် အတွေ့အကြုံများဆီသို့ ပြန်သွားခြင်းဖြစ်မည်လော? သို့မဟုတ် ထိုအခြေအနေများနှင့် မတူသော ပို၍ကောင်းသည့် အခြေအနေတစ်ခု မျှော်လင့်နိုင်မည်လော? ယခုအချိန်ကာလသည် အလွန်ပင်ခက်ခဲရှုပ်ထွေးလှပါသည်။ နောက်ပြန်လှည့်ဖို့ရန် ခဲယဉ်းပါလိမ့်မည်။ ထို့အတူ အနာဂတ်တွင် မတူညီသည့် လုပ်ဆောင်မှု ပြုလုပ်နိုင်ရန် ပို၍ပင်ခက်ခဲနိုင်ပါသည်။ ဤသို့ဆိုခြင်းက ကိုဗစ်-၁၉ ကပ်ရောဂါနှင့် ထိုကပ်ရောဂါကြောင့် အရှိန်အဟုန် မြင့်တက်နေခဲ့ပြီးဖြစ်သော တစ်ကမ္ဘာလုံးဆိုင်ရာအကျပ်အတည်း၏ အရေးပါမှုတို့ကို လျှော့ကျသွားအောင် လုပ်ဆောင်ရန် မရည်ရွယ်ပေ။ မြန်မာရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် ၎င်းတို့၏အခြေအနေကို သိရှိနားလည်နိုင်ကာ ထိုအခြေအနေကို ၎င်းတို့ဘာသာကိုင်တွယ်ဖြေရှင်းနိုင်ရန် ဖွဲ့စည်းတည်ဆောက်မှုနှင့် ပြဌာန်းချက်ဆိုင်ရာဝန်းကျင်အခြေအနေ (structural and institutional context) ကို ထင်သာမြင်သာဖြစ်စေရန် ဦးတည်ရည်ရွယ်ခြင်းဖြစ်သည်။

ကိုရိုနာဗိုင်းရပ်စ်ကြောင့် တရုတ်အစိုးရက ဝူဟန်မြို့အား အသွားအလာပိတ်ဆို့မှု ချမှတ်ကြောင်းမကြေညာမီ ရှေ့ငါးလကျော်အချိန်၊ ၂၀၁၉ ခုနှစ် စက်တင်ဘာလအတွင်း ကျွန်ုပ်တို့တွေ့ဆုံမေးမြန်းခဲ့သည့် ပုဂ်ဒေသမှ ရွှေ့ပြောင်းအလုပ်သမားတစ်ဦး၏ဘဝဇာတ်လမ်းကို လေ့လာသုံးသပ်ကြပါစို့။ ထိုရွှေ့ပြောင်းအလုပ်သမားသည် ၂၀၁၉ ခုနှစ်အတွင်း တရုတ်နိုင်ငံ၌ အလုပ်လုပ်ကိုင်ခဲ့သည့် အညာဒေသမှ အသက် (၁၉) နှစ် အရွယ် အမျိုးသားတစ်ဦးဖြစ်သည်။ သူ၏ဘဝဇာတ်လမ်းက အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ် ကာလသုံးပါးကို ယှက်နွယ်ပေါင်းစပ်ထားသည့်အပြင် ဇာတိကျေးရွာနှင့် အလုပ်လုပ်ကိုင်ရာနိုင်ငံမှလုပ်ငန်းခွင်တို့ကြား ချိတ်ဆက်ဖော်ပြထားသော အကြောင်းအရာတစ်ရပ် ဖြစ်လေရာ ဤနေရာတွင် ဆွေးနွေးတင်ပြသင့်ပေသည်။ ဖွဲ့စည်းတည်ဆောက်မှုနှင့် ပြဌာန်းချက်ဆိုင်ရာ ဝန်းကျင်အခြေအနေများ ကြီးမားစွာပြောင်းလဲမှုမရှိခဲ့ပါက သူ၏ဘဝဇာတ်လမ်းမှာ အသစ်သော ပုံစံဟောင်းအခြေအနေ (new old normal) သာ ဆက်လက်ဆင့်ပွားသွားနိုင်ပါသည်။ သို့မဟုတ် "အသစ်" သောနေ့ရက်များတွင် "အဟောင်း" ကာလနေ့ရက်များမှ ဇာတ်လမ်းကို ပို၍ပင်ချဲ့ထွင်ကပြဖျော်ဖြေရမည်

ဖြစ်ပေတော့သည်။

ကျွန်တော့်မှာ စာအုပ်နီရော၊ စာအုပ်စိမ်းရော မရှိဘူး။ စာအုပ်နီနဲ့ဆိုရင် (၇) ရက် တရားဝင်နေခွင့်ရှိတယ်။ တစ်ပတ်တစ်ခါ မူဆယ်မှာ သက်တမ်းသွားတိုးရတာပေါ့။ သက်တမ်းတိုးခ ယွမ် (၈၀) ပေးရတယ်။ စာအုပ်စိမ်း နဲ့ဆိုရင် တစ်နှစ်တရားဝင်နေနိုင်တယ်။ စာအုပ်စိမ်းလုပ်ဖို့က ကျပ်ငွေနှစ်သိန်းပေးရတယ်လေ။ ကျွန်တော် တရုတ်ပြည်မှာ တရားမဝင် နေနေရတာလို့ ပြောချင်တာပါဗျာ။ ကျွန်တော်က ဖရဲသီးခြံတစ်ခုမှာ အလုပ်လုပ်ခဲ့တယ်။ ကျွန်တော်တို့အညာက တခြားလူ (၁၅) ယောက်နဲ့ အတူလုပ်ခဲ့တာ။ (၈) ယောက်က ကျွန်တော်တို့ရွာကပဲဗျ။ ခြံက စစ်ဆေးရေးဂိတ်နဲ့နီးတယ်၊ မူဆယ်နဲ့ သိပ်မဝေးဘူး။ ကျွန်တော်တို့က နယ်စပ်ကို တရားမဝင်ဖြတ် ကျော်ခဲ့တာလေ။ ကားသုံးစီးနဲ့ နယ်စပ်တလျှောက်သွယ်တန်းနေတဲ့တောင်ရဲ့ တောင်ထိပ်ကိုသွားပြီး နယ်ခြား တောင်ကြီးကိုဖြတ်တယ်။ အဲဒီကနေ တခြားကားတစ်စီးနဲ့ ကျွန်တော်တို့အလုပ်လုပ်တဲ့ခြံကို သွားတာ။ ကျွန်တော်တို့နဲ့အတူ အလုပ်သမားကန်ထရိုက်တာ တစ်ယောက်လည်း လိုက်ပါခဲ့တယ်။ သူက ကျွန်တော်တို့အညာကပဲ၊ တရုတ်စကားလည်းပြောတတ်တယ်။ လုပ်ငန်းခွင်မှာဆို သူပဲဘာသာပြန်လုပ်ပေးခဲ့တာပေါ့။ တရုတ်သူဌေးက သူ့ကိုပိုက်ဆံပေးတယ်။ ဘယ်လောက်လဲလို့တော့ ကျွန်တော်တို့လည်းမသိဘူး။ ကျွန်တော်တို့က ဗိုက်ဘာကတဆင့် ဘော်ဒါရွာသားတစ်ယောက်ကနေ ဒီအလုပ်သမားကန်ထရိုက်တာနဲ့ချိတ်မိတာ။ ကျွန်တော်တို့ကို နေစရာ၊ စားစရာ အခမဲ့စီစဉ်ပေးတယ်။ ခန်းမကြီးတစ်ခုမှာ ယောက်ျားတွေအကုန်နေပြီး တခြားအခန်းတစ်ခုမှာ မိန်းမတွေနေတယ်။ ကျွန်တော်တို့က ဓာတ်မြေသြဇာနဲ့ ပိုးသတ်ဆေးဖြန်းတယ်။ ဖရဲသီးတွေကို ဖော့ပြားနဲ့ဖုံးအုပ်ပေးရတယ်။ ကျွန်တော်တို့မှာ ကာကွယ်ရေးဝတ်စုံတွေမရှိပါဘူး။ ဒီအတိုင်းပဲ မနက် (၇) နာရီ ကနေ (၁၂) နာရီအထိ၊ နေ့လယ် (၂) နာရီကနေ (၅) နာရီအထိ တစ်ပတ်ကို ခုနှစ်ရက် အလုပ်လုပ်ခဲ့ရ တယ်။ ခင်ဗျားနေထိုင်မကောင်းဖြစ်ရင်တော့ ဆေးကုသဖို့ကိုယ့်ဟာကိုယ်ပေးပဲ။ နေမကောင်းလို့ အလုပ်မလုပ် နိုင်တဲ့နေ့တွေအတွက်လည်း လုပ်အားခရမှာ မဟုတ်ဘူး။ ကျွန်တော်တို့ကို တစ်ရက် ယွမ် (၃၀) (၅၈၀၀ ကျပ်) ပေးတယ်။ တကယ်တော့ နေ့စားခရဲ့တစ်ဝက်ပဲရှင်းပေးတာ။ သဘောတူထားတဲ့ရက်ရောက်လို့ မြန်မာနိုင်ငံပြန်မယ့်အချိန်ကျမှ ကျန်တဲ့ပိုက်ဆံ အကုန်ရှင်းပေးတာလေ။ သဘောတူထားတဲ့ရက်မတိုင်ခင် ကျွန်တော်တို့ ပြန်သွားမှာကို တရုတ်သူဌေးကမလိုလားဘူး။ ရဲတွေလာမယ်ဆိုရင် သူဌေးက ကျွန်တော်တို့ကို သတိပေးတယ်။ ကျွန်တော်တို့လည်း ပုန်းနေရတာပေါ့။ ဖရဲခြံထဲမှာ ကျင်းတစ်ခုရှိတယ်။ ရဲတွေလာမယ်ဆိုရင် ကျွန်တော်တို့လည်း ကျင်းထဲပြေးဝင်ပြီးတော့ သစ်ရွက်တွေ၊ သစ်ကိုင်းတွေနဲ့ ဖုံးထားရတာပေါ့ဗျာ။ သူတို့မပြန်မချင်း အဲသလို ပုန်းနေရတာ။

အဲဒီမှာ နှစ်လလုပ်ပြီးတော့ အလုပ်ကအရမ်းပင်ပန်းလွန်းတော့ ကျွန်တော်တို့လည်း မပျော်တော့ဘူး။ လုပ်ခ လည်းနည်းတယ်၊ သူဌေးကလည်း သိပ်မကောင်းဘူးပေါ့ဗျာ။ ဒါနဲ့ တစ်ရက်တော့ ကျွန်တော်တို့ရွာက (၈) ယောက် မြန်မာနိုင်ငံပြန်ဖို့ ဆုံးဖြတ်ခဲ့တယ်။ တရုတ်သူဌေးအိပ်ပျော်သွားချိန်ထိ စောင့်ပြီး ကျွန်တော်တို့ထွက် ပြေးခဲ့တာပေါ့။ ကျွန်တော်တို့က တစ်နေရာပို့ပေးဖို့ ရှမ်းတရုတ်ကုန်တင်ကား ဒရိုင်ဘာနဲ့ ညှိပြီး ကြိုတင်စီစဉ် ထားတယ်လေ။ သူပို့ခဲ့တဲ့နေရာကနေ မူဆယ်နားကတစ်နေရာအထိ နောက်ထပ်ကားတစ်စီးနဲ့ ထပ်ထွက်လာခဲ့တယ်။ တရုတ်ပြည်ဘက်ခြမ်းအထိပဲဗျ။ ကျွန်တော်တို့တစ်ယောက်ချင်းအတွက် ကားဒရိုင်ဘာတစ်ယာက်ကို ယွမ် (၆၀)၊ နောက်တစ်ယောက်ကို (၅၀) စုစုပေါင်း (၁၁၀) (ငွေကျပ် ၂၁၃၀၀) ပေးခဲ့ရတယ်။ အဲဒီကနေ ကျွန်တော်တို့ တောင်တစ်လုံးကို တစ်နာရီခွဲလောက် တက်ခဲ့ရတယ်။ တပ်စခန်းတစ်ခုကိုကွေ့ဝိုက်ပြီး သတိထား သွားရတာပေါ့ဗျာ။ ပြီးမှ သံဆူးကြိုးစည်းရိုးအောက်ကနေ လျှိုပြီး မြန်မာဘက်ခြမ်းကိုဝင်ခဲ့ရတာ။ အိမ်ရောက်တော့ ဘာပိုက်ဆံမှမကျန်တော့ဘူး။ နှစ်လအလုပ်လုပ်ခဲ့တာအတွက် ကျွန်တော်တို့က တစ်လစာပဲရခဲ့တာလေ။ တရုတ် သူဌေးက ကျန်တဲ့တစ်ဝက်ကို သိမ်းထားတာ။

တရုတ်ပြည်မှာ အလုပ်ကအရမ်းပင်ပန်းဆင်းရဲတယ် ဆိုပေမယ့် ပုံမှန်အလုပ်ဆိုတော့ ကျွန်တော်ပြန်သွားလုပ်ချင်တယ်။ ကျွန်တော် ကြံခင်းတစ်ခုမှာ အလုပ်လုပ်ဖို့ ဗိုက်ဘာကနေ အဆက်အသွယ်ရထားတယ်။ ဒါပေမယ့် တရုတ်ပြည်မှာ ကားရေဆေးတဲ့အလုပ် ဆက်လုပ်နေခဲ့တဲ့ ကျွန်တော့်ညီလေးက မူဆယ်မှာပဋိပက္ခတွေဖြစ် နေတဲ့အတွက် မလာ

ရှမ်းအရှေ့ရှိ လားဟူကျေးရွာငယ်တစ်ခု၏ မြင်ကွင်း
ဓာတ်ပုံ - ဖီလစ်မွန်

သေးနဲ့လို့ ကျွန်တော့်ကို အကြံပေးတယ်။ ကျွန်တော့် ညီလေးက အသက် (၁၇) နှစ်၊ သူ တရုတ်ပြည်မှာ အလုပ်လုပ်နေတာ နှစ်နှစ်လောက်ရှိပြီ။ သူမှာလည်း စာအုပ်နီရော၊ စာအုပ်စိမ်းရော မရှိဘူး။ တစ်လတစ်လ ငွေကျပ် (၂) သိန်းလောက်ရတယ်။ ကျွန်တော့်မိန်းမက ကျွန်တော့်ကို တရုတ်ပြည်ပြန်မသွားစေချင်ဘူး။ ကျွန်တော် ပုဂံအနီးအနား တဝိုက်မှာအလုပ်လုပ်တာ တစ်ရက်ကို တစ်သောင်းလောက်ထိရတယ်။ ဘုရားစေတီဆောက်လုပ်တဲ့နေရာမှာ ဝင်လုပ်တာလေ။ ဒါပေမယ့် အလုပ်မရှိတာကများတော့ စားဝတ်နေရေး ဘယ်လိုလုပ်မလဲနော်။ ကျွန်တော့်မိဘမှာ မြေသေးသေးလေးတစ်ကွက်ရှိတယ်။ ဆိတ်နဲ့ဝက် နည်းနည်းပါးပါး မွေးထားတယ်လေ။ ဒါပေမယ့် သူတို့လည်း သူတို့စားလောက်ရုံပဲရတာ။ ဒါကြောင့် နိုဝင်ဘာလ ရောက်ရင် ကျွန်တော် တရုတ်ပြည်ပြန်သွားပြီး ကြံခုတ်ချင်တယ်ဗျာ။

ယခုအဖြစ်အပျက်သည် ကျောင်းတွင်ပညာသင်ကြားရမည့်အစား လုံခြုံမှုကင်းမဲ့သောအလုပ်အကိုင်များတွင် ပါဝင်လုပ်ကိုင်နေရသည့် ဆယ်ကျော်သက်အရွယ် ညီအစ်ကိုနှစ်ဦး၏ နာကျင်ကြေကွဲဖွယ် ဇာတ်လမ်းတစ်ပုဒ်ဖြစ်၏။ သို့သော်ပို၍ နာကျင်စရာကောင်းသည်မှာ ၎င်းတို့၏ ခက်ခဲကြမ်းတမ်းသောဘဝဇာတ်လမ်းမှာ သီးခြားခြွင်းချက် ကိစ္စရပ်တစ်ခု မဟုတ်ပါ။ မြန်မာနိုင်ငံကျေးလက်တောရွာများ၏ ကျေးလက်လုပ်သားထုအတွင်း ကပ်ရောဂါမဖြစ်ပွားမီ ကာလကတည်းကပင် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်တည်နေခဲ့သည့် ဆင်းရဲနွမ်းပါးမှု၏ လက္ခဏာရပ် တစ်ခု ဖြစ်နေသည်။ ကပ်ရောဂါအလွန် အခြေအနေသစ်တွင် အဆိုပါ ညီအစ်ကိုနှစ်ဦး နိုင်ငံခြားသို့သွားရောက်ကာ ထိုကဲ့သို့ဆိုးရွားသော အခြေအနေများအောက်တွင် အလုပ်လုပ်ကိုင်ခဲ့ရခြင်းအတွက် တစ်စိတ်တစ်ပိုင်းတာဝန်ရှိသည့် ၎င်းတို့ဇာတိကျေးရွာမှအခြေအနေများကို ကိုင်တွယ်ဖြေရှင်း ဆောင်ရွက်ခြင်းမရှိပါက ၎င်းတို့၏ဘဝဇာတ်လမ်း များအား ဆက်လက်ဆင့်ပွား၍သာ သွားမည်ဖြစ်သည်။ ဇာတိကျေးရွာများသို့ပြန်လာခဲ့ပြီးချိန်တွင် သူတို့သည် သူတို့၏လက်ရှိအခြေအနေများကို မည်သို့ ရှုမြင်ကြသနည်း? သူတို့သည် နောင်လာမည့်အချိန်ကာလတွင် ရှင်သန်ရပ်တည်သွားနိုင်ရန်

မည်သို့စီစဉ်ထားပါသနည်း? ကိုဗစ်-၁၉ ကပ်ရောဂါ၊ ထိုကပ်ရောဂါအပေါ် အစိုးရ၏တုန့်ပြန်ဆောင်ရွက်မှုများနှင့် နောက်ဆက်တွဲ စီးပွားရေးကျဆင်းမှုတို့မှ ဆောင်ကြဉ်းလာနိုင်သည့် တုန်လှုပ်ဖွယ်အခြေအနေများ (shocks) အတွက် ရွှေ့ပြောင်းအလုပ်သမားများသည် မည်ရွေ့မည်မျှ သတိရှိနိုးကြားလျက် ကြိုတင်ပြင်ဆင်ထားခဲ့ပါသနည်း? ဤအကျပ်အတည်း ကာလအတွင်းနှင့် ကပ်ရောဂါအလွန် အခြေအနေသစ် တစ်ခုသို့ ကူးပြောင်းရောက်ရှိချိန် ကာလအထိ ရှင်သန်ရပ်တည်နိုင်ရန်အတွက် ရွှေ့ပြောင်းအလုပ်သမားများသည် ပင်ပန်းဆင်းရဲစွာ ရွှေ့ပြောင်းအလုပ်လုပ်ခဲ့သည့်နှစ်ကာလများအတွင်း လုံလုံလောက်လောက် စုဆောင်းမိခဲ့ပါသလား။ ကိုဗစ်-၁၉ ကပ်ရောဂါအလွန် ပုံမှန်အခြေအနေ (post-pandemic normal) အဖြစ် သူတို့ မည်သည့်ပုံစံရှုမြင်ပါသနည်း? ရှမ်းပြည်နယ်မှ အသက် (၃၃) နှစ်အရွယ်အမျိုးသမီးတစ်ဦးက သူမ၏ဘဝဇာတ်လမ်းတစ်ဖြတ်ကို ကျွန်ုပ်တို့အား ဤသို့ပြောပြခဲ့သည်။

အခု ကျွန်မမှာ ပုံမှန်ဝင်ငွေမရှိဘူး။ မိသားစုစားဖို့အတွက် လောက်ပဲ ကျွန်မတို့ စပါးစိုက်ထားတယ်။ လက်ဖက်စိုက်ခင်းသေးသေးလေးတစ်ခုလည်း စိုက်ထားတယ်။ အခု စိုက်ထားတာထက်လည်း ပိုပြီးမစိုက်ချင်ဘူး။ ဈေးကတအားနည်းတယ်လေ။ ကျွန်မ တရုတ်ပြည်မသွားခင်ကဆို မှို၊ ပိန်းဥနဲ့ တောထဲကရတဲ့ တခြားစားစရာတွေ ရောင်းခဲ့တယ်။ တရုတ်တွေပဲ အဓိကဝယ်တာ။ နောက်တော့ အပြင်ထွက်အလုပ်လုပ်ရင် ပိုကောင်းမယ်၊ ဝင်ငွေလည်းပိုရမယ်လို့ ကျွန်မနဲ့ ကျွန်မယောကျ်ားက အဲဒီလိုတွေးခဲ့မိတယ်။ ဒီလိုနဲ့ တရုတ်ပြည်မှာရှိတဲ့ ကျွန်မတို့ အမျိုးတွေကိုဆက်သွယ်ပြီး တရုတ်ပြည်မှာ အလုပ်သွားလုပ်ခဲ့တာ။ ကျွန်မတို့သွားတော့ ကလေးတွေကို ကျွန်မ အမေဆီမှာ ချန်ထားခဲ့တယ်။ ကိုယ့်ဇာတိမြို့မှာနေရတာ ကျွန်မပျော်တာပေါ့။ ဒါပေမယ့် မိသားစုစားဝတ်နေရေး အတွက် ပုံမှန်ဝင်ငွေရဖို့ လိုတယ်လေ။ ကျွန်မကတော့ ဂိတ်တွေပြန်ဖွင့်မယ့်အချိန်ကို စောင့်နေတယ်။ ဒီမှာက ပုံမှန်ဝင်ငွေမရှိဘူး။ ဒါကြောင့်လည်း ကျွန်မ အနေနဲ့ တရုတ်ပြည်ကိုပြန်သွားပြီး အလုပ်ထပ်လုပ်ဦးမှာ။

မွန်ပြည်နယ်မှ အသက် (၂၀) နှစ်အရွယ် လူငယ်အမျိုးသားတစ်ဦးက သူ့ဘဝဇာတ်လမ်း၏အစိတ်အပိုင်းတစ်ခု ကို ဤသို့ပြောပြခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ်ကြောင့် ထိုင်းမှာအလုပ်ပါးလာလို့ ကျွန်တော် မြန်မာနိုင်ငံကို ပြန်လာခဲ့တာ။ ကျွန်တော် ထိုင်းကို ရွှေ့ပြောင်းအလုပ်သမားအနေနဲ့ အလုပ်သွားလုပ်ခဲ့တာ သုံးခါရှိပြီဗျ။ ပထမဆုံးအကြိမ်သွားတုန်းကဆို ကျွန်တော် အသက် (၁၂) နှစ် ပဲရှိသေးတယ်။ မီးသွေးဖုတ်တဲ့နေရာမှာ တစ်နှစ်အလုပ်လုပ်ခဲ့ရတယ်။ ကျင်းအကြီးကြီးထဲကနေ မီးသွေးတွေကို ကော်ထုတ်ရတာ။ ဒီအလုပ်က ခါးအရမ်းနာတယ်။ တစ်ကျင်း တစ်ကျင်းဆို ကျွန်တော် သုံးလေးရက်လောက်လုပ်ရတာ။ ပိုက်ဆံလည်း နည်းနည်းပဲရတယ်ဗျ။ ဒါနဲ့ ကျွန်တော် မြန်မာနိုင်ငံကို ပြန်လာခဲ့တယ်။ ကျွန်တော် (၁၇) နှစ်သားမှာ ထိုင်းနိုင်ငံကို နောက်တစ်ခေါက်သွားပြီး ဆောက် လုပ်ရေးလုပ်ငန်းတစ်ခုမှာ ဝင်လုပ်ခဲ့တယ်။ ကျွန်တော့်ကို တစ်ရက် ဘတ် (၂၅၀) ပေးတယ်လေ။ အဲဒီမှာ လုပ်ငန်းပြီးသွားတော့ ကျွန်တော် မြန်မာနိုင်ငံကို ပြန်လာခဲ့တယ်။ ၂၀၂၀ ခုနှစ် ဇန်နဝါရီမှာ ထိုင်းနိုင်ငံကို နောက်တစ်ခါ ပြန်ထွက်သွားပြီး ဧပြီလအထိ အလုပ်လုပ်ခဲ့တယ်။ အခု ကျွန်တော်တို့ရွာကိုပြန်ရောက်လာတော့ ကျွန်တော် ထိုင်းနိုင်ငံကို နောက်တစ်ခါမသွားချင်တော့ဘူး။ ဘာဖြစ်လို့လဲ မသိဘူးဗျ။ ငယ်ငယ်တုန်းက မီးသွေး အလေးကြီးတွေကို အချိန်အကြာကြီးကော်ထုတ်ခဲ့ရလို့လား မသိဘူး။ အခု ကျွန်တော့်ခါးက အချိန်တိုင်းကို နာနေတော့တာ။

၂၀၁၉ ခုနှစ် စက်တင်ဘာလအတွင်း မကွေးတိုင်းမှ အသက် (၄၅) နှစ်အရွယ် အမျိုးသားတစ်ဦးကို ကျွန်ုပ်တို့ တွေ့ဆုံမေးမြန်းခဲ့ရာတွင် သူက အနာဂတ်ကာလတွင် ဖြစ်လာနိုင်သည့် ထင်မှတ်မထားသောအခြေအနေများ နှင့်ပတ်သက်၍ ကြိုတင်ချမှတ်ပြင်ဆင်ထားသည့် သူ၏အစီအစဉ်ကို ကျွန်ုပ်တို့အား ပြောပြခဲ့သည်။

၂၀၁၈ ခုနှစ် နိုဝင်ဘာလကနေ ၂၀၁၉ ခုနှစ် မေလ အထိ ကျွန်တော် တရုတ်ပြည်မှာ အလုပ်လုပ်ခဲ့တယ်။ ကျွန်တော်ကကြံခုတ်တယ်။ ခုတ်ပြီးသားကြံတွေကို ကုန်တင်ကားတွေပေါ်တင်တာလည်း ကျွန်တော်လုပ်ခဲ့တယ်။ ကုန်

တင်ကုန်ချအတွက် တစ်တန်ကို (၂၇) ယွမ် (၅,၂၀၀ ကျပ်) နှုန်းနဲ့ ပေးတယ်ဗျ။ မေလထဲ တရုတ်ပြည်ကနေပြန်ရောက်လာတော့ ကျွန်တော် ဆိတ် (၁၀) ကောင်ဝယ်ခဲ့တယ်။ အခြေအနေမကောင်းတဲ့အခါဆိုရင် တစ်ခါ တစ်ကောင် ဒီလိုရောင်းစားလို့ရတာပေါ့။ တရုတ်ပြည်မှာ ဝင်ငွေကောင်းတယ်ဆိုပေမယ့် ကျွန်တော်တို့စားဝတ် နေရေးဖူလုံရုံပဲလေ။ ကျွန်တော်တို့ရွာမှာ အိမ်ထောင်စု (၁၈၀) ရှိတယ်။ အိမ်တိုင်းလိုလိုမှာ တရုတ်ပြည်သွား အလုပ်လုပ်တဲ့ မိသားစုဝင်တွေရှိတယ်။ ဆိုင် ဒါမှမဟုတ် လယ်ယာမြေအကျယ်ကြီး၊ မွေးမြူရေး ခြံအကြီးကြီးပိုင်ပြီး အရင်းအနှီးရှိတဲ့ အိမ်ထောင်စုအနည်းအကျဉ်းက လွဲလို့ပေါ့ဗျာ။

ယခု တစ်နှစ်ကျော်ကြာခဲ့ပြီးအချိန် ကမ္ဘာ့ကပ်ရောဂါ ထိခိုက်ခံစားရပြီးနောက် ထိုသူတို့၏အခြေအနေ မည်သို့ရှိနေသည်နှင့် အထက်တွင်ဖော်ပြခဲ့သည့် မကွေးတိုင်းမှအမျိုးသား၏ ဆိတ်များ မည်သို့ဖြစ်သွားခဲ့သည်မှာ မေးခွန်းဖြစ်နေပါသည်။ ကပ်ရောဂါကာလအတွင်းမှာပင် ကျွန်ုပ်တို့သည် ထိုရွှေ့ပြောင်းအလုပ်သမားကိုဆက်သွယ်ပြီး သူတို့၏အခြေအနေကို တီးခေါက်မေးမြန်းနိုင်ရန် အားထုတ်ကြိုးပမ်းခဲ့သည်။ သို့သော် ကပ်ရောဂါကာလအတွင်း ခရီးသွားလာရန် ခက်ခဲမှုကြောင့် ထိုသူအား မဆက်သွယ်နိုင်ခဲ့ပေ။ ထိုရွှေ့ပြောင်းအလုပ်သမားအပါအဝင် အခြားဘဝတူများ နှင့် ၎င်းတို့၏ မိသားစုများကို မည်သည့်အရာက စောင့်ကြိုနေပါသနည်း ဆိုသည်မှာ အလွန်စိတ်ဝင်စားစရာပင်ဖြစ်သည်။ ရှည်ကြာလာခဲ့ပြီဖြစ်သော ကိုဗစ်-၁၉ ကပ်ရောဂါသည် ကမ္ဘာ့နိုင်ငံတော်တော် များများတွင် ဒုတိယ၊ တတိယကူးစက်မှုလှိုင်းများ ဖြစ်ပွားခဲ့ပြီးဖြစ်သည်။ လာမည့်အချိန်တွင် ထပ်ဖြစ်နိုင်

(ဇယား-၉) လက်ရှိအခြေအနေနှင့်ကပ်ရောဂါအလွန်ကာလအစီအစဉ်တို့နှင့် ပတ်သက်၍ ရွှေ့ပြောင်းအလုပ်သမားများ၏ ရှုထောင့်အမြင်များ

အကြောင်းအရာ	**အညာဒေသမှ ရွှေ့ပြောင်း အလုပ်သမား**	**ရှမ်းပြည်နယ်မှ ရွှေ့ပြောင်း အလုပ်သမား**	**မွန်ပြည်နယ်မှ ရွှေ့ပြောင်း အလုပ်သမား**	**စုစုပေါင်း**
ကပ်ရောဂါကာလ၌ ဇာတိကျေးရွာတွင်း နှင့်အနီးအနားတွင် (အလုပ်သွားရောက်လုပ် ကိုင်ရာနိုင်ငံတွင်) လုပ်ခစားအလုပ်များ မရှိခြင်း/လျော့နည်းသွားခြင်း	၁၀	၄၀	၁၄	၆၄
အစိုးရထံမှ (ထပ်တိုး) မြေယာ သို့မဟုတ် လယ်ယာလုပ်ငန်းအထောက်အပံ့ သို့မဟုတ် အလုပ်ကိုင်များ ရရှိလိုသည်	၁၂	၃၈	၁၃	၆၃
အစိုးရထံမှ အထောက်အပံ့ရရှိအောင် မည်သို့ တောင်းခံရမည်ကို မသိရှိပါ	၉	၂၉	၉	၄၇
ပြောင်းရွှေ့အလုပ်အကိုင်ကို တတ်နိုင်သမျှ အမြန်ဆုံး ပြန်လည်သွားရောက်လုပ်ကိုင် မည် (သို့မဟုတ် အလုပ်သွားရောက်လုပ် ကိုင်ရာနိုင်ငံတွင် နေခဲ့မည်)	၁၆	၃၁	၁၃	၆၀
ရွှေ့ပြောင်းအလုပ်များကို ထပ်မံလုပ်ကိုင် လိုခြင်းမရှိတော့ပါ	၄	၉	၁	၁၄

(ပုံ-၁၃) လက်ရှိအခြေအနေနှင့် ကပ်ရောဂါအလွန်ကာလအစီအစဉ်နှင့်ပတ်သက်၍ ရွှေ့ပြောင်းအလုပ်သမားများ၏ ရှုထောင့်အမြင်များ



[အမျိုးသမီးများ ငါးရောင်းရန် ဈေးသို့ သွားစဉ်၊ မွန်ပြည်နယ်
ဓာတ်ပုံ - မင်းအာနန်]

ပါသေးသည်။ လများစွာကျော်လာသည်နှင့်အမျှ သူတို့သည် လက်ရှိအခြေအနေကို မည်သို့သတ်မှတ်ရှုမြင်ကြပါသနည်း? အခြေအနေကို ရင်ဆိုင်ဖြေရှင်းရန်နည်းလမ်းနှင့် ပတ်သက်သည့် စိတ်ကူးစိတ်သန်းများသည်လည်း မည်ကဲ့သို့ ပြောင်းခဲ့ပါပြီနည်း?

ထည့်သွင်းစဉ်းစားရန် အကြောင်းအရာမှာ များပြားလှသကဲ့သို့ စိတ်ဝင်စားမှုအတိုင်းအတာ အမျိုးမျိုးရှိနေပါသည်။ သို့သော်လည်း ရွှေ့ပြောင်းအလုပ်သမားများ၏ ရှုထောင့်အမြင်များက အခရာကျပေသည်။ ထို့အပြင် မေးမြန်းခဲ့သည့် ရွှေ့ပြောင်းအလုပ်သမားများထံမှ ယေဘူယျ အခြေအနေပုံစံတစ်ခုကို မြင်ခဲ့ရပါသည်။ ထိုအချက်များကို (ဇယား ၉) နှင့် (ပုံ ၁၃) တွင် စုစည်း တင်ပြထားပါသည်။ ထိုမှတဆင့် အဓိကသုံးသပ်ချက် သုံးခုကို ထုတ်နှုတ်တင်ပြထားပါသည်။

ပထမဆုံးအချက်အနေဖြင့် မေးမြန်းခဲ့သည့် ရွှေ့ပြောင်းအလုပ်သမားများ၏ထက်ဝက်ကျော် (၅၃.၃၃%) (၁၂၀ ဦးအနက် ၆၄ ဦး) က ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း၌ ၎င်းတို့၏ဇာတိရပ်ရွာများအတွင်းနှင့် အနီးတဝိုက်တွင် (သို့မဟုတ် ၎င်းတို့အလုပ်သွားလုပ်ရာနိုင်ငံတွင်) လုပ်ခစားအလုပ်အကိုင်များ မရှိကြောင်း သို့မဟုတ် လျော့နည်းသွားကြောင်း တိတိကျကျ ပြောဆိုခဲ့သည်။ ယင်းသည် ထိုကိစ္စရပ်နှင့်ပတ်သက်၍ တိတိကျကျ တုံ့ပြန်ဖြေဆိုသူ အရေအတွက်သာဖြစ်သည်။ လက်တွေ့တွင် ပြောစရာမလိုအောင် သိသာပေါ်လွင်နေပြီးသောကိစ္စရပ်ဖြစ်သည်ဟု ယူဆကာ ထွေထွေထူးထူး တုံ့ပြန်ဖြေဆိုခဲ့ခြင်းမရှိသည့် အလုပ်သမားများစွာလည်း ရှိနေနိုင်သည်။ ထိုအချက်သည် အရေးပါလှသည်။ အထူးသဖြင့် ကျွန်ုပ်တို့က (အစိုးရထံမှ ထောက်ပံ့မှု တောင်းခံခဲ့ခြင်းရှိ၊မရှိမေးမြန်းခဲ့ရာတွင်) အစိုးရထံမှ ထောက်ပံ့မှု မရရှိခဲ့ဟု ခံစားရသူ (အစောပိုင်းတွင် ဆွေးနွေးတင်ပြထားသည်) သို့မဟုတ် အစိုးရထံမှ ထောက်ပံ့မှုရရှိအောင် မည်သို့တောင်းခံရမည်ကိုမသိကြောင်း တိတိကျကျ ထုတ်ဖော်ပြောဆိုသူ ၁၂၀ ဦး အနက် ၄၇ ဦး (၃၉.၁%) အရေ အတွက်နှင့် နှိုင်းယှဉ်လေ့လာရာတွင် ဖြစ်သည်။

ဒုတိယအချက်အနေဖြင့် ဤကပ်ရောဂါကာလအတွင်း ကျွန်ုပ်တို့တွေ့ဆုံမေးမြန်းခဲ့သူများ၏ ၅၂.၅% (ရွှေ့ပြောင်းအလုပ်သမား ၁၂၀ ဦး အနက် ၆၃ ဦး) က သူတို့သည် အစိုးရထံမှ မြေယာ သို့မဟုတ် ထပ်တိုးမြေယာ နှင့်/ သို့မဟုတ် လယ်ယာလုပ်ငန်းအတွက်အထောက်အပံ့ နှင့်/ သို့မဟုတ် ဇာတိကျေးရွာများအတွင်းနှင့် အနီးအနားရှိ အလုပ်အကိုင်များ ရရှိလိုကြောင်း တိတိကျကျပြောဆိုခဲ့ကြသည်။ ထိုသို့ရရှိမည်ဆိုလျှင် သူတို့အနေနှင့် ရွှေ့ပြောင်းအလုပ်များကို ထပ်မလုပ်တော့ရန် သေသေချာချာ စဉ်းစားသုံးသပ်မည်ဟူ၏။ ထို့နောက် လက်ရှိအချိန်တွင် မြေယာမရှိသူများအနေဖြင့် အခြေအနေပေးသည်နှင့် ရွှေ့ပြောင်းအလုပ်ကို ချက်ခြင်းလုပ်ကိုင်လိုကြသည်ကိုတွေ့ရသည်။ အချို့တဖက်နိုင်ငံ ပြန်သွားရန် ကြိုးစားခဲ့သူများမှာ ယခင်ထက်ပို၍ဆိုးရွားသောအခြေအနေများ တွေ့ကြုံရကြောင်း ပြောပြခဲ့ကြသည်။ ၎င်းတို့အနေဖြင့် ပွဲစားများကို ယခင်ထက်ငွေပိုပေးရကာ ရဲအဖမ်းခံရနိုင်သည့် အန္တရာယ်ပိုရှိလာပါသည်။ နောက်ဆုံးတွင် အကြွေးပို၍ပိလာခဲ့ကာ အလုပ်ပို၍ရန်းကန်လုပ်ဖို့ရန်သာဖြစ်လာသည်။ ထို့ကြောင့် ထပ်ဆင့်ခက်ခဲမှုများဖြင့် ပို၍နှိမ့်ကျဆင်းလာသည့် အခြေအနေအောက်တွင် ပိတ်မိလာကြပါသည်။

တတိယအချက်အနေဖြင့် ကျွန်ုပ်တို့တွေ့ဆုံမေးမြန်းခဲ့သော ရွှေ့ပြောင်းအလုပ်သမား (၁၂၀) အနက် (၆၀) (၅၀%) က ခရီးသွားခွင့်နှင့် အလုပ်လုပ်ကိုင်ခွင့်ပြန်လည်ရရှိမည်ဆိုပါက နိုင်ငံရပ်ခြားသို့ တတ်နိုင်သမျှအစောဆုံးပြန်သွားပြီး ရွှေ့ပြောင်းအလုပ်များကို ထပ်မံလုပ်ကိုင်မည်ဟုပြောဆိုခဲ့သည်။ အလုပ်လုပ်ကိုင်ရာနိုင်ငံများတွင် ချန်နေရစ်ခဲ့သူများအတွက်မူ သူတို့၏အလုပ်အကိုင်များကို ဆက်လက်ထိန်းသိမ်းထားနိုင်ရန် သို့မဟုတ် အလုပ်အကိုင်သစ်ရှာဖွေနိုင်ရန် ထိုနိုင်ငံများမှာပင် ဆက်လက်နေထိုင်မည်ဟုဖြေဆိုခဲ့ကြသည်။ ရွှေ့ပြောင်းအလုပ်သမား (၁၂၀) ဦး အနက် (၁၄) ဦး (၁၁.၇%) ကသာ သူတို့အနေဖြင့် ရွှေ့ပြောင်းလုပ်ခစားအလုပ်များကို ဆက်လက်လုပ်ကိုင်လိုခြင်း မရှိတော့ကြောင်း ဖြေဆိုခဲ့၏။ ထိုသူတို့အနက် အချို့မှာ ရွှေ့ပြောင်းအလုပ်အကိုင်များကို နှစ်ကာလများစွာ လုပ်ကိုင်လာခဲ့ကြပြီး အမှန်တကယ်အနားယူရတော့မည့်အရွယ်သို့ ရောက်ရှိနေသူများဖြစ်သည်။ ရွှေ့ပြောင်းအလုပ်အကိုင် ပြန်လည်လုပ်ကိုင်မည်၊ မလုပ်ကိုင်မည် တိတိကျကျ ဖြေဆိုခဲ့ခြင်းမရှိသော ရွှေ့ပြောင်းအလုပ်သမား (၄၆) ဦးမှာလည်း ရွှေ့ပြောင်း လုပ်ခစားအလုပ်များကို အမြန်ဆုံးပြန်လည် လုပ်ကိုင်လိုသည့်ဘက်သို့ ရောက်ရှိသွားရန် ဖြစ်နိုင်ခြေများပါသည်။

နိဂုံးချုပ်ဆွေးနွေးတင်ပြချက်

ကိုရိုနာဗိုင်းရပ်စ်ကမ္ဘာတစ်ဝှမ်းကူးစက်ပျံ့နှံ့မှု၏ရိုက်ခတ်မှုကို ရင်ဆိုင်ခံစားနေခဲ့ရသည့် ရွှေ့ပြောင်းအလုပ်သမား များနှင့်စပ်လျဉ်းသော အကြောင်းရင်းများနှင့် အခြေအနေများ၊ နောက်ဆက်တွဲအကျိုးဆက်များနှင့် စိန်ခေါ်မှုအခက်အခဲများတို့တွင် ထင်သာမြင်သာဖြစ်သည့် ထပ်ခါတလဲဖြစ်တည်နေသောပုံစံ (patterns) များစွာရှိသည်။ လေ့လာမှုမှ ထွက်ပေါ်လာသော အဓိက အကြောင်းအရာအချို့နှင့် ကောက်ချက်အချို့ကို အောက်တွင် အကျဉ်းချုံးတင်ပြထားပါသည်။

[ငါးဖမ်းစထွက်တော့မည့် လှေငယ်တစ်စင်း၊ မွန်ပြည်နယ် ဓာတ်ပုံ - စဝေါ်မွန်]

ပထမဆုံးအနေနှင့် ရွှေ့ပြောင်းအလုပ်သမားများစွာတို့ နေရပ်ပြန်ရာတွင် ကိုယ့်အားကိုယ်ကိုး၍သာ ပြန်ခဲ့ရပြီး အခြားရွှေ့ပြောင်းအလုပ်သမားများစွာတို့မှာ နိုင်ငံရပ်ခြား ၎င်းတို့အလုပ်လုပ်ကိုင်ရာနေရာများတွင် ဆက်လက်နေထိုင်ရန် ရွေးချယ်ဆုံးဖြတ်ခဲ့ကြသည်။ လက်ရှိအချိန်၌ ဇာတိကျေးရွာများတွင်နေထိုင်နေသည်ဖြစ်စေ၊ နိုင်ငံရပ်ခြားတွင်ကျန်ရစ်ခဲ့ သည်ဖြစ်စေ၊ ရွှေ့ပြောင်းအလုပ်သမားအများစုမှာ လုပ်ခစားအလုပ်အကိုင်များနှင့် ဝင်ငွေများဆုံးရှုံးရခြင်း၊ အကြီး အကျယ်လျော့နည်းသွားခြင်းကြောင့် ကြပ်တည်းလှသည့် အခြေအနေကို ရင်ဆိုင်ဖြတ်သန်းနေရသည်။ နေရပ်သို့ အလောသုံးဆယ်ပြန်လာကြသည့် ရွှေ့ပြောင်းအလုပ်သမားများကို ပံ့ပိုးကူညီရန်ရည်ရွယ်သော အစိုးရ၏ အမြင့်ဆုံး ဖြေရှင်းဆောင်ရွက်ချက်မှာ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့အစည်းများမှ ကြီးကြပ်စီမံသော ရပ်ရွာကွာရန်တင်းစင်တာများ ဖွဲ့စည်းတည်ထောင်ခြင်းနှင့် ထိုကွာရန်တင်းစင်တာများတွင် နေရပ်ပြန် ရွှေ့ပြောင်းအလုပ်သမားများကို ကိုယ်ပူချိန်ပုံမှန်စောင့်ကြည့်စစ်ဆေးရန်အတွက် ကျေးလက်ကျန်းမာရေးလုပ်သားများ ချထားတာဝန်ပေးခြင်းပင် မျှသာ ဖြစ်နေသည်။ ထိုကဲ့သို့ လုပ်ဆောင်ပေးခြင်းမှလွဲ၍ အစိုးရနှင့် နိုင်ငံရပ်ခြားအလုပ်ရှင်များထံမှ မည်သို့သောထောက်ပံ့မှုကိုမျှ မရရှိခဲ့ဟု နေရပ်ပြန် ရွှေ့ပြောင်းအလုပ်သမားအားလုံးနီးပါးက ထင်မြင်ခံစားရသည်။ စိတ်ဝင်စားစရာကောင်းသည်မှာ ဤလေ့လာမှုအတွက် မေးမြန်းခဲ့သူအများစုက အစိုးရထံမှ ထောက်ပံ့မှု တစ်ခုခုရရှိရန် မျှော်လင့်မထားခဲ့ကြောင်း သို့မဟုတ် အစိုးရကို မည်သည့်တောင်းဆိုမှု သို့မဟုတ် ပန်ကြားမှုမှမလုပ်ခဲ့ကြောင်းနှင့် ၎င်းတို့အနေနှင့် ဆန္ဒရှိလျှင်ပင် ထိုကဲ့သို့သော တောင်းဆိုမှု သို့မဟုတ် ပန်ကြားမှုအားမည်သို့ထုတ်ဖော်တင်ပြရမည်ကို မသိပါကြောင်း ပြောဆိုခဲ့ကြသည်။

ဒုတိယအချက်အနေနှင့် ရွှေ့ပြောင်းအလုပ်သမားများကို ၎င်းတို့သွားရောက်အလုပ်လုပ်ကိုင်ရာ နိုင်ငံများတွင် အလွန်အမင်းလိုလား (super-coveted) ကြသည်။ ထိုရွှေ့ပြောင်းအလုပ်သမားများမရှိလျှင် အဆိုပါနိုင်ငံများ၏ စီးပွားရေးလုပ်ငန်းကဏ္ဍများစွာတို့မှာ ယခုကဲ့သို့ စီးပွားရေးအရ ယှဉ်ပြိုင်နိုင်စွမ်းရှိမည် မဟုတ်ပါ။ အချို့ကဏ္ဍများ ပြိုလဲသွားသည့် အဆင့်အထိဖြစ်နိုင်သည်။ ကမ္ဘာကျော် မလေးရှားဆီအုန်းကဏ္ဍ၊ နာမည်ကြီးသည့် ထိုင်းစိုက်ပျိုးရေး-အစားအစာစနစ်၊ တရုတ်နိုင်ငံတွင်း ကြံစိုက်ပျိုးရေးကဏ္ဍအတွက်ဆိုလျှင် ထိုအချက်က အလွန်ပင်မှန်ကန်သည်။ အဆိုပါ ကဏ္ဍများအားလုံးမှာ ရွှေ့ပြောင်းအလုပ်သမားများအပေါ် ကြီးကြီးမားမားမှီခိုအားထားနေရသည့်လုပ်ငန်းကဏ္ဍများ ဖြစ်သောကြောင့်ပင် ဖြစ်သည်။ ထိုနိုင်ငံများအတွင်းရှိ ဖော်ပြပါလုပ်ငန်းကဏ္ဍ များတွင် ရွှေ့ပြောင်းအလုပ်သမားများကို လူကြိုက်များ နေရခြင်းမှာ အခြေခံအင်္ဂါလက္ခဏာရပ်သုံးခုကြောင့်ဖြစ်သည်။ အခြားလုပ်သားများနှင့် နှိုင်းယှဉ်လျှင် ၎င်းတို့၏လုပ်အားများပိုမိုဈေးသက်သာခြင်း၊ အချိန်စက်ဝန်းအလိုက် အလုပ်မရှိသည့်အချိန်တွင် "နေရပ်ပြန်စောင့်နိုင်ခြင်း" (hibernate) (အထူးသဖြင့်

ရာသီအလိုက်လုပ်ကိုင်ရသော ရွှေ့ပြောင်းလုပ်ခစား အလုပ်အကိုင်များ) နှင့် ၎င်းတို့အားစွန့်ပစ်ရန်လွယ်ကူခြင်း တို့ကြောင့်ဖြစ်သည်။

၎င်းတို့၏လုပ်အား ပိုမိုဈေးသက်သာခြင်း၊ လိုအပ်လျှင် အချိန်စက်ဝန်းအလိုက် နေရပ်ပြန်စောင့်နိုင်ခြင်း (hibernate) နှင့် အချိန်တန်လျှင် စွန့်ပစ်ရန်လွယ်ကူခြင်း ဟူသောအချက်များကလည်း ပြဌာန်းချက်များ နှင့် ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာ အကြောင်းအရာနှစ်ရပ်နှင့် တိုက်ရိုက်ဆက်နွယ်နေပြန်၏။ ပထမအကြောင်းအရာမှာ ရွှေ့ပြောင်းလုပ်ငန်းကို တရားဝင်မဟုတ်သော၊ တိကျ ရှင်းလင်းမှုမရှိသော နည်းလမ်းများ (informality and illegality) ဖြင့် တည်ဆောက်ထားကာ ဆက်လက်ထိန်းသိမ်း ထားသည်။ ထို့အပြင် ဒုတိယအကြောင်းမှာ ရွှေ့ပြောင်း အလုပ်သမားအများစုက မြန်မာနိုင်ငံတွင်းရှိ ၎င်းတို့၏ ဇာတိကျေးလက်တောရွာများတွင် စွဲစွဲမြဲမြဲအခြေချထားကာ (rootedness) ထိုဇာတိကျေးရွာများတွင် ၎င်းတို့၏ မိသားစုဝင်များကျန်ရစ်ခဲ့ပြီး အများစုတွင် လုပ်ကိုင်စရာ လယ်ယာမြေရှိသည်။ ရွှေ့ပြောင်းလုပ်ခစား အလုပ်အကိုင် များ၏ တရားဝင်မဟုတ်သော၊ ဥပဒေနှင့်မညီသော သဘောသဘာဝကြောင့်ပင် အရင်းရှင်များသည် ဥပဒေအရ သတ်မှတ်ပြဌာန်းထားသော လုပ်ခလစာများ၊ အကျိုး ခံစားခွင့်များနှင့် ကောင်းမွန်သည့် လုပ်ငန်းဝန်းကျင် အခြေအနေများကို ပံ့ပိုးပေးအပ်စရာ မလိုပါ။ အလုပ်သမား စုဆောင်းခြင်း၊ အလုပ်သမားများ၏ဇာတိကျေးရွာများမှ အလုပ်လုပ်ကိုင်ရာနေရာဒေသများသို့ ပို့ဆောင်ခြင်း၊ ၎င်းတို့နေထိုင်စားသောက်ရေးအတွက် စီစဉ်ပေးခြင်း၊ လုပ်အားရောင်းသူနှင့် ဝယ်သူကြား ညှိနှိုင်းစီစဉ်ပေးခြင်း စသည့် ရှုပ်ထွေးလှသည့် အဆင့်ဆင့်တွင် ပွဲစားများမှ ပါဝင်ချုပ်ကိုင်နိုင်ရန် ခွင့်ပြုထားသည်။ ရွှေ့ပြောင်း အလုပ်သမားများက မြန်မာနိုင်ငံတွင်းရှိ ၎င်းတို့၏ ဇာတိကျေးရွာများတွင်သာ စွဲစွဲမြဲမြဲ အခြေချထားခြင်း ကြောင့် လုပ်အား၏ အမှန်တကယ်ကျခံရသည့် ကုန်ကျစရိတ်များ၏ ကြီးမားသောအစိတ်အပိုင်းတစ်ရပ်ကို တစ်နည်းတစ်ဖုံ ထမ်းပိုးထားပေးသည်။ ဇီဝပိုင်း မျိုးဆက်ပွားခြင်း၊ လုပ်အားဆင့်ပွားထိန်းသိမ်းခြင်း၊ လူမှုဘဝပြုစုပျိုးထောင်ခြင်း (ကလေးသူငယ်ပြုစုခြင်း၊ သားသမီးကျောင်းနေပညာသင်ကြားခြင်း စသဖြင့်)၊ ကျန်းမာရေးစောင့်ရှောက်မှုခံယူခြင်း၊ လူမှုဖူလုံရေးရယူခြင်း၊ ပင်စင်ခံစားခြင်း စသည်တို့နှင့်သက်ဆိုင်သော ကုန်ကျစရိတ် များကို ၎င်းတို့၏ မိသားစုများ၊ ဒေသခံရပ်ရွာလူမှု အသိုက်အဝန်းများကသာ အဓိကအားဖြင့် အဆင်ပြေသလို ထောက်ပံ့ပေးကြရသည်။ မြန်မာနိုင်ငံအစိုးရကလည်း အတိုင်းအတာတစ်ခုအထိ တာဝန်ယူရသည်။ လယ်မြေငယ် တစ်ခုလက်လှမ်းမှီနိုင်ခြင်းက ရွှေ့ပြောင်းအလုပ်သမားများ အတွက် ရွှေ့ပြောင်းအလုပ်လုပ်ကိုင်ရသည့် အချိန်တစ်ခုနှင့် တစ်ခုကြားကာလတွင် စားဝတ်နေရေးဖူလုံရန်အတွက် အသုံးဝင်လှသည်။ ၎င်းတို့ အားအင်ကုန်ခမ်းမောပန်း လာချိန် သို့မဟုတ် ဖျားနာချိန်တွင် အနားယူအားဖြည့်ရန် အတွက်သော်လည်းကောင်း၊ နောက်ဆုံးအရင်းရှင်များ၏ စွန့်ပစ်ခြင်းကိုခံရပြီး ရွှေ့ပြောင်းအလုပ်မှအပြီးတိုင် အနားယူရန်အတွက်သော်လည်းကောင်း အလွန်အရေးကြီး ပါသည်။

အထက်တွင်ဖော်ပြခဲ့သောအခြေအနေများက ရွှေ့ပြောင်း အလုပ်သမားများ၏ပြဿနာများကို မည်သို့မည်ပုံဖြေရှင်း ဆောင်ရွက်ရမည်ဟူသော ကျွန်ုပ်တို့၏ စဉ်းစားသုံးသပ်မှု များအပေါ် ကြီးမားသောအကျိုးသက်ရောက်မှုများရှိသည်။ ရွှေ့ပြောင်းအလုပ်များကို ဥပဒေနှင့်အညီ တရားဝင် ဖြစ်စေရေးအတွက် ထောက်ခံအားပေးကူညီခြင်းဖြင့် ဝင်ငွေအခွင့်အလမ်းအတွက် အလုပ်အကိုင်ရှာဖွေရာတွင် ပေးဆပ်ရသည့် ငွေရေးကြေးရေးဝန်ထုတ်ဝန်ပိုးကို လျှော့ချ ပေးနိုင်မည်ဟု စဉ်းစားချက်ရှိပါမည်။ ထိုအားဖြင့် အရင်းရှင်များအနေဖြင့် ၎င်းတို့၏အလုပ်သမားများကို အနိမ့်ဆုံးသတ်မှတ်လုပ်ခလစာများ၊ အလုပ်သမား အကျိုး ခံစားခွင့်များ (ကျန်းမာရေးစောင့်ရှောက်မှု၊ ပင်စင်ငွေကြေး ခံစားခွင့်) ပေးရန် ကြပ်မတ်ထိန်းသိမ်းနိုင်မည်ဟူ၍ ဖြစ်သည်။ သို့သော် ရွှေ့ပြောင်းအလုပ်သမားများအတွက် ကုန်ကျစရိတ်မြင့်တက်လာပါ အရင်းရှင်များအတွက် ၎င်းတို့သည် ဆွဲဆောင်မှုလျော့နည်းသွားနိုင်ပြီး ရွှေ့ပြောင်း အလုပ်အကိုင်ကဏ္ဍတစ်ခုလုံး သို့မဟုတ် အချို့သော ရွှေ့ပြောင်းအလုပ်သမားအုပ်စုများအတွက် လိုအပ်ချက် (demand) ကျဆင်းသွားနိုင်သည်။ ထို့အပြင် မြန်မာနိုင်ငံ ကျေးလက်ဒေသများမှ လယ်ယာမရှိသူများ သို့မဟုတ်

အရည်အသွေးညံ့ဖျင်းသော လယ်ယာမြေကို ပိုင်ဆိုင်ထားသူများထံသို့ သင့်တော်လုံလောက်သော လယ်ယာမြေများခွဲဝေပေးခြင်းဖြင့် ရွှေ့ပြောင်းအလုပ်သမားအရေအတွက်ကို အလုံးစုံလျှော့ကျစေနိုင်မည်ဟု တွေးနိုင်ပါလိမ့်မည်။ သို့သော် ၎င်းတို့ရင်ဆိုင်ကြုံတွေ့နေရသော ပြဿနာများကို အနည်းဆုံး လျှော့ချပေးနိုင်ရန် ရည်ရွယ်ကာ လယ်ယာမြေခွဲဝေခြင်းကို ထောက်ခံအားပေး ကူညီခြင်းသည်လည်း တကယ်တမ်းတွင် မျှော်မှန်းထားသည့် အကျိုးရလာဒ်ကို မပေးစွမ်းနိုင်ပါ။ ရည်ရွယ်ခြင်းမရှိဘဲ ရွှေ့ပြောင်းအလုပ်အကိုင်ကွန်ရက်၏ လက်ရှိဖွဲ့စည်းတည်ဆောက်မှုပုံစံ (current structure of the migrant work complex) ကို ပိုမိုအားကောင်းခိုင်မာလာအောင်ပင် ပံ့ပိုးအားဖြည့်မိနိုင်ပါသည်။ ဤလေ့လာမှုတွင် ဖော်ပြထားသကဲ့သို့ပင် မေးမြန်းခဲ့သည့် ရွှေ့ပြောင်းအလုပ်သမားအများစုတွင် လယ်ယာမြေရှိသော်လည်း လယ်ယာမြေပိုင်ဆိုင်ခြင်းက အခြေခံရှင်သန်ရပ်တည်နိုင်ရန်အတွက် လိုအပ်သည့် အနိမ့်ဆုံးအခြေအနေများကိုပင် အာမခံနိုင်ခြင်းမရှိပါ။ အထူးသဖြင့် ထိုကဲ့သို့သောလယ်ယာမြေများမှ လုံလုံလောက် လောက် ထုတ်လုပ်နိုင်စွမ်းရှိအောင် ပံ့ပိုးကူညီပေးနိုင်မည့် အခြေအနေများ (အခြေခံအဆောက်အအုံများ၊ မူဝါဒရေးရာ အထောက်အပံ့ စသဖြင့်) ဖြစ်တည်နေခြင်း မရှိသောကြောင့်ဖြစ်သည်။ အစဉ်တစိုက် ထိုကဲ့သို့သော အခြေအနေများသာ တည်မြဲနေခဲ့ပါသည်။

တတိယအချက်အနေနှင့်ဆိုရလျှင် မြန်မာနိုင်ငံရွှေ့ပြောင်းအလုပ်သမားများအကြောင်း ထုတ်ပြန်ခဲ့သော အစီရင်ခံစာများနှင့် လေ့လာမှုများအားလုံးတွင် ဖော်ပြထားကြသည့် ဘုံတူညီသောအချက်မှာ ရွှေ့ပြောင်းအလုပ်သမားအများစုကြီးက ကျေးလက်ဒေသများမှဖြစ်သည် ဟူ၍ပင်။ ထိုအတွက် အကြောင်းရင်းတစ်ရပ်မှာ အထက်တွင် ဆွေးနွေးဖော်ပြထားသကဲ့သို့ပင် ကျေးလက်ဒေသတွင် စွဲစွဲမြဲမြဲအခြေတည်ထားသော ရွှေ့ပြောင်းအလုပ်သမားများသည် လုပ်အားဆင့်ပွားထိန်းသိမ်းမှု (labour reproduction) နှင့် လူမှုဘဝစောင့်ရှောက်မှု (social care) အတွက် ကုန်ကျစရိတ်များကို အထက်ဖော်ပြပါပုံစံတစ်ခုခုဖြင့် တာဝန်ယူနိုင်စွမ်းရှိသောကြောင့်ဖြစ်သည်။ နောက်ထပ် အကြောင်းရင်းတစ်ရပ်မှာ ပထမအကြောင်းရင်းနှင့် နီးနီးကပ်ကပ်ဆက်နွယ်နေသည်။ ကျေးလက်ဒေသများအတွင်း ဖြစ်တည်နေသည့် အတိုင်းအတာပမာဏ ကြီးမားကျယ်ပြန့်လှသည့် ဆင်းရဲမွဲတေမှုကြောင့် ကျေးလက်လုပ်သားထု (လယ်သမားများ၊ စိုက်ပျိုးမွေးမြူရေးသမားများ၊ အသေးစားတံငါသည်များ၊ လယ်ယာမဲ့အလုပ်သမားများ စသဖြင့်) တို့မှာ ရွှေ့ပြောင်းလုပ်ခစားအလုပ်လုပ်ကိုင်ရန် မငြင်းဆန်နိုင်သည့် လူမှုဘဝတွန်းအား (social force) အောက်သို့ရောက်ရှိနေခဲ့သည်။ ရွှေ့ပြောင်းအလုပ်အကိုင်ကို မိမိရွေးချယ်မှုဖြင့် ဆောင်ရွက်ခြင်းမဟုတ်ပဲ ၎င်းတို့လူမှုဘဝအခြေအနေများကြောင့် လုပ်ကိုင်ခဲ့ခြင်းဖြစ်သည်။ သို့သော် အဆိုပါလုပ်ငန်းစဉ်တွင် ရွှေ့ပြောင်းအလုပ်သမားများသည် သွားရောက်အလုပ်လုပ်ကိုင်ရာနေရာ (work site) နှင့် လူမှုဘဝမျိုးဆက်ပွားထိန်းသိမ်းရာနေရာ (site of social reproduction) နှစ်ခုကြားမှ ဖြစ်စဉ်ရှည်တစ်ခုအတွင်း ၎င်းတို့ရွှေ့ပြောင်းအလုပ်အကိုင်များ၏အခြေအနေကို ၎င်းတို့ကိုယ်တိုင်သုံးသပ်တွက်ချက်ကာ ပြန်လည်ပုံဖော် ပြုပြင်သည်။ ၎င်းတို့သည် ရွှေ့ပြောင်းလုပ်သားစကြ်ံများပေါ်ရှိ ကူရာကယ်ရာမဲ့သော အပြုခံ သားကောင်များ (passive victims) မဟုတ်ပါ။ အဆိုပါစကြ်ံများ၏ သွင်ပြင်လက္ခဏာများကို တက်တက်ကြွကြွ ကိုယ်တိုင်ပြန်လည်ပုံဖော်နေသူများဖြစ်ပေသည်။

ကိုဗစ်-၁၉ ရောဂါ ကမ္ဘာတစ်ဝှမ်းကူးစက်ပျံ့နှံ့မှုမတိုင်မီ ဟိုးအရင်ကတည်းကပင် ကျေးလက်လုပ်သားထုသည် လယ်ယာလုပ်ငန်းအကျပ်အတည်း ကူးစက်ပျံ့နှံ့မှု (pandemic of agrarian crisis) ကို ရင်ဆိုင်တွေ့ကြုံလာခဲ့ရသည်။ လယ်ယာလုပ်ငန်းအကျပ်အတည်းကို ပုံစံများစွာဖြင့် တွေ့မြင်နိုင်သည်။ လယ်ယာမြေနှင့်လုပ်အား၏ထုတ်လုပ်နိုင်စွမ်း (land and labour productivity) နိမ့်ကျခြင်းက မြန်မာနိုင်ငံ ကျေးလက်တစ်ဝှမ်း အတွေ့ရများသော လက္ခဏာရပ်တစ်ခုဖြစ်သည်။ ယေဘုယျအားဖြင့် စိုက်ပျိုးရေး၊ စိုက်ပျိုး-မွေးမြူရေး၊ စိုက်ပျိုး-သစ်တောလုပ်ငန်းနှင့် အသေးစားငါးဖမ်းလုပ်ငန်းတို့တွင် ထုတ်လုပ်ရေး၊ သိုလှောင်ရေး၊ သယ်ယူပို့ဆောင်ရေးနှင့် ထွက်ကုန်များ ဈေးကွက်မြှင့်တင်ရေးဆိုင်ရာ ပြည်သူပိုင်အခြေခံအဆောက်အအုံများ

မရှိခြင်းကြောင့် အဆိုပါကဏ္ဍများသည် ကျေးလက်လုပ်သားထုအတွက် သင့်လျော်ကောင်းမွန်သော အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်များ ဖန်တီးပေးအပ် နိုင်စွမ်းယုတ်လျော့အားနည်းသွားရသည်။ သို့သော် ခေတ်မီလယ်ယာလုပ်ငန်းနှင့် မွေးမြူရေး သီးသန့်နယ်မြေများ တည်ဆောက်ရန် သို့မဟုတ် အရင်းရှင်များမှဆောက်လုပ်သည်ကို အားပေးကူညီထောက်ပံ့ရန်သာ ဦးတည်သော အစိုးရ၏အားထုတ်ဆောင်ရွက်ချက်များတွင် နယ်မြေအခြေအနေအပေါ်မူတည်ပြီး ခွဲခြားဖယ်ထုတ်မှုများနှင့် အမြတ်ထုတ်ရယူမှုများဖြင့် ပြည့်နှက်နေသည်။ အကြီးစားခေတ်မီဆည်မြောင်း အခြေခံအဆောက်အအုံများ ဆောက်လုပ်ရန် ပြည်သူ့ဘဏ္ဍာငွေ အများအပြားထည့်ဝင်သုံးစွဲခြင်းနှင့် စက်မှုလယ်ယာစွမ်းဆောင်ရည် တည်ဆောက်ရန်အလို့ငှာ ချေးငွေအထောက်အပံ့များ စနစ်တကျ တွက်ချက်ချပေးခြင်းတို့က ချမ်းသာကြွယ်ဝပြီးသော လက်တစ်ဆုပ်စာ လယ်သမားများနှင့်အတူ ကုန်သည်များ၊ ကန်ထရိုက်တာများနှင့် ငွေတိုးချေးသူများကိုသာ အကျိုးဖြစ် ထွန်းစေနိုင်သည်။ ထို့အပြင် ပြင်ပဝယ်လက်အတွက် စိုက်ပျိုးထုတ်လုပ်မှုသဘောတူညီချက်များ (growership arrangements) မှတဆင့် လယ်သမားများအား ရောင်းကုန်တန်ဖိုးကွင်းဆက် (commodity value chain) ၏ပတ်လမ်းများအတွင်းသို့ ထည့်သွင်းမှုကို အလေးပေးမြှင့်တင်ဆောင်ရွက်ခြင်းကြောင့် ဆင်းရဲသားလယ်သမားများသည် ၎င်းတို့၏မြေယာအသုံးပြုမှုနှင့် ထုတ်လုပ်ရေးစနစ်တို့အပေါ် လွတ်လပ်စွာဆုံးဖြတ်နိုင်ခွင့်ကို လက်လွှတ်ဆုံးရှုံးရနိုင်သည်။ ထို့ကြောင့် အများစုမှာ အကြွေးထောက်ချောက်ထဲသို့ကျရောက်ကာ နောက်ဆုံးတွင် ၎င်းတို့၏ လယ်ယာမြေများကို ခေါင်းပုံဖြတ်အမြတ်ထုတ်သောငွေတိုးချေးသူများ၊ ကုန်သည်များတို့ထံ လက်လွှတ်ပေးအပ်ရကာ အဆုံးသတ်သွားရသည်။

လယ်ယာလုပ်ငန်းအကျပ်အတည်း (agrarian crisis) အားကိုင်တွယ်ဖြေရှင်းခြင်းသည် ယနေ့ခေတ် ရွှေ့ပြောင်းအလုပ်သမားများ ရင်ဆိုင်ကြုံတွေ့နေရသည့်ပြဿနာများကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ချက်ချင်းအကောင်အထည်ဖော်ရန်လိုအပ်သော (သို့သော် မလုံလောက်သေးသော) အဆင့်တစ်ဆင့်ဖြစ်သည်။ ထိုကဲ့သို့သော အစိုးရ၏အစီအမံတွင် ကျေးလက်လုပ်သားထု၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ထိခိုက်ပျက်စီးစေရန် သို့မဟုတ် တိုးတက်ကောင်းမွန်စေရန် မြေယာ၊ လုပ်အား၊ အရင်းအနှီးနှင့် နည်းပညာတို့က တစ်ခုအပေါ်တစ်ခု မည်သို့လွှမ်းမိုး ပုံဖော်နေသည်ဟူသော ပိုမိုစနစ်ကျသည့် အမြင်တစ်ရပ် လိုအပ်သည်။ ပြည်သူ့အရေးဆောင်ရွက်ချက်အနေဖြင့် အဓိပ္ပာယ်ပြည့်ဝကာ လွှမ်းခြုံမှုအားကောင်း၍ လူ့အဖွဲ့အစည်းတစ်ခုလုံးအတွက် ဒီမိုကရေစီစံနှုန်းအပေါ်အခြေခံသည့် မြေစီမံခန့်ခွဲပိုင်ခွင့် ပြန်လည်ပုံဖော်နိုင်ရန်ဖြစ်သည်။ ထိုအတွက် မြေရှိသော်လည်း ဖိအားအမျိုးမျိုးအောက်တွင် ခြိမ်းခြောက်ခံနေရသော အလုပ်သမားအားလုံးအတွက် မြေလက်လှမ်းမီနိုင်မှုကို အသိအမှတ်ပြုခြင်း၊ ထို့အပြင် မြေယာမဲ့များ၊ မြေယာမဲ့နီးပါး ဖြစ်နေသူများအတွက် မြေပြန်လည်ခွဲဝေခြင်း (redistribution)၊ ပြည်တွင်းစစ်ဘေးရှောင်ရသူများ နှင့် ဒုက္ခသည်များ ၏ မြေအပါအဝင် မူလလူမှုဝန်းကျင်ပြန်လည်ပေးအပ်ခြင်း (restitution) စသည်တို့ကို ဆောင်ရွက်ရမည်ဖြစ်သည်။ ယခုကဲ့သို့ မြေအခြေပြု ပြည်သူ့အရေးဆောင်ရွက်ချက်များသည် ပထမခြေလှမ်းတစ်ခုသာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အမှန်တကယ် တရားမျှတမှုရှိသည့် ဒီမိုကရေစီစံနှုန်းအခြေခံသည့် ရေရှည်တည်တံ့သော လူမှုအဖွဲ့အစည်းတည်ဆောက်ရန် အတွက်ဆိုလျှင် ထိုထက်ပိုသည့် ဆောင်ရွက်မှုများ လိုအပ်ပါသည်။

စတုတ္ထအချက်အနေနှင့် ရွှေ့ပြောင်းအလုပ်သမား (၅) သန်းကို ထုတ်လုပ်ခဲ့ကာ ဆက်လက်ထိန်းသိမ်းထားသည့်စနစ်က ရွှေ့ပြောင်းအလုပ်သမားများကို ဆက်လက်မွေးထုတ် (reproduce) နေဆဲဖြစ်သည်။ ထိုကဲ့သို့သော စနစ်တစ်ခုလုံးနှင့်သက်ဆိုင်သောအကျပ်အတည်း (systemic crisis) တစ်ရပ်အတွင်း၌ မြေယာမဲ့မှုနှင့်ဆင်းရဲမွဲတေမှုကို ဖန်တီးထုတ်လုပ်သည့်ယန္တယားများက စဉ်ဆက်မပြတ် အသက်ဝင်လည်ပတ်နေကြသည်။ လယ်သမားများကို မြေယာများရောင်းထုတ်ရန် သို့မဟုတ် အငှားချရန်နှင့် လုပ်ခစားအလုပ်များအပေါ်တွင်သာ အလုံးစုံအားထားမှီခိုရန် တွန်းအားပေးသည့် ကြွေးမြီထောင်ချောက်ယန္တယားများ (mechanisms of debt trap) အပြင် စီးပွားရေးနယ်ပယ်ပြင်ပ အတင်းအဓမ္မ ဖိအားပေးမှုယန္တယားများ (extra-economic coercive mechanisms) လည်းပါဝင်သည်။

ယခင်ဆယ်စုနှစ်များအတွင်း ပြည်တွင်းစစ်ဘေးရှောင်ရသူများ မဆုံးနိုင်အောင် ဖန်တီးထုတ်လုပ်ခဲ့သည့် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်တည်နေသော စစ်ဘောင်ချဲ့ခြင်း (militarization) က ယနေ့တိုင်ဆက်လက်တည်ရှိနေသည်။ ထို့ပြင် အမျိုးသားလုံခြုံရေး၊ ဖွံ့ဖြိုးရေး၊ အများပြည်သူအကျိုးစီးပွား၊ သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေးတို့ကို အကြောင်းပြကာ စီမံကိန်းကြီးများအတွက် စစ်တပ်နှင့်အစိုးရမှ ဆက်တိုက် လယ်ယာမြေသိမ်းယူမှုများကြောင့် ကျေးလက်လုပ်သားထုမှာ ၎င်းတို့၏ မြေယာများမှ နှင်ထုတ်ဖယ်ရှားခြင်းခံခဲ့ရသည်။ ၎င်းတို့၏ သစ်တောအသုံးပြုနိုင်ခွင့်ကိုပါ ဥပဒေအရတားမြစ်ခြင်း သို့မဟုတ် ပိုင်းခြား ကန့်သတ်ခြင်း ခံရသည်။ ထိုကဲ့သို့ အခြေမဲ့စေသည့်ယန္တယားများ (mechanisms of dispos-essions) ကို ဥပဒေနှင့်မညီသောနည်းလမ်းများဖြင့် ကျင့်သုံးဆောင်ရွက်လေ့ရှိသည်။ သို့သော် ရံဖန်ရံခါ ဥပဒေအရ တရားဝင်သောနည်းလမ်းများဖြင့် ကျင့်ကြံဆောင်ရွက်ကြသည် - ဥပမာ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်း စီမံခန့်ခွဲရေးဥပဒေ (Vacant, Fallow and Virgin Land Management Law (VFV)) ဖြစ်သည်။ VFV ဥပဒေအားဖြင့် ဈေးပေါပေါဖြင့် ရနိုင်သည့် ကုန်ပစ္စည်းဟု ဆိုနိုင်သည့် လုပ်အားများထုတ်လုပ်သည့် လူမှုစက်အင်ဂျင်အား လောင်စာဆီဆက်ထည့်ပေးနေသည်။ ထို့အပြင် ခေါင်းပုံဖြတ်အမြတ်ထုတ်ရန်ရည်ရွယ်သော ကုန်သည် အရင်းရှင်လွှမ်းမိုးကြီးစိုးထားသည့် ရောင်းကုန်တန်ဖိုးကွင်းဆက် အတွင်းသို့ ဆင်းရဲသားလယ်သမားများကို ထည့်သွင်းခြင်းတို့ကို ပိုမိုအရှိန်အဟုန်မြင့်စေသည်။ ရွှေ့ပြောင်းအလုပ်သမားများ၏ ဆင်းရဲဒုက္ခကို အမှန်တကယ်အလေးအနက်ထားကာ ဒီမိုကရေစီနည်းလမ်းကျကျ ကိုင်တွယ်ဖြေရှင်းမည်ဆိုပါက အရေးတကြီးဖော်ဆောင်ရန်လိုအပ်သည့် ပြည်သူရေးရာဆောင်ရွက်ချက်မှာ VFV ဥပဒေအား ချက်ချင်းဖျက်သိမ်းရန်ပင်ဖြစ်သည်။ အစိုးရအနေဖြင့် ဒီမိုကရေစီစံနှုန်းကျသည့် မြေပေါ်လစီများကို မြေယာဆိုင်ရာရပိုင်ခွင့်များကို အသိအမှတ်ပြုခြင်း (recognition)၊ ပြန်လည်ခွဲဝေခြင်း (redistribution) နှင့် ပြန်လည်ပေးအပ်ခြင်း (restitution) စသည့် အတူယှဉ်တွဲ၍သာ အသုံးပြုရမည့် အခြေခံမှုများအပေါ်အခြေခံကာ အထက်တွင်ဆွေးနွေးသွားခဲ့သည့်အတိုင်း ချမှတ်ရမည်။ ထို့အပြင် လူမှုအဖွဲ့အစည်းတစ်ခုလုံးနှင့် ကဏ္ဍအားလုံးအတွက် တပြေးညီ မြေပိုင်ဆိုင်နိုင်မှု ကန့်သတ်ချက်များပါဝင်သည့် မြေဥပဒေတစ်ခုပြဌာန်းရမည်။ ၎င်းအားဖြင့် စီးပွားရေးလုပ်ငန်းများ နှင့် လူတစ်ဦးချင်းစီအနေဖြင့် အများဆုံး မည်မျှလက်လှမ်းမီနိုင်သည်ကို သတ်မှတ်ကာ တပြိုင်တည်း မြေပေါ်တွင် အသက်မွေးဝမ်းကြောင်းပြုလိုသူများအနေဖြင့် အနိမ့်ဆုံးမရှိမဖြစ် လိုအပ်သော မြေ၊ ရေ၊ သစ်တောသဘာဝသယံဇာတများကို လက်လှမ်းမှီနိုင်ခွင့် အခွင့်အရေးကို အသိအမှတ်ပြုရမည်ဖြစ်သည်။ ထို့အပြင် မူဝါဒများသည် ပြည်သူ့ဘဝဖွံ့ဖြိုးရေးအပေါ် အခြေခံရမည်ဖြစ်သည်။ အထူးသဖြင့် ဘိန်းစိုက်ခင်းများကို ဖျက်စီးကာ အပေါ်ယံ ရောဂါလက္ခဏာများကိုသာ ကုသခြင်းမဟုတ်ဘဲ ဘိန်းစိုက်ပျိုးရခြင်း၏ နောက်ခံအကြောင်းရင်းများ (ဆင်းရဲမွဲတေခြင်း) ကို အဓိကဖြေရှင်းရမည်ဖြစ်သည်။ ထို့အပြင် လူမှုအသိုင်းအဝန်းများ၏ ရိုးရာဓလေ့ဆိုင်ရာအခွင့်အရေးများကို လေ့စားရမည်ဖြစ်သည် (Kramer et al၊ ၂၀၁၄)။

ပဉ္စမအချက်အနေနှင့် လက်ရှိရွှေ့ပြောင်းအလုပ်သမားများ ကြုံတွေ့နေရသည့် အခြေအနေများကို ဖြစ်ပေါ်စေခဲ့ကာ ဆက်လက်အသက်သွင်းနေသည့် လူမှုအဖွဲ့အစည်းတည်ဆောက်ပုံနှင့် ပြဌာန်းချက်များဆိုင်ရာ အခြေအနေများကို ကြီးမားစွာ ပြောင်းလဲမှု မလုပ်နိုင်လျှင် ကပ်ရောဂါအလွန်ကမ္ဘာတွင် ရွှေ့ပြောင်းအလုပ်သမားများအတွက် ယခင်အခြေအနေဟောင်းများသည် အသစ်သောကာလတွင် ဆက်လက်သန္ဓေတည်နေဦးမည်ဖြစ်သည်။ တနည်းအားဖြင့် ဆိုရသော် "အသစ်သော ပုံစံဟောင်းအခြေအနေ" (new old normal) ဟူ၍လည်း ခေါ်ဆိုနိုင်ပါသည်။ တဘက်တွင် ကြီးမားစွာပြောင်းလဲမှုပြုလုပ်လိုက်လျှင်ပင် ရွှေ့ပြောင်းလုပ်သားထုတစ်ရပ်လုံး သို့မဟုတ် ရွှေ့ပြောင်းလုပ်သားထု၏အစိတ်အပိုင်းအချို့ကို အလိုအလျောက်ပြောင်းလဲပေးမည်မဟုတ်ပါ။ ရွှေ့ပြောင်းလုပ်ငန်း၏ ဇာတ်ကြောင်းတစ်ဝက်မှာ တဘက်နိုင်ငံရှိ အစိုးရများ၊ ပြည်သူများနှင့် ဆက်စပ်နေကာ ၎င်းတို့မှလည်းအတော်အတန် ပုံဖော်ထားသည်ကို တွေ့ရပါသည်။ နောက်ဆုံးအချက် အနေနှင့် ဆိုရလျှင် ရွှေ့ပြောင်းလုပ်သား အရေးကိစ္စဖြေရှင်းရန်မေးခွန်းမှာ နိုင်ငံတကာအရေးလည်း ဖြစ်နေပါသည်။

ထို့ကြောင့် နိုင်ငံတကာမှ ပူးပေါင်းဆောင်ရွက်မှု (international solidarity) လိုအပ်ကာ နယ်စပ်အဘက်ဘက်တွင်ရှိသော ပြည်သူများ၊ အစိုးရများမှ ဝိုင်းဝန်း လုပ်ဆောင်ဖို့ရန် လိုအပ်ပါသည်။

"ကိုဗစ်-၁၉ ကပ်ရောဂါမဖြစ်ပွားခင်က အရာအားလုံး အဆင်ပြေကောင်းမွန်နေခဲ့သည်ဖြစ်ရာ ရှေ့သို့ခြေလှမ်းရန် အတွက် နောက်ကိုပြန်သွားရမည်" ဟူသောယူဆချက်အပေါ် အခြေခံသည့် အစိုးရ၏ ၂၀၂၀ ခုနှစ် ဧပြီလတွင် ထုတ်ပြန်ခဲ့သည့် ကိုဗစ်-၁၉ စီးပွားရေးကုစားရေးစီမံချက် (Covid-19 Economic Relief Plan (CERP))ကဲ့သို့သော အစီအစဉ်သည် ရွှေ့ပြောင်းအလုပ်သမားများ စဉ်ဆက်မပြတ်ပွားများကာ ထုတ်လုပ်ပေးသည့် စက်အင်ဂျင်ကို ပြန်လည်စတင် လိုက်ခြင်းသာဖြစ်ပေတော့သည်။ ထိုသူများသည် လူ့ခံနိုင်ရည်စွမ်းအားထက် ပိုလုပ်ရသော စူပါလုပ်သားများ (super-workers) ဖြစ်သော်လည်း အခြေခံလူ့အဆင့်အတန်းထက်နိမ့်ကျသော အခြေအနေများတွင်နေထိုင်ရသူများ (sub-humans) ဖြစ်ပါသည်။ ရလဒ်မှာ ဘဝပေါင်းများစွာအခြေမဲ့စေသည့် ဖြစ်စဉ် အမျိုးမျိုးမှာ ပုံမှန်ဖြစ်နေကျ ဖြစ်စဉ်သကဲ့သို့ဖြစ်လာပြီး အလုပ်သမားများမှာ ဆင်းရဲမွဲပြာကျခြင်း၊ လူ့အဆင့်အတန်း ဆိုးရွားစွာနိမ့်ကျခြင်းတို့ဖြင့်သာ အဆုံးသတ်နိုင်ပါသည်။

နိဂုံးချုပ်ဆိုရလျှင် ရွှေ့ပြောင်းအလုပ်သမားများသည် သူတို့၏ရွှေ့ပြောင်းအလုပ်အကိုင်များကို ကိုယ့်ဘာသာ ရှာဖွေပြီး အလုပ်လုပ်ကိုင်ရာနေရာဒေသများသို့ ကိုယ့်ဘာသာသွားခဲ့သည်။ တစ်ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးအရေးပေါ် အခြေအနေတွင် နေရပ်ပြန်ရန် အတွက် ကိုယ့်ဘာသာစီမံဆောင်ရွက်ခဲ့သည်။ ကိုယ့်ကိုယ်ကိုသာ အဓိကအားကိုး အားထားပြုကာ ဆက်လက်ရှင်သန်နေထိုင်ကြသည်။ ထိုအချက်များက ကျေးလက်လုပ်သားထုအနေဖြင့် ကိုယ်ပိုင် လွတ်လပ်စွာ ဆုံးဖြတ်ချက်ချနိုင်စွမ်း၊ ဆောင်ရွက်နိုင်စွမ်း (political agency) ရှိသည်ကို ဖော်ပြနေသည်။ ကျေးလက်လုပ်သားထုသည် ၎င်းတို့၏ လူတန်းစားအခြေအနေ (class) နှင့် လူမှုအမှတ်အသား (identity) အပေါ် သိမြင်မှုအပေါ်အခြေခံကာ လက်ရှိရောက်နေသည့်လမ်းကြောင်းကို ပြောင်းလဲပြုပြင်ကာ ၎င်းတို့၏အနာဂတ်ကို တည်ဆောက်နိုင်ပါမည်လော? ထိုမေးခွန်းအတွက် အဖြေမြောက်များစွာရှိနိုင်ပါသည်။ သို့သော် နောက်ဆုံးအနေနှင့် ထင်ရှားသောနိုင်ငံရေးဘောဂဗေဒပညာရှင်တစ်ဦး၏အဆိုကို ပြန်လည်စာစီတင်ပြရလျှင် မြန်မာလုပ်သားထုသည် ၎င်းတို့၏သမိုင်းကို ကိုယ်တိုင်ဖန်တီးရာတွင် ၎င်းတို့ဆန္ဒရှိသည့်အတိုင်း မဟုတ်၊ ကိုယ်တိုင်ရွေးချယ်နိုင်ခွင့်ရှိသည့်အခြေအနေများအောက်တွင်မဟုတ်ဘဲ လက်ရှိဖြစ်တည်နေသည့် အခြေအနေနှင့် အတိတ်ကာလမှ တိုက်ရိုက်လက်ဆင့်ကမ်းလာခဲ့သည့် အခြေအနေများအောက်တွင်သာဖြစ်ရပေသည်။

*****

နောက်ဆက်တွဲ (၁)

တွေ့ဆုံမေးမြန်းမှုတွင်ပါဝင်သူများအကြောင်း အကျဉ်းချုံးတင်ပြချက်

အချိန်ကာလ	အကြောင်းအရာ		အညာဒေသမှ ရွှေ့ပြောင်း အလုပ်သမား များ	ရှမ်းပြည်နယ် မှရွှေ့ပြောင်း အလုပ်သမား များ	မွန်ပြည်နယ် မှရွှေ့ပြောင်း အလုပ်သမား များ	စုစု ပေါင်း
၂၀၂၀ ခုနှစ် (ကိုဗစ်ကပ်ရောဂါဖြစ်ပွားခဲ့ပြီးနောက်ပိုင်း)	တွေ့ဆုံမေးမြန်းမှုအရေအတွက်		၂၃	၇၄	၂၃	၁၂၀
	ကျား/မ	အမျိုးသား	၁၈	၄၃	၁၄	၇၅
		နယ်မြေဒေသ၏%	၇၈.၃%	၅၈.၁%	၆၀.၉%	၆၂.၅%
		အမျိုးသမီး	၅	၃၁	၉	၄၅
		နယ်မြေဒေသ၏%	၂၁.၇%	၄၁.၉%	၃၉.၁%	၃၇.၅%
	အသက်အရွယ်	<၂၅	၇	၄၃	၅	၅၅
		နယ်မြေဒေသ၏%	၃၀.၄%	၅၈.၁%	၂၁.၇%	၄၅.၈%
		၂၆-၄၉	၁၅	၃၀	၁၅	၆၀
		နယ်မြေဒေသ၏%	၆၅.၂%	၄၀.၅%	၆၅.၂%	၅၀.၀%
		>၅၀	၁	၁	၃	၅
		နယ်မြေဒေသ၏%	၄.၃%	၁.၄%	၁၃.၀%	၄.၂%
	မြေယာအသုံးပြုနိုင်မှု	မြေယာရှိသည်	၁၄	၁၉	၇	၄၀
		နယ်မြေဒေသ၏%	၆၀.၉%	၂၅.၇%	၃၀.၄%	၃၃.၃%
		မြေယာမရှိ	၉	၄၇	၁၃	၆၉
		နယ်မြေဒေသ၏%	၃၉.၁%	၆၃.၅%	၅၆.၅%	၅၇.၅%
		အချက်အလက်မရရှိ	၀	၈	၃	၁၁
		နယ်မြေဒေသ၏%	၀.၀%	၁၀.၈%	၁၃.၀%	၉.၂%
	အလုပ်နေရာ	တရုတ်နိုင်ငံ	၁၆	၄၉	၀	၆၅
		နယ်မြေဒေသ၏%	၆၉.၆%	၆၆.၂%	၀.၀%	၅၄.၂%
		ထိုင်းနိုင်ငံ	၄	၂၂	၂၁	၄၇
		နယ်မြေဒေသ၏%	၁၇.၄%	၂၉.၇%	၉၁.၃%	၃၉.၂%
		မလေးရှား	၃	၁	၂	၆
		နယ်မြေဒေသ၏%	၁၃.၀%	၁.၄%	၈.၇%	၅.၀%
		အခြား	၀	၂	၀	၂
		နယ်မြေဒေသ၏%	၀.၀%	၂.၇%	၀.၀%	၁.၇%
	ကပ်ရောဂါအပေါ်တုံ့ပြန်မှု	နေရပ်ပြန်သည်	၁၈	၆၂	၁၇	၉၇
		နယ်မြေဒေသ၏%	၇၈.၃%	၈၃.၈%	၇၃.၉%	၈၀.၈%
		သူတို့အလုပ်လုပ်သောနိုင်ငံများတွင်ဆက်လက်နေထိုင်၏	၅	၁၂	၆	၂၃
		နယ်မြေဒေသ၏%	၂၁.၇%	၁၆.၂%	၂၆.၁%	၁၉.၂%

၂၀၁၉ ခုနှစ် ဩဂုတ်လမှ စက်တင်ဘာလအထိ	တွေ့ဆုံမေးမြန်းမှုအရေအတွက်		၁၆	၀	၀	၁၆
	ကျား/မ	အမျိုးသား	၁၄	၀	၀	၁၄
		နယ်မြေဒေသ၏%	၈၇.၅%	-	-	၈၇.၅%
		အမျိုးသမီး	၂	၀	၀	၂
		နယ်မြေဒေသ၏%	၁၂.၅%	-	-	၁၂.၅%
	အသက်အရွယ်	<၂၅	၉	၀	၀	၉
		နယ်မြေဒေသ၏%	၅၆.၃%	-	-	၅၆.၃%
		၂၆-၄၉	၇	၀	၀	၇
		နယ်မြေဒေသ၏%	၄၃.၈%	-	-	၄၃.၈%
		>၅၀	၀	၀	၀	၀
		နယ်မြေဒေသ၏%	၀.၀%	-	-	၀.၀%
	မြေယာအသုံးပြုနိုင်မှု	မြေယာရှိသည်	၄	၀	၀	၄
		နယ်မြေဒေသ၏%	၂၅.၀%	-	-	၂၅.၀%
		မြေယာမရှိ	၃	၀	၀	၃
		နယ်မြေဒေသ၏%	၁၈.၈%	-	-	၁၈.၈%
		အချက်အလက်မရရှိ	၉	၀	၀	၉
		နယ်မြေဒေသ၏%	၅၆.၃%	-	-	၅၆.၃%
	အလုပ်နေရာ	တရုတ်နိုင်ငံ	၁၆	၀	၀	၁၆
		နယ်မြေဒေသ၏%	၁၀၀.၀%	-	-	၁၀၀.၀%

References

ADB (2019). Agriculture, Value Added in Asia and the Pacific, Asian Development Outlook. https://data.adb.org/dataset/agriculture-value-added-asia-and-pacific-asian-development-outlook; Downloaded 30 May 2020.

Bello, Walden (2018). Paradigm Trap: The development establishment's embrace of Myanmar and how to break lose. Amsterdam: Transnational Institute (TNI).

Bello, Walden, Doi Ra Lahkyen, Jennifer Franco, Pietje Vervest, Tom Kramer (2020). How to Improve Myanmar's Covid-19 Emergency Relief Program. Yangon: Transnational Institute Myanmar Programme. https://www.tni.org/en/article/how-to-improve-myanmars-covid-19-emergency-relief-program; downloaded 27 August 2020.

Benjamin Harkins and Meri Åhlberg (2017). Access to justice for migrant workers in Southeast Asia. International Labour Organization: Bangkok

Borras Jr, Saturnino M., Jennifer C. Franco, and Zau Nam. "Climate change and land: Insights from Myanmar." World Development 129 (2020): 104864.

Boutry, M., Allaverdian, C., Mellac, M., Huard, S., San Thein, Tin Myo Win, Khin Pyae Sone. (2017). Land tenure in rural lowland Myanmar: From historical perspectives to contemporary realities in the Dry zone and the Delta. Of lives of land Myanmar research series. Gret: Yangon.

Deshingkar, P. Litchfield, J. and Ting Wen-Ching (2019). Capitalising Human Mobility for Poverty Alleviation and Inclusive Development in Myanmar (CHIME). International Organization for Migration: Yangon

EITI (2020). Extractive industries contribution. https://eiti.org/es/implementing_country/54. Downloaded 5 June 2020.

Flanders Trade (2020). CORONAVIRUS - The situation in Myanmar. 21 October 2020. https://www.flandersinvestmentandtrade.com/export/nieuws/coronavirus-situation-myanmar. Downloaded 29 August 2020.

Fraser, Nancy (2014). "Behind Marx's Hidden Abode: For an Expanded Conception of Capitalism." New Left Review 86 (March-April 2014).

Harkins, Benjamin and Ahlberg, Meri (2017). Access to Justice for Migrant Workers in Southeast Asia. Bangkok: ILO. Available at: https://www.ilo.org/wcmsp5/groups/public/---asia/---ro-bangkok/documents/publication/wcms_565877.pdf Downloaded on 12 November 2020.

ILO (2019). World Employment and Social Outlook – 2019 Trends. Geneva: International Labour Organization.

Kramer, Tom, Ernestien Jensema, Martin Jelsma and Tom Blickman, "Bouncing Back; Relapse in the Golden Triangle", TNI, Amsterdam, June 2014, p.13.

KNOMAD (2020). Data on remittance inflows: Myanmar. Global Knowledge Partnership on Migration and Development. https://www.knomad.org/publication/migration-and-development-brief-31. Downloaded, 5 June 2020.

LIOH and MATA (2018). Civil Society Organizations' Statement on the Vacant, Fallow & Virgin Land Management 2018 and related announcement. 16 November 2018. https://lioh.org/wp-content/uploads/2018/11/LIOH_MATA_Statement_20181116.pdf. Downloaded 10 November 2020.

LIOH, Olive Branch, Civil and Political Rights Campaign Group, Action Group for Farmer Affairs, Kayah Earthrights Action Network, Ethnic Concern, Shwe Chin Thae Farmer Network, Pone Yeik Sit, Ayeyar Tharlar, Farmer Development and Environment Watch Group, Myo Thant, and Myint Myint Sein (2017). A Promise Unfulfilled: A critique of the land reinvestigation committee. Yangon: Land In Our Hands. Available at: https://www.slideshare.net/EthnicConcern/a-promised-unfulfilled-a-critique-of-land-reinvestigation-committeeenglish-version.

LIOH (2015). Destroying People's Lives: The Impact of Land Grabbing on communities in Myanmar. Yangon: Land In Our Hands (LIOH) Network.

Mizzima (2020). Myanmar provides 31.8 billion kyats loans to vulnerable business affected by the COVID-19. Mizzima. 25 June 2020.
http://mizzima.com/article/myanmar-provides-318-billion-kyats-loans-vulnerable-business-affected-covid-19. Downloaded 29 August 2020.

Myanmar Times (2020). Myanmar govt lifts some virus measures, extends remaining ones until June 15, by Aung Phay Kyi Soe. https://www.mmtimes.com/news/myanmar-govt-lifts-some-virus-measures-extends-remaining-ones-until-june-15.html; Downloaded 29 May 2020.

Myanmar Union Government (2020). State Counsellor discusses remedies to lessen COVID-19 impacts on economy. https://www.statecounsellor.gov.mm/en/node/2910; downloaded 29 August 2020.

Myanmar Union Government, Ministry of Health and Sports (2020). Situation of Covid-19 Infection and Mortality in Myanmar. Facebook. 31 October 2020. https://www.facebook.com/MinistryOfHealthAndSportsMyanmar/photos/pcb.3920932044602738/3920931054602837/. Downloaded 10 November 2020.

Myanmar Union Government, Ministry of Planning and Finance (2019). Myanmar Living Conditions Survey: Poverty Report. Nay Pyi Taw: Ministry of Planning and Finance

Myanmar Union Government (2016). Formulation and Operationalization of National Action Plan for Poverty Alleviation and Rural Development through Agriculture (NAPA). Nay Pyi Taw.

Nan Lwin (2020). Myanmar to Receive $2B in COVID-19 Relief from Int'l Development Organizations. The Irrawaddy. https://www.irrawaddy.com/news/burma/myanmar-receive-2b-covid-19-relief-intl-development-organizations.html; downloaded 29 August 2020.

Nyein Nyein (2020). Myanmar Takes US$250 M Loan from ADB for COVID-19 Relief. The Irrawaddy. 29 July 2020. https://www.google.com/amp/s/www.irrawaddy.com/news/burma/myanmar-takes-us250-m-loan-adb-covid-19-relief.html/amp; downloaded 29 August 2020.

Nwet Kay Khine (2020). Hitting where it hurts: Impacts of Covid-19 measures on Myanmar Poor. Transnational Institute. 6 July 2020. https://www.tni.org/en/article/hitting-where-it-hurts-impacts-of-covid-19-measures-on-myanmar-poor; accessed 11 November 2020.

Philippine Daily Inquirer (2020). 'PH ranks 8th in Southeast Asia response to COVID-19', by Ben de Vera. https://newsinfo.inquirer.net/1280799/ph-ranks-8th-in-southeast-asia-response-to-covid-19. Downloaded, 28 May 2020.

Shivji, I. G. (2017). The concept of 'working people'. Agrarian South: Journal of Political Economy, 6(1), 1-13.

The Star (2020). New minimum wage gazetted, by Ashley. https://www.thestar.com.my/news/nation/2020/01/14/new-minimum-wage-gazetted; downloaded 02 June 2020.

San Thein, Diepart J.-C., Hlwan Moe and C. Allaverdian (2018). Large-Scale Land Acquisitions for Agricultural Development in Myanmar: A Review of Past and Current Processes. MRLG Thematic Study Series #9. Vientiane: MRLG.

Smith, M. (1991) Burma: Insurgency and the Politics of Identity. London: Zed.

TNI (2019). Arakan (Rakhine State): A Land in Conflict on Myanmar's Western Frontier. Amsterdam: TNI. Available at https://www.tni.org/en/publication/arakan-rakhine-state-a-land-in-conflict-on-myanmars-western-frontier.TNI (2019). First they grabbed our land with guns; now they are using the law. Transnational Institute. 26 August 2019. https://www.tni.org/en/article/first-they-grabbed-our-land-with-guns-now-they-are-using-the-law. Downloaded 11 November 2020.

TNI (2019). There is no vacant land: a primer on defending Myanmar's customary tenure systems. Amsterdam: Transnational Institute (TNI). https://www.tni.org/files/publication-downloads/tni_p_customary_land_online_060319_0.pdf downloaded 5 June 2020.

TNI (2018). From War to Peace in Kayah (Karenni) State: A Land at the Crossroads in Myanmar. Amsterdam: Transnational Institute (TNI). https://www.tni.org/files/publication-downloads/tni-2018_karenni_eng_web_def.pdf. Downloaded 10 November 2020.

TNI (2017). Voluntary Return, Restitution and the Right to Land for IDPs and Refugees in Myanmar. Myanmar Policy Briefing No. 20. https://www.tni.org/files/publication-downloads/voluntary_return_restitution_and_the_right_to_land_for_idps_and_refugees_in_myanmar.pdf. Downloaded 10 November 2020.

TNI (2017). Re-Asserting Control: Voluntary Return, Restitution and the Right to Land for IDPs and Refugees in Myanmar. Myanmar Policy Briefing No. 20. Transnational Institute (TNI).

TNI (2016). The Right to Land at Crossroads in Myanmar. Amsterdam: TNI. Available at: https://www.tni.org/en/article/the-right-to-land-at-crossroads-in-myanmar.

TNI (2016) The Meaning of Land in Myanmar: A Primer. Amsterdam: TNI. Available at https://www.tni.org/en/publication/the-meaning-of-land-in-myanmar.

TNI (2015). The Challenge of Democratic and Inclusive Land Policymaking in Myanmar. Amsteram: TNI. Available at: https://www.tni.org/en/publication/the-challenge-of-democratic-and-inclusive-land-policymaking-in-myanmar.

TNI (2013). Access Denied Land Rights and Ethnic Conflict in Burma. Myanmar Policy Briefing No. 11. Amsterdam: Transnational Institute (TNI). https://www.tni.org/files/download/accesdenied-briefing11.pdf. Downloaded 10 November 2020.

TNI (2013). Developing Disparity – Regional Investment in Burma's Borderlands. Amsterdam: Transnational Institute (TNI). https://www.tni.org/files/download/tni-2013-burmasborderlands-def-klein-def.pdf. Downloaded 10 November 2020.

TNI (2009). Burma: Neither War nor Peace: The future of the cease-fire agreements in Burma. July 2009. Amsterdam: TNI. Available at: https://www.tni.org/en/publication/burma-neither-war-nor-peace.

UNDP (2019). Inequalities in Human Development in the 21st Century: Briefing note for countries on the 2019 Human Development Report – Myanmar. http://hdr.undp.org/sites/all/themes/hdr_theme/country-notes/MMR.pdf. Downloaded 5 June 2020.

World Bank (2020). World Development Indicators database: Country profile – Myanmar. https://databank.worldbank.org/views/reports/reportwidget.aspx?Report_Name=CountryProfile&Id=b450fd57&tbar=y&dd=y&inf=n&zm=n&country=MMR; downloaded 29 May 2020.

World Bank (2019). Migration and remittances: recent developments and outlook. Washington DC: World Bank (with KNOMAD).

World Bank (2018). Myanmar Economic Monitor: Growth Amidst Certainty. Washington DC: World Bank.

World Bank (2017). Increasing the Impact of Public Spending on Agricultural Growth: Myanmar Agricultural Public Expenditure Review. Washington DC: World Bank.

Wright, Erik Olin (2019). How to be an Anti-Capitalist in the 21st Century. London: Verso.

Ye, Jingzhong (2018). Stayers in China's "hollowed-out" villages: A counter-narrative on massive rural-urban migration. Population, Space and Place 24 (4), May 2018.

Ye, Jingzhong, and Chunyu Wang, Huifang Wu, Congzhi He & Juan Liu (2013) Internal migration and left-behind populations in China, The Journal of Peasant Studies, 40:6, 1119-1146.

In Collaboration with

RRUSHES-5 -- Commodity & land rushes and regimes: Reshaping five spheres of global social life (food, climate change, labour, citizenship, and geopolitics) is a research project at the International Institute of Social Studies (ISS) of Erasmus University Rotterdam, Netherlands, in collaboration with the Transnational Institute (TNI), that has received funding from the European Research Council (ERC) under the European Union's Horizon 2020 research and innovation programme (grant agreement No. 834006).